www.foreverspace.com.mm

# LIVING COLOR

စီးပွားရေး … သတင်းမဂ္ဂဇင်း

NO. 129, APRIL, 2006

## လူထုသဘောထားပုံဖော်ခြင်း နှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ

COVER: GAY NAY HTOO

www.foreverspace.com.mm

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

**This magazine is founded and managed by board of directors of Myanmar Partners Think Tank Group in June, 1995 underlicensed of Living Color.**

**RECYCLE**

**KEEP THE WORLD GREEN.**

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ ‘ဈေးကွက်စီးပွားရေးသတင်း’ ကဏ္ဍတွင် ဖော်ပြထားသော သတင်းများ(အထူးသဖြင့် ဘောင်ခတ် ဖော်ပြသော သတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံး၀(လုံး၀) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

www.foreverspace.com.mm

## EDITORIAL

# လူ့အဖွဲ့အစည်းတစ်ရပ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံတွင်မဆို မိမိတို့နိုင်ငံ၏ ခနအင်အားခိုင်မာတောင့်တင်းစေရန် ကြိုးစားတည်ဆောက်ကြရသည်။ ခနအင်အားခိုင်မာစေရေးဟု ဆိုခြင်းသည် ထိုနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးကို ရည်ညွှန်းခြင်းဖြစ်သည်။ အထူးသဖြင့် ဈေးကွက်စီးပွားရေး (Market Economy) ဟု ကြွေးကြော်နေသော နိုင်ငံအမှန်ဖြစ်ပါက ထိုနိုင်ငံစီးပွားရေး၏ မောင်းနှင်အားသည် ပုဂ္ဂလိကကဏ္ဍတွင်သာ အဓိကမူတည်နေခြင်းကို ကောင်းစွာသဘောပေါက်ဖို့ လိုပေမည်။

သက်ဆိုင်ရာအစိုးရတို့မည်သည် ကောင်းမွန်သော အသီးအပွင့်များ ထွက်ပေါ်လာစေရန် နယ်ပယ်အသီးသီးမှ ကောက်ခံရရှိသော အခွန်အရပ်ရပ်အပေါ်တွင် မူတည်၍ နိုင်ငံအတွင်း လိုအပ်ချက်များ (ဝါ) Infrastructure များကို တည်ဆောက်ပေးခြင်းစသော ရေခံမြေခံကောင်းများကို ဖန်တီးပေးရသည်။ ဤသည်မှာလည်း ဘောဂဗေဒပညာရှင်တို့အဆိုအရ အပြန်အလှန်အမှီသဟဲပြုနေသည့်သဘောပင် ဖြစ်သည်။ ဆိုလိုသည်မှာ စီးပွားရေးမူဝါဒ၊ ရည်မှန်းချက်ပန်းတိုင်များကို အဓိကပုံဖော်ပေးရသော အစိုးရများသည် သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးအင်ဂျင်ကို ကိုယ်စားပြုသည့် ပုဂ္ဂလိကကဏ္ဍနှင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ရမည်ဟု ဆိုခြင်းဖြစ်သည်။

ဤနေရာတွင် နှစ်ဦးနှစ်ဖက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသဘောတရားကို အခြေပြုထားသည်ဖြစ်၍ မည်သည့်ဘက်တွင်မှ တာဝန်ပိုယူရသည်၊ မည်သူက ပို၍ အရေးပါသည်ဆိုသော အမြင်မျိုး တတ်နိုင်သမျှ ကင်းစင်ဖို့ လိုပေသည်။ တစ်ဖန် နှစ်ဖက်စလုံးတွင် ပါဝင်နေသူ သို့မဟုတ် တာဝန်ထမ်းဆောင်နေသူများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်မှာလည်း သော့ချက်ကျသော အကြောင်းတစ်ရပ် ဖြစ်နေပါသည်။ များစွာထင်ရှားသောအချက်မှာ စွမ်းအားမြင့်သော Civil Society ခေါ် လူ့အဖွဲ့အစည်းတစ်ရပ်၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုမရှိဘဲ စီးပွားရေးစီမံကိန်းတစ်ခု တည်ဆောက်ရာတွင်လည်းကောင်း၊ မူဝါဒ၊ ရည်မှန်းချက်ပန်းတိုင်များ ပုံဖော်ရာတွင်လည်းကောင်း အောင်မြင်မှုမရနိုင်ဆိုသောအချက်ပင် ဖြစ်ပါသည်။

စွမ်းအားမြင့်သော လူ့အဖွဲ့အစည်းတစ်ရပ် ပူးပေါင်းပါဝင်စေရန်အလို့ငှာ စွမ်းအားမြင့်လူ့အဖွဲ့အစည်းတစ်ရပ် ရှိနေသည်ကို သိမြင်နိုင်သူများ၊ စွမ်းအားမြင့်လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးအားကောင်းစေသော ရေခံမြေခံများ၊ စွမ်းအားမြင့်လူ့အဖွဲ့အစည်းဖြစ်စေရန် ပံ့ပိုးစေ့ဆော်ပေးသော ပတ်ဝန်းကျင်ကောင်းများလည်း ရှိနေဖို့ လိုပါသည်။

ဖော်ပြပါအခြေအနေပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာစေရန် Power Elite ဟု ပညာရပ်ဆန်ဆန် ခေါ်ဆိုရမည့်စီးပွားရေးနယ်ပယ်ရှိ အောင်မြင်နေသောလုပ်ငန်းရှင်ကြီးများ၊ ဆက်စပ်ပတ်သက်နေသော ပညာရှင်များ၊ ဉာဏ်ကြီးရှင်အုပ်စု (ဝါ) ပညာရှင်အစုအဖွဲ့များ၏ အကူအညီများစွာ လိုအပ်ပါသည်။ Power Elite များ၏ အကူအညီဆိုရာ၌ ယင်းအသင်းအဖွဲ့များအကြား အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် အကောင်အထည်ဖော်လိုသော ရည်မှန်းချက်ပန်းတိုင်နှင့် စီးပွားရေးစီမံကိန်းများအတွက် ကောင်းမွန်သော အကြံဉာဏ်ကောင်းများ (ဝါ) သွင်းအားစုများ ထွက်ပေါ်လာနိုင်ပါသည်။

များစွာအရေးကြီးသည်မှာ ထွက်ပေါ်လာသော အကြံဉာဏ်ကောင်းများ (ဝါ) သွင်းအားစုများကို မည်မျှကောက်ယူသုံးစွဲနိုင်ခြင်း ရှိ မရှိဟူသောအချက်ပင် ဖြစ်ပါသည်။ ကောက်ယူသုံးစွဲခြင်းမပြုနိုင်ပါက အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုသဘောတရားသို့မရောက်ဘဲ ရည်မှန်းချက်ပန်းတိုင်များနှင့် အလှမ်းဝေးနေဦးမည်ဆိုသည်ကို အထူးဖော်ပြလိုပါသည်။

**အယ်ဒီတာ**

၉–၃–၂၀၀၆

www.foreverspace.com.mm

# လုပ်ငန်းမှတ်တမ်း


## Board of Editors

Chief Editor – ကျော်မင်းဆွေ

Editor In Charge (Production) – မင်းဇင်

Editor In Charge – ကျော်နိုင်

Editor In Charge (News) – မျိုးညွန့်မောင်

Senior Executive Editors – ကျော်နိုင်၊ ဘုန်းမြင့်ဦး၊
အောင်ကျော်စိုး၊ ရဲမင်းဦး

Executive Editors – နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊
ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်

Research & Development Editor – သီရိဇော်

Chief Reporter – သောင်းထိုက်

Staff Reporters – တင်လင်း၊ ထားထားမြင့်၊ စိုးယုဝေ၊
ကေခိုင်ကျော်၊ သစ်ထွဋ်၊ သန်းထိုက်သူ၊ သာမိုးကြည်အောင်၊
ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

## Art Director

စိုးသော်တာ

## DTP Department

Supervisor – မခိုင်

Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်၊ ဆွေဇင်အိ၊
စောအီလိုင်းဂျာ၊ ကျော်လင်းဇော်

## Accountant

အေးအေးဆင့်

Assistant – မျိုးဇာနည်

## Advertising Department

General Manager – ဖေအောင်ဇင်

Manager (Marketing) – ကျော်သူမြင့်အောင်

Assistant Manager (Design & Planning) – ဇာနည်ဝင်း

Assistant Manager (Admin & Marketing) – စန်းသီတာ

Senior Marketing Assistants–စောဂေးနေထူး၊စောဆာကီးလား

Marketing Assistants–ဖြူဖြူသီ၊ စောမောင်မောင်လေး၊ သီဟဇော်

## Printing

Manager – စောမိုးဇက်

## Production

Manager – တင်ဝင်းထွဋ်

Assistant – ဟန်မြင့်

## Admin

Office Superintendent – အောင်ကျော်ဆန်း

Assistant – မိုးကျော်လွင်၊ ပြည့်ဖြိုးအောင်

Receptionist – စုအိန္ဒြေဦး

## Distribution Department

Logistic Media Services

**Cover Design** – စောဂေးနေထူး

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – soe thaw dar

## Publisher

ဦးရဲနိုင်ဝင်း (မြ- ၃၇၅၅)
အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ၊
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## Printer

Living Color ပုံနှိပ်တိုက် (မြ-၀၆၃၄၈)

အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

အမှတ် ၂၇၀၊ 1-C၊ (ပ-ထပ်)၊ Lucky Nice Tower၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ၄၄၁၂၁၆၃၊ ဖက်စ်-၅၂၆၃၀၂

## E-mail

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

## Web Site - www.foreverspace.com.mm

Photographer – K.M.S (Super King), P.A.Z

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၂၆၂၀၆၀၃

Circulation – ၁၀၀၀

Price – ၇၀၀ ကျပ်

Copyright – Living Color

**( ကြော်ငြာနှင့်စျေးဝယ်လမ်းညွှန် )**



## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ဃန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူ များ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက် ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

# မာတိကာ


၁ အယ်ဒီတာ့အာဘော်

၄ ယခုလ သတင်းအညွှန်း

၅ ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

၆ ယခုလ အကြိုက်ဆုံးကြော်ငြာ

၈ မြန်မာ့စီးပွားရေးသတင်း

၄၄ မျက်နှာဖုံးဆောင်းပါး
**လူထုသဘောထားပုံဖော်ခြင်းနှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ** — အောင်ထွန်း

၅၂ အထူးဆောင်းပါး
**နွေရာသီသင်တန်းများ** — ကျော်နိုင်နှင့် အယ်ဒီတာအဖွဲ့

၆၄ မြန်မာ့စီးပွားရေးမြင်ကွင်း
**လတ်တလောဂြိုဟ်တုရုပ်သံဈေးကွက်** — နဒီ၊ သာလွန်ဇော်ထက်

၆၈ **ကျောက်ကွာရေနံချက်လုပ်ငန်းဈေးကွက်** — အားမာန်

၇၂ **မြန်မာလူငယ်နှင့် အင်တာနက်ကဖီး** — ထားထားမြင့်

၇၆ **စွန့်ပစ်ပစ္စည်းပုစွန်ခွံမှ ထုတ်ယူရရှိသော ခိုက်တိုစန် (Chitosan) ၏ အနာဂတ်အလားအလာ** — သန်းထိုက်သူ

၈၀ **မြန်မာ့ပညာရေးဈေးကွက်ရှိ နိုင်ငံတကာကျောင်းများနှင့် ပညာလိုလားသူများ** — ကျော်ဆန်းမင်း

၈၄ **ပြောင်းလဲတိုးတက်မှုရှိသော ၂၀၀၆ ပန်းချီဈေးကွက်** — ဇင်ဇင်သော်

၈၈ **ရန်ကုန်ကုန်စည်ဈေးကွက်** — သန်းထိုက်သူ၊ သစ်ထွန်း

၉၂ မြန်မာ့စီးပွားရေးအမြင်
**အဖြူရောင်သို့** — ခွန်နောင်

၉၄ **အနာဂတ်မြန်မာ့ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး** — အဂ္ဂ

၉၆ **နွေရာသီကျောင်းပိတ်ရက် ကလေးငယ်များ စိတ်လက်ပေါ့ပါးရန်လို၊ မိဘများဆန္ဒမစောသင့်** — ဟိန်းထက်ဇော်

၁၀၀ တွေ့ဆုံခြင်း
**Europa International Education Academy မှ Executive Director ဒေါ်မာမာတင့်နှင့် တွေ့ဆုံခြင်း** — ကျော်ကျော်မင်း၊ ကျော်ဆန်းမင်း

၁၀၆ ဈေးဝယ်လမ်းညွှန်

၁၀၈ ကာတွန်း
**ဒါရိုက်တာအောင်ကြူကြူ** — စိုးသော်တာ

၁၂၄ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်
**Mobilemate Telecommunication Co., Ltd.**

၁၂၆ တစ်ဦးတည်းကိုယ်စားလှယ်

၁၂၈ တွေ့ဆုံဆွေးနွေးမှုများ

၁၂၉ ရက်စွဲမှတ်တမ်း

၁၃၀ မြန်မာပြည်တွင်လုပ်သည်

၁၃၂ ထင်ရှားကျော်ကြားမြန်မာ့စီးပွား

၁၃၆ ကုန်ဈေးနှုန်း

၁၄၂ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၆ အတွေးအမြင်
**တကယ်လုပ်က အဟုတ်ဖြစ်မည်** — အယ်ဒီတာတစ်ဦး

၁၄၈ **ပွဲစားဆိုတာ** — အံ့ဟိန်း

၁၅၂ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၃၂)** — လူထုစိန်ဝင်း

၁၅၅ **ကျွန်တော်ပန်းချီကုန်သည်(၄၁)** — ဦးလှဝင်း (လေသူရဲတစ်ဦး)

www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

> "ဓနအင်အားအသင့်အတင့်ရှိသည့် ဝိသမလောဘ သမားအချို့တို့သည် အသံချဲ့စက်၊ မော်တော်ယာဉ် စသော အထောက်အကူပြုပစ္စည်းများ ထူထောင်၍ အလှူခံသမား ငှားကာ ဘုရားတည်ရန်၊ သာသနာ့ဗိမာန် ကြီးဆောက်ရန်၊ ကျောင်းတော်ကြီးဆောက်ရန် စသည့် အကြောင်းပြလျက် အလှူခံနေကြသည်မှာ နိုင်ငံအနှံ့ ဖြစ်နေပါသည်ဘုရား၊ ထိုသို့သော အလှူခံ အတု အယောင်များ ပပျောက်သွားအောင် အာဏာပိုင်အဖွဲ့ အစည်းများနှင့် လက်တွဲလျက် တက်တက်ကြွကြွ ဆောင်ရွက်သင့်ပါသည်ဘုရား"

၂၀၀၆ ခုနှစ် မတ်လ ၇ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ရှိ ပဉ္စမ အကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တကုမာရ မိန့်ကြားသော သြဝါဒမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm



# ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

ယခုလ စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် ကွန်ပျူတာဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၌ အရောင်းတွင်ကျယ်လျက်ရှိသော inovix အမှတ်တံဆိပ် Bluetooth နည်းပညာသုံး MP3 Player ကို ရွေးချယ်လိုက်ပါသည်။ Memory 256 MB အထိ သိမ်းဆည်းထားနိုင်ပြီး Cell Phone, Notebook နှင့် PC ကွန်ပျူတာများဖြင့်ပါ ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ MP3 သီချင်းများနားဆင်နေစဉ် ဖုန်းဝင်လာပါက အလိုအလျောက် သီချင်းသံရပ်တန့်သွားပြီး ဖုန်းပြောနိုင်ပါသည်။ Bluetooth System ပါရှိသဖြင့် ကွန်ပျူတာသို့မဟုတ် Cell Phone များနှင့်ချိတ်ဆက်ကာ Adaptor အဖြစ်အသုံးပြုနိုင်သည့်အပြင် AAA အရွယ်အစားဓာတ်ခဲထည့်သွင်း၍လည်း အသုံးပြုနိုင်ပါသည်။ MP3 နားဆင်ခြင်း၊ FM ဖမ်းယူခြင်း၊ Data သိမ်းဆည်းခြင်းတို့အပြင် Recorder အဖြစ်ပါအသုံးပြုနိုင်ပြီး Recording ပြုလုပ်မည်ဆိုပါက လေးနာရီခန့်အသုံးပြုနိုင်ကာ MP3 တေးသီချင်းနားဆင်မည်ဆိုပါက ရှစ်နာရီကျော်အသုံးပြုနိုင်ခြင်း၊ လောလောဆယ် ရောင်းဈေး ၆၅၀၀၀ ကျပ်ဝန်းကျင်သာဖြစ်၍ ဈေးနှုန်းချိုသာခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm

## ADVERTISEMENT OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် Waizayandar Shopping Mall တွင် ဖွင့်လှစ်ထားသော Orange Supermarket လမ်းညွှန်ကြော်ငြာဆိုင်းဘုတ်ကို ရွေးချယ်လိုက်ပါသည်။ 5 minutes to Oranges Supermarket စာတမ်းပါ လမ်းညွှန်ဆိုင်းဘုတ်များကို Supermarket သွားရာ လမ်းတစ်လျှောက်တွင် စိုက်ထူထားပြီး ဈေးဝယ်သူများအနေနှင့် အဆိုပါ Supermarket သို့ ခရီးမည်မျှသွားရောက်ရန် လိုသေးကြောင်းနှင့် ကုန်တိုက်မည်သည့်နေရာတွင် တည်ရှိကြောင်းကို တစ်ပါတည်းဖော်ပြထားသောကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm



# မြန်မာ့စီးပွားရေးသတင်း

## BUSINESS NEWS

အမှတ် ၁၂၉ ၂၀၀၆ ခုနှစ်၊ ဧပြီ

## မာတိကာ

– မူဆယ်နယ်စပ်ကုန်သွယ်ရေး ပုံစံပြောင်း၊ ဝယ်သူဘက်မှ မြန်မာစီးပွားရေးဇုန်သို့ လာဝယ်ရမည်
– မြဝတီနယ်စပ်ကုန်သွယ်ရေးတွင် ပုံမှန်ကုန်သွယ်ရေးစနစ်ဖြင့် ကုမ္ပဏီ ကိုးခု စတင်စမ်းသပ်လုပ်ကိုင်
– ပုဂ္ဂလိကဘဏ်အချို့ ငွေလွှဲဝန်ဆောင်ခများ ပြောင်းလဲသတ်မှတ်
– တစ်ပြည် ၃၀၀ ကျပ်ဖြင့် ရောင်းချမည့် ဆန်အိတ်သုံးသောင်းကျော် မန္တလေးသို့ တင်ပို့
– နယ်စပ်မှ ဆန်မရောင်းရန် စည်းရုံး
– ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံရှိ ဒီရေတောဆင် သုံးကောင်သာ ကျန်ရှိ

## မြန်မာ့ကမ်းလွန်ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ဓာတ်ငွေ့သယ်သင်္ဘောကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်ပေးရန် အိန္ဒိယ GAIL ကုမ္ပဏီ ကမ်းလှမ်း

**နယူးဒေလီ၊ ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ရှိ သဘာဝဓာတ်ငွေ့လုပ်ကွက် A1 မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို သယ်ယူပို့ဆောင်ရန် အိန္ဒိယဓာတ်ငွေ့ကုမ္ပဏီ GAIL မှ သဘာဝဓာတ်ငွေ့တင်သင်္ဘောကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေး စီစဉ်ချိတ်ဆက်ပေးရန် Expression of Interest (EOI) ကို ကမ်းလှမ်းထားကြောင်း အိန္ဒိယစွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ဖော်ပြောကြားသည်။

A1 လုပ်ကွက်မှ ကီလိုမီတာ ၆၀၀ အကွာအဝေးတွင်ရှိသော အိန္ဒိယ အရှေ့ဘက်ကမ်းခြေသို့ သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရန်အတွက် နည်းလမ်းအမျိုးမျိုးနှင့် ဖြစ်နိုင်ခြေများကို သုံးသပ်ခဲ့ပြီးနောက် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့ကို CNG အနေဖြင့် CNG တင်သင်္ဘောဖြင့် ပို့ဆောင်ရန် GAIL ကုမ္ပဏီမှ ယခုကဲ့သို့ ကမ်းလှမ်းခဲ့ကြောင်း နယူးဒေလီမှလာသောသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ A-1 သဘာဝဓာတ်ငွေ့လုပ်ကွက်မှ စုစုပေါင်း သဘာဝဓာတ်ငွေ့ကုဗပေ လေးထရီလီယံ ထွက်ရှိနိုင်ပြီး တစ်နေ့လျှင် ကုဗပေ ၁၈ သန်းခန့် ထုတ်လုပ်ရန် ခန့်မှန်းထားသည်။ အိန္ဒိယ GAIL ကုမ္ပဏီသည် အဆိုပါ လုပ်ကွက်တွင် ONGC Videsh ကုမ္ပဏီနှင့် ပူးတွဲ၍ ၃၀ ရင်းနှီးမြှုပ်နှံ ပိုင်ဆိုင်ထားပြီး Daewoo Int'l Co., က ၆၀ ရာခိုင်နှုန်း၊ Korea ကုမ္ပဏီတစ်ခုဖြစ်သော KOGAS က ၁၀ ရာခိုင်နှုန်းအသီးသီး ရင်းနှီးမြှုပ်နှံထားသည်။ ယင်းလုပ်ကွက်မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့ကို ဈေးအမြင့်ဆုံးကမ်းလှမ်းနိုင်လျှင် A-1 လုပ်ကွက်မှ ထွက်သမျှ ဓာတ်ငွေ့များ ၏ ၆၅ ရာခိုင်နှုန်းကို GAIL ကုမ္ပဏီမှ ဝယ်ယူရရှိနိုင်လိမ့်မည်ဟု GAIL ကုမ္ပဏီ၏ ဥက္ကဋ္ဌ Mr.Proshanto Banerjer က Asia Gas Summit တွင် ပြောကြားခဲ့သည်။

www.foreverspace.com.mm



## မြန်မာနိုင်ငံကူးလက်မှတ်နှင့် စပ်လျဉ်း၍ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ကြေညာချက်တစ်ရပ်ထုတ်ပြန်

**ကွာလာလမ်ပူ၊ မတ် ၃**

မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်မှုများ၊ နိုင်ငံကူးလက်မှတ်အစစ်တွင် ဗီဇာအတု၊ ပါမစ်အတုရိုက်နှိပ်မှုများ၊ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များအား ပြင်ဆင်မှုပြုလုပ်သူများကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ပြင်းထန်စွာအရေးယူမည်ဟု မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးက ၂၀၀၅ နှစ်ကုန်ပိုင်းတွင် ကြေညာချက်တစ်ရက် ထုတ်ပြန်ခဲ့ကြောင်း ကွာလာလမ်ပူရောက် မြန်မာအလုပ်သမားတစ်ဦးဖြစ်သူ ဦးတင်မောင်က ပြောကြားသည်။

မြန်မာနိုင်ငံသားများ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ မလေးရှားနိုင်ငံ၏ တရားဝင်ရုံးပိတ်ရက်များတွင်လည်း မြန်မာသံရုံးပိတ်ခြင်းမရှိပဲ ဖွင့်လှစ်ဆောင်ရွက်ပေးနေကြောင်း၊ မြန်မာအလုပ်သမားများကြုံတွေ့နေရသော အခက်အခဲများကိုလည်း သက်ဆိုင်ရာ မလေးရှား အာဏာပိုင်များ၊ အလုပ်သမားများ၏ အေးဂျင့်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ကာ ဖြေရှင်းပေးနေကြောင်း ဦးတင်မောင်က ပြောဆိုသည်။ နိုင်ငံကူးလက်မှတ်နှင့် ပတ်သက်၍ အပြစ်တစ်စုံတစ်ရာ စစ်ဆေးတွေ့ရှိပါက ကျူးလွန်သူကို တည်ဆဲဥပဒေအရ အရေးယူရုံသာမက နိုင်ငံကူးလက်မှတ်ကိုလည်း သိမ်းဆည်းထားမည်ဟု ကြေညာချက်တွင်ပါရှိကြောင်း ဦးတင်မောင်က ထပ်လောင်းပြောကြားသည်။

TLZH

## မူဆယ်နယ်စပ်ကုန်သွယ်ရေး ပုံစံပြောင်း၊ ဝယ်သူဘက်မှ မြန်မာစီးပွားရေးဇုန်သို့ လာဝယ်ရမည်

**ရန်ကုန်၊ မတ် ၇**

နှစ်ပေါင်းများစွာ အသားကျလာသော မြန်မာကုန်သည်များဘက်မှ တရုတ်နိုင်ငံဘက်သို့ သွားရောက်ရောင်းချသော ကုန်သွယ်ရေးစနစ်မှ တရုတ်ကုန်သည်များဘက်မှ မြန်မာနိုင်ငံသို့ လာရောက်ဝယ်ယူရမည့် ကုန်သွယ်ရေးစနစ်ပုံစံသို့ မတ်လ ၁၅ ရက်နေ့မှစ၍ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကျင့်သုံးသွားမည်ဖြစ်ကြောင်း အဆိုပါကုန်သွယ်ရေးဇုန်ကို ကြီးကြပ်ကွပ်ကဲနေသည့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်က ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတွင်ကျင်းပသော အင်္ဂါနေ့ ပုံမှန်အစည်းအဝေး၌ ပြောကြားသည်။

အဆိုပါစီးပွားရေးပုံစံသစ်အရ မြန်မာဘက်မှ ရောင်းချသော ပဲ၊ နှမ်းနှင့် ရေလုပ်ငန်းထုတ်ကုန်ပစ္စည်းမျိုးစုံကို ၁၀၅ မိုင်စခန်းတွင်သာ ရောင်းဝယ်မည်ဖြစ်ပြီး ဝယ်ယူမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များမှ ကားများဖြင့် လာရောက်သယ်ယူရမည်ဟု ၎င်းက ရှင်းပြသည်။

ထိုကဲ့သို့ တရုတ်ကုန်သည်များအနေဖြင့် မြန်မာကုန်ပစ္စည်းကို မူဆယ် ၁၀၅ မိုင် စီးပွားရေးဇုန်တွင်သာ လာရောက်ဝယ်ယူရန်အတွက် မတ်လ ၁၅ ရက်နေ့တွင် တရုတ်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများကို မြန်မာနိုင်ငံဘက်မှ စီးပွားရေးဇုန်နှင့် ပဲ၊ နှမ်းဂိုဒေါင်များကို လိုက်လံပြသသွားမည်ဟု စီးပွားရေးဇုန် တာဝန်ရှိသူများထံမှ သိရသည်။

မူဆယ်နယ်စပ်ကုန်သွယ်ရေးပုံစံပြောင်းမှုသည် မြန်မာကုန်သည်များအနေဖြင့် အားသာမှုရရှိလာမည်ဖြစ်သည့်အတွက် စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်ကြရန် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ကိုလေးက အဆိုပါအစည်းအဝေးတွင် လုပ်ငန်းရှင်များကို တိုက်တွန်းလိုက်သည်။

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းဇယားများအရ မူဆယ်ထွက်ပေါက်မှတစ်ဆင့် ရေထွက်ကုန်ပစ္စည်းများချည်းသက်သက် တရုတ်နိုင်ငံသို့ ရက်သတ္တပတ်တစ်ပတ်လျှင် အမေရိကန်ဒေါ်လာ သုံးသန်းကျော်ဖိုးခန့် တင်ပို့နေကြောင်း သိရသည်။

HHM

LIVING COLOR MAGAZINE
526302 , 504496

www.foreverspace.com.mm



# မြဝတီနယ်စပ်ကုန်သွယ်ရေးတွင် ပုံမှန်ကုန်သွယ်ရေးစနစ်ဖြင့် ကုမ္ပဏီ ကိုးခု စတင်စမ်းသပ်လုပ်ကိုင်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅**

မြန်မာ–ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည့် မြဝတီနယ်စပ်ကုန်သွယ်ရေးတွင် ဆုရွှေရည်၊ မြဝတီ၊ ရေလိုင်းပြာ စသည့် ကုမ္ပဏီများအပါအဝင် ကုမ္ပဏီကိုးခုသည် ပုံမှန်ကုန်သွယ်ရေးစနစ်ဖြင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ မှစတင်၍ အလှည့်ကျစမ်းသပ်လုပ်ကိုင်လျက်ရှိသည်ဟု မြဝတီမြို့ခံ ကုန်သည်ကြီး တစ်ဦးက ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြောကြားသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးတွင် လိုင်စင်လျှောက်ထားမှုကို ယခင်က ကြေးနန်းအသုံးပြု၍ ရန်ကုန်နှင့် ဆက်သွယ်လုပ်ကိုင်ရသော်လည်း ယခုအခါ ဖက်(စ်)ကိုအသုံးပြုလာ၍ လိုင်စင်နှင့်ပတ်သက်ပြီး ပိုမိုမြန်ဆန်လာသည်ဟု ၎င်းကဆိုသည်။ ကုန်သည်အများစုအနေဖြင့်လည်း နယ်စပ်ကုန်သွယ်ရေးထက် ပုံမှန်ကုန်သွယ်ရေးကို ပိုမိုလုပ်ကိုင်လိုသည်မှာ နယ်စပ်ကုန်သွယ်ရေးတွင် ခွင့်ပြုပစ္စည်းအမျိုးအမည် နည်းပါးပြီး၊ ပုံမှန်ကုန်သွယ်ရေးတွင် ခွင့်ပြုပစ္စည်း ပိုမိုများပြားသောကြောင့်ဖြစ်ကြောင်း၊ သို့သော် ငွေဈေးနှုန်းထားပေါ်တွင် မူတည်ကြောင်း ၎င်းကဆိုသည်။ အထူးသဖြင့် မြဝတီမှ ရန်ကုန်သို့ ကုန်စည်များ တင်ပို့ကြရာတွင် ယခင်က ညနေ ၃ နာရီ၊ ၄ နာရီခန့်မှ ယာဉ်တန်းထွက်ခွာနိုင်သော်လည်း ယခုအခါ နေ့လယ် ၁၂ နာရီတွင် ထွက်ခွာနိုင်စေရန် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန်စစ်ဆေး၍ ကြီးကြပ်ပေးလျက်ရှိသောကြောင့် ယခင်ထက် ပိုမိုလျင်မြန်လာသည်ဟု ၎င်းက ထပ်လောင်းပြောကြားသွားသည်။

# အလုပ်ပြငါးမွေးမြူရောင်းချသူများ လိုင်စင်လျှောက်ထားရမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၇**

အလုပ်ပြငါး စီးပွားဖြစ်အလို့ငှာ ပြည်တွင်းသို့တင်သွင်းလိုသူများ၊ ပြည်ပသို့ တင်ပို့ရောင်းချလိုသူများအနေနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနတွင် အလုပ်ပြငါးမွေးမြူခြင်း လိုင်စင်လျှောက်ထားရမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာထားသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း အလုပ်ပြငါးမွေးမြူရေးလုပ်ငန်း အပါအဝင် ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိကြောင်းလည်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ အဆိုပါဦးစီးဌာနအနေဖြင့် ငါး/ပုစွန်မွေးမြူခြင်းလိုင်စင် ငါး/ပုစွန် သားဖောက်ထုတ်လုပ်ခြင်းလိုင်စင်၊ အလုပ်ပြငါးမွေးမြူခြင်းလိုင်စင် စသည်တို့ကို ထုတ်ပေးလျက်ရှိကြောင်း၊ အလုပ်ပြငါးမွေးမြူခြင်းလိုင်စင်မရှိဘဲ လုပ်ကိုင်နေသော လုပ်ငန်းများကို ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

# ၂၀၁၅ တွင် မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှု ၁၀ ရာခိုင်နှုန်းကို Renewable Energy ဖြင့် ဖြည့်တင်းနိုင်ရန် ကြိုးပမ်းလျက်ရှိ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်၌ စွမ်းအင်သုံးစွဲမှုပမာဏ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) များဖြင့် ဖြည့်တင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MES) ၏ အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်က ပြောကြားသည်။

အဆိုပါနှစ်အတွင်း အာဆီယံနိုင်ငံများတွင်လည်း စွမ်းအင်သုံးစွဲမှု ၁၀ ရာခိုင်နှုန်းကို အဆိုပါစွမ်းအင်များဖြင့် ပြန်လည်အစားထိုးသုံးစွဲနိုင်ရန် ရည်မှန်းထားရှိသဖြင့် မြန်မာနိုင်ငံအနေနှင့်လည်း အဆိုပါရည်မှန်းချက်ကို ပြည့်မီစေရန် ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ဆိုသည်။

ဧရာဝတီတိုင်း ငပုတောမြို့နယ်ရှိ ဒီရေမှ လျှပ်စစ်ထုတ်လုပ်နိုင်မှုနှင့် ချောင်းသာကမ်းခြေရှိ နေရောင်ခြည်စွမ်းအင်နှင့် လေအားကိုအခြေခံ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ စပါးခွံလောင်စာသုံးစက်များ၊ ကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီထုတ်လုပ်ခြင်းလုပ်ငန်းများအားလုံးသည် အဆိုပါမျှော်မှန်းချက်၏ အစိတ်အပိုင်းများဖြစ်ကြောင်း MES မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ■

# ပျဉ်းမနားဒေသတွင် ဘီအီးစပ်အရက် သောက်သုံးမှုလျော့နည်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၆**

ပျဉ်းမနားမြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင် ဘီအီးအဆီ (အယ်လ်ကိုဟော) ဖြင့် ရောစပ်ရောင်းချသော စပ်ဘီအီးယမကာကို သောက်သုံးသူနည်းပါးသွားကြောင်း ဒေသခံ ယမကာအရောင်းဆိုင်ရှင်အချို့က ပြောကြားသည်။

ယင်းသို့ စပ်ဘီအီးသောက်သုံးမှုလျော့နည်းသွားခြင်းမှာ စပ်ဘီအီးဈေးနှုန်းနှစ်ဆကျော် မြင့်တက်လာခြင်း၊ ဒေသခံတို့၏ ဝင်ငွေအနည်းငယ်မြင့်တက်လာခြင်း၊ ရာသီဥတုပူပြင်းလာခြင်းနှင့် အခြားအသင့်သောက် ပုလင်းယမကာများ၏ ဈေးနှုန်းနှင့် ကွာဟမှုကျဉ်းမြောင်းလာခြင်းတို့ကြောင့်ဖြစ်ကြောင်း ပျဉ်းမနားမြို့ ဆင်ခြေဖုံးရပ်ကွက်ရှိ ယမကာရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးအေးမောင်က ရှင်းပြသည်။

ပျဉ်းမနားဒေသတွင် အဆိုပါ စပ်ဘီအီးဖျော်စပ်ရာ၌ အသုံးပြုသော ဘီအီးအဆီ (အယ်လ်ကိုဟော) ဈေးနှုန်းမှာ ၂၀၀၆ ခုနှစ်မတိုင်မီက ပုလင်းတစ်လုံးလျှင် ၂၅၀ ကျပ်ခန့်သာ ရှိခဲ့သော်လည်း ယခုဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ပုလင်းတစ်လုံး ၆၀၀ ကျပ်အထိရှိနေကြောင်း၊ ထိုသို့ အရက်အဆီဈေး နှစ်ဆကျော်မြင့်တက်သွားခြင်းဖြင့် ရေဖြင့်ရောစပ်ပြီးသော စပ်ဘီအီးများလည်း တစ်ပုလင်း ၃၀၀ ကျပ်အထိ ရောက်ရှိသွားကြောင်း ဦးအေးမောင်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် အရက်အဆီဖြင့် ဆိုင်ကယ်များ မောင်းနေကြသောကြောင့် ဝယ်လိုအားများကာ ဈေးတက်သွားပြီး ပစ္စည်းလည်း ဝယ်ယူရရှိရန် မလွယ်တော့ကြောင်း ဒေသခံများ၏အဆိုအရ သိရသည်။

Johnathan News

# ပုဂ္ဂလိကဘဏ်အချို့ ငွေလွှဲဝန်ဆောင်ခများ ပြောင်းလဲသတ်မှတ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀**

ပုဂ္ဂလိကဘဏ်အချို့မှ ဝန်ဆောင်မှုပေးနေသည့် ငွေလွှဲခနှုန်းထားများကို ဖေဖော်ဝါရီလဆန်းမှစတင်၍ ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်ကြောင်း အဆိုပါဘဏ်များထံမှ စုံစမ်းသိရသည်။

ယခုအချိန်အထိ ငွေလွှဲသည့် ဝန်ဆောင်ခနှုန်းထားများ ပြောင်းလဲလိုက်သောဘဏ်များမှာ ရိုးမဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ် (M.O.B)နှင့် ကမ္ဘောဇဘဏ်တို့ ဖြစ်သည်။

မြန်မာအရှေ့တိုင်းဘဏ်တွင် နယ်မြို့များသို့ ငွေလွှဲသည့် ၁၀၀ ကျပ်တိုင်းအတွက် ၅ ပြား တိုးမြှင့်ခဲ့သည်။ ထို့ကြောင့် ယခင်ငွေလွှဲခ ၁၀၀ ကျပ်လျှင် ၁၀ ပြားပေးရသည့်မြို့မှ ၁၅ ပြားသို့ ပြောင်းလဲသွားပြီး ယခင် ၁၅ ပြားပေးရသည့်မြို့မှာ ၂၀ ပြားသို့ ပြောင်းလဲသွားသည်။ သို့သော် မြိတ်မြို့အတွက် ငွေလွှဲခနှုန်းထားကို ယခင် ၁၀၀ ကျပ်လျှင် ၁၀ ပြား သတ်မှတ်ထားရာမှ ၂၀ ပြားသို့ ပြောင်းလဲခဲ့ကြောင်း မြန်မာအရှေ့တိုင်းဘဏ် လမ်းမတော်ဘဏ်ခွဲမှ ဝန်ထမ်းတစ်ဦးက ဆိုသည်။

ကမ္ဘောဇဘဏ်တွင်လည်း ဖေဖော်ဝါရီလ ၆ ရက်နေ့မှ စတင်၍ ငွေလွှဲခနှုန်းထားကို ၁၀၀ ကျပ်လျှင် ၁၀ ပြား သတ်မှတ်ထားသော မြို့များကို ၁၅ ပြားသို့ ပြောင်းလဲခဲ့ပြီး အခြားမြို့များကို ယခင်ဝန်ဆောင်ခနှုန်းဖြင့် ဆောင်ရွက်ပေးနေကြောင်း ပုဇွန်တောင် ကမ္ဘောဇဘဏ်ခွဲမှ ဝန်ထမ်းတစ်ဦးက ဆိုသည်။

ရိုးမဘဏ်တွင် ဖေဖော်ဝါရီ ၂ ရက်နေ့မှစတင်၍ ၁၀၀ ကျပ် ငွေလွှဲတိုင်း ယခင်ဆောင်ရွက်ပေးနေသောနှုန်းမှ ၅ ပြားစီ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း ဖေဖော်ဝါရီ ပထမပတ်တွင် အဆိုပါဘဏ်သို့ ငွေလွှဲခဲ့သူတစ်ဦးက ပြောကြားသည်။

ပထမပုဂ္ဂလိကဘဏ်၊ CB ဘဏ်၊ အင်းဝဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့မှာ ယနေ့အချိန်ထိ ဝန်ဆောင်ခနှုန်းထားများ ပြောင်းလဲမှုမရှိသေးကြောင်း အဆိုပါဘဏ်များက ပြောသည်။

Associated News

မိုး
သတိပြုပါ



www.foreverspace.com.mm

www.foreverspace.com.mm

# တစ်ပြည် ၃၀၀ ကျပ်ဖြင့် ရောင်းချမည့် ဆန်အိတ်သုံးသောင်းကျော် မန္တလေးသို့ တင်ပို့

**မန္တလေး၊ ဖေဖော်ဝါရီ ၂၇**

နှစ်စဉ် ဈေးကျနေချိန်တွင် ဈေးမြင့်နေသေးသော ဆန်ဈေးနှုန်းကြောင့် အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်မြို့တော်မှ တစ်ပြည် ၃၀၀ ကျပ်နှုန်းဖြင့် တင်ပို့လိုက်သော တစ်တင်းခွဲဝင် ဆန်အိတ် ၃၃၀၀၀ သည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မန္တလေးမြို့တော်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း မန္တလေးတိုင်း ဆန်စပါးကုန်သည်များအသင်း၏ အသင်းဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါဆိန်အိတ်များ ရောက်ရှိလာပါက မန္တလေးမြို့တော်ရှိ ဝင်ငွေနည်းမိသားစုများအနေဖြင့် လက်ရှိပေါက်ဈေးထက် ၁၀၀ ကျပ်ကျော်ခန့် သက်သာသည့်နှုန်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ရှင်းပြသည်။

ရန်ကုန်မြို့တော်ရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ ပို့ဆောင်ပေးမည့် ယင်းဆန်အိတ်များကို အခွန်လွတ်ဈေးများအပါအဝင် အရောင်းနေရာပေါင်း ၂၀ ကျော်မှ ဖြန့်ဖြူးရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။ ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်းက တစ်ပြည်လျှင် ကျပ် ၃၀၀ နှုန်းဖြင့် ဆန်ဖြန့်ဖြူးရောင်းချပေးနိုင်ရန် နှုန်းသေဆန်ဆိုင်ပေါင်း ၂၀ ကို ဖွင့်လှစ်ထားပြီး (သတင်းဖော်ပြပြီး The Voice Weekly Vol.2, No.4) ဖြစ်သည်။

# မီးစက်သုံးစွဲသူများ ပြုပြင်ထိန်းသိမ်းနည်းသိထားရန် လိုအပ်

**သတင်းဆောင်းပါး – ကျော်ဆန်းမင်း၊ မျိုးဇာနည်၊ ဓာတ်ပုံ–အောင်အောင်**

**မြန်မာနိုင်ငံတွင် မီးစက် (Generator) ဝယ်ယူသုံးစွဲသူများ ပိုမိုများပြားလာသည့်အလျောက် သုံးစွဲသူများအနေဖြင့် မီးစက်ပြုပြင်ထိန်းသိမ်းနည်းအခြေခံများသိရှိမှသာ မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများနှင့် မီးစက်များ သတ်မှတ်ကာလမတိုင်မီ ပျက်စီးမှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း Max Myanmar Co., Ltd. မှ Sales Engineer ဦးဇော်မိုးတင့်က ဆိုသည်။**



မီးစက်အများစု ပျက်စီးရခြင်း အကြောင်းအရင်းမှာ မသန့်ရှင်းသည့် လောင်စာဆီကို ထည့်သွင်းအသုံးပြုခြင်း၊ မီးစက်၏ ခံနိုင်ရည်အားထက် ပိုမိုသုံးစွဲခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အဓိကပျက်စီးလေ့ရှိသည့်အစိတ်အပိုင်းများမှာ ဆန်ခါ (Filter)၊ လေအေးစက် (Air Cooler) ဖြစ်ပြီး ဝယ်ယူသုံးစွဲသူအားလုံး၏ ၉၀ ရာခိုင်နှုန်းမှာ စက်အကြောင်း နားမလည်ကြသည့်အတွက်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မီးစက်များတွင် ပါရှိသော လီဗာ

**သတ်မှတ်ထားသောညွှန်ကြားချက်အတိုင်း လိုက်နာလျှင် ကြာရှည်ခံသည်**

www.foreverspace.com.mm



ခေါ် ဗို့အားအတင်အချလုတ်ကို သတ်မှတ် ဗို့အား ၂၂၀ အထက် ပိုမိုတင်ထားပြီး သုံးစွဲမိ၍ တီဗီ၊ ဗီဒီယိုနှင့် အခြား လျှပ်စစ်ပစ္စည်းများ ပျက်စီးခဲ့ရကြောင်း၊ မီးပျက်နေစဉ် ဖယောင်းတိုင်မီးဖြင့် ဆီဖြည့်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်များလည်း ရှိကြောင်း သုံးစွဲသူတစ်ဦးကပြောကြားသည်။

မီးစက်ဝယ်မည်ဆိုပါက မိမိအိမ် (သို့) ရုံးတွင် သုံးစွဲနိုင်သည့်ဝပ်အား မည်မျှရှိမည်ကို တွက်ချက်ပြီး သုံးစွဲမည့်အား စုစု ပေါင်းထက် ၁၀ ရာခိုင်နှုန်း ပို၍ ဝယ်ယူသင့်ကြောင်း၊ မီးစက်မနှိုးခင် ဆီ၊ ရေ၊ လေ၊ ဝိုင်စစ်ဆေးပြီး ပြည့်စုံမှ နှိုးသင့်ကြောင်း၊ မီးစက်ကို ၁၂ နာရီ သုံးစွဲပြီးတိုင်း တစ်နာရီ ခန့်ပေးနားသင့်ကြောင်း ဦးဇော်မိုးတင့်က ရှင်းပြသည်။

“Air con ၁၂ လုံးအထက် သုံးမယ်ဆိုရင် 45 KV ရှိတဲ့ မီးစက်မျိုးကိုသုံးဖို့လိုတယ်။ အခုဈေးကွက်ထဲမှာ အဝယ်အများဆုံး 25 KV စက်အမျိုးအစားက Air con ခြောက်လုံးလောက်ပဲ သုံးသင့်တယ်။ မီးချောင်းတွေက မီးစက်ကြီးတွေအတွက် ထိခိုက်မှုမရှိနိုင်ပါဘူး” ဟု ၎င်းက အကြံပြုသည်။

အိမ်သုံးမီးစက်များ အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ဝင်ရောက်နေသော်လည်း ဂျပန်နိုင်ငံထုတ် Honda ၊ Denyo အမျိုးအစားနှင့် တရုတ်နိုင်ငံထုတ် Launtop အမျိုးအစားများသာ အဓိကရောင်းရကြောင်း၊ ဂျပန်ပစ္စည်းများမှာ အသစ်နှင့် တစ်ပတ်ရစ်ဟူ၍ နှစ်မျိုးဈေးကွက်အတွင်း ဝင်ရောက်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

တရုတ်နိုင်ငံမှ ဝင်ရောက်လာသော မီးစက်များမှာ W-1000 ဟု ရေးထားသော်လည်း အမှန်တကယ်ထွက်ရှိသော ဝပ်အားမှာ ၁၀၀၀ မပြည့်ကြောင်း၊ အချို့ တရုတ်မီးစက်များသည် W-500 ခန့်သာ ထွက်လေ့ရှိသည့်အတွက် ဝယ်ယူသူများ အနေဖြင့် W-1000 ဟု ထင်မှတ်ပြီး သုံးစွဲမိပါက စက်ပျက်စီးနိုင်ကြောင်း ရန်ကုန်မြို့မှ မီးစက်၊ ဒိုင်နမို၊ မော်တာပြုပြင်သူတစ်ဦးက သတိပေးထောက်ပြသည်။

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် Portable မီးစက်များတွင် Coneser ၊ AVR (Auto Voltage Regulation) ဟူ၍ နှစ်မျိုးရှိပြီး Coneser မီးစက်မှာ မီးအားမငြိမ်သည့်အတွက် ကွန်ပျူတာသုံးစွဲရန် မသင့်တော်ကြောင်း၊ AVR အမျိုးအစားမှာ မီးအားငြိမ်သည့်အတွက် ကွန်ပျူတာ သုံးစွဲရန်သင့်တော်ပြီး ဈေးနှုန်းသိပ်မကွာသောကြောင့် AVR အမျိုးအစားမီးစက်ကို ကြိုက်နှစ်သက်သူပိုများကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယခုနောက်ပိုင်း Sound Proof အမျိုးအစား မီးစက်များ ဝင်ရောက်လာပြီး အသံငြိမ်၊ အသံညက်ခြင်းကြောင့် ဆူညံမှုမရှိသည့်အပြင် မီးခိုးလည်းမထွက်ကြောင်း၊ W-5000 အထိ ခံနိုင်ရည်ရှိပြီး ဓာတ်ဆီသုံးနှင့် ဒီဇယ်သုံးဟူ၍ နှစ်မျိုးဝင်ရောက်ကာ လေအေးပေးစက်နှစ်လုံးနှင့် မီးချောင်းများ သုံးနိုင်သည်ဟု မီးစက်အရောင်းဆိုင်တစ်ခုထံမှ သိရှိရသည်။

မီးစက်သုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးစက်များတွင် ပူးတွဲတပ်ဆင်အသုံးပြုနိုင်သည့်စနစ်များ ပေါ်လာရာ ATS(Auto Transfer System)မှာ သုံးစွဲသူတို့ အကြိုက်တွေ့လျက်ရှိသည်။ ယင်းစနစ်မှာ မီးပျက်လျှင် မီးစက်ကို အလိုအလျောက်နှိုးစေပြီး မီးပြန်လာပါက အလိုအလျောက် ပိတ်သွားသည့် စနစ် ဖြစ်သည်။

ယင်းစနစ်ပေါ်ပေါက်လာခြင်းကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေး

## နယ်စပ်မှ ဆန်မရောင်းရန် စည်းရုံး

**မန္တလေး၊ ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ဦးဆောင်သည့်အဖွဲ့သည် မန္တလေးမြို့တော်သို့လာရောက်၍ နယ်စပ်ထွက်ပေါက်များသို့ ဆန်ရောင်းချခြင်းမပြုရန် ဖေဖော်ဝါရီ ၂၅ ရက်နေ့က မန္တလေး ဆန်ကုန်သည်များအား ဆွေးနွေးစည်းရုံးခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်း ဆန်စပါးကုန်သည်များအသင်းရုံးတွင်ကျင်းပသော ယင်းဆွေးနွေးပွဲတွင် အထက်ပါပုဂ္ဂိုလ်များက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆန်ဖူလုံနေပြီဖြစ်၍ လားရှိုး၊ ဗန်းမော်၊ မြိတ်ဒေသများသို့ ဆန်တင်ပို့ခြင်းမပြုရန် တိုက်တွန်းသွားကြောင်း ဆွေးနွေးပွဲတက်ရောက်သည့် ဆန်ကုန်သည်အချို့က Living Color သို့ ပြောကြားသည်။ ဖော်ပြပါဒေသများသို့ ဆန်အလွယ်တကူ ရောက်ရှိပါက အိမ်နီးချင်းနိုင်ငံများသို့ ဆန်တင်ပို့ရန် လမ်းဖြောင့်၍ ယခုကဲ့သို့ တိုက်တွန်းခြင်းဖြစ်ကြောင်း လုပ်သက်ရင့် ဆန်ကုန်သည်ကြီးတစ်ဦးက ရှင်းပြသည်။ မြန်မာနိုင်ငံတွင် စားသုံးမှုထက်ပိုလျှံစွာထွက်ရှိသော ဆန်ဈေးသည် နိုင်ငံတကာဆန်ဈေးနှုန်းထက် များစွာသက်သာနေ၍ အိမ်နီးချင်းနိုင်ငံများမှ အစဉ်အမြဲ ဝယ်လိုအားရှိနေသည့်အပြင် လောလောဆယ်၌ ဘင်္ဂလားဒေ့ရှ်က နယ်စပ်မှဝယ်ယူရန် အပူတပြင်းကမ်းလှမ်းလျက်ရှိကြောင်း ရန်ကုန်နှင့် မန္တလေးမြို့တော်ရှိ လက်ကား ဆန်အရောင်းအဝယ်ဈေးကွက်များတွင် စုံစမ်းခြင်းဖြင့် သိရသည်။

www.foreverspace.com.mm



ငယ်များသာရှိသည့်အချိန်မျိုးတွင် မီးပျက်သွားပါက အလိုအလျောက် မီးစက်နှိုးနိုင်သည့်အတွက် အဆင်ပြေကြောင်း၊ မီးစက်မနှိုးမချင်း လက်ပြတ်မတတ်နှိုးရသည့် ဒုက္ခများလည်း ကင်းဝေးသွားကြောင်း ATS စနစ်တပ် မီးစက်ဝယ်ယူသုံးစွဲထားသူတစ်ဦးက ဆိုသည်။

အင်ဂျင်ပိုင်ဆီနည်းပါက CCS (Computer Control System) တပ်ထားသည့် မီးစက်များမှာ Alarm ပေးနိုင်ကြောင်း၊ ယင်းကြောင့် မီးစက်ကို ဂရုတစိုက် မစစ်ဆေးနိုင်သူများအတွက် အဆိုပါစနစ်ကို တပ်ဆင်ထားပါက များစွာအဆင်ပြေကြောင်း၊ ယင်းစနစ်ကို AP Computer Control Generator နှင့် IEM တို့တွင် ဝယ်ယူတပ်ဆင်နိုင်ကြောင်း IEM မှ Sales Engineer ဦးသက်လွင်ဦးက ရှင်းပြသည်။

ယခုအခါနေအိမ်များသာမက စက်ရုံ၊ အလုပ်ရုံကြီးများတွင်လည်း မီးစက်ကြီးများသုံးစွဲလာရာ ဈေးကွက်အတွင်းသို့လည်း စက်ရုံ၊ အလုပ်ရုံသုံး 1000 KV မှ 2500 KV ကြား မီးစက်များ ဝင်ရောက်လာသည်ကို တွေ့ရသည်။

မီးအားပြတ်တောက်သွားပါက အခက်အခဲတွေ့နိုင်သည့်စက်ရုံများအတွက် Synchronizing စနစ်ကို သုံးစွဲသင့်ကြောင်း၊ ယင်းစနစ်မှာ Power Bar မှထွက်သော သတ်မှတ်မီးအားလိုအပ်ချက်အလိုက် မီးပြတ်တောက်သွားပါက မီးစက်ကို အလိုအလျောက် မောင်းပေးပြီး လိုအပ်သည့် မီးအားထက် လျော့နည်းသွားပါက မီးစက်မှ အကူအညီယူ၍ လိုအပ်သည့် မီးအားပြည့်ရန် ဖြည့်စွမ်းပေးနိုင်ကြောင်း United Machinery Co., Ltd. မှ ဦးသက်မင်းနိုင်၏အဆိုအရ သိရသည်။

ယင်းစနစ်မှာ မီးစက် 100-200-300-400 KV အား လေးလုံး (သို့မဟုတ်) 200-200-200-200-200 KV အား ငါးလုံး စသည်ဖြင့် မိမိစက်ရုံအတွက် သင့်တော်မည့် ဗို့အားထုတ်ပေးနိုင်သည့်စက်များ ပူးတွဲတပ်ဆင်ထားပြီး စက်တစ်လုံးချင်းစီတွင် Control Ponnel တစ်လုံးစီ တပ်ဆင်ရကြောင်း၊ 500 KV သုံး စက်ရုံတစ်ရုံတွင် 200 KV လေးလုံးတပ်ပါက မီးပြတ်သွားလျှင် 200 KV စက်သုံးလုံး အလိုအလျောက်လည်ပေးပြီး ကျန်စက်တစ်လုံးမှ အနားပေးထားသည့်အတွက် လည်နေသော စက်သုံးလုံးမှ တစ်လုံးပူလာပါက ယင်းပူလာသည့်စက်ကို အလိုအလျောက်အနားပေးပြီး မူလက အနားပေးထားသည့်စက်ကို လည်ပတ်စေခြင်းဖြင့် စက်များ အလှည့်ကျလည်ပတ်ခိုင်းပြီး ရေရှည်အချိန်ကြာကြာ အခက်အခဲမရှိသုံးနိုင်ကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါစက်များတွင် EFC (Electronic Fuel Controlled Governor) တပ်ဆင်ခြင်းဖြင့် လောင်စာဆီနည်းသွားလျှင် အချက်ပြပေးနိုင်ကြောင်း၊ ယင်းစက်များကို စက်ရုံ၊ အလုပ်ရုံကြီးများတွင် သုံးစွဲခြင်းဖြင့် လုပ်ငန်းလည်ပတ်မှုနှောင့်နှေးခြင်း၊ မီးဘေးအန္တရာယ်ကင်းရှင်းစေခြင်းတို့ကြောင့် ယင်းစနစ်ကို သုံးစွဲသင့်ကြောင်း ၎င်းက ပြောကြားသည်။

မီးစက်သုံးစွဲမှုများလာသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ပိုမိုဖြစ်ပေါ်လာကြောင်း၊ မီးစက်သုံးစွဲသူတစ်ဦးချင်းအနေဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးအတွက် မီးခိုးအများအပြားထွက်သည့် မီးစက်များကို ပြန်လည်ပြုပြင်သင့်ကြောင်း၊ သန့်စင်ခန်းကဲ့သို့ လူဝင်လူထွက်ရှိသော အခန်းကျဉ်းအတွင်း မီးစက်ထည့်၍မောင်းခြင်းကြောင့် ယင်းအခန်းတွင် အောက်ဆီဂျင်ဓာတ်နည်းသွားသည့်အတွက် အခန်းတွင်း ဝင်သွားသူမှာ မူးမေ့လဲပြီး အသက်ဆုံးရှုံးသွားသည့်အထိ ဖြစ်နိုင်၍ ဆင်ခြင်သင့်ကြောင်း ဆရာဝန်တစ်ဦးက သတိပေးပြောကြားသည်။ ■

# ယုဇနပလာဇာတွင် လျှပ်စစ်မီတာခများ နှုန်းထားအသစ်ဖြင့် ပြောင်းလဲကောက်ခံ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ ရန်ကုန်မြို့တော်၏ လူစည်ကားရာအချက်အချာကျသော ဈေးဝယ်စင်တာတစ်ခုဖြစ်သည့် ယုဇနပလာဇာမှ အရောင်းဆိုင်များကို ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ လျှပ်စစ်မီတာသုံးစွဲခများ နှုန်းထားအသစ် ပြောင်းလဲကောက်ခံခဲ့ကြောင်း အရောင်း ဆိုင်အချို့က ပြောကြားသည်။

လျှပ်စစ်မီတာသုံးစွဲခများ တိုးမြှင့်ကောက်ခံခြင်းကို ဇန်နဝါရီလလယ်လောက်မှစ၍ အရောင်းဆိုင်များအား အသိပေးကြေညာထားပြီး ယခင် တစ်ယူနစ်လျှင် ၆၀ ကျပ်မှ ၉၀ ကျပ်အထိ တိုးမြှင့်ကောက်ခံခြင်းဖြစ်ကြောင်း၊ ယုဇနပလာဇာတွင် မကြာခဏ လျှပ်စစ်ဓာတ်အားပြတ်တောက်သဖြင့် လျှပ်စစ်မီးပုံမှန်ရရှိစေရန် မီးလိုင်းသစ် ထပ်မံသွယ်တန်းရန်အတွက် လျှပ်စစ်မီတာခများကို တိုးမြှင့်ကောက်ခံခြင်းဖြစ်ကြောင်း ဈေးတာဝန်ခံများ၏ ပြောကြားချက်ကို ကိုးကား၍ Fancy အရောင်းဆိုင်ရှင် ဒေါ်သီတာက ဆိုသည်။

ယခင်က တစ်ယူနစ်လျှင် ၆၀ ကျပ်ဖြင့် နှစ်ပေမီးချောင်းတစ်ချောင်းကိုသာအသုံးပြုသော မှန်ပုံးဖြင့်ရောင်းချရသည့် အလှကုန်ကောင်တာတစ်ခုအတွက် တစ်လလျှင် မီတာခ ၄၀၀၀ ကျပ် ပေးဆောင်ရကြောင်း ဒေါ်သီတာ အဆိုအရ သိရသည်။

လျှပ်စစ်မီတာခများ တိုးမြှင့်ကောက်ခံခဲ့သော်လည်း အခြားဝန်ဆောင်မှုများကို တိုးမြှင့်ထားခြင်းမရှိသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm



# World Vision ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မြို့နယ်သုံးခု၌ တိုးချဲ့ဆောင်ရွက်

**ရန်ကုန်၊ မတ် ၁**

မြန်မာနိုင်ငံ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော အစိုးရမဟုတ်သည့် အပြည်ပြည်ဆိုင်ရာ လူမှုရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် World Vision (Myanmar) သည် ၂၀၀၅ ခုနှစ်အတွင်းက မူလဆောင်ရွက်နေလျက်ရှိသော မြို့နယ်များအပြင် မကွေးတိုင်း ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ်တို့တွင် ရုံးခွဲများ ဖွင့်လှစ်ကာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းမှ Communications Coordinator ဒေါ်ဂျိုင်းစ်လှကျော်က ပြောကြားသည်။

ထိုသို့ တိုးချဲ့ဆောင်ရွက်ရာ၌ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် ပူးပေါင်း၍ အဆိုပါ မြို့နယ်သုံးမြို့နယ်တွင် စားနပ်ရိက္ခာဖူလုံရေးအစီအစဉ်ဖြင့် လုပ်ငန်းများစတင်ခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်အတွင်း ယင်းမြို့နယ်သုံးမြို့နယ်အပါအဝင် စီမံချက်နယ်မြေလေးခုတွင် လူဦးရေ ၂၆,၁၀၉ ဦးအတွက် ဆန် ၁,၆၁၇,၈၅၃ မက်ထရစ်တန်ကိုဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ၎င်းကဆိုသည်။

World Vision (Myanmar) သည် ၁၉၉၃ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ လုပ်ငန်းများစတင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်း ၁၀ ခုရှိ မြို့နယ် ၁၇ မြို့နယ်၌ ရုံးခွဲများဖွင့်လှစ်ကာ ပညာရေး၊ ကျန်းမာရေး၊ HIV/AIDS ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ လူသားချင်း စာနာထောက်ထားသော ကူညီထောက်ပံ့မှု၊ စားနပ်ရိက္ခာဖူလုံရေး၊ အထူးအခြေအနေတွင်ရှိသော ကလေးများအတွက် လုပ်ငန်းအစီအစဉ်၊ အသေးစားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် စသည့် လုပ်ငန်းများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း (NGO) များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

# ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံရှိ ဒီရေတောဆင် သုံးကောင်သာ ကျန်ရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၁**

ဒီရေတောများတွင်သာ နေထိုင်ကျက်စားသည့် ဒီရေတောဆင်များမှာ ယခုအခါ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ကျန်ရှိတော့ကြောင်းနှင့် အရေအတွက်အားဖြင့် သုံးကောင်သာရှိတော့ကြောင်း ယင်းကို သုတေသနပြုလေ့လာနေသည့် NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် FREDA မှ အထွေထွေအတွင်းရေးမှူး ဦးအုန်းက ပြောကြားသည်။

အဆိုပါဆင်များကို ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအနီးတွင်သာ တွေ့ရှိရပြီး ဒီရေတောဆင် သုံးကောင်စလုံးမှာ ဆင်အထီးများသာဖြစ်ကြောင်း၊ ထို့ကြောင့် ဒီရေတောဆင်များ မျိုးတုံးမည့်အရေးကို ကျွမ်းကျင်သူများက စိုးရိမ်နေကြကြောင်း ၎င်းက ဆိုသည်။

ဒီရေတောဆင်များသည် မျိုးတုံးပျောက်ကွယ်တော့မည့်အနေအထားနှင့် ရင်ဆိုင်နေရပြီး ယင်းဆင်များမှာ သာမန်ဆင်များနှင့်မတူဘဲ ခွာများပျော့ပျောင်း၍ ကုန်းမြေပေါ်တွင် သွားလာနိုင်ခြင်းမရှိဘဲ ကမ်းရိုးတန်းများတွင် ပေါက်ရောက်လေ့ရှိသည့် ဒီရေတောအတွင်းရှိ ရွှံ့နွံများကြားတွင်သာ နေထိုင်ကျက်စားသွားလာနိုင်ကြောင်း သိရသည်။

၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံတွင် ဒီရေတောဆင် ၁၇ ကောင် ရှိခဲ့ကြောင်း ၎င်း၏အဆိုအရ သိရသည်။

Associated News

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

www.foreverspace.com.mm

# ရန်ကုန်မြို့တော်၏ အိမ်ခြံမြေဈေးကွက်အတွင်း သိသာသောပြောင်းလဲမှုမရှိ

**သတင်းဆောင်းပါး – အားမာန်၊ ဓာတ်ပုံ–အောင်အောင်**

**မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများဖြစ်သော အစိုးရဝန်ကြီးရုံးများကို ရန်ကုန်မြို့တော်မှ ပျဉ်းမနားဒေသသို့ ပြောင်းရွှေ့ရုံးစိုက်ခဲ့ပြီးနောက်ပိုင်း ရန်ကုန်မြို့တော်၏ အိမ်ခြံမြေဈေးကွက်တွင် ပြောင်းလဲမှုများရှိမည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ယူဆနေကြသော်လည်း ယခုအချိန်အထိ ရန်ကုန်အိမ်ခြံမြေဈေးကွက်မှာ သိသာစွာ ပြောင်းလဲမှုများ မရှိသေးကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။**

ရန်ကုန်မြို့တော်၏ လက်ရှိ အိမ်၊ ခြံ၊ မြေ ဈေးကွက်တွင် အရောင်းအဝယ်နှင့် အငှား နှစ်မျိုးစလုံးမှာ ၂၀၀၅ ခုနှစ်ကကဲ့သို့ပင် ပုံမှန်အောက်ရောက်နေကြောင်း၊ အိမ်၊ ခြံ၊ မြေ ဝယ်ယူလိုသူများမှာ အကျဈေးကို မျှော်နေကြပြီး ရောင်းလိုသူများကလည်း ဈေးကို လျှော့မပေးကြသဖြင့် အရောင်းအဝယ်မှာ ပုံမှန်အတိုင်း အေးနေခြင်းဖြစ်ကြောင်း၊ သို့သော် ထိုအထဲမှ ရှားရှားပါးပါး အရောင်းအဝယ်ဖြစ်သွားသည်များမှာလည်း အောက်ဈေးနှင့် ရောင်းချလိုက်သော အိမ်၊ ခြံ၊ မြေများပင်ဖြစ်နေကြောင်း ယူနီတီအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဈေးကွက်မန်နေဂျာ ဦးကျော်စွာက ပြောကြားသည်။

ယခုအခါ အိမ်၊ ခြံ၊ မြေဈေးကွက်တွင် အငှားမှာ အရောင်းအဝယ်ထက် ပို၍ သွက်နေပြီး အိမ်ခြံမြေအကျိုးဆောင် အများစုမှာ အိမ်အငှားအကျိုးဆောင်ပေးခြင်းဖြင့် ရပ်တည်နေကြရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အိမ်အငှား၊ တိုက်ခန်းအငှားတွင် မြို့တွင်းမြို့နယ်နှင့် သွားလာရေးအဆင်ပြေသောနေရာများတွင် လုံးချင်းငှားရမ်းမှုများကို ကုမ္ပဏီရုံးခန်းများ၊ စားသောက်ဆိုင်နှင့် အရောင်းဆိုင်များဖွင့်လို၍ ငှားရမ်းမှုမှာ များလာသည်။ တိုက်ခန်းရိုးရိုးနှင့် ကွန်ဒိုအခန်းများ ငှားရမ်းမှုတွင် ကွန်ဒိုအခန်းကို မြန်မာနိုင်ငံရောက် နိုင်ငံခြားသားများ ပိုမိုငှားရမ်းလာကာ ရိုးရိုးတိုက်ခန်းများကို နယ်မှလာ၍ စီးပွားရေးလုပ်ကိုင်သူ၊ မိသားစုများ၊ ကျောင်းသားများက ငှားရမ်းလေ့ရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ မန်နေဂျာတစ်ဦးက ရှင်းပြသည်။

အရောင်းအဝယ်မှာ ပုံမှန်ကဲ့သို့နည်းပါးနေသော်လည်း ဖြစ်နေသည့် အရောင်းအဝယ်တွင် စက်မှုဇုန်မြေကွက်များ ပုံမှန်ထက်ပိုသွက်နေပြီး ရန်ကုန်ရှိ အိမ်၊ ခြံ၊ မြေများကို ယခုနောက်ပိုင်း ဝယ်ယူသူများအနက် နယ်မှတက်လာသော စီးပွားရေးလုပ်ငန်းရှင်များ၊ တရုတ်လူမျိုးများမှာ ယခင်ကထက် ပိုလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိဈေးကွက်တွင် မြေကွက်ဆိုပါက ကျပ်သိန်း ၁၀၀ ဝန်းကျင်၊ အိမ်ပါဝင်ပါက ကျပ်သိန်း ၁၀၀၀ နှင့် ၂၀၀၀ ကြား၊ ရိုးရိုးတိုက်ခန်း ကျပ်သိန်း ၁၀၀ နှင့် ၂၀၀ ကြားဈေးနှုန်းရှိ တိုက်ခန်းများ၊

## မန္တလေးဆန်ကုန်သည်များ ညှိနှိုင်းဈေးဖြင့် ရောင်းဝယ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅**

ဆန်တင်ယာဉ်များ၏ ဈေးနှုန်းပြောင်းလဲကောက်ခံမှုကြောင့် အရောင်းအဝယ်ကမောက်ကမ မဖြစ်ရန် ဆန်ဈေးနှုန်းကိုညှိနှိုင်း၍ ရောင်းဝယ်နေရကြောင်း မန္တလေးမြို့တော် ပြည်ကြီးတံခွန်မြို့နယ်မှ ဆန်ကုန်သည်ကြီးတစ်ဦးက Living Color သို့ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ပြောကြားသည်။

ဖေဖော်ဝါရီလလယ်ခန့်မှစ၍ ဆန်တင်ယာဉ်များက ယခင်တစ်တင်းခွဲတစ်အိတ်လျှင် သယ်ဆောင်ခ ၅၀၀ ကျပ် သတ်မှတ်ချက်ကို နှစ်ဆတိုးလိုက်ကြောင်း၊ ထို့ပြင် နှစ်စဉ်ထွက်ရှိမှုတိုးတက်သော်လည်း ဈေးကွက်မတင်သူများကြောင့် ဗီယာကဲ့သို့ ဆန်တစ်အိတ်ကို ရန်ကုန်မြို့တော်မှ ၈၃၀၀ ကျပ်ဖြင့် ဝယ်ယူရကြောင်း၊ မန္တလေးအရောက် တစ်အိတ်ဈေးနှုန်းမှာ ၉၃၀၀ ကျပ် ဖြစ်နေ၍ ၉၅၀၀ ကျပ်နှင့် ၁၀၀၀၀ ကျပ်ကြား ညှိနှိုင်းသောအားဖြင့် ပြန်လည်ရောင်းချနေရကြောင်း အဆိုပါဆန်ကုန်သည်က ရှင်းပြသည်။ ဆန်သယ်ဆောင်မည့် ယာဉ်ပိုင်ရှင်များ သယ်ဆောင်ခပြောင်းလဲသတ်မှတ်ရမည့်အကြောင်းအရင်းကို စုံစမ်းကြည့်ရာတွင် ၂၀၀၆ ခုနှစ်အတွင်း အပြိုင်အဆိုင်အပြီးသတ်ရန် ကြိုးပမ်းနေသော ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွက် လမ်းခင်းကျောက်များနှင့် အုတ်များသယ်ဆောင်ပါက ဆန်သယ်ဆောင်ခထက် ၂ ဆ နီးပါးရရှိ၍ဖြစ်ကြောင်း ကုန်တင်ယာဉ်လောကအတွင်းမှ သိရသည်။

www.foreverspace.com.mm



မြေကွက်များ၊ အိမ်များသာ အရောင်းအဝယ်ပိုဖြစ်သည်ဟု အရှေ့တိုင်းအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အငှားတွင် လုံးချင်းအိမ်ငှားရမ်းမှုမှာ ကျပ်နှစ်သိန်းငါးသောင်းမှ ကျပ်လေးသိန်းဝန်းကျင်ရှိအိမ်များ၊ ကွန်ဒိုတိုက်ခန်းဆိုပါက ကျပ်နှစ်သိန်းငါးသောင်းမှ ကျပ်ငါးသိန်းနှင့် ရိုးရိုးတိုက်ခန်းများမှာ ကျပ်လေးသောင်းဝန်းကျင်မှ ကျပ်တစ်သိန်းအထိ တိုက်ခန်းတည်နေရာ၊ တိုက်ခန်းပုံစံတို့ပေါ်တွင်မူတည်၍ ဈေးရှိကြောင်း အဆိုပါဝန်ထမ်းက ရှင်းပြသည်။

သို့သော် အစိုးရရုံးများ ပျဉ်းမနားဒေသသို့ ပြောင်းရွှေ့သွားခြင်းနှင့်အတူ မြို့တော်ရန်ကုန်ကို ကုန်သွယ်ရေးနှင့် ဆိပ်ကမ်းမြို့တော်အဖြစ် ရုပ်လုံးဖော်မည့်စီမံကိန်းမှာ ပိုမိုခရီးရောက်လာနိုင်ပြီး သက်ဆိုင်ရာမှ စီမံချက်ချထားသည့်အတိုင်း ဆိပ်ကမ်းမြို့တော်အဖြစ် ယခုထက်ပိုမိုပီပြင်လာပါက ရန်ကုန်မြို့ အိမ်၊ ခြံ၊ မြေဈေးကွက်မှာ လက်ရှိထက် အဆများစွာ မြင့်တက်၍ အလုပ်ဖြစ်လာနိုင်ကြောင်း ယူနီတီအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဈေးကွက်နှင့် ဥပဒေအကြံပေးအရာရှိ ဦးသန်းထွန်းက ခန့်မှန်းသုံးသပ်သည်။



**အရောင်းရောအဝယ်ပါ ထူးထူးခြားခြား ပြောင်းလဲမှုမရှိသည့်သဘောဖြစ်သည်**

# Tourist Maps of Myanmar နှင့် The Map of Bagan အခမဲ့ဖြန့်ချိ

**ရန်ကုန်၊ မတ် ၁**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားဧည့်လမ်းညွှန်မြေပုံ (Tourist Guide Map) အမျိုးမျိုးကို ပုံနှိပ်ထုတ်ဝေလျက်ရှိသော Design Printing Services Co., Ltd. သည် Tourists Maps of Myanmar (TMM-16) နှင့် The Map of Bagan (MOB-09) တို့ကို ၂၀၀၆ ခုနှစ် မတ်လဆန်းတွင် အခမဲ့ဖြန့်ချိခဲ့ကြောင်း အဆိုပါကုမ္ပဏီမှ ဒေါ်မြင့်မြင့်မော်က ပြောကြားသည်။

အဆိုပါ Tourist Guide Map များကို ၁၉၉၅ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့ရာ ယခုအခါ စောင်ရေ ၁,၁၄၀,၀၀၀ ပုံနှိပ်ဖြန့်ချိခဲ့ပြီးဖြစ်ကြောင်း၊ ယခုထပ်မံ ထုတ်ဝေဖြန့်ချိလိုက်သည့် Tourist Maps of Myanmar နှင့် The Map of Bagan နှစ်မျိုးကို စောင်ရေ ၆၀၀၀၀ အခမဲ့ဖြန့်ချိသွားမည်ဖြစ်ပြီး မတ်လ ၈ ရက်မှ ၁၂ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်ကျင်းပသည့် ITB-Berlin-2006 ခရီးသွားပြပွဲတွင်ပါ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ထုတ်ပြန်ချက်အရ သိရသည်။

Tourist Maps of Myanmar တွင် မြန်မာနိုင်ငံမြေပုံ၊ ရန်ကုန်မြို့မြေပုံ၊ မန္တလေးမြို့မြေပုံ၊ ပြင်ဦးလွင်မြို့မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြို့မြေပုံ၊ တောင်ကြီးမြို့မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ မြိတ်မြို့မြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံတို့နှင့် Tourist Map of Bagan တွင် ပုဂံမြို့သစ်မြေပုံ၊ ပုဂံမြို့ဟောင်းမြေပုံ၊ ပုပ္ပားမြေပုံ၊ ညောင်ဦးမြေပုံနှင့် ပုဂံဘုရားများ၏ တည်နေရာတို့ကို ထည့်သွင်းထားပြီး လေကြောင်းလိုင်းများ၊ ပို့ဆောင်ရေးကုမ္ပဏီများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၏ တည်နေရာများကိုပါ ထည့်သွင်းဖော်ပြထားသည်။

■

www.foreverspace.com.mm



# ပို့ကုန်သွင်းကုန်လိုင်စင်များ ပျဉ်းမနားတွင် စတင်ထုတ်ပေး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄**

အစိုးရအဖွဲ့များ ပြောင်းရွှေ့ရုံးစိုက်ပြီးနောက် မြန်မာနိုင်ငံ၏ အချက်အချာကျသော နေရာဒေသတစ်ခုဖြစ်လာနိုင်သည့် ပျဉ်းမနားမြို့တွင် ဖေဖော်ဝါရီလလယ်ခန့်မှစတင်၍ ပို့ကုန်သွင်းကုန်လိုင်စင်များ စတင်ထုတ်ပေးနေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရှိရသည်။

အထက်မြန်မာနိုင်ငံမှ ကုန်သည်များ အဆင်ပြေစေရန်အတွက် မကြာမီက အဆိုပါဒေသသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ယင်းကဲ့သို့ ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးနေခြင်းဖြစ်သည်ဟုလည်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရန်ကုန်မြို့ရှိ အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်တစ်ဦးက ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရှိ ဌာနခွဲအချို့ ပျဉ်းမနားသို့ ပြောင်းရွှေ့သွားကြသော်လည်း ပို့ကုန်ဌာန၊ သွင်းကုန်ဌာနနှင့် မူဝါဒဌာနတို့မှာ ရန်ကုန်မြို့တွင် ဆက်လက်ဖွင့်လှစ်ထားရှိကြောင်း Living Color သို့ ရှင်းလင်းပြောကြားသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၁၃ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့သော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ကုန်သွယ်မှုမူဝါဒကောင်စီ အတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက တစ်ပတ်လျှင် ပို့ကုန်သွင်းကုန်လိုင်စင် ၄၀၀ နှင့် ၅၀၀ ကြား ခွင့်ပြုပေးလျက်ရှိကြောင်းလည်း လုပ်ငန်းရှင်များသို့ ပြောကြားသည်။

ကုန်သွယ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့တော်တွင် ပို့ကုန်သွင်းကုန်လိုင်စင်များ ဆက်လက်ထုတ်ပေးနေကြောင်းလည်း အဆိုပါထုတ်ပြန်ချက်အရ သိရှိရသည်။

မြန်မာနိုင်ငံသွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များသည် နိုင်ငံတကာနှင့် ချိတ်ဆက်ရောင်းဝယ်ရာတွင် ယင်းဌာနသို့ တရားဝင်ခွင့်ပြုချက်ရရန် လိုင်စင်များ လျှောက်ထားရပြီး ကုန်သွယ်မှုမူဝါဒကောင်စီသည် သတ်မှတ်ချက်များနှင့်ပြည့်စုံသော ကုမ္ပဏီများကို သွင်းကုန်ထုတ်ကုန်လိုင်စင်များ ထုတ်ပေးလျက်ရှိသည်။

Associated News

# မိန်းမလှကျွန်း၌ ငှက်မျိုးစိတ်သစ် ၂၁ မျိုး ထပ်မံတွေ့ရှိ

**ရန်ကုန်၊ မတ် ၃**

မြန်မာနိုင်ငံ၌ မိကျောင်း၊ ပင်လယ်လိပ်နှင့် ဒီရေတောများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တော၌ မှတ်တမ်းမတင်ရသေးသော ငှက်မျိုးစိတ်သစ် ၂၁ မျိုးကို ထပ်မံရှာဖွေတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြကြောင်း အဆိုပါဘေးမဲ့တောသို့ ဖေဖော်ဝါရီလအတွင်း သွားရောက်လေ့လာသုတေသနပြုခဲ့သူ မြန်မာငှက်ဝါသနာရှင်အသင်း အတွင်းရေးမှူး ဦးသက်ဇော်နိုင်က ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ရေတိမ်ဒေသများ ထိန်းသိမ်းရေးအဖွဲ့ (Wetland International) နှင့် မြန်မာငှက်ဝါသနာရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အဖွဲ့ဝင် ငါးဦးပါဝင်သော ငှက်ကြည့်လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ မတ်လ ၃ ရက်အထိ တစ်လအကြာ ဧရာဝတီတိုင်း ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့ရှိ မြစ်ဝကျွန်းပေါ်နှင့် ရေတိမ်ဒေသများအတွင်း ကမ်းခြေနေ ရေပျော်ငှက် (Shore Bird) များကို သွားရောက်လေ့လာသုတေသနပြုကြရာမှ ယင်းကဲ့သို့ ရှာဖွေတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ခရီးစဉ်တစ်လျှောက်လုံး၌ ကမ်းခြေငှက်မျိုးစိတ် ၆၅ မျိုး အပါအဝင် ငှက်မျိုးစိတ်စုစုပေါင်း ၁၆၆ မျိုးကို ရှာဖွေတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ယင်းငှက်မျိုးစိတ်များအနက် မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း ငှက်မျိုးစိတ် ၂၁ မျိုး ကို ထပ်မံရှာဖွေတွေ့ရှိ

မှတ်တမ်းတင်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယခင် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနနှင့် မြန်မာငှက်ဝါသနာရှင်အသင်းတို့ ပူးပေါင်းမှတ်တမ်းတင်ထားသော စာရင်းများအရ မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း ငှက်မျိုးစိတ် ၁၄၀ မျိုး ရှာဖွေတွေ့ရှိထားရာ ယခုအခါ ငှက်မျိုးစိတ် စုစုပေါင်း ၁၆၁ မျိုး မှတ်တမ်းတင်နိုင်ပြီးဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်းရှိ ဧရိယာ ၅၂.၇၈ စတုရန်းမိုင်ကျယ်ဝန်းသော အဆိုပါမိန်းမလှကျွန်း ပတ်ဝန်းကျင်ဒေသကို သစ်တောဦးစီးဌာနက ၁၉၉၃ ခုနှစ်မှစတင်၍ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည်။

LIVING COLOR
526 302 , 504 496

# ပို့ကုန်သွင်းကုန်လိုင်စင် နှစ်ပတ်အတွင်း ချထားပေးမည်ဟုဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၆**

ပို့ကုန်သွင်းကုန်လိုင်စင်များ ကြန့်ကြာမှုမရှိစေရန် ပို့ကုန်သွင်းကုန်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ (EISC) မှ နှစ်ပတ်အတွင်း လိုင်စင်ချထားပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် ပို့ကုန်သွင်းကုန်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက ပြောကြားသည်။

ယခင်က ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် ကုန်သွယ်မှုမူဝါဒကောင်စီသို့ တင်ပြပြီးမှသာလျှင် EISC မှ ချထားပေးပြီး ယခုအခါတွင်မူ ပို့ကုန်သွင်းကုန် တင်လျှောက်ထားချိန်မှ နှစ်ပတ်အတွင်း ဝန်ကြီးဌာနလေးခုပါဝင်သည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့မှ လုပ်ငန်းများ အဆင်ပြေချောမွေ့ရေး အမြန်ဆုံးချထားပေးမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးတို့ တက်ရောက်ဆွေးနွေးခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

# ပြည်ပလုပ်ငန်းရှင်များ မွေးမြူရေးလုပ်ငန်း လာရောက်လုပ်ကိုင်နိုင်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသော သတ္တဝါများကို မွေးမြူလိုသော ပြည်ပလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၃၁ ရက်နေ့က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသော အပတ်စဉ် ပုံမှန်အစည်းအဝေးတစ်ရပ်တွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပြောကြားသည်။

ကျွဲ၊ နွား၊ သိုး၊ ဆိတ် လာရောက်မွေးမြူသော ပြည်ပလုပ်ငန်းရှင်များ အနေဖြင့် ၎င်းတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို ၎င်းတို့နိုင်ငံများသို့ အကောင်လိုက် (အရှင်) ပြန်လည်တင်ပို့လိုက တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ဝန်ကြီးက ဆိုသည်။

မြန်မာနိုင်ငံတွင် ကျွဲ၊ နွားများကို အရှင်တင်ပို့ခွင့်မပြုသဖြင့် ကျွဲ၊ နွားအရှင်များဝယ်ယူလိုသော ပြည်ပလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးလုပ်ကိုင်မှသာ ၎င်းတို့၏နိုင်ငံသို့ ယင်းတိရစ္ဆာန်များကို အရှင်တင်ပို့ခွင့်ရမည်ဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံသို့ ဆိတ်မအကောင်ရေ ၃၀၀ တင်ပို့ရန်ရှိကြောင်း၊ တင်ပို့ခွင့်လိုင်စင်လည်း ရထားပြီးဖြစ်သည့်အတွက် ရက်ပိုင်းအတွင်း တင်ပို့သွားမည်ဖြစ်ကြောင်း၊ ယင်းဆိတ်မများကို ထိုင်းဘုရင့်သမီးတော်စီမံကိန်းတွင် မွေးမြူရန်ဖြစ်နိုင်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးကိုကိုအောင်က ပြောကြားသည်။ ■



www.foreverspace.com.mm

# ပြည်တွင်းလေကြောင်းခရီးစဉ်များတွင် Boarding Pass တိုက်ရိုက်ထုတ်ပေးသည့်စက်များ တပ်ဆင်ရန်စီစဉ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံတွင် ပျံသန်းပြေးဆွဲနေသော ပြည်တွင်းလေကြောင်းလိုင်းများတွင် ခရီးသည်များ၏ လေယာဉ်ပေါ် တိုက်ရိုက်တက်ခွင့်လက်မှတ် (Boarding Pass) များကို ကွန်ပျူတာဖြင့် တိုက်ရိုက်ထုတ်ပေးသည့်စနစ်များတပ်ဆင်ရန် စင်ကာပူ Abacus ကုမ္ပဏီနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DCA) တို့ပူးပေါင်း၍ စီစဉ်လျက်ရှိကြောင်း ယင်းလုပ်ငန်းခွင်နှင့် တိုက်ရိုက်ဆက်စပ်လုပ်ကိုင်နေသူတစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ Abacus ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ဆက်သွယ်မေးမြန်းခဲ့ရာ (Direct-Check-in) စနစ် ပြည်တွင်းလေကြောင်းလိုင်းများတွင် တပ်ဆင်ရန် ဖေဖော်ဝါရီလ ၈ ရက်နေ့က DCA တွင် ရှင်းလင်းတင်ပြမှုများပြုလုပ်ခဲ့ကြောင်း၊ ယခုအစီအစဉ်မှာ DCA ၏ စီမံခန့်ခွဲမှုအောက်တွင် ပြုလုပ်ရခြင်းဖြစ်သည့်အတွက် အသေးစိတ် တစ်စုံတစ်ရာ ပြောဆိုနိုင်ခြင်းမရှိပါဟုလည်း ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မြန်မာ့လေကြောင်း အပါအဝင် ပြည်တွင်းခရီးစဉ် ပျံသန်းပြေးဆွဲနေသော လေကြောင်းလိုင်းလေးခုရှိပြီး ယင်းစနစ် တပ်ဆင်ရန်အတွက် Yangon Airways, Air Mandalay, Air Bagan တို့မှာ ငွေကြေးတစ်ရပ် ကျခံရဖွယ်ရှိကြောင်း မြန်မာ့လေကြောင်းမှ ဝန်ထမ်းတစ်ဦးက သုံးသပ်ပြောကြားသည်။

Associated News

# အန္တရာယ်ရှိ အဆောက်အအုံ ပြန်လည်တည်ဆောက်သူ ကန်ထရိုက်တာအများစု ရွှေ့ပြောင်းသူများကို စရိတ်မပေး

**သတင်းဆောင်းပါး – သန်းထိုက်သူ၊ ဓာတ်ပုံ–အောင်အောင်**

**ရန်ကုန်မြို့တွင် အန္တရာယ်ရှိ အဆောက်အအုံ (Dangerous Buildings) ပြန်လည်တည်ဆောက်သူ ကန်ထရိုက်တာအများစုသည် သတ်မှတ်အချိန်ကာလအတွင်း တည်ဆောက်ပြီးစီးမှုမရှိဘဲ ရွှေ့ပြောင်းနေထိုင်သူများကို အိမ်ငှားစရိတ် ဆက်လက်မထောက်ပံ့နိုင်မှုများ ပေါ်ပေါက်လျက်ရှိကြောင်း အန္တရာယ်ရှိ အဆောက်အအုံတစ်ခုမှ ပန်းဘဲတန်းမြို့နယ်အတွင်းသို့ ပြောင်းရွှေ့နေထိုင်သူတစ်ဦးက Living Color သို့ ပြောကြားသည်။**

အန္တရာယ်ရှိ အဆောက်အအုံကို အိမ်ရှင် (သို့မဟုတ်) နေထိုင်သူတို့က တင်ပြလျှောက်ထားလာလျှင် ပထမအဆင့် အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ပဏာမစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးသည်။ ဒုတိယအဆင့်အနေဖြင့် အင်ဂျင်နီယာ (အဆောက်အအုံ) ဌာနမှူး ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်သော အဖွဲ့ဝင် ၁၃ ဦးပါဝင်သည့် အန္တရာယ်ရှိအဆောက်အအုံ စစ်ဆေးရေးအဖွဲ့က အန္တရာယ်ရှိ မရှိ၊ ပြင်ဆင်၍ ရနိုင် မရနိုင်၊ ဖြိုဖျက်၍ အသစ်ဆောက်လုပ်ရန် သင့် မသင့် စသည်တို့ကို အကျေအလည်ဆွေးနွေး၍ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးအတည်ပြုဆုံးဖြတ်သည်။ နောက်ဆုံးအဆင့်အနေဖြင့် အဆောက်အအုံတစ်ခုချင်းအလိုက် စစ်ဆေးချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးထံ တင်ပြအတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင်သတင်းစာတွင် အန္တရာယ်ရှိအဆောက်အအုံအဖြစ် ကြေညာချက် ထုတ်ပြန်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ကြေညာချက်ထုတ်ပြန်ပြီးပါက အဆိုပါ အဆောက်အအုံတွင် နေထိုင်သူများသည် ပြောင်းရွှေ့စရိတ်နှင့် အဆောက်အအုံဆောက်လုပ်နေစဉ်နေထိုင်စရိတ်များကို မိမိအစီအစဉ်ဖြင့် အကုန်ကျခံပြောင်းရွှေ့ပေးရမည်ဖြစ်ပြီး တည်ဆောက်ခွင့်ရ ကန်ထရိုက်တာအနေဖြင့် တစ်နှစ်အတွင်း (အများဆုံး ၁၄ လအတွင်း)



www.foreverspace.com.mm

www.foreverspace.com.mm



အပြီးသတ်တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ တည်ဆောက်မှုလုပ်ငန်းများ သတ်မှတ်ကာလအတွင်း မပြီးစီးပါက ပဋိညာဉ်ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုအရေးယူဒဏ်ရိုက်နိုင်ပြီး အဆောက်အအုံတည်ဆောက်မှုမပြီးစီးသေးသည့်ကာလအတွင်း သက်ဆိုင်ရာဌာနမှ သတ်မှတ်ပေးထားသည့် နှုန်းထားအတိုင်း နေထိုင်သူများကို အိမ်ငှားစရိတ်ပေးရန် တရားဝင်သတ်မှတ်ထားပြီးဖြစ်သည်။

ကာလကြာမြင့်စွာ အချိန်ယူတည်ဆောက်ရသော လုပ်ငန်းတစ်ခုဖြစ်၍ ရက်ပိုင်း၊ လပိုင်းအတွင်း အပြောင်းအလဲများစွာဖြစ်ပေါ်နေသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ ဈေးကွက် အနေအထားတွင် ကန်ထရိုက်တာအများစုမှာ အချိန်မီပြီးစီးအောင် တည်ဆောက်နိုင်ခြင်းမရှိသည်ကိုတွေ့ရကြောင်း စည်ပင်သာယာအသိအမှတ်ပြုလိုင်စင်ရ ကန်ထရိုက်တာတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တရားဝင်သတ်မှတ်ထားသော မူလနေထိုင်သူမှ ကန်ထရိုက်တာသို့ပေးသွင်းရမည့်နှုန်းမှာ တစ်ထပ်မှ သုံးထပ်ရှိသော အဆောက်အအုံဟောင်းများအတွက် မြေညီထပ်တွင် နေထိုင်သူများသည် ကြမ်းခင်းဧရိယာ တစ်စတုရန်းပေလျှင် ၁၅၀၀ ကျပ်၊ ပထမထပ် ၆၀၀ ကျပ်၊ ဒုတိယထပ် ၄၅၀ ကျပ်ဖြစ်ပြီး လေးထပ်အဆောက်အအုံဟောင်းများအတွက် မြေညီထပ်တွင် နေထိုင်သူများသည် ကြမ်းခင်းဧရိယာ တစ်စတုရန်းပေလျှင် ၂၄၀၀ ကျပ်၊ ပထမထပ် ၁၂၀၀ ကျပ်၊ ဒုတိယထပ် ၉၀၀ ကျပ်၊ တတိယထပ် ၆၀၀ ကျပ်နှုန်းစသည်ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး အဆိုပါ ဆောက်လုပ်စရိတ်များအား မြေတူးချိန်တွင် (သုံးချိုးတစ်ချိုး)ပထမအရစ်၊ ကွန်ကရစ်လောင်းချိန်တွင် ဒုတိယအရစ်၊ ဆောက်လုပ်ပြီးစီး သော့အပ်ချိန်တွင် တတိယအရစ် အပြီးသတ်ပေးချေရမည်ဖြစ်သည်။



လက်ရှိနေထိုင်သူနှင့် ပြုပြင်တည်ဆောက်လိုသူများအကြား မကြာခဏ အခက်အခဲ ကြုံတွေ့ရလေ့ရှိသည်

ကန်ထရိုက်တာအများစုသည် အဆောက်အအုံ တည်ဆောက်ပြီးစီးချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးမြင့်တက်မှုကြောင့် ၎င်းတို့ရရှိမည့် အကျိုးအမြတ်အချိုးအစားမှာ များစွာကွာဟနေပြီဖြစ်ပြီး တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့်ဆောက်သော တိုက်များမှာလည်း တိုက်ခန်းဈေး ထိုးဆင်းသွားသောအခြေအနေများဖြစ်ပေါ်၍ လုပ်ငန်းအများစုမှာ လည်ပတ်ရန် ခက်ခဲနေရသည်ဟု ကန်ထရိုက်တာတစ်ဦးက ရှင်းလင်းပြောကြားသည်။

"လုပ်ငန်းအများစုက စီးပွားရေးနယ်ပယ်နဲ့ ဆက်စပ်နေတယ်။ အနာဂတ်ကို မြင်နေရတော့ လုပ်ငန်းရှင်အကြီးစားတွေက သတ်မှတ်တဲ့ ဒဏ်ကြေးကို ပေးဆောင်ပြီး အိမ်ငှားစရိတ်ပေးချေတယ်။ ဒီအခြေအနေဟာ သူတို့အတွက် ကိုက်တယ်လို့တောင် ဆိုလို့ရတယ်။ အချို့ဘယ်လိုမှ လည်ပတ်လို့မရတဲ့ ကန်ထရိုက်တာတွေကျတော့ အိမ်ငှားစရိတ်မပေးနိုင်တဲ့ပြဿနာတွေ ပေါ်လာတာပေါ့" အဆိုပါ ကန်ထရိုက်တာ၏ ပြောကြားချက်

www.foreverspace.com.mm



ဖြစ်သည်။

အိမ်ငှားခမပေးသည့် ပြဿနာများတွင် အဆိုပါအကြောင်းအချက်များကြောင့် ပြဿနာပေါ်ပေါက်ကြသည်များ ရှိသလို အချို့မှာ ဆောက်လုပ်မည့်တိုက်၏ ကန်ထရိုက်တာအပြောင်းအလဲတွင် ယခင်ထောက်ပံ့သော်လည်း ပြောင်းလဲတာဝန်ယူသည့် ကန်ထရိုက်တာက ဆက်လက်ထောက်ပံ့ပေးခြင်းမရှိ၍ ဖြေရှင်းရသော ပြဿနာများပါဝင်ပြီး ယင်းတို့ကို အင်ဂျင်နီယာဌာန (အဆောက်အအုံ) က ညှိနှိုင်းဖြေရှင်းပေးနေရကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဆိုခဲ့ပါအခြေအနေများအရ သက်ဆိုင်ရာသို့ ဒဏ်ကြေးပေးဆောင်၍ ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ငှားစရိတ်ပေးချေနေခြင်းသည် လတ်တလောအခြေအနေတွင် နစ်နာဆုံးရှုံးမှုနည်းသော နည်းလမ်းတစ်ခုဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းမှု ဈေးကွက်ကဲ့သို့သော Industry တစ်ခုလုံးနှင့် ဆက်စပ်ပတ်သက်သည့် လုပ်ငန်းများအားလုံးကို ဟန်ချက်ညီညီ ပြုပြင်ပြောင်းလဲနိုင်မှသာလျှင် လူနေမှုအဆင့်အတန်းပြယုဂ်တစ်ခုဖြစ်သည့် အရည်အသွေးမီ အထပ်မြင့်အဆောက်အအုံများ ရန်ကုန်မြို့တော်တွင် အလျှိုလျှိုပေါ်ထွက်လာနိုင်မည်ဟု ဝါရင့်ကန်ထရိုက်တာတစ်ဦးက မှတ်ချက်ပြုသည်။

# ဒစ်ဂျစ်တယ်ခေတ်ဖြစ်လာ၍ စီမံခန့်ခွဲမှုပုံစံ ပြောင်းလဲ

**ရန်ကုန်၊ မတ် ၄**

**မောင်စူးစမ်း**

နယ်ပယ်အသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာ ကျယ်ပြန့်လာသည့်နည်းတူ စီမံခန့်ခွဲမှုပုံစံသည်လည်း မူလက Vertical (ဒေါင်လိုက်)မှ ယခု Horizontal(အလျားလိုက်) အသွင်သို့ ပြောင်းလဲလာကြောင်း စာရေးဆရာ မောင်စူးစမ်းက မတ်လ ၄ ရက်နေ့တွင် ပြောကြားသည်။

ထိုနေ့က မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech တွင် ကျင်းပသည့် Challenges and Opportunities in ICT Industry ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ICT နည်းပညာပြောင်းလဲတိုးတက်မှုကြောင့် မူလ တီထွင်ဖန်တီးမှုလက်ရာနှင့် တီထွင်ဖန်တီးသူ၏ အခန်းကဏ္ဍသည် ပျောက်ကွယ်သွားပြီး တီထွင်ဖန်တီးမှုများကို ပူးပေါင်းဆောင်ရွက်လာကြကြောင်း၊ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေး (Digital Revolution) ကာလတွင် အဆိုပါနည်းပညာကို အသုံးချနိုင်သည့် နိုင်ငံနှင့် လူပုဂ္ဂိုလ်အချင်းချင်းသည်လည်း အသုံးပြုနိုင်မှုအပေါ် မူတည်၍ ဒစ်ဂျစ်တယ်နည်းပညာကွာဟမှု (Digital Divide) များ ဖြစ်ထွန်းနေကြောင်း၊ ယခုကာလသည် သုတနှင့်ပညာကို အခြေခံပြုသောကာလဖြစ်ပြီး ယင်းတို့၏ အခြေခံအရင်းအမြစ်သည်ကား ကလေးငယ်များပင်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းအနေဖြင့် ပြင်ပမှ ကျွမ်းကျင်သည့်

# သထုံမြို့နယ်တွင် တစ်ရက် တန် ၄၀၀ ကျ ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းသည် သထုံမြို့နယ် သရက်ကုန်းကျေးရွာအနီးတွင် စက်စွမ်းအားပြည့်လည်ပတ်ပါက တစ်ရက်လျှင် တန် ၄၀၀ ကျ ဓာတ်မြေဩဇာစက်ရုံတစ်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

စွမ်းအင်ဝန်ကြီးဌာနမှ ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်တွင် တန် ၅၀၀ ဓာတ်မြေဩဇာစက်ရုံနှင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးတွင်လည်း တည်ဆောက်ရန် သတ်မှတ်ထားရာ (ခေတ်မြန်မာ Weekly Vol.3/No.16 တွင် သတင်းဖော်ပြပြီး) သထုံမြို့နယ်ရှိ ဓာတ်မြေဩဇာစက်ရုံ အပါအဝင် ထပ်မံတည်ဆောက်ရမည့် ဓာတ်မြေဩဇာစက်ရုံ သုံးရုံရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိ လည်ပတ်ထုတ်လုပ်နေသော ဓာတ်မြေဩဇာစက်ရုံသုံးရုံရှိရာ ၎င်းတို့မှာ မကွေးတိုင်း ကျွန်းချောင်း၊ စလေနှင့် ကျော်စွာတို့တွင် တည်ရှိသည်။

မြန်မာနိုင်ငံတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်မှ ဓာတ်မြေဩဇာများ ဝင်ရောက်လျက်ရှိရာ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ဓာတ်မြေဩဇာမှာ အရည်အသွေး ကောင်းမွန်ပြီး ဈေးကွက်အတွင်း မျက်နှာပန်းလှကြောင်း စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ အဆိုအရ သိရသည်။

www.foreverspace.com.mm



ပညာရှင်များကို ဖိတ်ကြားပြီး Seminar များအခါအားလျော်စွာ စီစဉ်ကျင်းပလျက်ရှိရာ Challenges and Opportunities in ICT Industry ခေါင်းစဉ်ဖြင့် ကျင်းပခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်ပြီး နောင်တွင်လည်း အထက်ပါခေါင်းစဉ်ဖြင့် အလှည့်ကျဖိတ်ခေါ်ကျင်းပသွားနိုင်ရန် စီစဉ်ထားကြောင်း အသင်းအတွင်းရေးမှူး ဦးသိန်းထွန်းဖေက ပြောကြားသည်။

## မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းအတွက် ငွေကျပ်သန်းပေါင်း သုံးသောင်းကျော် သုံးစွဲမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းတွင် ပါဝင်သော လုပ်ငန်းစဉ် ၁၁ ခုအတွက် ကျပ်ငွေ သန်းပေါင်း ၃၃၅၈၈.၁၃၆ သုံးစွဲသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ငါးနှစ်အတွင်း သုံးကြိမ်ခွဲ၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းရှိ လုပ်ငန်းစဉ် ၁၁ ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတားဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ ပညာရေး၊ ပြည်သူများအား စည်းရုံးလှုံ့ဆော်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ပါဝင်ကြောင်း၊ မူးယစ်ဆေးဝါး တရားမဝင်စိုက်ပျိုးထုတ်လုပ်သည့် ဒေသများကို ဦးတည်ပြီး မြို့နယ်ပေါင်း ၅၁ မြို့နယ်ကို ငါးနှစ်တစ်ကြိမ်စီ သုံးခုခွဲ၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းနောက်ဆုံး ငါးနှစ်အကောင်အထည်ဖော်နေသည့် ကိုးမြို့နယ်ကို ဦးစားပေးဆောင်ရွက်နေချိန်တွင် ပထမနှင့် ဒုတိယ ငါးနှစ်စီမံကိန်းဝင်ဒေသများတွင် မူးယစ်ဆေးဝါးပပျောက်မှုကို ထိန်းသိမ်းမြှင့်တင်၍ တစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါးပပျောက်သွားအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်က ဆိုသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း၏ ပထမ ငါးနှစ် (၁၉၉၉-၂၀၀၀ မှ ၂၀၀၃-၂၀၀၄) တွင် ငွေကျပ်သန်းပေါင်း ၆၇၆၁.၇၈၃၆၅ သန်း သုံးစွဲခဲ့သည်ဟု ယင်းဌာန၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

## ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ လှိုင်သာယာမြို့နယ်သည် ယာဉ်တိုက်မှုအများဆုံးဖြစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ၃၃ မြို့နယ်တွင် လှိုင်သာယာမြို့နယ်သည် ယာဉ်တိုက်မှုအများဆုံးမြို့နယ်တစ်ခုဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်သည့်စာရင်းဇယားများအရ သိရသည်။

လှိုင်သာယာမြို့နယ်တွင် ၂၀၀၄ ခုနှစ်၌ ယာဉ်တိုက်မှု ၄၇ မှု ဖြစ်ပွားခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ယာဉ်တိုက်မှု ၇၀မှု၊ ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုမှာ ၂၀၀၄ ခုနှစ်တွင် ၁၀ ဦးသာရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁၂ ဦး၊ ဒဏ်ရာရသူဦးရေမှာ ၂၀၀၄ ခုနှစ်တွင် ၁၀၉ ဦးသာရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁၅၄ ဦးထိရှိလာခဲ့ကြောင်းတရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။ လှိုင်သာယာမြို့နယ်တွင် ယာဉ်တိုက်မှုအများဆုံး ဖြစ်ပွားသည့်နေရာမှာ ရုံးရှေ့မှတ်တိုင် နေရာဖြစ်ပြီး ထိုနေရာမှာ လမ်းဆုံလမ်းခွနေရာဖြစ်ခြင်းကြောင့်မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း လှိုင်သာယာမြို့နယ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။ ထိုနေရာတွင် မီးပွိုင့် (သို့မဟုတ်) ယာဉ်ထိန်းရဲစခန်း ထားရှိပေးရန် ခရီးသွားပြည်သူများက လိုလားလျက်ရှိကြောင်းလည်း စုံစမ်းသိရှိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ဆိပ်ကမ်းမြို့နယ်မှာ ယာဉ်တိုက်မှုအနည်းဆုံးမြို့နယ်ဖြစ်ပြီး ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ် ၂ နှစ်စလုံးတွင် ယာဉ်တိုက်မှုတစ်ခုစီသာ ဖြစ်ပွားခဲ့ကာ ထိခိုက်ဒဏ်ရာရသူ တစ်ဦးမျှမရှိကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

Popa Media Group

www.foreverspace.com.mm



# *World Vision* ၏အကူအညီပေးရေးလုပ်ငန်းများ ၂၀၀၇ တွင် ထပ်မံတိုးချဲ့မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀**




မြန်မာနိုင်ငံတွင် အကူအညီပေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အစိုးရ မဟုတ်သည့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် World Vision (Myanmar) သည် လာမည့် ၂၀၀၇ ခုနှစ်တွင် နေရာဒေသ သုံးခု၌ ထပ်မံတိုးချဲ့၍ ဆောင်ရွက်သွားရန် စီစဉ်နေကြောင်း အဆိုပါအဖွဲ့အစည်း၏ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းမှုတာဝန်ခံ Hepaticca Nyunt က ပြောကြားသည်။

ထပ်မံတိုးချဲ့မည့်နေရာများမှာ ယခု လက်ရှိဆောင်ရွက်နေသောနေရာများ အနီးတစ်ဝိုက်တွင်ဖြစ်ပြီး မြန်မာနိုင်ငံရှိ လမ်းပျော်ကလေးများနှင့် လုပ်ငန်းခွင်မှ ကလေးသူငယ်များ၏ စားဝတ်နေထိုင်မှုဆိုင်ရာ လူမှုရေးအကူအညီများကို ကူညီပံ့ပိုးပေးသွားမည်ဟုလည်း ၎င်းကဆိုသည်။

ရန်ကုန်မြို့တော်ရှိ သီရိမင်္ဂလာဈေးအနီးတွင် ဖွင့်လှစ်ထားသော Drop in Centre အပါအဝင် မြန်မာနိုင်ငံတွင် Drop in Centre နှစ်ခုဖြင့် လမ်းပျော်ကလေးများအား အကူအညီပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး World Vision သည် လွန်ခဲ့သော ငါးနှစ်မှ ယနေ့အချိန်ထိ ကလေးသူငယ် ၂၀၀၀ ကျော်ကို ကူညီစောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။

သို့ရာတွင် World Vision (Myanmar) ၏ ဆောင်ရွက်မှုများသည် သေးငယ်သောဧရိယာနှစ်ခုနှင့် မြို့ကြီးနှစ်မြို့တွင် ဆောင်ရွက်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံအနှံ့ လမ်းပျော်ကလေးများထံသို့ အကူအညီပေးရေးအစီအစဉ်များ မရောက်ရှိနိုင်သေး ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအစိုးရသည် တစ်နိုင်ငံလုံးတွင် လူငယ်ပြန်လည်လေ့ကျင့်ရေးစခန်း ၁၀ ခု ဖွင့်လှစ်ထားရှိပြီး အဆိုပါကျောင်းများ တွင် ကလေးငယ်တစ်သောင်းမှ သုံးသောင်းခန့်ထိ ပညာသင်ကြားလျက်ရှိကြောင်းလည်း World Vision (Myanmar) ထံမှ သိရှိရသည်။

**Associated News**

# ICT ကွန်ရက်ကြီးတစ်ခု မကြာမီကာလအတွင်း ပေါ်ပေါက်လာဖွယ်ရှိ

**သတင်းဆောင်းပါး – ကျော်ကျော်မင်း၊ ဓာတ်ပုံ–အောင်အောင်၊ ၇–၃–၂၀၀၆**

**မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် စက်မှုလက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအထောက်အကူပြုမည့်သတင်း အချက်အလက်ကွန်ရက် (Information Network) ကြီးတစ်ခု မကြာမီကာလအတွင်း ပေါ်ပေါက်လာဖွယ်ရှိကြောင်း Myanmar Info-Tech မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

ဝန်ကြီးဌာနများ၊ စီးပွားရေးလုပ်ငန်းများ၊ စက်မှုဇုန်များ၊ ဘဏ်လုပ်ငန်းများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများ နှင့် ပြည်သူလူထုအကြား ချိတ်ဆက်၍ လုပ်ကိုင်ရသော စီမံခန့်ခွဲမှုလုပ်ငန်းများ တွင် ICT နည်းပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချပြီး ပြည်သူလူထုကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ပိုမိုကောင်း မွန်ပြည့်စုံသော ဝန်ဆောင်မှုများပေးနိုင် မည့် ယင်းကွန်ရက်ကြီးပေါ်ပေါက်လာရန် IT ကုမ္ပဏီများ၊ IT ပညာရှင်များနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် Myanmar Info-Tech တို့ပူးပေါင်း၍ ကြိုးပမ်းလျက်ရှိကြောင်း၊ ယင်းကွန်ရက် ၏ အခြေခံဖြစ်သော အချက်အလက်ဌာန

www.foreverspace.com.mm



(Data Center) ကိုလည်း Myanmar Info-Tech ၌ နိုင်ငံတကာအဆင့်မီ အထောက်အပံ့ပစ္စည်းများ၊ နည်းပညာများဖြင့် ၂၀၀၅ ဇူလိုင်လအတွင်း စတင်တည် ထောင်၍ လုပ်ငန်းများလည်းပတ်လျက် ရှိကြောင်း ၎င်းကဆိုသည်။

ယင်း Data Center အတွက် Internet & Data Communication Access ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၄၁းရမ်း၍ Myanmar Info-Tech က တည်ထောင်ထားပြီး လက်ရှိတွင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအတွက် Co-location Server များထားရှိကာ လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါကွန်ရက်ကြီး၏ အဓိက အစိတ်အပိုင်းဖြစ်သည့် စက်မှုလက်မှုသတင်းအချက်အလက်စနစ် (Industrial Development Information System-IDIS) ကိုလည်း ၂၀၀၆ ခုနှစ်အတွင်း လှိုင်သာယာ စက်မှုဇုန်တွင် အသုံးပြုနိုင်ရန် (သတင်းဖော်ပြပြီး–ခေတ်မြန်မာ Weekly Vol.3, No. 23) စက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ MPT နှင့် Myanmar Info-Tech တို့ ပူးပေါင်းအကောင်အထည် ဖော်လျက်ရှိကြောင်း၊ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးစက်မှုဇုန်(၁)၊ အေးသာယာစက်မှုဇုန်၊ မုံရွာစက်မှုဇုန်တို့၌ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းလည်း ၎င်းအဆိုအရ သိရသည်။

အဆိုပါ IDIS စနစ် အကောင်အထည်ဖော်ပြီးပါက စက်မှုကဏ္ဍအတွက် သတင်းအချက်အလက်များကို ဖြန့်ဝေသုံးစွဲနိုင်ပြီး၊ ပြည်သူလူထုအတွက်လည်း နည်းပညာ၊ အသိပညာ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်မည့်အပြင် ပြောင်းလဲနေသည့် နည်းပညာရပ်များကို စက်မှုကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများတွင် ထိရောက်စွာ အသုံးချလာနိုင်မည်ဖြစ်ကြောင်း ပါဝင်ဆောင်ရွက်လျက်ရှိသော IT ကုမ္ပဏီတစ်ခု၏ အကြီးအကဲတစ်ဦးက ပြောကြားသည်။

အဆိုပါကွန်ရက်ကြီး တည်ဆောက်ပြီးစီးပါက စက်ရုံများ၊ ကုမ္ပဏီလုပ်ငန်းများ၏ ထုတ်လုပ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ဈေးကွက်နှင့်ပတ်သက်သည့် သွင်းကုန်ထုတ်ကုန်ဆိုင်ရာအချက်အလက်များ၊ သုံးစွဲသူများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာအရင်းအမြစ်များဖြစ်သည့် ကုန်ကြမ်း၊ ကုန်ချော ဈေးနှုန်းများ စသည့် သတင်းအချက်အလက်များ၊ စီမံကိန်းနှင့် စာရင်းအင်းဆိုင်ရာအချက်အလက်များလည်း ပါဝင်မည်ဖြစ်ပြီး၊ စက်မှုကဏ္ဍဆိုင်ရာ သုတေသနနှင့် နည်းပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို Data Center မှတစ်ဆင့် Network သုံးစွဲသူမှ အလွယ်တကူသိရှိအသုံးချလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ထို့ပြင် မြန်မာနိုင်ငံအနှံ့ရှိ မြို့နယ်ပေါင်း ၃၂၄ မြို့နယ်နှင့် ကျေးလက်ဒေသများ၌ အင်တာနက်နှင့် E-mail၊ e-Government၊ e-Commerce လုပ်ငန်းများ၊ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ဆက်သွယ်ဆောင်ရွက်နိုင်ရန် အများပြည်သူသုံး သတင်းအချက်အလက်စင်တာ (Public Access Center) များ တည်ဆောက်ဖွင့်လှစ်လျက်ရှိသည့် စီမံကိန်းသည်လည်း ယင်းကွန်ရက်ကြီးကို ချောမွေ့စွာအသုံးပြုနိုင်ရေးအတွက် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေကြောင်း Myanmar Info-Tech မှ သိရသည်။

အဆိုပါကွန်ရက်ကြီးပေါ်ပေါက်လာပါက လက်ငင်းအကျိုးဆက် (Tangible Benefits) အဖြစ် ထုတ်လုပ်၊ ရောင်းချမှုဆိုင်ရာစရိတ်များအပါအဝင် အထွေထွေစရိတ်များလျှော့ချနိုင်ပြီး ထုတ်ကုန်များ အရည်အသွေးပိုင်းဆိုင်ရာတိုးတက်မှုဖြစ်ပေါ်လာကာ ပြည်တွင်းပြည်ပဈေးကွက်များသို့ အလွယ်တကူ ဈေးကွက်ချဲ့ထွင်လာနိုင်မည့်အပြင် ပြည်သူလူထုအနေဖြင့်လည်း မိမိနှစ်သက်ရာ ဈေးနှုန်း၊ အရည်အသွေးကိုက်ညီသည့် ထုတ်ကုန်များကို ရှာဖွေဝယ်ယူနိုင်မည်ဖြစ်ကြောင်း အဆိုပါ

**စက်မှုဇုန်များ၏ စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက် ဖြန့်ဝေမှုတို့ စနစ်ကျရန် ရည်ရွယ်သည်**



www.foreverspace.com.mm



တာဝန်ရှိသူက သုံးသပ်ပြောကြားသည်။

ထို့ပြင် ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများကြား ပိုမိုပူးပေါင်းဆောင်ရွက်၍ နည်းပညာရပ်များဖလှယ်အသုံးပြုမှု ပိုမိုမြန်ဆန်လာပြီး သုတေသနလုပ်ငန်းများကို ပိုမိုထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ခြင်း စသည့်သွယ်ဝိုက်အကျိုးဆက် (Intangible Benefit) များကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

Myanmar Info-Tech မှ တာဝန်ရှိသူတစ်ဦးက အဆိုပါကွန်ရက်ကြီး၏ အစိတ်အပိုင်းဖြစ်သော စီမံကိန်းများကို ရှင်သန်လည်ပတ်နိုင်ရန် ၎င်းတို့မှဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များမှလည်း သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပံ့ပိုးမှုပေးနိုင်မည်ဆိုပါက မျှော်မှန်းကာလထက် ပိုမိုမြန်ဆန်စွာ အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားသည်။

## ဆင်ခြေဖုံးဒေသများနှင့် လူအသွားအလာထူထပ်သော နေရာများတွင် အနာကြီးရောဂါအထူးစီမံကိန်းများ ချမှတ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၈**

မြို့ရွာဆင်ခြေဖုံးရပ်ကွက်များနှင့် လူဝင်ထွက်သွားလာမှုများပြားသော နေရာဒေသများတွင် အနာကြီးရောဂါ လူနာသစ်များ ဆက်လက်ထွက်ပေါ်သည့် အခြေအနေများကို တွေ့ရှိနေရသောကြောင့် အဆိုပါဒေသများတွင် လူနာသစ်များရှာဖွေ၍ မှတ်ပုံတင်ကုသပေးခြင်းများကို အထူးစီမံကိန်းများချမှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့်က ဖေဖော်ဝါရီလ ၆ ရက်နေ့က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC)တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံတွင် အနာကြီးရောဂါဖြစ်ပွားမှုနှုန်းမှာ ဆက်လက်ကျဆင်းလျက်ရှိပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအထိ စာရင်းဇယားများအရ လူဦးရေတစ်သောင်းလျှင် တစ်ဦးနှုန်းသာ အနာကြီးရောဂါဖြစ်ပွားမှုရှိပြီး ရာခိုင်နှုန်းအားဖြင့် လူဦးရေ၏ ၀.၄၄ ရာခိုင်နှုန်းသာရှိတော့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ် တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါ ညီလာခံ၌ အနာကြီးရောဂါကင်းဝေးသည့် နိုင်ငံဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။

၁၉၉၈ ခုနှစ် စာရင်းဇယားများအရ လူဦးရေတစ်သောင်းလျှင် ၃၉.၉ ဦး အနာကြီးရောဂါဖြစ်ပွားခဲ့ကြောင်း သိရပြီး ယခုအခါ မြန်မာနိုင်ငံအတွင်းတွင် ရောဂါဖြစ်ပွားမှုနှုန်း များစွာကျဆင်းသွားပြီဖြစ်ကြောင်း ဝန်ကြီးက ထပ်လောင်းပြောကြားသည်။

Associated News

## ကြက်သွန်နီ ပြည်ပတင်ပို့နိုင်ခြင်းမရှိသေး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၂**



မလေးရှားနိုင်ငံသို့ ပုံမှန်တင်ပို့လေ့ရှိသော ကြက်သွန်နီသည် ယခုရက်ပိုင်းများအတွင်း ပြည်ပပေါက်စျေးထက် ပြည်တွင်းစျေးနှုန်းမြင့်တက်နေ၍ ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်အများစု စျေးကွက်အခြေအနေကို စောင့်ဆိုင်းနေရသောကြောင့် ကြက်သွန်နီများ ပြည်ပတင်ပို့နိုင်ခြင်းမရှိသေးကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ပတင်ပို့ရန်ကို ကြက်သွန်နီတစ်တန်ပေါက်စျေးကို ကန်ဒေါ်လာ ၂၆၀ မှ ၂၈၀ ကြား သတ်မှတ်ထားသော်လည်း စျေးကွက်အတွင်းရှိ ပေါက်စျေးမှာ တစ်ပိဿာလျှင် ၅၅၀ ကျပ်ဝန်းကျင်ဖြစ်၍ တစ်တန်စျေးမှာ ကန်ဒေါ်လာ ၃၀၀ ဝန်းကျင်ဖြစ်နေကြောင်း၊ ယင်းအခြေအနေကြောင့် လိုင်စင်အများစုချထားပေးပြီးဖြစ်သော်လည်း တင်ပို့ခြင်းမပြုဘဲ စောင့်ဆိုင်းနေကြပြီး ဖြစ်ပေါ်လာမည့် စျေးကွက်ကိုမှတည်၍ မတ်လပထမပတ်အတွင်း တင်ပို့နိုင်ဖွယ်ရှိကြောင်း အဆိုပါပို့ကုန်လုပ်ငန်းရှင်က သုံးသပ်ပြောကြားသည်။

ပြည်တွင်းကြက်သွန်နီစျေးနှုန်း မြင့်နေခြင်းနှင့်ပတ်သက်၍ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများနှင့်ကုန်သည်များအကြား အငြင်းပွားဖွယ်ကိစ္စများ ပေါ်ပေါက်လာပြီးနောက် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းခဲ့သည်။

www.foreverspace.com.mm



# ချောင်းသာနှင့် ငွေဆောင်အတွက် လျှပ်စစ်ဓာတ်အား သာပေါင်းပျော့ဖတ်စက်ရုံမှတစ်ဆင့် သွယ်ယူမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံ၌ သွားလာအပန်းဖြေမှု အများဆုံးကမ်းခြေများဖြစ်သော ချောင်းသာနှင့် ငွေဆောင်ကမ်းခြေတို့တွင် အသုံးပြုမည့် လျှပ်စစ်ဓာတ်အားကို သာပေါင်းပျော့ဖတ်စက်ရုံမှတစ်ဆင့် သွယ်ယူမည့် လုပ်ငန်း စတင်နေပြီဖြစ်ပြီး ၂၀၀၆ ခုနှစ် မကုန်မီ လျှပ်စစ်ဓာတ်အားသွယ်တန်းသည့်လုပ်ငန်းများ ပြီးစီးဖွယ်ရှိကြောင်း ချောင်းသာဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ် သီရိချောင်းသာဟိုတယ် ပိုင်ရှင် ဦးလှစိန်က ပြောကြားသည်။

သာပေါင်းပျော့ဖတ်စက်ရုံသို့ သွယ်တန်းအသုံးပြုမည့် လျှပ်စစ်ဓာတ်အားကို တစ်ဆင့် ထပ်မံသွယ်တန်းသွယ်ယူမည့် ယင်းစီမံကိန်းအတွက် ယခုအခါ ကွန်ကရစ်တိုင်များ စတင်စိုက်ထူနေပြီဖြစ်ကြောင်း၊ ထိုစီမံကိန်းမှာ ယခုနှစ်မကုန်မီ အပြီးသတ်နိုင်ဖွယ်ရှိပြီး ချောင်းသာနှင့် ငွေဆောင် ကမ်းခြေများတွင် မီးရရှိရေးအတွက် ကိုယ်ပိုင်မီးစက်များ သုံးစွဲရနေမှုကို အကောင်းဆုံးအစားထိုးနိုင်မည်ဖြစ်၍ ကမ်းခြေများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားပမာဏကို ရရှိမည်ဖြစ်ကြောင်း ဦးလှစိန်က ပြောကြားသည်။

ထိုစီမံကိန်းမှ လျှပ်စစ်မီးရရှိပါက ငွေဆောင်ကမ်းခြေဇုန်နှစ်ခုအတွက်ပါ လျှပ်စစ်ဓာတ်အား လုံလောက်စေနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

ယခုအချိန်အထိ ချောင်းသာကမ်းခြေတွင် ဟိုတယ် ၁၃ လုံးရှိကာ ငွေဆောင်ကမ်းခြေတွင် ဟိုတယ်စုစုပေါင်း ၂၂ လုံး တည်ရှိပြီး ဖြစ်သည်။

Associated News

# Myanmar Yellow Pages 2006
## စီးပွားရေးလိပ်စာ လေးသောင်းကျော်နှင့် လုပ်ငန်း ၆၀၀ ကျော် ဖော်ပြထား

**ရန်ကုန်၊ မတ် ၁**

IMEX (Myanmar) Co., Ltd. က ၂၀၀၆ ခုနှစ်အတွက် ထုတ်ဝေလိုက်သည့် (၁၁)အုပ်မြောက် Myanmar Yellow Pages 2006 (မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန်–၂၀၀၆) စာအုပ်တွင် ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ရင်နှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုဆိုင်ရာသတင်းအချက်အလက်များ၊ မြန်မာတစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ လိပ်စာ၊ ဖုန်း၊ ဖက်စ်၊ E-mail များအပါအဝင် လိပ်စာပေါင်း ၄၀၀၀၀ ကျော်နှင့် လုပ်ငန်းအမျိုးအစားပေါင်း ၆၀၀ ကျော်ကို ထည့်သွင်းဖော်ပြထားကြောင်း အဆိုပါကုမ္ပဏီ၏ထုတ်ပြန်ချက်အရ သိရသည်။




၂၀၀၆ ခုနှစ် မတ်လအတွင်း ထုတ်ဝေဖြန့်ချိလိုက်သည့် အဆိုပါလမ်းညွှန်စာအုပ်၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကဏ္ဍတွင် ပြည်ပမှကုန်ထုတ်လုပ်သူများ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ၏ သတင်းအချက်အလက်များကိုပါ ထည့်သွင်းဖော်ပြထားပြီး ကုမ္ပဏီလိပ်စာများကို အက္ခရာစဉ်အလိုက်ဖော်ပြထားကြောင်း၊ ယင်းလမ်းညွှန်စာအုပ်ကို ပြည်တွင်းရှိ အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်များ၊ နိုင်ငံခြားသံရုံးများ၊ ကုန်စည်ပြပွဲများ၊ စီးပွားရေးလုပ်ငန်းရှင်များအပြင် နိုင်ငံတကာရှိ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကုန်သွယ်မှုဌာနများနှင့် မြန်မာနိုင်ငံသံရုံးများသို့လည်း အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် အင်တာနက်ပေါ်၌ www.myanmaryellowpages.biz Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

■

www.foreverspace.com.mm



# လက်လုပ်ဖျော်ရည်များတွင် ဘက်တီးရီးယားရာနှုန်းပြည့်ပါဝင်၊ အစားအသောက်များ ရောဂါပိုးကင်းစင်ရန် သံပုရာရည်ညှစ်စားသုံးသင့်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**



**လက်လုပ်ဖျော်ရည်အများစုမှာ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိပါ**

ရန်ကုန်မြို့တော်အတွင်း ရောင်းချနေသော လက်လုပ်ဖျော်ရည်များဖြစ်သည့် မန်ကျည်းဖျော်ရည်၊ ဖရဲသီးဖျော်ရည်၊ ကြံရည်၊ နာနတ်သီးဖျော်ရည်၊ သဘော်သီးဖျော်ရည်နှင့် ကျောက်ကျောဖျော်ရည်များတွင် Coliforms ခေါ် ဘက်တီးရီးယားရောဂါပိုးများ ရာနှုန်းပြည့်ပါဝင်နေပြီး သန့်စင်မှုမရှိသည်ကို တွေ့ရကြောင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဘက်တီးရီးယားသုတေသနဌာနနှင့် ဘားအံတက္ကသိုလ်သတ္တဗေဒဌာနမှ ပညာရှင်တစ်စု၏ မကြာသေးခင်က ထုတ်ပြန်ခဲ့သော စာတမ်းတစ်စောင်အရ သိရသည်။

ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာမာမာငြိမ်း ဦးဆောင်သော ဆေးသုတေသနပညာရှင်များသည် ၂၀၀၂ ခုနှစ် အောက်တိုဘာလမှ ၂၀၀၄ ခုနှစ် မတ်လအထိ ရန်ကုန်တိုင်းမြို့နယ် ၁၆ မြို့နယ်မှ လက်လုပ်ဖျော်ရည် ခုနစ်မျိုးကို နမူနာပုံစံ ၇၀ ကျော်ရယူ၍ စမ်းသပ် သုတေသနပြုရာမှ အဆိုပါရလဒ်ကို တွေ့ခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် သံပုရာသီးကို ဖျော်ထားသော သံပုရာလက်ဖျော်ရည်မှာ ဘက်တီးရီးယားများ ပါဝင်သောရေနှင့်ပင် ဖျော်ထားလင့်ကစား ဘက်တီးရီးယား ပါဝင်မှုလုံးဝမရှိသည်ကို တွေ့ရှိရသည်ဟု ဆေးသုတေသနပညာရှင်များက ဆိုသည်။ ထို့ကြောင့် ခေါက်ဆွဲသုပ်ကဲ့သို့ ဘက်တီးရီးယားပါဝင်နိုင်သော အစားအစာများကို စားသုံးပါက သံပုရာရည်ညှစ်၍ စားသုံးခြင်းဖြင့် ရောဂါပိုးကင်းစင်နိုင်သည်ဟု ဒေါက်တာ မာမာငြိမ်းက ပြောကြားသည်။

မြန်မာနေအိမ်တချို့တွင် သံပုရာသီးကို ဂမ္ဘီရအဆောင်တစ်ခုအဖြစ် ဆောင်ထားလေ့ရှိပြီး ထိုင်းနိုင်ငံတွင်မူ သံပုရာသီးကို ပဋိသန္ဓေတားဆေးနှင့် HIV ဗိုင်းရပ်စ်ပိုးကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် စမ်းသပ်သုတေသနပြုနေကြောင်း ထိုင်းနိုင်ငံတွင် HIV/ AIDS ပညာပေးလုပ်ငန်းများ လုပ်ကိုင်နေသော မိချိုင်းက မကြာသေးခင်က ဘန်ကောက်မြို့တွင် မြန်မာသတင်းစာဆရာများနှင့် တွေ့ဆုံစဉ်၌ ပြောကြားသည်။

HHM

# ဖူးကြီးရေလှောင်ကန်ဝန်းကျင် ငှက်မျိုးစိတ် ၆၀ ကျော်တွေ့ရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့တော်အား သောက်သုံးရေပေးဝေရာ အဓိကရေကန်ကြီးတစ်ခုဖြစ်သော မှော်ဘီမြို့နယ် ဖူးကြီးရေလှောင်ကန်ပတ်ဝန်းကျင်၌ မှတ်တမ်းမတင်ရသေးသော ငှက်မျိုးစိတ်သစ်တစ်မျိုးအပါအဝင် ငှက်မျိုးစိတ်စုစုပေါင်း ၆၂ မျိုး ရှာဖွေတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း အဆိုပါဒေသသို့သွားရောက်၍ ငှက်မျိုးစိတ်များကို လေ့လာမှတ်တမ်းတင်ခဲ့သည့် မြန်မာငှက်ဝါသနာရှင်အသင်းမှ အသင်းဝင်တစ်ဦးက Living Color သို့ ပြောကြားသည်။

မြန်မာငှက်ဝါသနာရှင်အသင်း၏

www.foreverspace.com.mm



စီစဉ်မှုဖြင့် ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ပါရဂူဘွဲ့သင်တန်းသူများနှင့် အသင်းဝင်များပါဝင်သော ငှက်ကြည့်လေ့လာရေးအဖွဲ့သည် ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်းက တစ်ကြိမ်၊ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် မှော်ဘီမြို့နယ် ဖူးကြီးတိုက်နယ်ရှိ ပန်းတစ်ပွင့်တောင်၊ ဖူးကြီးရေလှောင်ကန် ရေဝေရေလဲ သစ်တောများနှင့် ဖူးကြီးရေလှောင်ကန် တစ်ဝိုက်၌ လေ့လာသုတေသနပြုမှတ်တမ်းတင်ခဲ့ရာမှ ယင်းကဲ့သို့ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း၊ အဆိုပါငှက်မျိုးစိတ်များတွင် မြန်မာနိုင်ငံတောင်ပိုင်း၌ လုံးဝရှာဖွေတွေ့ရှိ မှတ်တမ်းမတင်ရသေးသော ငှက်မျိုးစိတ်ဖြစ်သည့် Grey-bellied Cuckoo ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၌ သာရှာဖွေတွေ့ရှိနိုင်သော ဒေသရင်း ငှက်မျိုးစိတ်လေးမျိုးအနက် တစ်မျိုးဖြစ်သည့် စွေ့ငှက် (White-throated Babbler) များကိုပါ ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ၎င်းကဆိုသည်။

ဖူးကြီးရေလှောင်ကန်သည် လှော်ကားကန်ကဲ့သို့ပင် ရန်ကုန်မြို့မှ နေ့ချင်းပြန်သွားရောက်၍ ကုန်းငှက်နှင့် ရေငှက်များကို လေ့လာသုတေသနပြုနိုင်သည့် နေရာကောင်းတစ်ခုဖြစ်ပြီး ပတ်ဝန်းကျင် ရေဝေရေလဲဧရိယာရှိ သစ်ပင်သစ်တောများကို ဂရုတစိုက်ထိန်းသိမ်းထားနိုင်မည်ဆိုပါက ပြည်တွင်းပြည်ပမှ ငှက်သုတေသီများအတွက် Bird Watching Site တစ်ခုအဖြစ် ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း အသင်းအမှုဆောင်တစ်ဦးက သုံးသပ်သည်။

LIVING COLOR
526302 , 504496

# သဘာဝအခြေခံခရီးသွားလုပ်ငန်းတိုးတက်အောင်မြင်ရန် ခရီးသွားကုမ္ပဏီများ ပူးပေါင်းပါဝင်သင့်

**သတင်းဆောင်းပါး – ကျော်နိုင်၊ ဓာတ်ပုံ–ကျော်နိုင်၊** ၂၄–၂–၂၀၀၆

**မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Eco-Tourism) ယခုထက်ပိုမိုဖြစ်ထွန်းအောင်မြင်စေရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် တည်ရှိပြီးဖြစ်သော သဘာဝအခြေခံ အရင်းအမြစ်များကို အမိအရဆုပ်ကိုင်ပြီး ခရီးသွားလုပ်ငန်း ဆောင်ရွက်နေကြသူအားလုံး ပူးပေါင်းပါဝင်ကြရန် အဓိကလိုအပ်ကြောင်း Asia Green Travels and Tours Co., Ltd. မှ ဒါရိုက်တာ ဒေါ်မျိုးနန္ဒာက ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြောကြားသည်။**

မြန်မာနိုင်ငံရှိ ဆင်များ၏ သဘာဝကို လေ့လာနိုင်သည့် သဘာဝအခြေခံ အပန်းဖြေစခန်းနှစ်ခုအနက် ရန်ကုန်မြို့နှင့် အနီးဆုံး အပန်းဖြေစခန်းဖြစ်သော ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်ရှိ မြိုင်ဟေဝန်ဆင်စခန်း၌ ပြည်တွင်းခရီးသွားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ စခန်းနှင့်စပ်လျဉ်းပြီး မိတ်ဆက်ရှင်းလင်းသည့် အစီအစဉ်တွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

မြိုင်ဟေဝန်ဆင်စခန်းကို သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဆင်များကို လေ့လာသုတေသနပြုရန်နှင့် လေ့ကျင့်ထိန်းသိမ်းရန်အတွက် မြိုင်ဟေဝန်ဆင်သုတေသနစခန်းအမည်ဖြင့် ၁၉၉၃ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အတွက် Asia Green Travels and Tours Co., Ltd. က ၂၀၀၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာ့သစ်လုပ်ငန်းမှ နှစ်ရှည်ငှားရမ်းမှုဖြင့် လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆင်စခန်းသည် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့အနီး ပဲခူးတိုင်း (အနောက်) သာယာဝတီသစ်ထုတ်လုပ်ရေးဒေသ ဥက္ကံကြိုးဝိုင်းအတွင်း တည်ရှိပြီး စခန်းဧရိယာ ၂၀ ဧက ကျယ်ဝန်းကာ ဧည့်သည် ၁၀ ဦး တစ်ပြိုင်နက်တည်း တည်းခိုနိုင်သည့် မြန်မာဆန်ဆန် တည်ဆောက်ထားသော တည်းခိုအိမ် ငါးလုံး တည်ရှိသည်။ ရန်ကုန်မြို့မှ ၇၂.၅ မိုင်ကွာဝေးပြီး ကားဖြင့် မောင်းနှင်ပါက နှစ်နာရီခွဲခန့်သာ ကြာမြင့်သဖြင့် နေ့ချင်းပြန် သွားရောက်လေ့လာနိုင်သည်။ ဆင်စခန်းအတွင်း လေ့ကျင့်မွေးမြူထားသည့် ဆင်လိမ္မာ ၁၉ ကောင်ထားရှိပြီး ယင်းတို့၏ သရုပ်ပြအစီအစဉ်များ၊ ရေချခြင်း၊ သဘာဝအမူအကျင့်နှင့် အလေ့အထများကို လေ့လာခြင်း၊ ဆင်စီး၍ စခန်းပတ်ဝန်းကျင်သစ်ထုတ်လုပ်ရေးဒေသများရှိ ပေါင်းလင်းဆင်စခန်း၊ မြွေဟောက်ဆင်စခန်းနှင့် လဟာမငယ်အင်း၊ ပျဉ်းကတိုးစိုက်ခင်းများ၊ ပဲခူးရိုးမအတွင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ကြည့်ရှုလေ့လာခြင်း၊ ငှက်ကြည့်လေ့လာခြင်း၊ ခြေလျင်တောင်တက်လေ့ကျင့်ခြင်း၊ မိုးရာသီ၌ ပေါင်းလင်းဆည်နှင့် ငမိုးရိပ်ဆည်တို့ကို ဆက်သွယ်ထားသည့် ချောင်းတစ်လျှောက် ဝါးဖောင်စီးနင်းခြင်း စသည်တို့ကိုပါ ပြုလုပ်ဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်း ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးကျော်မိုးထွန်းက ရှင်းပြသည်။

www.foreverspace.com.mm





**တိရစ္ဆာန်များ၏ သဘာဝကို လေ့လာနိုင်သောနေရာများသည်လည်း ကမ္ဘာလှည့်ခရီးသည်များကို အထူးဆွဲဆောင်နိုင်သည်**

"သစ်တောအကြောင်း လေ့လာနိုင်ဖို့ ကျွန်မတို့ဆီမှာ သစ်တောအကြောင်း ကျွမ်းကျင်နားလည်တဲ့ Forester (သစ်တောပညာရှင်) တွေ ခန့်ထားပါတယ်။ စခန်းပတ်ဝန်းကျင်မှာ ကရင်လူမျိုးတွေ နေထိုင်ကြတာမို့လို့ သူတို့ရဲ့ ရိုးရာဓလေ့တွေလေ့လာရင်း ကရင်ဒုံးယိမ်းကတာကိုပါ ကြည့်နိုင်ကြမှာပါ။ ဒါ့အပြင် ဆင်ခေါင်းကျေးရွာက ဆင်ဦးစီး၊ အလုပ်သမားတွေရဲ့ နေထိုင်မှုသဘာဝကိုလည်း သွားပြီး လေ့လာနိုင်ကြပါတယ်" ဟု ဒေါ်မျိုးနန္ဒာက စခန်းပတ်ဝန်းကျင်ရှိ လေ့လာစရာနေရာများနှင့် စပ်လျဉ်းပြီး ရှင်းပြသည်။

မြိုင်ဟေဝန်ဆင်စခန်းသည် ပဲခူးရိုးမအနောက်ဘက် တောင်စွယ်ခြေရင်းတွင် တည်ရှိပြီး စခန်းပတ်ဝန်းကျင်၌ အပူပိုင်းမြေပြန့်ရွက်ပြတ်ရောသစ်တော (LMD) အမျိုးအစားများ ပေါက်ရောက်လျက်ရှိကြောင်း၊ ယင်းသစ်တောအတွင်း အဖိုးတန်သစ်ပင်များဖြစ်ကြသည့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာ၊ အင်ကြင်း စသည့် အပင်များ အပါအဝင် လူသုံးများသည့် ကြသောင်း၊ မျှင်ဝါး၊ တင်းဝါး စသည့် ဝါးမျိုးစုံလည်း ပေါက်ရောက်ကြကြောင်း၊ ယခုအခါ နေရာအသီးသီး၌ သစ်ခုတ်ယူနေကြသဖြင့် မြန်မာနိုင်ငံရှိ သစ်တောများ၌ သစ်ကောင်းဝါးကောင်းများမကျန်ရှိတော့သည်အထိ သစ်တောများပြုန်းတီးလာပြီး သစ်တော၏ တန်ဖိုးပါ နိမ့်ကျလာကြောင်း၊ အဆိုပါ သစ်တောပြုန်းတီးသွားသည့်နေရာများကို အချိန်မီစိုက်ပျိုးထိန်းသိမ်းသင့်ကြောင်း အဆိုပါကုမ္ပဏီမှ သစ်တောပညာရှင်တစ်ဦးက သုံးသပ်သည်။

"ကျွန်တော်တို့ ဆင်စခန်းကို လာရောက်လေ့လာတဲ့ ဧည့်သည်တွေအဖို့ ဆင်ကြည့်ရုံတင်မကဘဲ ဆင်အကြောင်း ကောင်းကောင်းသိသွားအောင်နဲ့ ပဲခူးရိုးမအကြောင်းကိုပါ ကောင်းကောင်းသိသွားအောင် ရည်ရွယ်ပါတယ်။ ဆင်နဲ့ ပတ်သက်လို့ သီးသီးသန့်သန့် လေ့လာသုတေသနပြုချင်တဲ့သူတွေအတွက် ဆင်တွေဆေးကုတဲ့ ဆင်နာရုံလို့ခေါ်တဲ့ ဆင်ဆေးရုံတစ်ခုပါ တည်ဆောက်သွားဖို့ စိတ်ကူးထားပါတယ်။ အဲဒီမှာ ဆင်တွေကို ဆေးကုတာ၊ ဆေးထိုးတာ၊ ခွဲစိတ်ကုသတာက အစ ဧည့်သည်တွေကို ပြသဖို့ စီစဉ်ထားပါတယ်" ဟု ဦးကျော်မိုးထွန်းကဆိုသည်။

"မြန်မာနိုင်ငံကိုလာတဲ့ ဧည့်သည်အချို့ဆို ဆင်ရိုင်းတွေ ဖမ်းပြီးလေ့ကျင့်တာကို ကြည့်ချင်ကြတယ်။ ဆင်ကိုသုံးပြီး သစ်ထုတ်လုပ်တာမျိုး သရုပ်ပြသတဲ့အခါမှာ ဖန်တီးလုပ်ပြတာမျိုးမဟုတ်ဘဲနဲ့ သစ်တောထဲမှာ တကယ်ထုတ်လုပ်နေကြတာကိုပဲ ကြည့်ချင်ကြတယ်" ဟု အဆိုပါစခန်းသို့ လာရောက်လေ့လာခဲ့သော ခရီးသွားကုမ္ပဏီတစ်ခုမှ အုပ်ချုပ်မှု ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

မြိုင်ဟေဝန်ဆင်စခန်းသို့လာရောက်လေ့လာသူများ အပန်းဖြေရင်း ဗဟုသုတရရှိနိုင်ရန်အတွက် သစ်ပင်သစ်တောများအကြောင်း၊ လိပ်ပြာနှင့် သစ်ခွမျိုးစိတ်များအကြောင်းနှင့် ဆင်နှင့် ဆင်အသုံးအဆောင်ပစ္စည်းများ စသည်တို့ကို စုံလင်စွာ ထည့်သွင်းပြသမည့် ပညာပေးပြခန်းတစ်ခုကိုပါ တည်ဆောက်သွားမည်ဖြစ်ပြီး တည်းခိုဆောင်များကိုလည်း ခရီးသွားဧည့်သည် ၂၀ ဦးအထိ လက်ခံတည်းခိုနိုင်ရန် ၂၀၀၆–၂၀၀၇ ခုနှစ် ခရီးသွားရာသီအမီ ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဟု ဦးကျော်မိုးထွန်းက ဆိုသည်။

"သစ်တောတစ်ခုမှာ ရှိသင့်ရှိထိုက်တဲ့ပတ်ဝန်းကျင်၊ သစ်ပင်တွေနဲ့ သားငှက်တိရစ္ဆာန် သုံးဦးလုံး ဖလှယ်ဆက်နွှယ်မှုကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ဖို့က ကျွန်တော်တို့ လူတွေမှာပဲ တာဝန်ရှိတယ်" ဟု အထက်ပါ သစ်တောပညာရှင်က အကြံပြုသုံးသပ်ပြောကြားသည်။

■

www.foreverspace.com.mm





# ကြက်ပြေးတွင် အုတ်ဈေး အတက်အကျမြန်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅**

ဌာနဆိုင်ရာရုံးနှင့် လူနေအဆောက်အအုံအများအပြား တည်ဆောက်လျက်ရှိသော ပျဉ်းမနားကြက်ပြေးဒေသတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး အုတ်ဈေးနှုန်းများ အတက်အကျမြန်ဆန်နေကြောင်း ကန်ထရိုက်တာ ဦးနိုင်မင်းအောင်က ပြောကြားသည်။

အဆိုပါအုတ်များမှာ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက တစ်လုံးလျှင် ၃၀ ကျပ်ဝန်းကျင်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီ ပထမပတ်အတွင်း တဖြည်းဖြည်းမြင့်တက်ခဲ့ရာမှ တစ်လုံးကို ၄၀ ကျပ်အထိရှိခဲ့ကြောင်း၊ ယင်းနောက် ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ဈေးပြန်ကျခဲ့ရာ တစ်လုံးကို ၃၀ ကျပ်အထက်သာလျှင်ရှိတော့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကြက်ပြေးဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုသောအုတ်များမှာ လက်အုတ်(ကုန်းအုတ်)များသာဖြစ်ကြပြီး ယင်းအုတ်ခဲများကို ကြက်ပြေးနှင့် ပျဉ်းမနားမြို့အကြားရှိ ပြန်ကပြေးရွာ အရှေ့ဘက်အုတ်ဖုတ်လုပ်ငန်းများမှ ဝယ်ယူရရှိကြောင်း၊ အဆိုပါအုတ်ဖုတ်လုပ်ငန်းများမှာ အနီးအနားတွင် အလွယ်တကူရရှိသောထင်းများကိုသာ အသုံးပြု၍အုတ်ဖုတ်ကြကြောင်း ၎င်းကဆိုသည်။

အုတ်ဖုတ်လုပ်ငန်းများတွင် အသုံးပြုခြင်းကြောင့် ကြက်ပြေး၊ ကပ္ပားနှင့် ဖူးကွဲဒေသမှ သက်တမ်းရှည်ညောင်ပင်ကြီးများနှင့် နှစ်ရှည်ပင်ကြီးများ ပျောက်ဆုံးသွားခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

Johnathan News

# တောင်တက်အားကစားသည် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုသာမက စိတ်ဓာတ်မြင့်မားမှုကိုပါ အထူးအထောက်အကူပြုဟုဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၃**

တောင်တက်အားကစားနည်းသည် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို ပေးစွမ်းနိုင်သည်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားမှုကိုပါ အထူးအထောက်အကူပြုသောအားကစားနည်းတစ်မျိုးဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်က ဖေဖော်ဝါရီ ၂၃ ရက်က ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းလှုပ်ရှားမှု ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲတွင် ပြောကြားသည်။

ယင်းအားကစားသည် အခြားသောအားကစားနည်းများနှင့် သဘောသဘာဝလုံးဝကွဲပြားခြားနားလျက်ရှိပြီး ပြိုင်ဘက်ကို နည်းလမ်းအမျိုးမျိုးနှင့် ယှဉ်ပြိုင်အနိုင်ယူရသော ကစားနည်းမျိုးမဟုတ်ဘဲ ပါဝင်သူ အဖွဲ့ဝင်အသီးသီး၏ ဇွဲ၊ လုံ့လ၊ သတ္တိ၊ ပင်ပန်းဆင်းရဲခံနိုင်မှုတို့အပေါ်တွင် အခြေခံပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီ၍ သဘာဝအတားအဆီးများကို အန်တုဖြတ်ကျော်ရသော ကစားနည်းဖြစ်ကြောင်း ၎င်းကဆိုသည်။

တောင်တက်ခြင်းသည် ရာသီဥတုဒဏ်မှစ၍ သဘာဝအခက်အခဲမျိုးစုံကို

www.foreverspace.com.mm



ဖြတ်ကျော်ရင်ဆိုင်ရပြီး သာမန်ဖွဲ့သတ္တိ၊ လုံ့လ၊ ပင်ပန်းခံနိုင်မှုမျိုးဖြင့် မရနိုင်သည့် အပြင် စည်းလုံးမှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် တောင်ထိပ်ပန်းတိုင်သို့ အရောက်တက်ရခြင်း ဖြစ်ကြောင်း၊ တောင်ထိပ်သို့ အောင်မြင်စွာ ရောက်ရှိပြီးနောက် ရရှိသော ပီတိသည် အခြားသော အောင်မြင်မှုများထက်သာလွန် ကြောင်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ ဒေါ်နီနီမြင့်က ပြောကြားသည်။

တောင်တက်အားကစားသည် မြန်မာ့ အားကစားနှင့် တက္ကသိုလ် အားကစား လောက၌ ရှေးယခင်ကပင် ထင်ရှားသော အားကစားနည်းတစ်မျိုးဖြစ်ပြီး ခေတ္တမှေးမှိန် နေခဲ့ရာမှ ၁၉၉၅ ခုနှစ်တွင် တက္ကသိုလ် များ ခြေလျင်နှင့် တောင်တက်အသင်းကို ပြန်လည်ဖွဲ့စည်းကာ လှုပ်ရှားမှုများ ဆက် တိုက်ဆောင်ရွက်ခဲ့ပြီး နှစ်စဉ်တောင်တက် ခရီးစဉ်လှုပ်ရှားမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း ၎င်းက ဆိုသည်။

အဆိုပါပြပွဲနှင့် ဟောပြောပွဲသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အနေနှင့် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခဲ့ ခြင်းဖြစ်ပြီး ယခင်က ခြေလျင်နှင့် တောင် တက်အသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ ကို ရန်ကုန်တက္ကသိုလ်၌ ဆောင်ရွက်လေ့ ရှိရာမှ ယခု ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခြောက်နှစ်ပြည့်မြောက်သော အထိမ်းအမှတ် အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပြပွဲ၌ တက္ကသိုလ်များ၏ တောင်တက်အားကစားနှင့် ပတ်သက်သော လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ စာအုပ် စာတမ်းများ၊ တောင်တက်ပစ္စည်းကိရိယာ များကို လူငယ်များ အားကျအတုယူနိုင် ရန် ခင်းကျင်းပြသထားကြောင်း၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၏ ဂုဏ်ယူဖွယ်အား ကစားလောကလှုပ်ရှားမှု ပြယုဂ်တစ်ခု အနေဖြင့် ခင်းကျင်းပြသခဲ့ခြင်းဖြစ်ကြောင်း ဦးမျိုးသန့်က ဆိုသည်။ ■

# ယမန်နှစ်အတွင်းက ပြည်ပကုန်စည်ပြပွဲ ပြည်တွင်း၌ တစ်ကြိမ်သာကျင်းပခဲ့

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅



ကုန်သွယ်မှုတိုးမြှင့်ရေးလုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် ပြည်ပစက်မှုကုန်ထုတ် လုပ်ငန်းများနှင့် ကုမ္ပဏီများအား နိုင်ငံ အတွင်းသို့ ဖိတ်ခေါ်၍ ပြည်ပကုန်စည်ပြပွဲ များ ကျင်းပမှုမှာ ၂၀၀၅ ခုနှစ်အတွင်းက တစ်ကြိမ်သာရှိခဲ့သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြား



www.foreverspace.com.mm



သည်။

ယခင်က ပြည်တွင်းတွင် တစ်နှစ်ပတ်လုံးကျင်းပရန် စီစဉ်ထားသော်လည်း ၂၀၀၅ ခုနှစ် မေလ ၇ ရက်နေ့တွင် ပုဇွန်တောင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာတွင် ပထမဆုံး ပြုလုပ်ကျင်းပသည့် ထိုင်းကုန်စည်ပြပွဲအပါအဝင်၊ ရှစ်မိုင်လမ်းဆုံရှိ Junction 8 နှင့် မြေနီကုန်းရှိ ဒဂုံစင်တာတို့တွင် သုံးနေရာဆက်တိုက် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်ပမှ လာရောက်ပြသမည့် ကုန်စည်ပြပွဲများကို လုံခြုံရေးအရ ရပ်ဆိုင်းထားရခြင်း ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

ပြည်တွင်းတွင် ကုန်စည်ပြပွဲ တစ်ကြိမ်သာ ကျင်းပနိုင်ခဲ့သော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်ပကုန်စည်ပြပွဲများသို့ ၂၇ ကြိမ် သွားရောက်ပြသခဲ့ကြောင်း၊ ယင်းတို့အနက် ကွမ်ရှီးပြည်နယ် နန်နင်းတွင် ကျင်းပသော တရုတ်–အာဆီယံကုန်စည်ပြပွဲ၌ အကောင်းဆုံးပြခန်းဆု၊ ကူမင်းကုန်စည်ပြပွဲတွင် ခင်းကျင်းမှု အကောင်းဆုံးဆုနှင့် မလေးရှားနိုင်ငံတွင် ကျင်းပသော အာရှ၊ အာဖရိက ကုန်စည်ပြပွဲတွင် အကောင်းဆုံး ပါဝင်ပြသဆု စသည့် ဆုသုံးဆုကို ရရှိခဲ့ကြောင်း အဆိုပါအရာရှိက ထပ်လောင်းပြောကြားသည်။

# မြန်မာသင်္ဘောသား သုံးသောင်းခန့် တရုတ်(တိုင်ပေ)ရှိ သင်္ဘောလိုင်းများတွင်လုပ်ကိုင်ရန် အခွင့်အလမ်းများရနိုင်ဖွယ်ရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**



နိုင်ငံတကာသို့ ကူးသန်းသွားလာလျက်ရှိသည့် တရုတ်တိုင်ပေ သင်္ဘောလိုင်းများတွင် မြန်မာသင်္ဘောသားဦးရေ သုံးသောင်းခန့် သွားရောက်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ရနိုင်ဖွယ်ရှိကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း (MOSA)မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းအောင်က Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအနေဖြင့် တရုတ်(တိုင်ပေ)ရှိ သင်္ဘောလိုင်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် အဆိုပါနိုင်ငံရှိ သင်္ဘောကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် MOSA မှ တာဝန်ရှိသူများ ယခု ဖေဖော်ဝါရီလ တတိယပတ်အတွင်း သွားရောက်တွေ့ဆုံမည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း National Chinese Seamen's Union နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။

MOSA အနေနှင့် သင်္ဘောသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးခြင်းဖြင့် သင်္ဘောသားများ ငွေကြေးသက်သာမှုရှိ၍ လိမ်ညာခံရမှုများမှ ကင်းဝေးသွားနိုင်မည့်အပြင် ကုန်ကျစရိတ် အခက်အခဲရှိနေသော အရည်အချင်းရှိ သင်္ဘောသားများလည်း သင်္ဘောလိုက်ရန် အခွင့်အရေးရရှိသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

■

www.foreverspace.com.mm





တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ထူးထရေးဒင်းပိုင် Aureum Palace ဟိုတယ်

## ငွေဆောင်အပိုင်း (၂) တွင် ဟိုတယ် ၂၅ လုံး တိုးချဲ့တည်ဆောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့တော်နှင့် အနီးဆုံး ကမ်းခြေနှစ်ခုအနက်တစ်ခုဖြစ်သော ငွေဆောင်ကမ်းခြေဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငွေဆောင်အပိုင်း(၂)တွင် အဆင့်မီဟိုတယ် ၂၅ လုံး တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါဟိုတယ် တိုးချဲ့တည်ဆောက်မည့်အစီအစဉ်တွင် ပါဝင်သည့် GMT ခရီးသွားလုပ်ငန်းကုမ္ပဏီအကြီးအကဲ ဦးညွန့်သိမ်းက Living Color သို့ ပြောကြားသည်။

ဖော်ပြပါအစီအစဉ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးအနေနှင့် တိုးချဲ့တည်ဆောက်မည့် ငွေဆောင်အပိုင်း(၂)တွင် ပါဝင်သည့် လုပ်ငန်းရှင်များနှင့် ဖေဖော်ဝါရီလ ၃ ရက် နေ့ ၁၁ နာရီအချိန်က ဟံသာဝတီအပိုင်းရှိ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ၎င်းက ဆိုသည်။

တိုးချဲ့တည်ဆောက်မည့်အစီအစဉ်များအရ ဟိုတယ်တစ်လုံးလျှင် ပျမ်းမျှ အခန်းပေါင်း ၈၀ ဖြင့် တွက်ချက်ပါက အခန်းပေါင်း ၂၀၀၀ တိုးလာမည်ဖြစ်ပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၄၀၀၀ ပိုမိုတည်းခိုနေထိုင်နိုင်မည်ဟု ဦးညွန့်သိမ်းက ထပ်လောင်း ပြောကြားသည်။

ငွေဆောင်အပိုင်း(၂)ဟိုတယ် တည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်သည့် လျာထားကုမ္ပဏီများစာရင်းအရ အမ်အမ်ဂျီ၊ ယူနိုက်တက်မြိတ်၊ လပြည့်ဝန်း၊ မြန်မာနိုင်ဂရု၊ နိုင်ဂရုစင်တီဂိတ်၊ အေးရှားအိပ်စ်ပရက်၊ ဖော်ကျွန်း၊ ဝိုင်အီးစီ၊ ဂိုးလ်ဒင်းအင်ပါယာ၊ ဟွန်ဒါ (မြန်မာ)၊ ဒိုင်းမွန်းစတား၊ ရွှေနဂါးထရေးဒင်း၊ ပန်အင်တာနေရှင်နယ်နှင့် လန်းမတ်၊ Amata၊ သီရိလွင်ဟိုတယ်၊ သံတဲ၊ ကွန်ကာရာထရေးဒင်း၊ ကပ်ပါးနှင့် ထူးထရေးဒင်းတို့ ပါဝင်ကြောင်း သိရသည်။

## ယွန်းထည်လုပ်ငန်းသုံးသစ်စေးများ အရည်အသွေးထိန်းသိမ်းသင့်၊ ဈေးကွက်တွင်သန့်ရှင်းသောသစ်စေးများ အမှန်တကယ်လိုအပ်

**သတင်းဆောင်းပါး – ကေခိုင်ကျော်၊** ၆–၃–၂၀၀၆

**မြန်မာ့လက်မှု ယွန်းထည်ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုလျက်ရှိသော သစ်စေးများ၏ အရည်အသွေးကိုထိန်းချုပ်နိုင်စွမ်းမှာ တဖြည်းဖြည်းလျော့နည်းလာသဖြင့် ဈေးကွက်တွင် သန့်ရှင်းသောသစ်စေးများကိုသာ အမှန်တကယ်လိုအပ်နေကြောင်း ပုဂံဒေသရှိ ယွန်းထည်လုပ်ငန်းရှင်များက တညီတညွတ်တည်းပြောကြားသည်။**

သစ်စေးပင်တစ်ပင်၏ သစ်စေးအထွက်နှုန်းမှာ ပင်းခပ်ဇွန်းတစ်ဇွန်း ပျမ်းမျှ ၁.၂၅ ကျပ်သားခန့်ထွက်ရှိပြီး အထွက်နှုန်းနည်းပါးမှုကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးခဲ့ကြောင်း၊ သစ်စေးထုတ်လုပ်သူများသည် အမြတ်အစွန်းရရှိရေးကိုရှေးရှုကာ ရေနံဆီ၊ ထမင်းရည်၊ ကညင်ဆီ၊ အင်ဆီ စသည်တို့ဖြင့် အလေးချိန်ပိုမိုထွက်ရှိစေရန် ရောနှောလေ့ရှိကြောင်း၊

www.foreverspace.com.mm



သစ်စေး ၈၅ ကျပ်သားတွင် ရောနှောမှုကို သုံးပိသာခန့် ထည့်သွင်းရောနှောထားသဖြင့် သစ်စေး၏အရည်အသွေးထိန်းချုပ်နိုင်မှုသည် ကျဆင်းလာကြောင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်မှ နည်းပြ (ရုက္ခဗေဒ) ဒေါ်ခင်ငြိမ်းချမ်းက ဆိုသည်။

ယွန်းထည်လုပ်ငန်းရှင်များသည် သစ်စေးစစ်စစ်ကိုဝယ်ယူ၍မရသဖြင့် ပြည်ပမှသစ်စေးများကို အစားထိုးကာ ကြုံသလိုဝယ်ယူသုံးစွဲနေကြောင်း၊ မြန်မာနိုင်ငံတွင် သစ်စေးထုတ်ယူနိုင်သည့် သစ်တောကြီးဝိုင်းများစွာရှိနေသော်လည်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ခြင်းမရှိဘဲ ရောနှောမှုများကြောင့် လုပ်ငန်းခွင်တွင်အသုံးပြုရာ၌ အခက်အခဲဖြစ်ကြုံတွေ့ရကြောင်း၊ ယွန်းထည်များအတွက် သစ်စေးကိုအသုံးပြုရာတွင် တရုတ်နိုင်ငံမှတင်သွင်းလာသော သစ်စေးကိုသာ အသုံးပြုတော့ကြောင်း၊ အဆိုပါသစ်စေးမှာ ဈေးနှုန်းမြင့်မားမှုရှိသော်လည်း အရည်အသွေးပြည့်မီသည်ဟုယူဆရသောကြောင့် လုပ်ငန်းခွင်အတွင်း၌ အလေအလွင့်ဖြစ်ပွားမှုကို သက်သာစေကြောင်း၊ ပြည်တွင်း၌ သစ်စေးတစ်ပိသာလျှင် ၅၀၀၀ ကျပ်ခန့်ပေးရကြောင်း ပုဂံယွန်းထည်အရောင်းဆိုင်ရှင် ဦးမြဝင်းက ဆိုသည်။

ယခင်က သစ်စေးများကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ခြင်းများပင်ရှိသော်လည်း သန့်ရှင်းမှုမရှိသဖြင့် နောက်ပိုင်းတွင် အရည်အသွေးပြည့်မီခြင်းမရှိသည့်အတွက် တင်ပို့ခြင်းမရှိတော့ကြောင်း၊ မြန်မာနိုင်ငံတွင် သစ်စေးကို ရှမ်းပြည်နယ်မိုးနဲ၊ ကျိုင်းတုံ စသည့်ဒေသများတွင် အများဆုံးထွက်ရှိပြီး ထွက်ရှိသည့်သစ်စေးပမာဏ၏ ၈၀ ရာခိုင်နှုန်းကို ပုဂံမြို့၏ ယွန်းထည်ပြုလုပ်သည့် လုပ်ငန်းများတွင် အသုံးပြုကြကာ ကျန်ရှိသော ၂၀ ရာခိုင်နှုန်းကိုသာ အခြားဒေသများမှ ဘုရားဆင်းတုတော်၊ ဆန်ကော၊ ဆန်ခါ၊ ခြင်း စသည့်လုပ်ငန်းများတွင်အသုံးပြုကြောင်း ဒေါ်ခင်ငြိမ်းချမ်းက ရှင်းပြသည်။



သစ်စေးပင်မှ စတင်ထုတ်ယူစဉ်ကပင် အရည်အသွေးဂရုစိုက်ရန်လိုသည်

သစ်စေးပင်များသည် ဒီဇင်ဘာလတွင် စတင်ပွင့်လေ့ရှိပြီး မတ်လတွင်အသီးများရင့်၍ကြွေကျကြောင်း၊ အပင်အမျိုးအစား (Taxonomy) ခွဲခြားရန်အတွက် အဆိုပါရာသီချိန်တွင်သင့်တော်ပြီး အပင်မျိုးပွားလိုပါက ဇွန်လပိုင်းတွင်ကြွေကျသော အသီးခြောက်များကို ချက်ချင်းကောက်ယူ၍စိုက်ပျိုးသင့်ကြောင်း၊ သစ်စေးထိုးယူရန်အကောင်းဆုံးအချိန်မှာ ဇူလိုင်နှင့် အောက်တိုဘာလများဖြစ်ပြီး အပွင့်ပွင့်ချိန်ဖြစ်သော ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် သစ်စေးထိုးသူများမရှိသလောက်နည်းပါးကြောင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်အောင်က ဆိုသည်။

သစ်စေး၏ Urushic Acid သည် လူ၏ခန္ဓာကိုယ်အား ယားယံစေသည့်အပြင် အဆုတ်ထိခိုက်မှုအန္တရာယ်နှင့် မျက်စိထိခိုက်မှုအန္တရာယ်များကြောင့် သစ်စေးထိုးယူသူများနည်းပါးနေကြောင်း၊ ဈေးကွက်တွင် သစ်စေး၏ဝယ်လိုအားနှင့် ထုတ်လုပ်နိုင်မှုသည် ညီမျှမှုမရှိကြောင်း၊ သစ်စေးကို စနစ်တကျထုတ်ယူမှုများ မပြုလုပ်နိုင်သည့်အပြင် သစ်စေးထိုးယူသူများမှာ နည်းပါးနေသည့်အတွက် ရောနှောမှုများပြုလုပ်၍ ဈေးကွက်တွင်ရောင်းချနေခြင်းဖြစ်ကြောင်း ဦးမြဝင်းက သုံးသပ်

ပြောကြားသည်။

မြန်မာနိုင်ငံတွင် သစ်စေးထွက်ရှိရာ ဒေသများ၌ အခြားသစ်ပင်များဖြစ်သည့် အင်၊ အင်ကြင်းပင်များနှင့် သစ်စေးပင်များရောနှောပေါက်ရောက်တတ်ပြီး ပျဉ်းမနားဒေသ မြို့မဈေးနှင့် ငါးမိုင်ခန့်ဝေးသော ရေပြာဂေါက်ကွင်းအနီးရှိ သစ်တောကြိုးဝိုင်းတွင် သစ်စေးတောသည် အခြားဒေသရှိ သစ်စေးများကဲ့သို့ ရောနှောပေါက်ရောက်ခြင်းမရှိဘဲ သစ်စေးပင်များချည်းသာ တစ်စုတစ်ဝေးတည်းပေါက်ရောက်နေကြောင်း၊ ရေပြာဂေါက်ကွင်းရှိ သစ်စေးဧရိယာမှာ ကိုးဧကခန့်ရှိပြီး သက်တမ်းမှာ ၁၀ နှစ်ကျော် ၁၅ နှစ်ဝန်းကျင်အပင်များဖြစ်သဖြင့် သစ်စေးထုတ်ယူနိုင်ရန် အကောင်းဆုံးအနေအထားတွင်ရှိနေသော်လည်း သစ်စေးထိုးသူဟူ၍ လယ်ဝေးမြို့နယ် ကုန်းဘော်စုရွာမှ လာရောက်ထိုးယူလေ့ရှိသော ဦးတင်အောင်ဆိုသူတစ်ယောက်သာရှိကြောင်း၊ ကျန်သူများသည် ဆန်ကော၊ ဆန်ခါသုတ်လိမ်းရန်အတွက် အနည်းငယ်သာထိုးယူကြကြောင်း၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် သစ်စေးထွက်ရှိမှုလျော့နည်း၍ ထိုးယူလေ့မရှိကြောင်း၊ သစ်စေးပင်များမှာ လုံးပတ်သုံးပေမှ ငါးပေအကြား၊ အမြင့်ပေ ၂၅ ပေမျှရှိပြီး သစ်စေးထိုးကျွမ်းကျင်သူသည် အပင်အရွယ်အစားကိုကြည့်၍ ထုတ်ယူခြင်းမဟုတ်ဘဲ အပင်အပွေးအား လက်ဖြင့်သပ်ကြည့်ခြင်းဖြင့် အခေါက်အမှုန့်မွဲပြာရောင်များ လက်တွင်များစွာကပ်ပါလာလျှင်လည်းကောင်း၊ အရွက်များလိပ်မနေလျှင်လည်းကောင်း သစ်စေးအထွက်ကောင်းသော အပင်ဟုသိရကြောင်း၊ သစ်စေးပွင့်သည် သုပ်စား၍ရပြီး ဟင်းခပ်အမွှေးအကြိုင်အတွက်ပါ အသုံးဝင်ကြောင်း၊ သစ်စေးသားသည် ပရိဘောဂအတွက် အထူးကောင်းမွန်သောအသားဖြစ်ကြောင်း ဦးတင်အောင်၏အဆိုကို ကိုးကား၍ ဦးခင်အောင်က ရှင်းပြပေးပါသည်။

ထို့ပြင် သစ်စေးခြစ်ရာတွင် တစ်ဖက်တို တစ်ဖက်ရှည် (V)ပုံသဏ္ဍာန်ခြစ်ကြောင်းကို အခေါက်အတွင်းသားပေါ်သည်အထိ ဆောက်သွားဖြင့် ထိုးဟရကြောင်း၊ V ပုံသဏ္ဍာန်ခြစ်ခြင်းသည် အကျယ် ၁၀ လက်မ၊ အနံ့အရှည်ဘက် လေးလက်မ၊ အနံအတို သုံးလက်မထားရှိရပြီး နှုတ်ခမ်းအောက်ဘက်၌ ၄၅ ဒီဂရီစောင်း၍ ဖြတ်ထားသောဝါးဆစ်ငယ်ကို ထိုးရိုက်သွင်း၍ ခံယူရကြောင်း၊ တစ်ခါသိမ်းယူပြီးသော V ပုံသဏ္ဍာန်ခြစ်ကြောင်းတစ်ခုကို အနည်းဆုံး တစ်ကြိမ်မှ နှစ်ကြိမ်သာအသုံးပြုနိုင်ကြောင်း၊ ထွက်စသစ်စေး၏အရောင်မှာ မီးခိုးရောင် သို့မဟုတ် ညိုညစ်ညစ်အရောင်ဖြစ်ပြီး လေနှင့်ထိတွေ့က တဖြည်းဖြည်းမည်းနက်သွားကြောင်း၊ တစ်ခါသိမ်းယူလျှင် ၈၀ ကျပ်သားခန့်ရရှိပြီး အဆိုပါသစ်စေးကို ၁၀ ပိဿာဝင်သံပုံးအတွင်းထည့်၍သိမ်းဆည်းကြောင်း၊ သစ်စေးမျက်နှာပြင်ပေါ်တွင် ရေမျက်နှာပြင်သုံးလက်မခန့်ထုခံထား၍ သိမ်းဆည်းကြောင်း၊ အကြောင်းမှာ သစ်စေးများမာ၍ ခြောက်မသွားစေရန်ဖြစ်ပြီး ရေသည် အချိန်ကြာသည်နှင့်အမျှ သစ်စေးသားအတွင်းသို့ စိမ့်ဝင်ကြောင်း ဦးခင်အောင်က ဆက်လက်၍ ရှင်းပြပေးသည်။

သစ်စေးထိုးကျွမ်းကျင်သူများဖြင့် သစ်စေးပိုမိုထုတ်လုပ်နိုင်သည့်အပြင် မျိုးဆက်သစ်များအား လေ့ကျင့်ပညာပေးသကဲ့သို့ ဖြစ်လာနိုင်ကြောင်း၊ သစ်စေးကို စနစ်တကျမထုတ်ယူပါက ယားယံခြင်းဖြစ်လာနိုင်ကြောင်း၊ သစ်စေးကို စနစ်တကျထုတ်ယူပါက ယားယံခြင်း၊ အဆုတ်ထိခိုက်ခြင်း၊ မျက်စိထိခိုက်ခြင်းများကို ကာကွယ်နိုင်သည့်အပြင် အပင်အားထိခိုက်မှုမရှိနိုင်ကြောင်း ဒေါ်ခင်ငြိမ်းချမ်းက သုံးသပ်ပြောကြားသည်။

---

## အသိပေးကြေညာခြင်း

Living Color မဂ္ဂဇင်းအနေဖြင့် လာမည့် မေလမှစတင်၍ အခြေအနေ အကြောင်းကြောင်းကြောင့် မူလရောင်းဈေး ၇၀၀ ကျပ်မှ ရောင်းဈေး ၈၅၀ ကျပ် သို့ ပြောင်းလဲသတ်မှတ်မည် ဖြစ်ပါသည်။ ထိုသို့ ပြောင်းလဲလိုက်သည့်အတွက် နဂိုမူလစာအရည်အသွေးပြောင်းလဲခြင်းမရှိသည့်အပြင် စာဖတ်သူများအတွက် အကျိုးရှိအသုံးတည့်စေမည့် သတင်းအချက်အလက်နှင့် ဆောင်းပါးများကို ပိုမိုတင်ပြပေးရန် အယ်ဒီတာအဖွဲ့မှ အားထုတ်ကြိုးစားသွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm

www.foreverspace.com.mm





# လူထုသဘောထားပုံဖော်ခြင်းနှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ

အောင်ထွင့်

စီးပွားရေးပုံသဏ္ဍာန်အသားကျ၍ စည်းလုံးညီညွတ်သော လူမှုအသိုက်အမြုံတစ်ခုအဖြစ် ပီပြင်လာသော ဈေးကွက်များ၏ စီးပွားရေးသဘောတရားနှင့် မူဝါဒဆိုင်ရာ သွင်းအားစုများကို အဆိုပါလူမှုအသိုက်အမြုံအတွင်းရှိ စီးပွားရေးသဘောအရ ဩဇာရှိလာသော အသင်းအဖွဲ့များ၊ ဉာဏ်ကြီးရှင်အစုအဖွဲ့များနှင့် ဖောင်ဒေးရှင်းများက အဓိကပေးသွင်းသူအဖြစ် ပါဝင်လာကြသည်ကို တွေ့မြင်နိုင်ပါသည်။ (Living Color မဂ္ဂဇင်း ၂၀၀၆ ခုနှစ် မတ်လထုတ် မျက်နှာဖုံးဆောင်းပါးမှ) ထိုသို့ သွင်းအားစုအဓိကပေးသွင်းသူများကို လူမှုသိပ္ပံနယ်ပယ်တွင် Power Elites များဟုခေါ်သည်။ အဆိုပါ Power Elites များသည် သက်ဆိုင်ရာ မူဝါဒဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်း၊ အစိုးရများအတွက် သွင်းအားစုများ ပေးသွင်းသည့်တာဝန်အပြင် လူ့အဖွဲ့အစည်းအတွင်းရှိ လူထု၏သဘောထားဆိုင်ရာ သွင်းအားစုများကို အဓိကပေးသွင်းသူများလည်း ဖြစ်လာနေသည်ကို တွေ့ရမည် ဖြစ်သည်။

www.foreverspace.com.mm



၁။

စီးပွားရေးစနစ်ပုံသဏ္ဌာန် အသားကျလာသောအခါ ဈေးကွက်အတွင်း ထင်ရှားသော စီးပွားရေးလုပ်ငန်းကြီးများလည်း ပေါ်ပေါက်လာကြသည်မှာ ဓမ္မတာဖြစ်သည်။ လုပ်ငန်းကြီးများဟုဆိုသောကြောင့် ၎င်းတို့သည် စားသုံးသူအရေအတွက်များစွာနှင့် ထိတွေ့ဆက်ဆံနေကြသည်ဖြစ်ရာ ၎င်းတို့၏လုပ်ငန်းနှင့်ပတ်သက်၍ စားသုံးသူပြည်သူများက မည်သို့သဘောထားကြသနည်း၊ မည်သို့သဘောထားစေလိုသနည်း ဆိုသော အချက်အလက်များကို စနစ်တကျ ကိုင်တွယ်ဖော်ဆောင်ရန် မဖြစ်မနေ လိုအပ်လာလေ့ရှိပေသည်။ သာမန်အားဖြင့် အစိုးရများကသာ လူထုသဘောထားကို ပုံဖော်လေ့ရှိသည်ဟု လူအများ နားလည်ထားကြသော်လည်း စီးပွားရေးပုံသဏ္ဌာန်အသားကျ၍ လူမှုအသိုက်အမြုံ ပိုမိုပီပြင်လာခဲ့ပါလျှင် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ငန်းကြီးများသည်လည်း ၎င်းတို့၏ပုံရိပ်အတွက် စားသုံးသူများနှင့် ရေရှည်ဆက်ဆံရေးအတွက် လူထုသဘောထားပုံဖော်ခြင်းခေါ် Public Relation လုပ်ငန်းစဉ်ကို မဖြစ်မနေ အကောင်အထည်ဖော်ကြရလေ့ ရှိပါသည်။




မြန်မာနိုင်ငံတွင် ယနေ့နာမည်ကျော်ကြားနေသော ပုဂ္ဂလိကဘဏ်ကြီးများဖြစ်သည့် ကမ္ဘောဇဘဏ်၊ ရိုးမဘဏ်၊ ပထမပုဂ္ဂလိကဘဏ် စသည့်ဘဏ်ကြီးများသည်လည်းကောင်း၊ Air Bagan, Air Mandalay, Yangon Airways စသည့် လေကြောင်းလိုင်းကြီးများသည်လည်းကောင်း၊ MGS Beverages ကဲ့သို့ အချိုရည်ကုမ္ပဏီကြီးများသည်လည်းကောင်း၊ City Mart ကဲ့သို့ ကုန်တိုက်ကြီးများသည်လည်းကောင်း Public Relation ခေါ် လူထုသဘောထားစနည်းနာခြင်း၊ ပုံဖော်ခြင်းများကို စနစ်တကျ မဟာဗျူဟာခင်း၍ အကောင်အထည်ဖော်သင့်သော အခြေအနေထိ ကြီးမားလာနေသော လုပ်ငန်းကြီးများ ဖြစ်ပေသည်။

ထို့အတူပင် မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းထူထောင်ထားကြသည့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များသည်လည်းကောင်း၊ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းနယ်ပယ်နှင့် ပတ်သက်၍ လူထုအနေဖြင့် သဘောပေါက်ထားသင့်သော အချက်အလက်များကို အသိပေးခြင်းဖြင့် လူထု Awareness ထူထောင်ထားရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့သော လုပ်ငန်းတာဝန်မျိုးကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကဲ့သို့ အဖွဲ့အစည်းမျိုးက ပါးနပ်စွာ ထမ်းဆောင်နေသည်ကို တွေ့ရသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကဲ့သို့ အဖွဲ့အစည်းများက လူထုသဘောထားခေါ် လူထု Awareness ကို ပုံဖော်သောလုပ်ငန်းစဉ်သည် စီးပွားရေးလုပ်ငန်းကြီးတစ်ခုခုက ၎င်းတို့၏ပုံရိပ်အတွက်၊ စားသုံးသူများနှင့် ရေရှည်ဆက်ဆံရေးအတွက် ပုံဖော်သော PR ခေါ် လူထုသဘောထားပုံဖော်ရေးလုပ်ငန်းစဉ်ထက် တစ်ဆင့်မြင့်လာပြီဟု ဆိုနိုင်ပေသည်။ တစ်နည်းအားဖြင့် Macro သဘော ပိုဆောင်လာသည်ဟု ဆိုနိုင်ပေသည်။ စီးပွားရေးလုပ်ငန်းများကဲ့သို့ ကိုယ်ကျိုးစီးပွားသဘောတရားကို ကျော်လွန်၍ သက်ဆိုင်ရာနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးအသွင် ပုံဆောင်လာသည်ကို တွေ့နိုင်သည်။ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ပင် မြန်မာနိုင်ငံတွင် ထုတ်ဝေနေသော အပတ်စဉ်ထုတ်သတင်းစာများတွင် ထူးခြားစွာ မကြာခဏတွေ့ရမည့်

www.foreverspace.com.mm

# THE ROLE OF PUBLIC OPINION




The General Network Through Which the Power Elite Tries to Shape Public Opinion

www.foreverspace.com.mm






သတင်းများမှာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏သတင်းများ ဖြစ်နေသည်ကို တွေ့ရသည်။ ပုံမှန် စာဖတ်ပရိသတ်များဆိုလျှင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းရှင်းလင်းလင်း သိနိုင်လောက်အောင် ၎င်းတို့၏ တက်ကြွသော PR ကို အပတ်စဉ်ထုတ်သတင်းစာများတွင် တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် အကြီးဆုံး အသင်းအဖွဲ့တစ်ခုဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည်ပင်လျှင် လူထုဆက်ဆံရေးနယ်ပယ်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကဲ့သို့ မထိရောက်သည်ကို တွေ့ရသည်။

လူမှုအသိုက်အမြုံများတွင် မြင်တွေ့ရလေ့ရှိသည့် ပုဂ္ဂလိကနယ်ပယ်မှ လူထုသဘောထား ပုံဖော်သည့် လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ပိုမို၍ ရှင်းရှင်းလင်းလင်း ဖြစ်စေရန် သုတေသနပညာရှင်များ ရေးဆွဲဖော်ထုတ်ထားသော အခြေခံ Network ပုံသဏ္ဍာန်ကို ဇယား (၁) တွင် ဖော်ပြထားပါသည်။ ပုံတွင် Screen ခံ၍ ဖော်ပြထားသော အစိတ်အပိုင်းများသည် မြန်မာနိုင်ငံတွင် ပေါ်ပေါက်ဖြစ်ထွန်းရန် ကျန်ရှိနေသောအပိုင်းများဖြစ်ပြီး ကျန်အစိတ်အပိုင်းများမှာ စတင်ပုံပေါ်လာနေပြီဟု ပြောရမည့်အစိတ်အပိုင်းများ ဖြစ်ပါသည်။

များစွာသေချာသောအချက်မှာ စီးပွားရေးသဘောတရားနှင့် မူဝါဒဆိုင်ရာ သွင်းအားစုများ ပေးသွင်းခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ လူမှုအသိုက်အမြုံအတွင်း ပုဂ္ဂလိကနယ်ပယ်အတွင်းမှ လူထုသဘောထား ပုံဖော်ရာတွင်လည်းကောင်း ထိုလူမှုအသိုက်အမြုံအတွင်း ဩဇာကြီးလာသော စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းရှင်ကြီးများ၊ အဆိုပါလုပ်ငန်းများ လုပ်ငန်းရှင်ကြီးများ စုစည်းဖွဲ့စည်းထားသော အသင်းအဖွဲ့များ စသည့် Power Elites များသည် အဓိကအချက် ဖြစ်သည်ဆိုသော အချက်ပင် ဖြစ်ပေသည်။

၂။

စီးပွားရေးစနစ်ပုံပေါ်စတွင် ဤလူထုသဘောတရားပုံဖော်သည့်ပုံသဏ္ဍာန်သည် ဝိုးတဝါးသာလျှင် ရှိတတ်သည်။ စီးပွားရေးလုပ်ငန်းကြီးများကလည်း စမ်းတဝါးဝါး၊ အသင်းအဖွဲ့များကလည်း စမ်းတဝါးဝါး၊ မီဒီယာများကလည်း စမ်းတဝါးဝါး၊ စားသုံးသူလူထုကလည်း စမ်းတဝါးဝါး ဖြစ်နေတတ်သည်။ စီးပွားရေးလုပ်ငန်းကြီးများ၊ အသင်းအဖွဲ့များက အခါအားလျော်စွာ လိုအပ်လျှင် လိုအပ်သလို ဖိတ်ကြားမှုများ၊ သတင်းထုတ်ပြန်မှုများရှိတတ်သော်လည်း မည်သူက မည်သူ့ကို ပုံဖော်နေသည်၊ မည်သို့ပုံဖော်နေသည်ဆိုသည်များမှာ ရှင်းရှင်းလင်းလင်း မရှိတတ်ပေ။ လူထုဆက်သွယ်ရေးယန္တရားများဖြစ်သည့် Mass Media များကလည်း စမ်းတဝါးဝါးဖြင့် သတင်းထုတ်ပြန်ပေးကြသည့် အနေအထားမျိုးတွင် ရှိနေတတ်ပြီး ပိုမိုပြီး စနစ်ကျနသည့် ရပ်တည်ချက်တစ်ခုခုမှ ထင်ဟပ်ဖော်ပြသည့် အသွင်သဏ္ဍာန်ကို တွေ့ရခဲသည်ဟု ဆိုသည်။

ဈေးကွက်စီးပွားရေးပုံသဏ္ဍာန်အကောင်အထည်ဖော်စဖြစ်၍ မြန်မာနိုင်ငံဈေးကွက်အတွင်း Corporate Society ၏ ပုံသဏ္ဍာန် အသားမကျသေးသကဲ့သို့ ကော်ပိုရိတ်မီဒီယာဆက်ဆံရေးသည်လည်း ပီပီပြင်ပြင် မမြင်တွေ့ရသေးဘဲရှိသည်။ ကော်ပိုရိတ်အလွှာသည် မီဒီယာများကို လိုအပ်လျှင် အသုံးပြုရန် အကန့်တစ်ကန့်တွင်ထား၍ ဆက်ဆံနေသည့်သဘောထားကိုတွေ့ရပြီး ၎င်းတို့ကိုယ်တိုင်လည်း အဆိုပါအကန့်အတွင်းသို့ဝင်ရောက်ရန် ကြိုးစားခြင်းမရှိသည်ကို တွေ့ရသည်။ မီဒီယာအများစုသည်လည်း သီးခြားရပ်တည်နေသည်ကိုတွေ့ရပြီး အဆိုပါ Corporate Society သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ကော်ပိုရိတ်အလွှာတွင်လည်းကောင်း၊ မီဒီယာများတွင်လည်းကောင်း၊ Book Smart များ အကန့်အသတ်ဖြင့်သာရှိနေရာ ပီပြင်သော ဆက်ဆံရေးတစ်ခု ပေါ်ထွက်မလာသေးသည်မှာ မဆန်းပြားပါ။ သို့သော် တစ်ဖက်တွင်လည်း စီးပွားရေးအင်အားကြီးနိုင်ငံများတွင်

www.foreverspace.com.mm



ဖြစ်လေ့ရှိသည့် အဆိုပါ Corporate Society ကို ပိုမိုကိုယ်စားပြုခြင်းမရှိသေးသည်မှာ ကောင်းပါသည်။ လက်ရှိ ဖြစ်ပေါ်နေသော ပုံသဏ္ဍာန်မှာ ကော်ပိုရိတ်အင်အားကြီးများအနေဖြင့် သတင်းထုတ်ပြန်ရန်ရှိသည့်အခါ ဖိတ်ကြားဧည့်ခံလက်ဆောင်ပေး၍ သတင်းထုတ်ပြန်ပေးရန် ချဉ်းကပ်ခြင်း၊ မိမိတို့မသိလိုက်ဘဲ သတင်းရေးခံရသည့်အခါတွင် သတင်းမှားသည် တရားစွဲမည်ဟု ခြိမ်းခြောက်ခြင်း စသည့် နည်းလမ်းနှစ်မျိုး လိုသလိုကိုကျင့်သုံး၍ လူထုဆက်သွယ်ရေးယန္တရားများနှင့် ဆက်ဆံနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဆက်ဆံရေးတည်ရှိသည်ဆိုရုံသာဖြစ်ပြီး လူထုဆက်သွယ်ရေးယန္တရားမှတစ်ဆင့် လူထုသဘောထားကို ပုံဖော်သည့် လုပ်ငန်းစဉ်အဖြစ် ပီပီပြင်ပြင် မတွေ့ရသေးပေ။

တဖြည်းဖြည်း ပိုမိုခက်ခဲလာသော မီဒီယာများ၏ သတင်းထုတ်ပြန်ရေးပုံသဏ္ဍာန်ကြောင့် နောင်တွင် ဈေးကွက်အတွင်းရှိ ကော်ပိုရိတ်အလွှာအနေဖြင့် မီဒီယာများကို ပိုမိုစိတ်ဝင်စားမှုနည်းလာနိုင်သည်ကို တွေ့ရသည်။ စီးပွားရေးလုပ်ငန်းများလည်း ကြီးထွားလာခြင်းမရှိ၊ မီဒီယာများ၏ လွှမ်းခြုံဖော်ပြနိုင်စွမ်း သေးငယ်လာသည့် အနေအထားမျိုးတွင် လူထုသဘောထားပုံဖော်သည့်လုပ်ငန်းများကို စိတ်ဝင်တစား လုပ်ဆောင်လာမည့်သဘောကို မတွေ့ရသေးပေ။ မြန်မာပုဂ္ဂလိက အပတ်စဉ်ဂျာနယ်များသည် အဆိုပါကော်ပိုရိတ်အလွှာအတွက် Challenging ဟု သတ်မှတ်




ရမည့်သတင်းများကို မဖော်ပြနိုင်သည်မှာ နှစ်အနည်းငယ်ရှိသွားပြီဟု သတင်းစာဆရာတစ်ဦးက ရှင်းပြသည်။ New Rich Power Elite များအနေဖြင့် မီဒီယာများကို ဂရုစိုက်ရန်မလိုတော့သည့်အတွက် ယင်းမီဒီယာများမှတစ်ဆင့် PR လုပ်ရန်ကိုလည်း မေ့လျော့သွားကြသည်ကို တွေ့ရသည်။

စီးပွားရေးပုံသဏ္ဍာန် ပိုမိုပီပြင်လာပြီး လူမှုအသိုက်အမြုံစနစ်တကျ အခြေတည်လာကာ အသင်းအဖွဲ့များ၊ ဉာဏ်ကြီးရှင်အသင်းအဖွဲ့များ၊ ပညာရှင်များ ပိုမို၍ တစ်စုတစ်စည်းတည်းဖြစ်လာသောအခါ လူထုသဘောထားပုံဖော်သည့် စနစ်သည် ပိုမို၍ စနစ်ကျနလာသည်ဟု သုတေသနစာတမ်းများကဆိုသည်။ ထိုသို့ လူမှုအသိုက်အမြုံစနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရာတွင် သိသာစွာ ပြောင်းလဲတိုးတက် အခြေတည်လာသူများမှာ Power Elites များ ဖြစ်သည်ဟု ဆိုသည်။ လူ့အဖွဲ့အစည်းကို လူမှုသိပ္ပံနည်းလမ်းများအရ အလွှာသုံးလွှာခွဲ၍ပြောရလျှင် အခြေခံလူတန်းစားများ (Grassroot) ၊ လူလတ်တန်းစားများ (Middle Class) နှင့် အပေါ်ဆုံးအလွှာ (Upper Class) ဟူ၍ သုံးမျိုးရှိသည့်အနက် အစောဆုံး Make Sense ဖြစ်လာသူများမှာ အပေါ်ဆုံးအလွှာဖြစ်ပြီး ၎င်းတို့သည် တိုင်းပြည်စီးပွားရေး၏ အဓိကမောင်းနှင်အားကို ကိုယ်စားပြုသော Corporate Society ခေါ် စီးပွားရေးလုပ်ငန်းများ အစုအဖွဲ့ဖြစ်သည်ဟု ဆိုသည်။ ဆိုလိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခုတွင် Capacity Building စတင် အခြေတည်သောအခါ အဆိုပါ အပေါ်ဆုံးအလွှာမှ စတင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခုတွင် Capacity Building စတင် အခြေတည်လာသောအခါ အဆိုပါ အပေါ်ဆုံးအလွှာသည် Power Elites များအဖြစ် လူမှုအသိုက်အမြုံအတွင်း သဘောထားများကို ပုံဖော်ရန် ကြိုးစားလာကြသည်ကို တွေ့ရသည်။ အခြေခံအားဖြင့်လည်း စီးပွားရေးလုပ်ငန်းများသည် တဖြည်းဖြည်းအရွယ်အစားကြီးမားလာသောအခါတွင် ၎င်းတို့၏ စားသုံးသူများနှင့် ရေရှည်ဆက်ဆံရေးအတွက် PR ခေါ် လူထုသဘောထား ပုံဖော်ရသည့် အလုပ်မှာ လိုအပ်ချက်တစ်ခုလည်းဖြစ်ရာ ထိုတာဝန်ကို ထမ်းဆောင်လာကြသည်မှာ အဆန်းအပြားမဟုတ်ပေ။

ယနေ့ မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းနယ်ပယ်တွင် အဆိုပါ PR လှုပ်ရှားမှုများကို အရွယ်အစားအမျိုးမျိုးသော စီးပွားရေး

www.foreverspace.com.mm




လုပ်ငန်းအမျိုးမျိုးတို့က နည်းဗျူဟာအမျိုးမျိုးဖြင့် ပုံဖော်လာနေကြသည်ကို စတင်တွေ့မြင်နေရပြီ ဖြစ်ပါသည်။ စီးကရက်ကုမ္ပဏီများ၊ ဘီယာကုမ္ပဏီကြီးများက ပြုလုပ်သော Promotion များသည်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများက ဟိုတယ်ကြီးများတွင်ပြုလုပ်သော ပွဲလမ်းများသည်လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီများက သတင်းစာဆရာများကို ဖိတ်ကြား၍ သတင်းထုတ်ပြန်ပေးခြင်း၊ ကံစမ်းမဲများ နှိုက်ပေးစေခြင်း စသည်များမှာ PR နည်းနာများပင် ဖြစ်ပေသည်။ စားသုံးသူများ၊ ဖြန့်ချိသူများကို ပြည်ပသို့စေလွှတ်ခြင်း၊ ဗုဒ္ဓဂယာ ဘုရားဖူးစေလွှတ်ပေးခြင်း စသည်များသည် ပီပြင်သော လူထုသဘောထားပုံဖော်သည့် နည်းဗျူဟာများ မဟုတ်သေးသော်လည်း လူထုဆက်သွယ်ရေးယန္တရားများကို စတင်အသုံးပြုလာတတ်ပြီဆိုသောအချက်မှာ များစွာရှင်းလင်းပါသည်။ ထို့အပြင် ဇယား (၁) တွင် ဖော်ပြထားသော Down The Line အဆင့်ဆင့် ပုံဖော်သည့်လမ်းကြောင်းမှာလည်း သိသာထင်ရှားစပြုလာပြီဖြစ်သည်ကို တွေ့ရသည်။

၁၉၉၇ မတိုင်မီ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို growth first ပုံသဏ္ဍာန်ဖြင့် အကောင်အထည်ဖော်စဉ်က စီးကရက်ကုမ္ပဏီကြီးများ၊ ဘီယာကုမ္ပဏီကြီးများက အဆိုပါ PR အလုပ်ကို စနစ်တကျပြုလုပ်ခဲ့ကြပြီး အခုအခါ ထိုသို့သော လှုပ်ရှားမှုများကို မတွေ့ရတော့ဘဲ သမားရိုးကျပုံသဏ္ဍာန်များကိုသာ တွေ့ရပေသည်။

၃။

နိုင်ငံတကာတွင် ယခုကဲ့သို့ ကော်ပိုရေးရှင်းကြီးများက အသုံးပြုသော PR စနစ်သည် ဒေါ်လာသန်းပေါင်းများစွာ လှည့်ပတ်စီးဆင်းနေသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သီးခြားဖြစ်ထွန်းနေသည်ကို တွေ့ရသည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံတွင် ၁၉၂၀ ခန့်ကပင် PR လုပ်ငန်းများသည် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျသော လုပ်ငန်းတစ်ရပ်ဖြစ်နေပြီဟုဆိုသည်။ PR လုပ်ငန်းများ စနစ်တကျပေါ်ပေါက်လာရာတွင် သက်ဆိုင်ရာ ကော်ပိုရေးရှင်းကြီးများက ငှားရမ်းသော PR အလုပ်ကို လုပ်ဆောင်ပေးရန် ထူထောင်ထားသည့် PR ကုမ္ပဏီကြီးများလည်း ပေါ်ပေါက်လာကြသည်ကို တွေ့ရသည်။ ၎င်းတို့သည် သက်ဆိုင်ရာ ကော်ပိုရေးရှင်းကြီးများက ပြဋ္ဌာန်းပေးသော Specific Issue တစ်ခုခုအတွက် အတိအကျပြဋ္ဌာန်းထားသော ပစ်မှတ်များတွင် ပုံသဏ္ဍာန်တစ်ခု ပေါ်ပေါက်အောင် ဆောင်ကြဉ်းနိုင်စွမ်းရှိသူများဖြစ်ပြီး အမေရိကန်ဒေါ်လာသန်းနှင့်ချီ၍ ကျသင့်သည်ဟုဆိုသည်။

ကော်ပိုရေးရှင်းကြီးအချို့မှာမူ ၎င်းတို့၏ကိုယ်ပိုင်အဖွဲ့အစည်းဖြင့်ပင် အဆိုပါလူထုသဘောထားပုံဖော်သည့်အလုပ်ကို လုပ်ဆောင်ကြသည်။ ထိုသို့ သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုမှ သီးခြားဌာနတစ်ခုဖွဲ့စည်း၍ လူထုဆက်ဆံရေးပြုလုပ်ခြင်းကို Public Affairs ဟု ခေါ်သည်။ Public Relation ထက် တစ်ဆင့်နိမ့်သည်ဟု ပညာရပ်နယ်ပယ်တွင် သတ်မှတ်သည်။

မည်သို့ပင်ဖြစ်စေ ယခုကဲ့သို့ လူထုသဘောထားပုံဖော်သည့်လုပ်ငန်းကို များသောအားဖြင့် လူထုဆက်သွယ်ရေးကိရိယာဖြစ်သည့် သတင်းစာများကဲ့သို့ Mass Media များမှ အများဆုံးအကောင်အထည်ဖော်လေ့ရှိသည်မှာ နိုင်ငံတကာပုံသဏ္ဍာန်လည်းဖြစ်ပေသည်။

Public Relation ဖြစ်စေ၊ Public Affairs ဖြစ်စေ အဓိကမှာ လူထုထံနည်းအမျိုးမျိုးနှင့် ဆက်သွယ်၍ လူထု၏ သဘောထားကို ပုံဖော်ခြင်းမှာ အခြေခံသဘောတရားဖြစ်သည်။ များသောအားဖြင့် အထက်တွင် ဖော်ပြခဲ့သကဲ့သို့၊ သတင်းစာများကဲ့သို့ လူထုဆက်သွယ်ရေးယန္တရားပေါ်မှပင် အကောင်အထည်ဖော်ကြရခြင်းဖြစ်ရာ PR ကုမ္ပဏီကြီးများ၊ Public Affairs ဝန်ထမ်းကြီးများသည် သတင်းစာဆရာဟောင်းများဖြင့် ဖွဲ့စည်းထူထောင်ကြလေ့ရှိသည်ကို တွေ့ရသည်။

Public Affairs ဌာနများရှိ ပညာရှင်များ၏ အလုပ်မှာ သတင်းမီဒီယာအသီးသီးက ဖော်ပြကြသော မိမိတို့နှင့် သက်ဆိုင်သမျှကို စုစည်း၍ အဓိပ္ပာယ်ကောက်ယူကာ လိုအပ်သလို တုံ့ပြန်ပုံဖော်ရန် ကြိုးစားကြရလေ့ရှိသည်။

မြန်မာနိုင်ငံရှိ စီးပွားရေးအင်အားကြီးကုမ္ပဏီအနည်းငယ်

www.foreverspace.com.mm



တွင် ယခုကဲ့သို့ မီဒီယာများကိုစောင့်ကြည့်ရန် Public Affairs ဌာန သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးကို တာဝန်ပေးလုပ်ဆောင်ခဲ့သည်များကို တွေ့ခဲ့ရဖူးပါသည်။ ယခုအခါ မီဒီယာများမှ အစွမ်းမပြနိုင်သောကြောင့် စောင့်ကြည့်တုံ့ပြန်ရန် မလိုသလောက်ဖြစ်လာနေသည်ကို တွေ့ရသည်။

၄။

စီးပွားရေးစနစ်အင်အားတောင့်တင်းလာသောအခါ ယခုကဲ့သို့ လူထုသဘောထားပုံဖော်သည့်စနစ်မှာ များစွာ ရှင်းလင်းပြတ်သားသော အသွင်သဏ္ဍာန်တစ်ခုထံရောက်ရှိသွားသည်ဟု ဆိုသည်။ Power Elites များ ပိုပြင်အင်အားတောင့်တင်းလာပြီး တစ်စုတစ်စည်းတည်းဖြစ်ပေါ်လာသည့်သဘောလည်း ဖြစ်သည်။ သို့သော် ထိုအခြေအနေမျိုးတွင် မီဒီယာအင်အားကြီးများ၊ စီးပွားရေးနယ်ပယ်မှ အင်အားကြီးများ တစ်စုတစ်စည်းတည်း သို့မဟုတ် ပုံမှန်ကွန်ရက်သဖွယ်ဖြစ်သွားပြီး လူထုကိုစနစ်တကျ ဆက်သွယ်ပုံဖော်ကြလေ့ရှိသည်ကို တွေ့ရသည်။ အထက်တွင် Capacity Building ကို အစောဆုံး သဘောပေါက်ရရှိ၍ အစောဆုံး Make Sense ဖြစ်သူများဖြစ်၍ ၎င်းတို့အမြင်အရ လူအများစုသည် Economic Illiteracy ဖြစ်သည်ဟု ယူဆစရာဖြစ်လာတတ်ပေရာ ၎င်းတို့သည် သက်ဆိုင်ရာကော်ပိုရေးရှင်း၊ စီးပွားရေးလုပ်ငန်း၊ နယ်ပယ်ဆိုင်ရာအသင်းအဖွဲ့များအတွက် Public Relation , Public Affairs ပြုလုပ်ကြရုံသာမက နောက်တစ်ဆင့်တက်၍ လူထုကို စည်းရုံးပညာပေးရန်အထိ ကြိုးစားလာကြလေ့ရှိသည်ဟု ဆိုသည်။ တစ်ခါတစ်ရံ လူမှုရေးနယ်ပယ်ရှိ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ သဘာဝပတ်ဝန်းကျင် စသည်များအထိ ပညာပေးလာကြလေ့ရှိသည်ကို တွေ့ရသည်။ ၎င်းတို့က Policy Planing Network များမှတစ်ဆင့် သွင်းအားစုအဖြစ် သက်ဆိုင်ရာအစိုးရများထံ ပေးပို့ရန်ကြိုးစားသည့်သဘောတရားများကိုလည်း လူထုထံဆက်သွယ်ပေးပို့၍ လူထုသဘောထားအဖြစ်ပြန်လည်ထင်ဟပ်စေသည်အထိ အဆင့်ဆင့် ဖြစ်နိုင်ခြေရှိလာသည်ကို တွေ့ရသည်။

ဇယား (၁)တွင် မီဒီယာခေါ် လူထုဆက်သွယ်ရေး ယန္တရား၏အရေးပါသောအခန်းကဏ္ဍကို မြင်နိုင်ပါသည်။ စီးပွားရေးအင်အားကြီးနိုင်ငံကြီးများတွင် မီဒီယာများနှင့် အပေါ်ဆုံးအလွှာရှိ လူတန်းစားများ၊ စီးပွားရေးလုပ်ငန်းကြီးများ၏ ဆက်ဆံမှုသည် များစွာဆက်နွှယ်ပြီး တစ်သားတည်းဖြစ်လာလေ့ရှိသည်။ များသောအားဖြင့် အဆိုပါအလွှာသည် မီဒီယာလုပ်ငန်းကြီးများကိုလုပ်ကိုင်လာခြင်း၊ မီဒီယာလုပ်ငန်းရှင်များက Tycoon ခေါ် စီးပွားရေးလုပ်ငန်းရှင်ကြီးများအသွင်ဆောင်လာခြင်းများကြောင့် ဖြစ်သည်။ အပြန်အလှန်အချိတ်အဆက်အမျိုးမျိုး၊ ပတ်သက်မှုအမျိုးမျိုးရှိလာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးအင်အားကြီးနိုင်ငံများတွင် လူထုဆက်သွယ်ရေးယန္တရားအများစုသည် Corporate Society ကို ပိုမိုကိုယ်စားပြုသည်ဟု ဝေဖန်မှုများရှိသည်။ အခန်း(၂)တွင် ဖော်ပြထားသကဲ့သို့ မြန်မာနိုင်ငံတွင် ထိုသို့အခြေအနေမဟုတ်သေးသည်ကို တွေ့ရသည်။

သို့သော်လည်း မီဒီယာလုပ်ငန်းများတွင် ကျင့်ဝတ်လိုက်နာရလေ့ရှိသည့် Professional များစွာ ပါဝင်ပတ်သက်နေပေရာ စီးပွားရေးနယ်ပယ်မှ လူပုဂ္ဂိုလ်အဖွဲ့အစည်းများထက် ပိုမို၍ လွတ်လပ်မျှတသော အမြင်များရှိသည်ကိုလည်း တွေ့ရသည်။

၅။

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ လူထု၏ သဘောထားကို လူမှုအသိုက်အမြုံရှိ Power Elites ခေါ် အပေါ်ဆုံးအလွှာရှိ ပညာရည်မြင့်မားသူများက ဩဇာလွှမ်းမိုးလေ့ရှိသည်မှာ ဓမ္မတာပင်ဖြစ်သော်လည်း အခြေခံလူတန်းစားများ၊ လူလတ်တန်းစားများသည် အပြုခံသက်သက်မဟုတ်ကြောင်း သုတေသနရလဒ်များစွာတို့က ညွှန်ပြသည်။ ဆိုလိုသည်မှာ လူ့သဘောထားသည် လူထုသဘောထားသာ ဖြစ်နေသေးသည်ဆိုသော အချက်ပင်ဖြစ်သည်။ သိသာထင်ရှားသော ဥပမာတစ်ရပ်ကိုပြရပါလျှင် သမ္မတကလင်တန်၏ ပုဂ္ဂိုလ်ရေးကိစ္စတစ်ရပ်ကိုပင် ပြရပါလိမ့်မည်။ သမ္မတကလင်တန်နှင့် မော်နီကာလူဝင်စကီးတို့၏ ဇာတ်လမ်းပေါ်ပေါက်လာချိန်တွင် အမေရိကန်သတင်းစာ ၁၄၀ ခန့်က သမ္မတကလင်တန်ရာထူးမှ နုတ်ထွက်ရေးကို တွန်းအားပေး၍ ရှုထောင့်မျိုးစုံမှ ဖော်ပြခဲ့ကြသည်။ ပြည်သူလူထု သဘောထားစစ်တမ်းများအရ လူထုက သမ္မတ၏အပြုအမူကို သဘောမကျသည့်တိုင် ၎င်း၏စွမ်းဆောင်ရည်နှင့် ပုဂ္ဂိုလ်ရေးကိစ္စကို ခွဲခြားရှုမြင်ကာ လူထုဆက်သွယ်ရေးယန္တရားများက ပုံဖော်သည့် ရလဒ်နှင့် ဆန့်ကျင်၍ သမ္မတကလင်တန် သမ္မတအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပေးခဲ့ကြသည်။

မည်သို့ပင် စီးပွားရေးနယ်ပယ်ရှိ နည်းလမ်းမျိုးစုံကို အသုံးပြုကြသည့်တိုင် လူထု၏သဘောထားဟုဆိုသောကြောင့် လူ့အဖွဲ့အစည်းအတွင်းရှိ လူသားတိုင်းနှင့် တိုက်ရိုက်ဆက်ဆိုင်၍ တာဝန်ရှိသည့်ကိစ္စတစ်ရပ်ဖြစ်သည်ဆိုသောအချက်ကို သတိပြုသင့်ပါသည်။ ယေဘုယျဖြစ်လေ့ရှိသော ပုံသဏ္ဍာန်များကို ဖော်ပြရခြင်းမှာ လူ့အဖွဲ့အစည်း၏ သဘောထားကို မည်သူများက စိတ်ဝင်တစားပုံဖော်လေ့ရှိသည်၊ မည်သည့်နည်းလမ်းများဖြင့် ပုံဖော်လေ့ရှိသည် စသည်တို့ကို ရိပ်စားမိနိုင်စေရန် ဖြစ်ပါသည်။ အဓိကပြောလိုသောအချက်မှာ Capacity Building ကိုသာ ဂရုမပြုခဲ့မိပါက "အသိမဲ့အပြုခံ"အဖြစ်သို့ ရောက်ရှိသွားတတ်သည်ကို ဖော်ပြလိုရင်း ဖြစ်ပါသည်။

**အောင်ထွန်း**

■

www.foreverspace.com.mm





# နွေရာသီ သင်တန်းများ

**ကျော်နိုင်နှင့် အယ်ဒီတာအဖွဲ့**

**တစ်နှစ်ပတ်လုံးနီးပါး ကျောင်းသင်ခန်းစာများနှင့် မအားလပ်နိုင်အောင် လုံးထွေးနေခဲ့ရသော ကျောင်းသူကျောင်းသားများအဖို့ မိမိတို့ဝါသနာပါရာကို ထိမိဖိစီးစွာလုပ်ဆောင်နိုင်ရန် အချိန်အခါကောင်းမှာ နွေရာသီကျောင်းပိတ်ရက်များပင် ဖြစ်သည်။ ကျောင်းစာထူးချွန်၍ တစ်နှစ်တစ်တန်းအောင်မြင်ရုံမျှနှင့် ၎င်းတို့၏ဘဝအောင်မြင်သည်ဟုမဆိုနိုင်ဘဲ အရောင်စုံပန်းများရှိမှသာ ပန်းခင်း၏ သဘာဝပြည့်စုံသကဲ့သို့ ဘက်ပေါင်းစုံနှံ့စပ်သိမြင်တတ်မြောက်ထားမှသာ အောင်မြင်သည်ဟု ဆိုနိုင်သည်။ ထိုကဲ့သို့ အခွင့်အလမ်းများရရှိစေရန် ဖန်တီးပေးသည့်အရာကား Summer Course ခေါ် နွေရာသီကျောင်းပိတ်ရက်သင်တန်းများပင် ဖြစ်သည်။**

နွေရာသီသင်တန်းများသည် ကလေးငယ်များ၏ ဝါသနာနှင့် ပင်ကိုအရည်အသွေးများ ပေါ်ထွန်းလာစေရန် လမ်းကြောင်းတည့်မတ်ဖန်တီးပေးသည့်သင်တန်းများဟု ခေါ်ဆိုနိုင်သကဲ့သို့ ပုံမှန်စာသင်ကျောင်းများတွင် မရနိုင်သည့် ပညာနှင့်ပတ်ဝန်းကျင်ကို ရရှိစေသည့် သင်တန်းများဟုလည်း ဆိုနိုင်ပေသည်။ ဈေးကွက်၏ တောင်းဆိုမှုအရ တစ်နေ့တခြား ရေပန်းစားလာသော နွေရာသီသင်တန်းအသီးသီးအနက်မှ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်ဘာသာစကားသင်တန်း၊ ပန်းချီ၊ ဂီတနှင့် အနုပညာသင်တန်းနှင့်

www.foreverspace.com.mm



အားကစားသင်တန်းတို့မှာ အထင်ရှားဆုံးဖြစ်ကြသည်။

## ကွန်ပျူတာသင်တန်းများ

မြန်မာနိုင်ငံ၌ ကွန်ပျူတာနည်းပညာအသုံးပြုမှု တွင်ကျယ်လာသည့် ၁၉၉၀ ခုနှစ်နောက်ပိုင်းကာလများမှသည် နှစ်အတန်ကြာသည်အထိ ကွန်ပျူတာကို လူကြီးနှင့် လူငယ်လူရွယ်များကသာ စီးပွားရေး၊ ပညာရေး၊ ရုံးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများအတွက် အသုံးပြုခဲ့ကြပြီး ကလေးငယ်များအတွက် အသုံးပြုရန်မလိုအပ်ဟု ထင်မိခဲ့ကြသော်လည်း ယခုအခါတွင်မူ ယင်းကလေးငယ်များ၏ ပညာရေးနှင့် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်အရေးပါသည့် Tool တစ်ခုအဖြစ် သဘောပေါက်လက်ခံလာကြကာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြပြီ ဖြစ်သည်။ ထိုသို့ ကွန်ပျူတာနည်းပညာနှင့် ကလေးငယ်များ ထိတွေ့ယဉ်ပါးခွင့်ရရှိစေရန် ပေါင်းကူးပေးသည့် ကွန်ပျူတာသင်တန်းများမှ ကလေးများအတွက် ကွန်ပျူတာသင်တန်းများ (Computer for Kids) ၏ အခန်းကဏ္ဍသည် များစွာအရေးပါလှသည်။

"တစ်ချိန်တုန်းက ကွန်ပျူတာဆိုတာ ရုံးသုံး၊ ကျောင်းသုံး၊ Spread Sheet (Excel) နဲ့ Word Processing လောက်ပဲ သုံးတာဆိုတော့ ကလေးတွေအတွက် မလိုဘူးလို့ ထင်မိခဲ့ကြတယ်။ အခု ကလေးတွေရဲ့ Innovation နဲ့ Creativity ပြောင်းလဲတိုးတက်ဖို့က စွယ်စုံကျမ်းတွေ၊ စာအုပ်တွေဖတ်ရုံနဲ့မရတော့ဘူး။ ကွန်ပျူတာသုံးမှ ရတော့မယ်။ အထူးသဖြင့် အင်တာနက်ချိတ်ဆက်ထားတဲ့ ကွန်ပျူတာသုံးမှ ရတော့မယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က သုံးသပ်ပြောကြားသည်။

"ကွန်ပျူတာက ကလေးတွေရဲ့ Innovation နဲ့ Creativity ဖွံ့ဖြိုးတိုးတက်မှုမှာ မိဘတွေ ဆရာတွေက ဘောင်ခတ်ထားတာတွေကို ကျော်ဖြတ်နိုင်မယ့် Tool ဖြစ်နေပြီ။ ကွန်ပျူတာက ဘောင်မခတ်ထားဘူး။ သူ့ဘာသာသူ သင်ယူလေ့လာလို့ရတယ်" ဟု ၎င်းက ဆိုသည်။

တစ်ချိန်က တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ လူငယ်များနှင့် လူကြီးများအတွက်သာ ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာသင်တန်းများသည် ယခုအခါ ကလေးများ၏ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ယင်းတို့နှင့်သင့်လျော်မည့် သင်ခန်းစာနှင့်သင်ရိုးများကို ပြင်ဆင်ရေးဆွဲကာ Computer for Kids သင်တန်းများအဖြစ် စီစဉ်ဖွင့်လှစ်လာကြသည်။ သင်တန်းများ စတင်ဖွင့်လှစ်ခါစက ကလေးများအတွက် သီးခြားသတ်မှတ်ထားသည့် Course မရှိသေးဘဲ Windows အခြေခံ၊ Word၊ Excel အခြေခံ၊ Paint၊ Typing စသည်တို့ကိုသာ သင်ကြားပို့ချခဲ့သည်။ ယခုအခါတွင်မူ ပြောင်းလဲတိုးတက်လာသည့်နည်းပညာနှင့် ဈေးကွက်၏တောင်းဆိုမှုအရ သင်တန်းအချို့တွင် Graphic/Animation အခြေခံ၊ Internet/E-mail နှင့် Programming အခြေခံ စသည့် ဘာသာရပ်များကိုပင် ဖြည့်စွက်သင်ကြားနေကြပြီ ဖြစ်သည်။

"ကလေးတွေအဖို့ Business Application တွေ၊ Excel နဲ့ Word တွေ လိုချင်မှလိုမယ်။ သို့သော်လည်း ကွန်ပျူတာကို Literacy ဖြစ်အောင် သုံးတတ်ရမယ်။ ဂိမ်းကစားရင်လည်း ရတာပဲ။ ဂိမ်းကစားရင်းနဲ့ ဉာဏ်ရည်နဲ့ အင်္ဂလိပ်စာ တက်လာနိုင်တယ်။ သူ့ဘာသာသူလေ့လာတဲ့ Process ကို ကွန်ပျူတာကပေးတယ်။ သင်မှန်းမသိ သင်နေရတယ်။ တတ်မှန်းမသိ တတ်သွားရတယ်။ ကွန်ပျူတာနဲ့ အင်တာနက်က ဖြည့်စွမ်းပေးတယ်။ အဲဒါတွေကို Access လုပ်နိုင်ဖို့က သင်တန်းတွေက အရေးကြီးတယ်"ဟု ဦးသောင်းတင်က ၎င်း၏အမြင်ကို ပြောကြားသည်။

"အင်တာနက်ဆိုပြီး တက္ကသိုလ်ကဘွဲ့ရပြီး ဉာဏ်ရည်ကောင်းတဲ့သူတွေ၊ သင်္ချာနဲ့ အတွေးအခေါ်တော်တဲ့ ပညာရှင်တွေအတွက်လို့ မထင်လိုက်ပါနဲ့။ ကလေးတွေက သင်လို့အကောင်းဆုံးပဲ။ အခြေခံ ဘာမှမသိထားတော့ သိချင်တာကို ကောက်ရိုက်ပြီးရှာကြတာပဲ။ အခုခေတ် ကွန်ပျူတာသင်တန်းမှာ အင်တာနက်ပေးမသုံးနိုင်ဘူးဆိုရင် ဘာလုပ်မှာတုန်း။ Assignment လည်း လုပ်လို့ရသလို ဆရာသင်တာထက် ပိုပြီးလေ့လာလို့ရတယ်။ Web နဲ့ Searching တွေက ကလေးတွေအတွက် အသုံးကျလို့ အခုသင်တန်းတော်တော်များများမှာ ထည့်သွင်းသင်လာကြတယ်။ ကလေးက ကွန်ပျူတာကို တကယ်အသုံးချနိုင်ဖို့ အဲဒါလိုအပ်တယ်"ဟု ကွန်ပျူတာသင်တန်း တန်းခွဲအမြောက်အမြားဖွင့်လှစ်ထားသော KMD Computer Center မှ သင်တန်းနည်းပြတစ်ဦး

**ကလေးငယ်များ၏ ပင်ကိုယ်အရည်အသွေးနှင့် ဖန်တီးနိုင်မှုစွမ်းရည်ကို တိုးတက်စေသည့် သင်တန်းများဖြစ်သည်**



www.foreverspace.com.mm



က ဆိုသည်။ ၎င်းတို့၏ Summer Course ခေါ် Computer for Kids အစီအစဉ်တွင် ကလေးများ ကွန်ပျူတာဖြင့်စာစီစာရိုက်ခြင်း၊ စာရင်းဇယားများပြုလုပ်ခြင်းနှင့် ရုပ်ပုံများ ရေးဆွဲပြုလုပ်ခြင်းတို့ ပါဝင်သည့် Power Office၊ ကလေးငယ်များ ကိုယ်ပိုင်စိတ်ကူးဖြင့် ရုပ်ပုံများ၊ ဒီဇိုင်းများရေးဆွဲဖန်တီးတတ်စေမည့် Graphic Design၊ အင်တာနက်၊ E-mail အသုံးပြုတတ်စေရန်နှင့် ကိုယ်ပိုင် Webpage များ ရေးဆွဲတတ်စေမည့် Internet, E-mail and Web Design၊ NCC Education (UK) မှ ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများ ထည့်သွင်းသင်ကြားမည့် Computer Pioneer၊ Animation များဖန်တီးခြင်း၊ Video File နှင့် Special Effect များ ထည့်သွင်းခြင်းတို့ပါဝင်ပြီး Presentation ပြုလုပ်တတ်စေမည့် Multimedia Presentation နှင့် အခြေခံ Game Program များ ရေးဆွဲတတ်စေမည့် Programming Language ဟူ၍ သင်တန်းခြောက်မျိုးခွဲခြားကာ လက်ခံသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့သင်တန်းမှာတော့ ကလေးငယ်လေးတွေကို Paint, Typing, Microsoft Word, English & Maths နဲ့ Power point တွေကို သင်ပေးတယ်။ နည်းနည်းကြီးတဲ့အရွယ်ဆို Excel တို့ Word တို့ကို ပိုသင်ပေးတယ်။ ကလေးတွေက ဒါဆို ဒါပဲမှတ်ကြတော့ သင်ရပိုလွယ်တယ်။ လူကြီးတွေက အာရုံများတော့ သင်ရပိုခက်တယ်"ဟု ကလေးများ သင်ကြားရလွယ်ကူပုံနှင့် ပတ်သက်ပြီး AKG Computer Center မှ ဒေါ်သင်းပပမိုးက ရှင်းပြသည်။

"ကလေးတွေကိုသင်တဲ့အခါမှာ သင်တဲ့သူတွေဘက်က လိုတာတွေရှိသလို ကလေးတွေဘက်ကလည်း လိုတာတွေရှိတယ်။ ကလေးဆိုတာ သူတို့ဖြစ်ချင်တာ၊ လုပ်ချင်တာကို လုပ်နေကြတာ။ သူတို့ဖြစ်ချင်တာကို ဘာလုပ်ပေးမလဲဆိုတဲ့ သင်တန်းမျိုးလိုတာပေါ့။ ရုံးကိစ္စလုပ်စရာမလိုဘဲနဲ့ အရွယ်မရောက်သေးတဲ့ကလေးတွေကို Excel တို့၊ Word တို့၊ Powerpoint တို့ ဘာလို့သွားသင်မှာလဲ။ ကျွန်တော်တို့ဆီမှာ အခုအချိန်အထိ ကလေးတွေရဲ့ Course က သတ်သတ်မှတ်မှတ်မရှိသေးဘူး။ ကလေးတွေရဲ့ Course နဲ့ လူကြီး Course တွေက ရောနေတယ်"ဟု ကလေးများ၏ ကွန်ပျူတာသင်ရိုးများနှင့်စပ်လျဉ်းပြီး မန္တလေးမြို့ Alpha Info-Tech Co., Ltd. မှ ဦးရဲမြတ်သူက သုံးသပ်ပြောကြားသည်။

**ကလေးကွန်ပျူတာသင်တန်းကျောင်းတစ်ခုမြင်ကွင်း**



ကွန်ပျူတာသင်တန်းများ၏ သင်ကြားပို့ချမှုများသည် ကလေးများ ကွန်ပျူတာဘာသာရပ်ကို အဓိကဘာသာအဖြစ် အထူးပြုသင်ယူသွားရန်မဟုတ်ဘဲ ၎င်းတို့၏ အနာဂတ်အတွက် အသုံးချမည့်အရာ (Tool) တစ်ခုအဖြစ်သာ ရှုမြင်သင့်ကြောင်း ဦးသောင်းတင်က ဆိုသည်။

"အရင်တုန်းက Project ဆိုတာ တက္ကသိုလ်မှာပဲ လုပ်ကြရတာ။ အခုနိုင်ငံတကာမှာဆို ကလေးကွန်ပျူတာသင်တန်းတွေကို Project ချလုပ်ခိုင်းနေပြီ။ ကလေးတွေ ရှာတတ်ဖွေတတ်အောင်၊ ပိုပြီးနှံ့စပ်သိမြင်အောင် Project တွေ၊ Assignment တွေ၊ Home Work တွေကို ချပေးဖို့လိုတယ်"ဟု ၎င်းကအကြံပြုသည်။

"ကွန်ပျူတာသင်တန်းတွေမှာ ကလေးတွေကို Game မကစားနဲ့၊ Chatting မလုပ်နဲ့ဆိုတာမျိုးထက် သူတို့လိုချင်စိတ်၊ လုပ်ချင်စိတ်တစ်ခုခုရှိလာအောင် ပညာရေးကဏ္ဍမှာ အစားထိုးပြီး လုပ်ပေးတာမျိုးတို့၊ သူတို့စိတ်ပါဝင်စားမှုအလိုက် အဖွဲ့ကလေးတွေဖွဲ့ပြီး အချင်းချင်းတိုင်ပင်ဆွေးနွေးခိုင်းတာမျိုးတို့ စီစဉ်ပေးဖို့လိုတယ်။ သင်ရိုးတွေကို ဘာသာပြန်သင်ပေးတဲ့ပုံစံမျိုးနဲ့ကတော့ ကလေးတွေ စာသင်ချင်စိတ်ရှိမှာ မဟုတ်ဘူး။ ငါးနှစ်ခြောက်နှစ်သား ကလေးတစ်ယောက်ကို စာပိုဒ်ကြီးတစ်ပိုဒ်ရိုက်ခိုင်းတာမျိုးက သူ့ကိုသက်သက်ညှဉ်းဆဲတာပဲ။ နောက်ပိုင်းခေတ်စားလာတဲ့ Education နဲ့ Entertainment ပေါင်းစပ်ထားတဲ့ Edutainment ဆိုတဲ့ Program လေးတွေနဲ့ ဆွဲထုတ်ပြီး ကလေးတွေပျော်အောင် လုပ်ပေးသင့်တယ်။ ကလေးတွေကို ပျော်စရာမဖန်တီးပေးဘဲနဲ့တော့ သူတို့ဆီက စိတ်ဝင်စားမှုကို ရအောင်ယူလို့ရမှာမဟုတ်ဘူး"ဟု ဦးရဲမြတ်သူက ထောက်ပြပြောကြားသည်။

## အင်္ဂလိပ်ဘာသာစကားသင်တန်းများ

ဘာသာစကားမျိုးစုံအနက်မှ နိုင်ငံတကာသုံးဘာသာစကားဖြစ်သော အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားမှာ နယ်ပယ်အသီးသီးတွင် အသုံး

www.foreverspace.com.mm



တည့်နေသဖြင့် ယနေ့မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် အရှေ့တိုင်းဘာသာစကားများ ခေတ်စားလာနေသော်လည်း အင်္ဂလိပ်ဘာသာလေ့လာသူများအချိုးအဆမှာ မြင့်မားတိုးပွားလျက်ပင် ရှိနေသည်။ အင်္ဂလိပ်စာဆည်းပူးလေ့လာလို သူကျောင်းသားလူငယ်များအတွက် နွေရာသီအစမပျိုးမီကပင် သင်တန်းမျိုးစုံ၊ ကျောင်းမျိုးစုံက မီဒီယာအမျိုးမျိုးဖြင့် ကြော်ငြာပေးခြင်းကလည်း နွေရာသီအင်္ဂလိပ်စာသင်ကြားလိုသူများကို နိုးကြားတက်ကြွလာစေသည်။

ယခုအခါ နွေရာသီအင်္ဂလိပ်စာသင်တန်းများကို Summer English Courses အဖြစ် အင်္ဂလိပ်စာသီးသန့်ဦးစားပေးပြီး အခြား Learning Activities များနှင့် ပူးတွဲကာ ခေတ်မီမီ သင်ကြားပေးသော သင်တန်းများနှင့် Summer School ဟုခေါ်ဆိုပြီး အင်္ဂလိပ်ဘာသာစကားကိုအတန်းတွင်းပြောဆိုသုံးနှုန်းဆက်ဆံရာ ဘာသာစကားအဖြစ် အသုံးချပြီး နွေရာသီတွင် ကျောင်းသားများ နိုင်ငံတကာတွင် သင်ကြားနေကြသော အဆင့်မြင့်သင်ကြားသည့် ပုံစံများနှင့် အခြားသော Maths၊ Computer၊ Story Telling၊ TV Time၊ Music၊ Field Trips၊ Sports နှင့် Internet စသည်တို့ကို ကျောင်းသားများ၊ နိုင်ငံတကာကလေးငယ်များနှင့် ရင်ပေါင်တန်းနိုင်စေရန် ပူးတွဲသင်ကြားပေးသော အတန်းများဟူ၍ အမျိုးအစားနှစ်မျိုးခွဲခြားနိုင်သည်။ မည်သို့ပင်ဖြစ်စေ ယင်းနှစ်မျိုးစလုံးသည် အင်္ဂလိပ်စာကို အဓိကဦးစားပေးကြသည်ဖြစ်ရာ ယခင်လွန်ခဲ့သောအချိန်များကကဲ့သို့ အင်္ဂလိပ်စာဆိုလျှင် Speaking Class တက်သည်ဟု ခေါ်ဝေါ်ကြရာမှ ယခုကဲ့သို့ English 4 Skills စလုံးကို စနစ်တကျသင်ကြားပေးသဖြင့် အင်္ဂလိပ်စာ လေ့လာလိုသူကျောင်းသားများအတွက် အလွန်အသုံးတည့်ပေးသည်။

အဆိုပါ Summer School များနှင့် Summer English Courses အများစုသည် ပြည်တွင်း၌ နိုင်ငံတကာအဆင့်မီ ဖွင့်လှစ်ထားသည့် သင်တန်းကျောင်းအများစုမှ ဖွင့်လှစ်ကြခြင်းဖြစ်ပြီး အသက်အကန့်အသတ်မှာ သုံးနှစ်မှ ၁၅ နှစ်အရွယ်အတွင်း Level မျိုးစုံခွဲ၍ သင်ကြားပေးသည့်အပိုင်းနှင့် Adult သီးသန့်ဟူ၍ ထပ်မံနှစ်ပိုင်းခွဲခြားထားသည်ကို တွေ့ရသည်။ သို့ရာတွင် ၁၆ နှစ်နှင့်အထက် အင်္ဂလိပ်စာသင်တန်းများမှာ Adult သီးသန့် Summer English Courses ဖွင့်လှစ်သည့် အင်္ဂလိပ်စာသီးသန့်သင်တန်းများတွင်ရှိပြီး သုံးနှစ်မှ ၁၅ နှစ် ကလေးများအတွက်မှ အင်္ဂလိပ်စာသီးသန့် သို့မဟုတ် Summer School ကြိုက်နှစ်သက်ရာရွေးချယ်၍ အင်္ဂလိပ်စာသင်ယူနိုင်သည့် အခွင့်အရေးရှိသည်။

သင်တန်းများဖွင့်လှစ်ချိန်သည် နွေရာသီကျောင်းပိတ်ရက် မတ်လမှ မေလအထိဖြစ်ပြီး သက်ဆိုင်ရာကျောင်းအလိုက် အချိန်ပြည့် (Full Time)၊ အချိန်ပိုင်း (Part Time) နှင့် Weekend Courses ခေါ် စနေ၊ တနင်္ဂနွေ အချိန်ပိုင်းအတန်းများဟူ၍ ကြိုက်နှစ်သက်ရာ ရွေးချယ်တက်ရောက်နိုင်သည်။

ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် သင်တန်းခွဲလေးခု ဖွင့်လှစ်ထားသည့်အပြင် နွေရာသီ Sports School များပါ သီးသန့် ဖွင့်လှစ်ထားသည့် Horizon International Education Center ၏ Vice Principal Mr.Serkan Akar က ၎င်းတို့၏ Summer School မှာ ၈း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ နံနက်ပိုင်းအစီအစဉ်သာဖြစ်ကြောင်း၊ ၎င်းသင်တန်းသည် ကလေးများ၏ အင်္ဂလိပ်စာကို Polish လုပ်ပေးရန်ဖြစ်ကြောင်းနှင့် အင်္ဂလိပ်စာတိုးတက်လိုသူများအဖို့ အချိန်ပိုင်းတက်ရောက်ပြီး ကျန်သည့်အချိန်များတွင် အနားယူနိုင်ကြောင်း ပြောကြားသည်။

အချို့သော နွေရာသီတွင် စာမသင်ချင်ဟုငြင်းဆိုတတ်ကြသည့်ကလေးများအတွက်မှ ရန်ကုန်မြို့ အလုံလမ်းရှိ SILC (Summit International Learning Centre) မှ Principal ဒေါ်ဝင်းမေသန်းက ၁၃ နှစ်နှင့်အထက် ကလေးများနှင့်ပတ်သက်၍ "အဲလိုကလေးကျတော့ တစ်နေကုန်တက်မယ့်အစား Social Dealing က ပိုလိုလာပြီ။ အုပ်ထိန်းမှု Guidance အောက်မှာ နေဖို့က ခေတ်အရ သိပ်ပြီးတော့ မဖြစ်လာတော့ဘူး။ သူတို့ကို

**Native Speaker ဆရာ ဆရာမများက သင်ကြားပေးသည်**



www.foreverspace.com.mm

Part Time လေးတွေ၊ Short Course လေးတွေ၊ Summer Course ကြီးတစ်ခုလုံးမဟုတ်ဘဲနဲ့ Short Training Course တက်တာ အဆင်ပြေတာပေါ့။ ဒီလိုကလေးကို Persuade လုပ်ဖို့ မလွယ်ဘူး”ဟု ဆိုသည်။

ကျောင်း၏ School Calender ကို မြန်မာနိုင်ငံနှင့် ကိုက်ညီအောင်ရေးဆွဲထားပြီး ကလေးများ၏ ဦးနှောက်ကို မှန်မှန်အသုံးပြုတတ်စေရန် အမြဲလေ့ကျင့်ပေးနေသော၊ ခေတ်မီအဆင့်မြင့် Facilities များဖြင့် အင်္ဂလိပ်စာလေ့လာနိုင်သော ၁၉၉၅ ခုနှစ်ကတည်းက ပုံမှန်စာသင်နှစ်အတန်းများနှင့်အတူ နွေရာသီသင်တန်းများပါ ဖွင့်လှစ်ခဲ့သည့် ILBC သင်တန်းတွင်မူ စတင်ဖွင့်လှစ်ခဲ့သည့်အချိန်တွင် ကျောင်းသားဦးရေ ၄၀/၅၀ မှ ယခုအခါ နွေရာသီသင်တန်းများတွင် ဆယ်နှစ်တာခန့်ကာလအတွင်း ကျောင်းသား ၄၀၀/၅၀၀ ခန့်အထိ ဆယ်ဆမျှတိုးတက်လာသည်ကို ကြည့်ခြင်းအားဖြင့် မိဘများနှင့် ကျောင်းသားများပါ အင်္ဂလိပ်စာကို လိုလားကြသည်ကို သိရှိနိုင်သည်။

ထို့အပြင် အင်္ဂလိပ်စာနှင့် နိုင်ငံတကာပုံစံသင်ကြားရေးအစီအစဉ်များကိုတစ်နှစ်ပတ်လုံးမသင်ယူကြသော်လည်း နွေရာသီကာလတိုတွင် ဝင်ငွေအသင့်အတင့်ရှိ မိသားစုများမှာ ကလေးငယ်များ သင်ယူနိုင်လောက်သည့် လက်လှမ်းမီသည့် သင်တန်းကြေးများ စီစဉ်သတ်မှတ်ထားရှိသည့်အတွက် နွေရာသီ အင်္ဂလိပ်စာသင်ကျောင်းသားများ တိုးပွားလာကြခြင်းဖြစ်သည်။ မိဘများကလည်း မိမိတို့၏ကလေးများကို ရေရှည်အတွက်ကြည့်ကာ “နောက်ပိုင်းမှာ ကိုယ့်စီးပွားရေးက ဘာတွေဆက်လုပ်မယ်။ ဘယ်လိုတိုးချဲ့မလဲဆိုတာ အများကြီးရှိသေးတယ်။ ဒီလိုနိုင်ငံတကာအဆင့်မီကျောင်းတွေက သိပ္ပံလက်တွေ့လေ့ကျင့်ခန်းတွေက လက်တွေ့ကျကျ လုပ်ရတယ်ဆိုတော့ ကလေးတွေကို အဆင့်မြင့်မြင့်နဲ့ ခေတ်မီမီ တွေးတတ်၊ ပြောတတ်စေချင်တယ်။ သူတို့လည်း ကြီးလာတော့ နိုင်ငံတကာနဲ့ ဆက်သွယ်ရတဲ့အခါ အဆင်ပြေပြေဖြစ်စေချင်တယ်”ဟု မန္တလေးမြို့ ရတနာပုံဈေးကြီးမှ ပိုးကုန်သည်တစ်ဦးဖြစ်သူ ဒေါ်နေနွယ်ဦးက ၎င်း၏သမီးနှစ်ဦး အင်္ဂလိပ်စာလေ့လာမှုနှင့်ပတ်သက်၍ ရှင်းပြသည်။ ထို့ပြင် ၎င်းက “ကိုယ်လည်း တတ်နိုင်ရဲ့သားနဲ့ ကိုယ့်ကလေးတွေကို ဒီလိုလေ့လာသင်ကြားခွင့်ရတဲ့ အခွင့်အရေးမျိုးကို လက်မလွှတ်စေချင်ဘူး”ဟု ဖြည့်စွက်ပြောကြားသည်။

လေ့လာရေးခရီးများနှင့်အတူ အင်္ဂလိပ်စကားပြောကိုလေ့ကျင့်ပေးသည်



အဆိုပါ နိုင်ငံတကာသင်တန်းများတွင် သက်ဆိုင်ရာကျောင်းများအလိုက် သင်ကြားသည့်နည်းစနစ်နှင့် ကျောင်း၏စာသင်နှစ်သတ်မှတ်ချက်များလည်း အမျိုးမျိုးရှိကြသည်။ ILBC ကဲ့သို့ သင်တန်းအချို့မှာ နိုင်ငံတကာသင်ကြားမှုပုံစံကိုလေ့လာပြီး မြန်မာကလေးအတွက် သီးသန့်ပြုစုထားသော သင်ရိုးညွှန်းတမ်းအသုံးပြုကာ Native Speaker ဆရာများထားရှိသော်လည်း အင်္ဂလိပ်စာကျွမ်း ကျင်ပိုင်နိုင်သော မြန်မာဆရာများကို အားပြုသင်ကြားသည့် သင်တန်းများ၊ School Calender ကို မြန်မာစာသင်နှစ်နှင့်အညီ ရေးဆွဲထားသော်လည်း Native Speaker များအားပြုကာ Assistant Teacher များကိုသာ မြန်မာဆရာများဖြင့်အားဖြည့်သင်ကြားပေးသည့် British နှင့် American System ကို ပေါင်းစပ်ပြီး သင်ကြားသည့် Horizon ကဲ့သို့သော Summer School နှင့် အင်္ဂလိပ်စာ Grammer ကို ယခုကတည်းက စနစ်တကျသင်ကြားပေးကာ British System က မြန်မာများနှင့် ရင်းနှီးပြီးလည်းဖြစ်၍ ယင်းစနစ်ဖြင့် သင်ကြားသည်ဟုဆိုသော SILC ကဲ့သို့ သင်တန်းများစသဖြင့် အမျိုးမျိုးသောစနစ်များ ကွဲပြားလျက်ရှိနေကြသည်။

စနစ်အမျိုးမျိုးဖြင့် သင်ကြားနေကြသော်လည်း ယင်း Summer School သင်တန်းများသည် ကလေးများအား ခေတ်မီသင်ကြားမှုပုံစံများဖြင့် အင်္ဂလိပ်စာကိုအသုံးပြုကာ Mental Maths၊ Logic Masters စသည့် ကျိုးကြောင်းပြဆင်ခြင်နိုင်သည့် စနစ်များ၊ Art၊ Music and Dance၊ Role Play၊ TV Time စသည့် အနုပညာနှင့် ကူညီဖေးမသင်ကြားသော သင်ရိုးညွှန်းတမ်းများ အသုံးပြုကာ ကလေးများအား အတန်းတွင်း ပြဇာတ်ငယ် ကလေးများ လေ့ကျင့်ရခြင်း၊ သင်တန်းဆင်းပွဲတွင် ပြဇာတ်ကလေးများ စီစဉ်ပေးခြင်းဖြင့် ကလေးများအား ပူးပေါင်းပါဝင်တတ်မှုစွမ်းရည်များရရှိစေခြင်း၊ ကလေးများနှင့်သင့်တော်သော TV အစီအစဉ်များပြသပေးခြင်းဖြင့် ကလေးများအား Learning ကို အလွယ်တကူဖြင့် စာကို

www.foreverspace.com.mm



အလွတ်မကျက်မှတ်စေဘဲ နောက်တစ်နေ့တွင် သင်ကြားမည့်သင်ခန်းစာနှင့် သက်ဆိုင်ရာ စကားလုံးများကို ယနေ့ကြိုတင်သင်ကြားပေးထားကာ ကလေးများ နောက်တစ်နေ့တွင် အလွယ်တကူသင်ယူနိုင်သည့် နည်းစနစ်များ၊ ကလေးများအတွက် Library များထားရှိပေးပြီး ကိုယ်တိုင်လေ့လာသင်ယူစေခြင်းဖြင့် Self Access လုပ်တတ်သည့် အလေ့အကျင့်ကောင်းကို ပိုင်ဆိုင်စေခြင်းတို့အပြင် ရေကူးကဲ့သို့ အားကစားသင်ခန်းစာများကို သင်ကြားပေးခြင်းဖြင့် အားကစားပြုလုပ်ရင်း အင်္ဂလိပ်စာသင်ကြားနိုင်ခြင်း၊ Outings နှင့် Field Trips ကဲ့သို့ ပြတိုက်များ၊ စက်ရုံများ၊ တိရစ္ဆာန်ဥယျာဉ်၊ ပတ်ဝန်းကျင်လေ့လာရေးခရီးစဉ်များ စီစဉ်ထားပြီး ကလေးများအား ဗဟုသုတနှင့် လူမှုဆက်ဆံရေးစနစ်များကို အင်္ဂလိပ်စာလေ့လာသင်ကြားခြင်းနှင့်အတူ တစ်ခါတည်း ရရှိသွားနိုင်စေသည်။ ပြည်လမ်းရှိ Total Summer School ကမူ Inland နှင့် Overseas Trips ပင် ရှိသည်ဟု ၎င်းသင်တန်း၏ လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။



အားကစားလုပ်ရှားမှုကိုပါ ထည့်သွင်းသင်ကြားပေးသည်ဟု ဆိုသည်

ယခုကဲ့သို့ နွေရာသီသင်တန်းများတွင်ကျယ်လာချိန်တွင် အမျိုးမျိုးသော အယူအဆများရှိနေကြသော်လည်း ILBC မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်းက "ဦးနှောက်ကို မှန်မှန်ကန်ကန်အသုံးချနိုင်အောင် လေ့ကျင့်ပေးတဲ့ဖြစ်စဉ်က ပညာရေးပဲလို့ ကျွန်တော်တို့က မြင်တယ်"ဟု ILBC ၏ ပညာရေးအမြင်ကို ပြောပြသည်။ ၎င်းက ဆက်လက်၍ "နားသင့်တဲ့အခါနား၊ စနေ၊ တနင်္ဂနွေအတန်းမရှိဘူး။ နားလို့ရတယ်"ဟူ၍ စာကိုအလွတ်ကျက်ခြင်း အားမပေးဘဲ ဦးနှောက်ကို မှန်မှန်လေးသုံးတတ်ရန် လေ့ကျင့်မှုသည် အရေးကြီးပုံကို အလေးပေးပြောကြားခဲ့သည်။

နွေရာသီဘာသာစကားသင်ကြားရေးတွင် နှစ်ပေါင်းများစွာ ကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့သော အသက် ၅၃ နှစ်အရွယ် အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်ပြီး သားသမီးသုံးဦး၏ မိခင်ဖြစ်သူ ဒေါ်မြတ်မြတ်အောင်က "ပညာရေးကို အားပေးတဲ့မိဘပေမယ့် နွေရာသီလိုမျိုးမှာတော့ သူတို့ကို အရမ်းကြီးမတင်းကျပ်ထားဘူး။ အားကစားသန်တဲ့သူ အားကစား၊ အိမ်က မိဘကိုယ်တိုင်တောင် Transport လုပ်ပေးသေးတယ်။ Language ဆိုလည်း Language ပေါ့။ အဲဒီမှာ Language ကို ဖိဖိစီးစီးလုပ်ခဲ့တဲ့သူနဲ့ မလုပ်ခဲ့တဲ့သူနဲ့ သူတို့ တက္ကသိုလ်ရောက်သွားတဲ့အခါနဲ့ ဘွဲ့ရပြီးသွားတဲ့အခါ သိသိသာသာ ကွာသွားတာပဲ။ အဲဒါကြောင့် ကလေးတွေငယ်သေးလို့ အဆော့မက်နေတယ်ဆိုရင်တောင် Part Time လေးဖြစ်ဖြစ်တော့ အင်္ဂလိပ်စာလိုမျိုး နိုင်ငံတကာသုံးဘာသာစကားမျိုးကို သင်ချင်လာအောင် မိဘကနည်းနည်းတော့ Control လုပ်ပေးသင့်တယ်"ဟု ၎င်း၏အတွေ့အကြုံကို ရှင်းပြသည်။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆက်သွယ်လုပ်ကိုင်နေရသော ယခုကဲ့သို့ Global ကာလကြီးတွင် ဘာသာစကားတစ်ခုတည်းနှင့် မလုံလောက်တော့ခြင်း၊ အင်္ဂလိပ်ဘာသာကို နိုင်ငံတကာသုံးဘာသာအဖြစ် တွင်ကျယ်စွာ အသုံးပြုနေရသေးခြင်း၊ ထို့ပြင် ပြည်တွင်း၌ပင် အင်္ဂလိပ်စာကို ကျောင်းသုံးဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းပြဋ္ဌာန်းထားပြီး ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ နာမည်ကျော်တက္ကသိုလ်ကြီးများအပါအဝင် နိုင်ငံတကာတက္ကသိုလ်များ၏ ဝင်ခွင့်များတွင် အင်္ဂလိပ်စာကို အတန်းတွင်းပြောဆိုဆက်သွယ်ရာ ဘာသာစကား (Medium of Instruction) အဖြစ် အသုံးပြုခဲ့မှုကို အရေးတကြီး ထည့်သွင်းတောင်းဆိုတတ်ပြီး ထိုကဲ့သို့ အသုံးမပြုခဲ့သောသူများအား IELTS နှင့် TOEFL ကဲ့သို့ အင်္ဂလိပ်စာအရည်အချင်းစစ်လက်မှတ်များ သီးသန့်တောင်းဆိုတတ်သဖြင့် နယ်ပယ်စုံတွင် လွှမ်းမိုးထားသော အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် မြန်မာကလေးငယ်များအနေဖြင့် ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။

## ပန်းချီ၊ ဂီတနှင့် အနုပညာသင်တန်းများ

နွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးများအတွက် နလုံးရည်ကွန့်မြူးစေသောသင်တန်းများပင် ဖြစ်သည်။

ထိုကာလတွင် သင်ကြားနိုင်သော သင်တန်းများစွာပေါ်ပေါက်နေပေရာ မှတ်ဉာဏ်စွမ်းရည်ကို ဦးစားပေးအသုံးပြုရသော ပညာရေးဆိုင်ရာသင်တန်းများအပြင် နလုံးရည်ကွန့်မြူးစေသော

www.foreverspace.com.mm



သင်တန်းများလည်း ပါဝင်သည်။ အောင်မြင်သော လူကြီးတစ်ယောက်ဖြစ်လာစေရန် ကလေးတစ်ယောက်၏ စိတ်နှလုံးကို ကောင်းစွာ ဆောက်တည်ပေးရန်လိုအပ်ရာယဉ်ကျေးသိမ်မွေ့သော စိတ်ဖြစ်ထွန်းစေသည့် ခံစားချက်ကို ဖွင့်ထုတ်နိုင်သည့် တီထွင်နိုင်စွမ်း မြင့်တက်လာစေမည့်အနုပညာဆိုင်ရာသင်တန်းကျောင်းများသို့ ကလေးများကို ပို့လွှတ်တက်ရောက်စေသင့်ပါသည်။ ယင်းတို့မှာ ပန်းချီနှင့်ဂီတသင်တန်းကျောင်းများပင် ဖြစ်သည်။

ယင်းသင်တန်းကျောင်းများတွင် မည်သည့်သင်တန်းတွင်မဆို မိဘများက ပို့လွှတ်၍ တက်ရောက်သင်ကြားသောကျောင်းသားများရှိသကဲ့သို့ ကလေးများကိုယ်တိုင်တောင်းဆိုမှုဖြင့်ရောက်ရှိလာသော ကျောင်းသားများလည်းရှိသည်ဟု ပန်းချီနှင့်ဂီတသင်တန်းကျောင်းဖွင့်လှစ်ထားသူများက ဆိုပါသည်။မည်သို့ပင်ဖြစ်စေ တက်ရောက်သင်ကြားသူများမှာ ငယ်ရွယ်သူကလေးများဖြစ်သဖြင့် ပို့လွှတ်သင်ကြားစေသူ မိဘများအနေဖြင့် သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများကို တည့်မတ်မှန်ကန်စွာ သဘောပေါက်ထားရန် လိုအပ်ပါသည်။ ပန်းချီသင်တန်းနှင့်ပတ်သက်၍ ကလေးပန်းချီသင်တန်း ဖွင့်လှစ်ပို့ချနေသူ ဒေါ်ချောအိသိမ်းက "မိဘတွေကို Art Education နဲ့ပတ်သက်ပြီး သိစေချင်တယ်၊ တတ်စေချင်တယ်။ တစ်ခါတလေ ပြဿနာရှိတာက မိဘတွေနဲ့ နားလည်မှုလွဲတာမျိုး ရှိတယ်။ မိဘတွေက ဆုရစေချင်တဲ့စိတ်နဲ့ လာအပ်တာမျိုးပေါ့။ ပုံစံထုတ်ပေးစေချင်ကြတယ်။ ကလေးကို ပြိုင်ပွဲဝင်နိုင်အောင် သင်ပေးမယ်။ ကိုယ့်အားကိုယ်ကိုးတဲ့စိတ်၊ ကိုယ့်ဘာသာပုံစံထုတ်နိုင်ဖို့ သင်ပေးမယ်ဆိုတာ အတတ်နိုင်ဆုံးတော့ ရှင်းပြရတာပေါ့"ဟူ၍ ၎င်း၏အတွေ့အကြုံ



**ဂီတမိတ် Music Center အဆိုသင်တန်းတစ်ခု**

ကို ပြောကြားသည်။ ထို့ပြင် ကလေးမိဘများသည် ယခင်က ကလေးပန်းချီကို များစွာစိတ်မဝင်စားခဲ့ဘဲ ပြပွဲ၊ ပြိုင်ပွဲများအတွက်သာ ဦးတည်၍ လာရောက်အပ်နှံကြပြီး ယခုအခါတွင်မူ စိတ်ဝင်စားမှုများပြားလာသည်ဟု ဆိုသည်။ "ကလေးတွေ ပန်းချီသင်မှဖြစ်မယ်ဆိုတဲ့ အသိမျိုးရှိလာတဲ့ မိဘတွေ အရင်ထက် များလာတယ်။ နည်းတော့နည်းနေသေးတယ်"ဟု ၎င်းက မှတ်ချက်ချသည်။

၎င်းဖွင့်လှစ်သင်ကြားပေးနေသော Sunflower Art School သည် ၁၉၉၄ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နွေရာသီကာလများဖြစ်သော မတ်၊ ဧပြီနှင့် မေလများတွင် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် ပို့ချပေးလျက်ရှိကာ တစ်နှစ်ပတ်လုံးသင်ကြားသော ပုံမှန်သင်တန်းများကိုမူ စနေ၊ တနင်္ဂနွေနေ့များတွင် တစ်ရက်လျှင် နှစ်တန်းခွဲ၍ ပို့ချပေးလျက်ရှိသည်။ ပန်းချီဆရာမ ဒေါ်ချောအိသိမ်းက ပန်းချီဆွဲခြင်းသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာကို များစွာအကျိုးပြုကြောင်း၊ ကျောင်းသင်ဘာသာရပ်များအပြင် ခေတ်၏တောင်းဆိုမှုများကြောင့် Stress လွန်စွာများကြောင်း ပြောကြားသည်။ ထို့ပြင် ၎င်းက ကလေးများပန်းချီဆွဲခြင်းနှင့်ပတ်သက်၍ ယခုကဲ့သို့ ဆိုပါသည်။ "ပန်းချီဆွဲရင်းနဲ့ Project လေးတွေ လုပ်ရင်းနဲ့ ပြဿနာဖြေရှင်းတတ်သွားတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ ရသွားတယ်။ ပြဿနာဖြေရှင်းတတ်သွားတယ်၊ ကောင်းတဲ့အချက်တွေ အများကြီးပါ"

ဂီတသင်တန်းကျောင်းတစ်ခုဖြစ်သော Art Music Academy ဖွင့်လှစ်ထားသူ ကိုဒူးက ဂီတသင်တန်းများတွင် လာရောက်သင်ယူသူများသည် မိမိဖြစ်လိုသော အမျိုးအစားတစ်ခုကို ရည်ရွယ်တက်ရောက်ရာမှ အခြားသော အားသန်ရာတစ်ခုကို သိမြင်သွားခြင်းမျိုးရှိသည်ဟု ဆိုသည်။ သို့ဖြစ်ရာ နွေရာသီကျောင်းပိတ်ရက်တွင် သင်တန်းတက်ရောက်ရာမှ ၎င်းတို့၏ ၎င်းတို့၏ ငုတ်ဗီဇများလည်း ပေါ်ပေါက်လာနိုင်ပါသည်။ ဂီတသင်ကြားခြင်းနှင့်ပတ်သက်၍ ကိုဒူးက "Music Education က Professional ဖြစ်ဖို့ထက် ဖန်တီးတဲ့စွမ်းရည်ရှိဖို့ပါ"ဟု ဆိုသည်။ ယင်းသင်တန်းတွင် နွေရာသီကာလ သင်တန်းများကို တစ်ပတ်လျှင် ၆ ရက်ဖွင့်လှစ်ထားပြီး နံနက် ၈ နာရီမှ ည ၇ နာရီအတွင်း ကြိုက်ရာအချိန်ကိုယူ၍ တနင်္ဂနွေနေ့မှအပ အခြားရက်များတွင် သင်ကြားနိုင်မည်ဖြစ်သည်။ ယင်းသင်တန်းတွင် မြန်မာ့ရိုးရာ တူရိယာများအပါအဝင် ဂစ်တာ၊ စန္ဒရား၊ ဒရမ်၊ ဗုံ၊ အဆို စသည်တို့ကို သင်ကြားနိုင်မည်

www.foreverspace.com.mm



ဖြစ်သည်။ ကလေးများသည် ဂီတသင်ကြားရာတွင် ပိုမိုတတ်မြောက်ကြကြောင်း၊ အသက်အငယ်ဆုံးအဖြစ် လေးနှစ်အရွယ်တစ်ဦး သင်ကြားနေပြီး အသက် ၆၀ ခန့် သင်တန်းသားတစ်ဦးသည်လည်း ၎င်း၏ မိသားစုတွင်းရှိ ကျူရှင်များဖြင့် ပိတ်မိနေ သော ကလေးငယ်ကို အိမ်တွင် ပြန်လည် သင်ကြားပေးရေးအတွက် လာရောက်သင်ယူနေကြောင်း ကိုဒူးက ဆိုပါသည်။

၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ဂီတမိတ် Music Center သည်လည်း နွေရာသီသုံးလအတွင်း တက်ရောက်နိုင်မည့် ဂီတသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ရာ အသက်ခြောက်နှစ်နှင့်အထက် မည်သူမဆို တက်ရောက်သင်ကြားနိုင်ပါလိမ့်ဦးမည်။ ယင်းကာလအတွင်း စန္ဒရား၊ တယော၊ ဂစ်တာ၊ ဒရမ်၊ မြန်မာ့စောင်းနှင့် အဆိုသင်တန်း စသည်တို့ကို တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်း၊ တူရိယာတီးသင်တန်းသက်သက်မဟုတ်ဘဲ Choir ၊ Sight Singing စသည်တို့အားလုံးပါဝင်ရန် စီစဉ်ထားကြောင်း ယင်းသင်တန်းကျောင်းမှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးမိုးနိုင်က ပြောကြားသည်။ ယင်းနွေရာသီသင်တန်းတွင် တူရိယာပစ္စည်းများ တီးခတ်နိုင်ရုံမျှမက ဂီတသင်္ကေတများနှင့် ဂီတပညာများကိုပါ သိရှိနိုင်မည်ဖြစ်ရာ ကျောင်းသားလူငယ်တို့အတွက် ဂီတအသိပညာတိုးစေသော သင်တန်းတစ်ခု ဖြစ်နိုင်ပါသည်။



ကလေးများကို ပြိုင်ပွဲဝင်နိုင်သည်အထိ သင်ကြားပေးမည်ဟုဆိုသည်

နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများအတွက် ကျောင်းသင်ခန်းစာကဲ့သို့ သင်တန်းများ သင်ကြားစေရန်သာ အာရုံမထားဘဲ ကလေးများ၏ ဖန်တီးနိုင်မှုစွမ်းရည်နှင့်ပါရမီကို ဖော်ထုတ်နိုင်သော ထင်မှတ်မထားသည့်စွမ်းရည်တို့ ပေါ်ထွက်လာနိုင်သော ပန်းချီနှင့် ဂီတသင်တန်းများသို့ ပို့လွှတ်သင်ကြားစေသင့်ပါသည်။

## အားကစားသင်တန်းများ

နွေရာသီအားလပ်ချိန်သည် ကျောင်းသင်ခန်းစာများဖိစီးမှု၏ ခဏတာလွတ်မြောက်ရာ အချိန်ကာလဖြစ်သဖြင့် နေရပ်ပြန်ခြင်း၊ ဆွေမျိုးသားချင်းတို့ထံ သွားလာလည်ပတ်ခြင်း၊ မိမိဝန်းကျင်မှ အခြားတစ်နေရာသို့ အပန်းဖြေခရီးထွက်ခြင်းဖြင့် ဒေသန္တရ ဗဟုသုတများရရှိနိုင်သကဲ့သို့ ဝါသနာပါရာ သင်တန်းတစ်ခုခုကို တက်ရောက်ခြင်းဖြင့် ပညာရပ်ဆိုင်ရာဗဟုသုတများ တိုးပွားစေနိုင်သည့်အပြင် နွေရာသီအတွက် ဖွင့်လှစ်သည့် အားကစားသင်တန်းများသို့ သွားရောက်၍ မိမိနှစ်သက်ရာအားကစားတစ်ခုခုကို လေ့ကျင့်ခြင်းဖြင့်လည်း ဗလငါးတန်ဖွံ့ဖြိုးရေးတွင် ပဓာနကျသော ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှုကို ထောက်ကူမှုပြုပေးနိုင်ပေသည်။

အားကစားဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်အသီးသီးတို့ပူးပေါင်း၍ မတ်လ ၁၄ ရက်မှ ဧပြီလ ၁၁ ရက်နေ့အထိ နွေရာသီအခြေခံအားကစားသင်တန်းအမျိုးအစားပေါင်း ၃၀ ကို နေရာအသီးသီးခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝါသနာပါသူများ ဆက်လက်လေ့လာလိုက်စားနိုင်ရန် အဆင့်မြင့်သင်တန်းကို ဧပြီလ ၁၈ ရက်မှ မေလ ၁၇ ရက်နေ့အထိ ထပ်မံဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာန လူထုပညာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်စိုးက ပြောကြားသည်။

ဤနွေရာသီသင်တန်းများဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ လူငယ်များ မိမိတို့စိတ်ပါဝင်စားသည့် အားကစားတစ်ခုခုကို လေ့လာလိုက်စားခြင်းဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ ကုန်ဆုံးစေမည်ဖြစ်ပြီး အပျော်တမ်းကစားသူများအနေဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုကိုရရှိစေခြင်း၊ မိဘများအနေဖြင့်လည်း မိမိတို့၏ကလေးများ အခြားလမ်းလွဲသို့ ရောက်ရှိသွားနိုင်မှုကို အားကစားဖြင့် ထိန်းမတ်ပေးထားနိုင်ခြင်းနှင့် အခြေခံသင်တန်းမှ တစ်ဆင့် သက်ဆိုင်ရာအားကစားတွင် ဝါသနာပါသွားသူများကိုလည်း နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားအဖြစ် ဖြစ်ထွန်း

www.foreverspace.com.mm



ပေါ်ပေါက်စေနိုင်ခြင်းတို့ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းသင်တန်းများကို ၂၀၀၅ ခုနှစ်တွင် အမျိုးအစား ၂၇ ခုခန့်သာ ဖွင့်လှစ်နိုင်ခဲ့ကာ ယခုနှစ်တွင် ခရစ်ကတ်နှင့် ဘော့စ်ဘောနှစ်မျိုးကို ထပ်မံထည့်သွင်း၍ အမျိုးအစားပေါင်း ၃၀ ခု ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းများတွင် ဘောလုံး၊ ဂူရှူး၊ ကရာတေးဒိုနှင့် ရေကူးတို့တွင် တက်ရောက်သူများပြား ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရှိရသည်။

နွေရာသီသင်တန်းတွင် ကလေးများ များပြားပြီး ၎င်းတို့၏မိဘများကိုယ်တိုင် လာရောက်အပ်နှံပေးကြကြောင်း၊ နွေရာသီပြီး၍ ကျောင်းပြန်တက်ရန် ကလေးများပြန်သွားသော် လည်း အရွယ်အနေတော်များ (အသက် ၁၆၊ ၁၇၊ ၁၈ နှစ်ဝန်းကျင်) မှ ဝါသနာပါသူများ ကျန်ရစ်ခဲ့၍ ထိုသူများကို စိတ်ကြိုက် သင်ပေးနိုင်ကြောင်း၊ အားကစား၌ မည်သည့်အားကစားပင်ဖြစ်စေ အခြေခံသည် အရေးအကြီးဆုံးဖြစ်ကြောင်းနှင့် ယခုကဲ့သို့ နွေရာသီသင်တန်းများမှနေ၍ သုံး၊ လေးနှစ်အတွင်း လက်ရွေးစင်အထိ ရောက်ရှိသွားပြီး ကလပ်အသင်းနှင့် အသင်းကြီးများသို့ပါ ရောက်ရှိသွားသူများ ပေါ်ထွက်ခဲ့ကြောင်း သုဝဏ္ဏဘောလုံး လေ့ကျင့်ရေးစခန်းမှ နည်းပြ ဦးနေဝင်းက ပြောကြားသည်။

U-17 သို့ရောက်ပြီး လက်ရွေးစင်များဖြစ်ကြသည့် လှအေးထွေး၊ ကျော်စွာဝင်း၊ ရာဇာဝင်းသိန်း(စီး/ ပွားကူးသန်း)၊ အာကာဇော်(တံခွန်)၊ တင့်ဇော်ထိုက်၊ ကျော်ဇင်ထက် [U-20 ဆောက်လုပ်ရေး(ဂိုး)]၊ ကျော်စွာဦး(တံခွန်)တို့အပြင် ယခုလောလောဆယ် အသက် ၁၇ နှစ်အောက် လက်ရွေးစင်တွင် ရောက်ရှိနေသော သန်းထွန်းအောင်၊ ဇင်မျိုးအောင်၊ နိုင်လင်းထွန်းနှင့် ဇင်ဘိုဘိုနိုင် စသည်တို့မှာ နွေရာသီသင်တန်းများမှသည် လက်ရွေးစင်အထိ ထွန်းပေါက်အောင်မြင်ခဲ့ကြကြောင်း နည်းပြ ဦးနေဝင်းက ပြောကြားသည်။

သို့ဖြစ်ရာ အဆိုပါနွေရာသီသင်တန်းများသည် နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်များထွက်ရှိစေရန် များစွာအထောက်အကူပြုလျက်ရှိသည်။ ဂူရှူးအားကစားမယ် ခိုင်ခိုင်မော်၊ ခိုင်ဇင်ဝင်း စသူတို့မှာလည်း ယင်းသင်တန်းများမှပင် ထွန်းပေါက်ပေါ်ထွက်ခဲ့ကြသည်ဟု အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရှိရသည်။

ထို့အတူပင် နွေရာသီသင်တန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရေကူးသင်တန်းမှာလည်း လူငယ်များ စိတ်ဝင်တစားတက်ရောက်ကြသည့်သင်တန်းတစ်ခု ဖြစ်ပေသည်။ အများစုမှာ ဝါသနာပါ၍ လာရောက်တက်ကြခြင်းဖြစ်ပြီး သူငယ်ချင်းများ၊ မိဘများတိုက်တွန်း၍ လာတက်ရောက်သူများလည်းရှိကြောင်း၊ ရေကူးသင်တန်းတက်ရောက်ခြင်းဖြင့် ရေကူးအတတ်ပညာတစ်ခု တတ်မြောက်သွားခြင်း၊ မိဘအုပ်ထိန်းသူများမှလည်း အားကစားဖြင့် မိမိသားသမီးကို ထိန်းသိမ်းသွားနိုင်ခြင်း၊ ကြံ့ခိုင်မှုရှိခြင်း၊ သက်လုံကောင်းခြင်း စသည်ဖြင့် အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်ကြောင်း ကုက္ကိုင်းရေကူးအသင်းမှ ဒု-ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်က ပြောကြားသည်။

ရေကူးအားကစားသင်တန်းများကို ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာ တတ်မြောက်စေရန်၊ ရေကူးတတ်မြောက်ခြင်းဖြင့် မိမိအသက်အန္တရာယ်ကို ကာကွယ်နိုင်သည့်အပြင် သူတစ်ပါးအသက်ကိုလည်း ကယ်တင်နိုင်စေရန်၊ မျိုးဆက်သစ်ရေကူးသမားများ ပေါ်ထွက်လာစေရန် စသည့် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ နွေရာသီအားကစားသင်တန်းများမှ ထူးချွန်သောလူငယ်များကိုရရှိ၍ မြန်မာ့လက်ရွေးစင်အထိ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း အမျိုးသားရေကူးကန်မှ အတွင်းရေးမှူး ဦးကျော်ဆင့်က ပြောကြားသည်။

သင်တန်းသို့ လူငယ်လူရွယ်များ လာရောက်သင်ကြားမှုကို အထူးလိုလားပါကြောင်းနှင့် ယင်းသင်တန်းမှပင် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွက်မှုများရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အမျိုးသားရေကူးကန်တွင် ရေကူးသင်တန်းများကို ဖေဖော်ဝါရီလ ၂၇ မှ ဧပြီ

**ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရုံသာမက သက်လုံပါကောင်းစေသည့် အားကစားသင်တန်းဖြစ်သည်**



www.foreverspace.com.mm



လ ၁၁ ရက်နေ့အထိနှင့် ဒုတိယသင်တန်းကို ဧပြီလ ၂၀ ရက်နေ့မှ မေ ၃၁ အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တနင်္ဂနွေမှ ကြာသပတေးအထိ နေ့စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကာ ကုက္ကိုင်းရေကူးအသင်းတွင်လည်း မတ်လ ၂ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး လူဦးရေကိုကြည့်ပြီး သင်္ကြန်အပြီးတွင် ဒုတိယအကြိမ်ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရှိရသည်။

ရေကူးသင်တန်းတက်ရောက်ရန်အတွက် အရပ် ၃ ပေနှင့်အထက်ရှိရမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လခွဲခန့်ကြာမြင့်သည်။ အဆိုပါသင်တန်းကာလသည် ရေကူးအခြေခံမရှိသူတို့အဖို့ ကောင်းစွာလုံလောက်သည့်အချိန်ဖြစ်ပြီး သင်တန်းနည်းစနစ်စည်းကမ်းများကို သေချာစွာ လိုက်နာပါက နည်းစနစ်သုံးမျိုးခန့် ကျွမ်းကျင်တတ်မြောက်နိုင်သည်ဟု ကျွမ်းကျင်သူဝါရင့်နည်းပြဆရာတစ်ဦးက ပြောကြားသည်။

ယခုအခါ နွေရာသီသင်တန်းများ များစွာဖွင့်လှစ်ပေးနိုင်၍ ၎င်းတို့ထဲမှ အရည်အသွေးရှိ အလားအလာကောင်းမွန်သူများကိုလည်း ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ အချို့ အားကစားများမှာမူ မျိုးဆက်သစ်အားကစားသမားများ ကွာဟနေသည်ကိုလည်း တွေ့ရှိရကြောင်းနှင့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ရရှိ၍ အလားအလာကောင်းမွန်သူတို့ကိုလည်း ဆက်လက်တည်တံ့စေရန် မွေးမြူထားနိုင်မှုလည်း လိုအပ်သည်ဟု ထင်မြင်ကြောင်း

**အမျိုးသားရေကူးကန်အတွင်း လေ့ကျင့်နေကြသော ကလေးငယ်များ**



အားကစားဝါသနာရှင်တစ်ဦးက ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

## သုံးသပ်ချက်နှင့် နိဂုံး

နွေရာသီကျောင်းပိတ်ရက်သည် ကလေးများအတွက် ပုံသေအသားကျနေသော ပညာသင်ကြားမှုဘဝမှ လွတ်လပ်ပျော်ရွှင်စွာနေထိုင်နိုင်သောဘဝသို့ ပြောင်းလဲရောက်ရှိသွားရန် ရည်မှန်းနိုင်သော မျှော်လင့်ချက်တစ်ခုဖြစ်ပြီး ယှဉ်ပြိုင်စရာများလှသော ယနေ့ခေတ်တွင် မိဘများ၏ဆန္ဒအရ သင်ကြားမှုနယ်ပယ်သစ်တစ်ခုထဲတွင် ကလေးများပြန်လည်ပိတ်မိသွားတတ်သော ကာလတစ်ခုလည်း ဖြစ်ပါသည်။

"လူတစ်ယောက်ရဲ့အနာဂတ်ခရီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး စတာတွေ အောင်မြင်ဖို့ဘက်ပေါင်းစုံနှံ့စပ်သိမြင်ထားဖို့ လိုတယ်။ အဲဒါတွေကို ငယ်ရွယ်စဉ်ကတည်းက မသိမသာသင်ယူခဲ့ကြရတာပဲ။ ပန်းချီသင်တန်းတက်ရင်း Talent ရှိတဲ့သူက ပန်းချီဆရာဖြစ်သွားတယ်။ အစက ဝါသနာတို့ Talent တို့ မရှိခဲ့ပေမယ့်လည်း သင်တန်းတွေတက်ရင်းရသွားတာပဲ။ အဲဒီအခွင့်အရေးတွေအားလုံးကို နွေရာသီသင်တန်းတွေက ဖန်တီးပေးတယ်" ဟု ဦးသောင်းတင်က သုံးသပ်သည်။

ILBC မှ ဦးတင်မောင်ဝင်းကမူ "ကလေးတွေ ဘွဲ့ရ၊ အသက်အရွယ်ကြီးလာလို့ အပြင်လောကထဲရောက်တဲ့အခါ သူတို့တက်ခဲ့တဲ့သင်တန်းတွေက Class Work တွေက အိမ်ကနေထွက်ပြီး အပြင်မှာလုပ်ရတဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်လာသလို Home Work တွေကလည်း အိမ်မှုကိစ္စလုပ်ကိုင်တတ်တဲ့အကျင့်ရသွားတယ်။ Class Work ရော Home Work ပါ မှန်မှန်လုပ်ခဲ့တဲ့ကလေးဟာ အရွယ်ရောက်လာရင် နေ့ဘက်အိမ်ပြင်ထွက်စီးပွားရှာတဲ့အလုပ်ကို ကောင်းကောင်းလုပ်နိုင်ပြီး ညနေ အိမ်ပြန်ရောက်တဲ့အခါ အိမ်ထောင့်တာဝန်ကိုပါ ကောင်းကောင်းလုပ်တတ်သွားတယ်။ အဲဒီကလေးဟာ လုံးလုံးမဆင်းရဲဘူး။ လုံးလုံးစာမေးပွဲမကျဘူး။ အတန်းစာမေးပွဲတွေသာမကဘဲ ဘဝစာမေးပွဲပါမကျဘူး။ ကျွန်တော်တို့ရဲ့ပန်းတိုင်က ကလေးတွေ အတန်းစာမေးပွဲဖြေနိုင်ဖို့ထက် ဘဝစာမေးပွဲဖြေနိုင်ဖို့ပါ ရည်ရွယ်တယ်"ဟု ဆိုသည်။

"ကလေးတွေ သူတို့ရဲ့ ဘဝစာမေးပွဲအသီးသီးကို ဖြေတဲ့အခါမှာ ကျွန်တော်တို့မိဘတွေ ဖြတ်သန်းဖြေဆိုခဲ့ရတဲ့အဖြေထက် ပိုမိုကောင်းမွန်တဲ့အဖြေကိုရအောင် စနစ်တကျလေ့ကျင့်ပေးနိုင်မယ့်နေရာကိုရောက်ဖို့ ရွေးချယ်ပေးရမှာက ကျွန်တော်တို့ရဲ့ တာဝန်ပါပဲ"ဟု မိဘတစ်ဦးက အကြံပြုပြောကြားသည်။

**ကျော်နိုင်နှင့် အယ်ဒီတာအဖွဲ့**

www.foreverspace.com.mm



ဤကဏ္ဍတွင် ......

၆၄ လတ်တလော ဂြိုဟ်တုရုပ်သံဈေးကွက်
၆၈ ကျောက္ကာ ရေနံချက်လုပ်ငန်းဈေးကွက်နှင့်အလားအလာ
၇၂ မြန်မာလူငယ်နှင့် အင်တာနက်ကဖီး
၇၆ စွန့်ပစ်ပစ္စည်း ပုစွန်ခွံမှထုတ်ယူရရှိသော ခိုက်တိုစန် (Chitosan)၏ အနာဂတ်အလားအလာ
၈၀ မြန်မာ့ပညာရေးဈေးကွက်ရှိ နိုင်ငံတကာကျောင်းများနှင့် ပညာလိုလားသူများ
၈၄ ပြောင်းလဲတိုးတက်မှုရှိသော ၂၀၀၆ ပန်းချီဈေးကွက်
၈၈ ရန်ကုန်ကုန်စည်ဈေးကွက်

# လတ်တလော ဂြိုဟ်တုရုပ်သံဈေးကွက်

နဒီ ၊ သာလွန်ဇော်းထက်

မီဒီယာမျိုးစုံနှင့် ယဉ်ပါးလာသော မြန်မာနိုင်ငံသားများအတွက် ရွေးချယ်စရာအခွင့်အလမ်းများ တဖြည်းဖြည်း များပြားလာသည်ကို တွေ့မြင်ရသည်။ မြန်မာနိုင်ငံသားများအတွက် ကြည့်ရှုစရာ ရုပ်သံအစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ၁၉၈၀ ခုနှစ်တွင် စတင်ထုတ်လွှင့်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် မြဝတီရုပ်မြင်သံကြား၊ ၂၀၀၁ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော MRTV-3၊ ၂၀၀၄ ခုနှစ်တွင် MRTV-4 စသည့် ရုပ်သံလိုင်းများအပြင် ပုဂ္ဂလိကကုမ္ပဏီ Family Entertainmentက ထုတ်လုပ်သည့် Family Receiverမှ ၂၀၀၅ ခုနှစ် မေလတွင် ထုတ်လွှင့်သော ရုပ်သံလေးလိုင်း စသည့် ပြည်တွင်းမှ ရုပ်သံလိုင်းများ အများအပြား ဆက်တိုက်ပေါ်ထွက်လာသည်ကို တွေ့ရသည်။



ရုပ်မြင်သံကြားစက်တစ်လုံးရှိရုံနှင့်ပင် MRTV နှင့် MWD ကို စိတ်ကြိုက်ကြည့်ရှုနိုင်သော်လည်း မြန်မာနိုင်ငံသားများ၏ ရုပ်သံလိုင်း လက်ခံကြည့်ရှုနိုင်မှုကိုကြည့်လျှင် ဂြိုဟ်တုရုပ်သံ စလောင်းဈေးကွက် အခြေအနေက တစေ့တစောင်း ဖော်ပြနေပါသည်။ ဈေးကွက်အတွင်း အလွယ်ခေါ်ဝေါ်ကြသည့် ၈ ပေ၊ ၂ ပေ စလောင်းဈေးကွက်မှာ အမြဲသက်ဝင်လှုပ်ရှားနေပြီး ယင်းဈေးကွက်ကို အမှီပြု၍ စလောင်းတပ်ဆင်၊ ပြင်ဆင်၊ ရောင်းချသည့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ကျယ်ပြန့်လာခဲ့သည်။ နည်းပညာ လျင်မြန်တိုးတက်မှုကြောင့် အခပေးကတ်စနစ်ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများ

www.foreverspace.com.mm



ကို အခမဲ့ဖမ်းယူနိုင်သည့် နည်းပညာဖြင့် ဂြိုဟ်တုဖမ်းစက်များ ဈေးကွက်အတွင်းသို့ အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ဝင်ရောက်လာခဲ့သည်။

ကတ်စနစ်ဖြင့် ရုပ်သံလိုင်းဖမ်းယူရာတွင် KU Band ကတ်စနစ်နှင့် C Band ကတ်စနစ်ဟူ၍ နှစ်မျိုးရှိပြီး မြန်မာနိုင်ငံဈေးကွက်တွင် KU Band ကတ်စနစ်သာ အသုံးများသည်။ အထူးသဖြင့် Thaicom 2.3 ဂြိုဟ်တုမှ အခပေးရုပ်သံလိုင်းများဖြစ်ကြသည့် ၂၄ နာရီ ရုပ်ရှင်လိုင်းများ၊ ဘောလုံးပွဲများနှင့် ဂေါ့ဖ်လိုင်း စသည့် အားကစားလိုင်းများ (တိုက်ရိုက်)၊ သတင်းလိုင်းများ၊ ကာတွန်းလိုင်းများ၊ ထူးဆန်းထွေလာလိုင်းများနှင့် MTV သီချင်းလိုင်းများ ဖမ်းယူနိုင်သည့် UBC ကတ်များသာ တွင်ကျယ်စွာ တွေ့ရှိရသည်။ အဆိုပါ UBC ကတ်စနစ်တွင်လည်း ရုပ်သံလိုင်း ၂၃ လိုင်းကျော် ဖမ်းယူနိုင်သော Silver Smart Card၊ ရုပ်သံလိုင်း ၃၃ လိုင်းကျော် ဖမ်းယူနိုင်သော Gold Smart Card ၊ ရုပ်သံလိုင်း ၄၃ လိုင်း ဖမ်းယူနိုင်သော Platinum Smart Card ဟူ၍ သုံးမျိုးသုံးစားရှိသည်ဟု စလောင်းတပ်ဆင်သူ တစ်ဦးက ဆိုသည်။ ရုပ်သံလိုင်းအနည်းငယ်သာ ဖမ်းယူနိုင်သော Silver Smart Card သည် ဈေးနှုန်းအနည်းငယ် သက်သာပြီး ရုပ်သံလိုင်းစုံလင်မှုမရှိဟု ၎င်းက ဆိုသည်။ Platinum Smart Card သည် ဈေးနှုန်း အမြင့်ဆုံးဖြစ်ကာ ရုပ်သံလိုင်း ပိုမိုစုံလင်စွာ ဖမ်းယူနိုင်ပြီး မြန်မာဈေးကွက်



တွင်မူ Gold Smart Card များသာ အသုံးတွင်ကျယ်သည်။ အဆိုပါ UBC ကတ်များ၏ ဈေးနှုန်းသည် ကျပ် ၄ သိန်းမှ ကျပ် ၆ သိန်းဝန်းကျင်ရှိပြီး ကတ်သက် တမ်းမှာ တစ်နှစ်သာ အသုံးပြုနိုင်သည်။

"ကျွန်တော် ၂ ပေကတ်ကို တစ်နှစ်စာပေးပြီး ဝယ်ထားတာ။ ဒါပေမဲ့ ၆ လလောက်မှာ လိုင်းတွေ ပြတ်သွားလို့ ဝယ်တဲ့ဆိုင်သွားပြောတော့ ကတ်ကို တစ်ရက်ထားခဲ့ဖို့ပြောတယ်။ နောက်နေ့ ကတ်သွားယူပြီး ပြန်ကြည့်တော့မှ အဆင်ပြေတယ်။ ကျွန်တော်ထင်တာက မူရင်းကုမ္ပဏီကို ၆ လစာလောက်ပဲသွင်းပြီး ကြားထဲက ငွေလုညို့သုံးတာများလား မသိဘူး" ဟု ၎င်း၏အတွေ့အကြုံကို ရှင်းပြသည်။

UBC ကတ်စနစ်ဖြင့် အသုံးပြုနေသူ ဦးကျော်စိုးကမူ Taiwan (88.0˚E) ဂြိုဟ်တုမှ i Sky-net အခပေးရုပ်သံလိုင်းများဖြစ်ကြသည့် တရုတ်စာတန်းထိုး ကိုရီးယားဇာတ်လမ်း၊ Hollywood ရုပ်ရှင်၊ Bollywood ရုပ်ရှင်၊ Rainbow လိုင်း၊ Hong Kong နှင့် ထိုင်ဝမ်ရုပ်ရှင်လိုင်းများအား ဖမ်းယူနိုင်သည့် C Band ကတ်စလောင်းအသုံးပြုမှုကိုမူ မြဝတီ၊ ကော့သောင်း စသည့် နယ်စပ်ဒေသများတွင်သာ တွေ့ရှိရပြီး ရန်ကုန်နှင့် မန္တလေးဒေသများတွင် အသုံးပြုမှုမရှိသလောက် နည်းပါးလှသည်ဟု ဆိုသည်။ Telcom Vision မှ အင်ဒိုနီးရှားအခပေးရုပ်သံလိုင်း

Eagle Jack **မော်တာရွှေ့စက်များ**



www.foreverspace.com.mm



များ ဖမ်းယူနိုင်သော C Band ကတ်နှင့် PANAMSAT 7-10 မှ အားကစားလိုင်း Special လိုင်း ၉ လိုင်းကို ဖမ်းယူနိုင်သည့် KU Band ကတ်များသည်လည်း စလောင်းဈေးကွက်တွင် အနည်းငယ်သာ တွေ့ရှိရသည်။ ၂၀၀၀ ပြည့်နှစ်မှ စတင်၍အခပေးကတ်စနစ်ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများကို အခမဲ့ဖမ်းယူနိုင်သည့် နည်းပညာဖြင့် ဂြိုဟ်တုဖမ်းစက်များ ဝင်ရောက်ခဲ့ရာ အခပေးကတ်စလောင်းများ၏ ဝယ်လိုအားကျဆင်းလာခဲ့သည်။ ၂၀၀၄ ခုနှစ်အတွင်း ပေါ်ထွက်ခဲ့သော SILVER BOX အမည်ရှိ ဂြိုဟ်တုရုပ်သံဖမ်းစက်သည် သာမန်ဂြိုဟ်တုရုပ်သံဖမ်းစက်များနှင့် ဖမ်းယူ၍မရနိုင်သော AGILA 2 ဂြိုဟ်တုမှ ရုပ်သံလိုင်းများကို ဖမ်းယူနိုင်ရုံသာမက ကတ်စနစ် အခပေးရုပ်သံလိုင်းများကိုလည်း ဖမ်းယူနိုင်ခဲ့သည်။ SILVER BOX ဂြိုဟ်တုရုပ်သံဖမ်းစက်ဖြင့် ရုပ်သံဖမ်းယူရာတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းအစရှိသော မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဖမ်းယူနိုင်ခဲ့ပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ကောင်းမွန်စွာ ဖမ်းယူနိုင်ခဲ့ခြင်းမရှိဟု စလောင်းကျွမ်းကျင်သူတစ်ဦး၏အဆိုအရ သိရသည်။

စလောင်းတပ်ဆင်ဝန်ဆောင်မှုပေးနေသည့် ဗဟန်းမြို့နယ်မှ ဦးအေးမင်းကမူ "ကျွန်တော်ကတော့ Silver Box F1 နဲ့ Calefonia Receiver ရယ်၊ လေးပေဗန်းနဲ့ နှစ်ပေဗန်းကိုသုံးရင် UBC ကတ်လိုင်းတွေ အကုန်ရတယ်။ ရှစ်ပေက အခမဲ့လိုင်းတွေပါ ကြည့်ချင်ရင်တော့ ဗန်း သုံးခုထားရမှာပေါ့။ ကျွန်တော်ကတော့ လောလောဆယ် Silver Box ကို ပိုကြိုက်တယ်" ဟု ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

Silver Box အပြင် ၂၀၀၅ ခုနှစ်အောက်တိုဘာလမှစတင်၍ ဈေးကွက်အတွင်း ဝင်ရောက်လာခဲ့သည့် နှစ်ပေစလောင်းလိုင်းများကို ဖမ်းယူနိုင်သောစက်မှာ ANGEL BOX ဂြိုဟ်တုဖမ်းစက်ဖြစ်သည်။ အဆိုပါ ANGEL BOX ဂြိုဟ်တုရုပ်သံဖမ်းစက်သည် ရုပ်သံလိုင်းဖမ်းယူရာတွင် Silver Box ကဲ့သို့ တည်နေရာမရွေးဘဲ နေရာမရွေးအသုံးပြုနိုင်ကြောင်း၊ AGILA 2 ဂြိုဟ်တုမှ ရုပ်သံလိုင်းကောင်းများအပြင် အခပေးရုပ်သံလိုင်းများဖြစ်သည့် Thaicom 2.3 ဂြိုဟ်တုမှ UBC နှစ်ပေစလောင်းရုပ်သံလိုင်းများ၊ Telkom Vision မှ အင်ဒိုနီးရှားလိုင်းများ၊ i SKYNET မှ ထိုင်ဝမ်လိုင်းများ၊ PANAMSAT 7-10 မှ အားကစား Special လိုင်း ၉ လိုင်းကို ဖမ်းယူနိုင်ကြောင်း၊ သို့သော် Silver Box နှင့် ယင်း ANGEL BOX ၏ ချို့ယွင်းချက်မှာ Software မကြာခဏ ပြောင်းလဲတတ်ခြင်းဖြစ်ကြောင်း၊ ထို့သို့ဖြစ်ပါက Software Upgrade ပြုလုပ်မှသာ ပြန်လည်ဖမ်းယူနိုင်ကြောင်း စလောင်းတပ်ဆင်သူတစ်ဦးဖြစ်သည့် ဦးစိုးအောင်က ရှင်းပြသည်။



AGILA-2 ဂြိုဟ်တုမှ ရုပ်ရှင်နှင့် အားကစားလိုင်းများကို တိုက်ရိုက်ဖမ်းယူနိုင်သည်

ကိုရီးယားနိုင်ငံတွင် ထုတ်လုပ်ပြီး ထိုင်းနိုင်ငံ စလောင်းကုမ္ပဏီတစ်ခုမှ ဖြန့်ချိသည့်အဆိုပါ ANGEL BOX ဂြိုဟ်တုရုပ်သံဖမ်းစက်ကို ဈေးကွက်အတွင်း အကြိုက်တွေ့နေကြောင်း၊ Software များကိုလည်း အဆိုပါစက်ဖြန့်ချိသည့် ထိုင်းနိုင်ငံ Dynasat ကုမ္ပဏီမှ www.dynasat.com မှတစ်ဆင့် ပံ့ပိုးပေး၍ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က Software ပြောင်းလဲသွားသောကြောင့် ၂၆ ရက်နေ့တွင် Online မှတစ်ဆင့် Upgrade ပြုလုပ်၍ ရုပ်သံလိုင်းများ ပြန်လည်ဖမ်းယူနိုင်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

"ANGEL BOX သုံးပြီး C Band သုံး Digital လိုင်းဖမ်းဖို့ ရှစ်ပေ၊ Asia Sat 4 က TV Channel နဲ့ Signal ဖမ်းဖို့ သုံးပေခွဲနဲ့ UBC လိုင်းတွေဖမ်းဖို့ KU Band နှစ်ပေ အားလုံး ဗန်း သုံးခုလိုတယ်။ လောလောဆယ် ဒီ ANGEL BOX က နှစ်သိန်းသုံးသောင်းလောက်ရှိတော့ နှစ်ပေထက် အများကြီးသက်သာလို့ ကြာရင် အခပေးကတ်စနစ် ဈေးကွက်ကိုတောင် စိုးရိမ်ရတယ်" ဟု ဦးစိုးအောင်က ဈေးကွက်အခြေအနေကို ထင်ဟပ်ပြသည်။

"ဒီလို Software Upgrade လုပ်ရင် ခြောက်ထောင် ခုနစ်ထောင် အစားစားယူတယ်။ စက်ကို တပ်ဆင်ပေးရမယ်ဆိုရင်တော့ လက်ခသက်သက် သုံးသောင်းလောက်ကျန်မှ ကျွန်တော်တို့အတွက် ကိုက်တယ်" ဟု ဦးအေးမင်းက ဆိုသည်။

ရုပ်သံစလောင်း တပ်ဆင်လိုသူသည် တပ်ဆင်ပေးမည့်သူ၏နည်းပညာ

www.foreverspace.com.mm



အပေါ် ကျွမ်းကျင်မှုကိုသာမက စေတနာထားတတ်သူဖြစ်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ အချို့ဆိုလျှင် ရုပ်သံလိုင်းသစ်ထည့်ပေးပါက ကျပ်ငွေ ၂၀၀၀၊ ၃၀၀၀ အနည်းဆုံးယူကြောင်း၊ ထို့ကြောင့် နောက်ဆက်တွဲ ကုန်ကျငွေလည်းများကြောင်း စလောင်းတပ်ဆင်ထားသော်လည်း နည်းပညာနှင့် ကျွမ်းဝင်မှုမရှိသူ ဦးမျိုးခင်က ဆိုသည်။

“ကျွန်မရဲ့အိမ်မှာ ရှစ်ပေ တပ်ထားတာ၊ Receiver ကလည်း Innovia ဆိုတော့ အခု ကတ်လိုင်းတွေတော့ ဖမ်းလို့မရဘူးပေါ့။ ဒါပေမဲ့ လိုင်းက ၂၅၀ လောက် ရပါတယ်။ စလောင်းတပ်တုန်းက သူတို့လုပ်တာကြည့်ထားတော့ ဂျာနယ်တွေမှာ လိုင်းသစ်တွေပါရင် ကိုယ့်ဘာသာထည့်လိုက်တာပဲ၊ မြဝတီကလည်း ဘောလုံးပွဲတွေပြနေတော့ ဒီလိုင်းတွေတောင် စုံအောင် မကြည့်နိုင်ပါဘူး” ဟု တာမွေမြို့နယ်မှ ဒေါ်စန္ဒီက ပြောပြသည်။

“ကျွန်မအိမ်မှာ နှစ်ပေရော ရှစ်ပေ ရှိတယ်။ ဒါပေမဲ့ နှစ်ပေကတ်ကုန်နေတာ မဝယ်ဖြစ်သေးဘူး။ တကယ် အဲဒီလိုင်းတွေကို စုံအောင်မကြည့်ဖြစ်ပါဘူး။ Family Reciver ကိုတော့ သဘောကျသွားတယ်။ နိုင်ငံခြားဇာတ်လမ်းတွေကို မြန်မာစာတန်းထိုးပေးတော့ အဆင်ပြေတယ်။ 5 Plus နဲ့ 5 Cartoons က အိမ်ကလူနဲ့ ကလေးတွေအတွက် အဆင်ပြေပြီး ကျွန်မအတွက်က 5 Movies ပေါ့။ ကိုယ့်ပြည်တွင်းကဟာဆိုတော့ လိုင်းတွေပျောက်ကုန်မှာလည်း မစိုးရိမ်ရဘူး” ဟု ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ ဒေါ်ဟန်နီက ဆိုသည်။

မည်သို့ပင်အကြိုက်များ ကွဲပြားနေစေကာမူ ဂြိုဟ်တုစလောင်းဈေးကွက်၏ အလားအလာမှာ တစ်နေ့တခြား ကျယ်ပြန့်လာနေသည်။ ၂၀၀၆ ခုနှစ် ဇွန်လဆန်းတွင် ဂျာမနီ၌ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် စလောင်းတပ်ဆင်လိုသူများကြောင့် ဈေးကွက်မှာလည်း ပို၍ သက်ဝင်လာလျက် ရှိသည်။ ထို့ပြင် သက်ဆိုင်ရာနိုင်ငံများ၏ ဘောလုံးရာသီအလိုက် ကျင်းပလျက်ရှိသောပြိုင်ပွဲများ (အင်္ဂလန်ပရီးမီးယားလိဂ်၊ စပိန် လာလီဂါ၊ အီတလီ စီးရီးအေ)နှင့် ဒေသန္တရဆိုင်ရာ အားကစားပြိုင်ပွဲများကို စလောင်းမှ တိုက်ရိုက်ကြည့်ရှုနိုင်ပြီဖြစ်ရာ အချိန်အနည်းငယ်ကွာဟပြီးမှ သိရှိရသည့် ပုံနှိပ်မီဒီယာထက် ဤကဲ့သို့ အီလက်ထရွန်နစ်မီဒီယာကို ပိုမိုနှစ်ခြိုက်လာကြသည်ကို တွေ့ရှိရသည်။ ခေတ်နှင့်လျော်ညီသည့် နောက်ဆုံးပေါ် လူ့အသုံးအဆောင်ပစ္စည်းများကို အလုံးစုံအသုံးမပြုသည့်တိုင် ပိုင်ဆိုင်ထားလိုသည့် လူ့စိတ်သဘာဝက အဆိုပါဂြိုဟ်တုရုပ်သံဈေးကွက်ကို ပံ့ပိုးပေးလျက် ရှိသည်။

မည်သည့်စိတ်အခံနှင့်ဖြစ်စေ စလောင်းတပ်ဆင်လိုသူတို့သည် ဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းနှင့် တိုက်ရိုက်ချိတ်ဆက်၍ အသေအချာ စုံစမ်းလေ့လာပြီးမှသာ တပ်ဆင်သင့်ပေသည်။ အဆိုပါအဖွဲ့အစည်း၏ဝန်ဆောင်ခ၊ နောက်ဆက်တွဲဝန်ဆောင်မှု၊ စလောင်းလိုင်းများစွာအတွက် မိမိတို့ပေးရမည့်အချိန်နှင့် ရရှိမည့် ဗဟုသုတအကျိုးအမြတ်တို့ကို ထောက်ချင့်၍သာ လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

**နဒီ ၊ သာလွန်ဇောင်းထက်**

## ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလနောက် ဆုံးပတ်အတွင်း ဈေးကွက်အသုံးပြုသည့် ဂြိုဟ်တုဖမ်းစက်နှင့် ဆက်စပ်ဈေးနှုန်းများ ဖော်ပြပေးလိုက်ပါသည်။

ဂြိုဟ်တုဖမ်းစက်ဈေးနှုန်းများ

| ဂြိုဟ်တုဖမ်းစက်အမျိုးအစား | ဈေးနှုန်း (ကျပ်) |
|---|---|
| Angel Box | 227000 |
| Silver Box (C.8 ဝါ) | 73500 |
| Dynasat F-1 | 73000 |
| Metabox - 10 | 57500 |
| Metabox Premium | 63000 |

ဂြိုဟ်တုစလောင်းဈေးနှုန်းများ

| ဂြိုဟ်တုစလောင်းအမျိုးအစား | ဈေးနှုန်း (ကျပ်) |
|---|---|
| Johnsa ၈ ပေ (မန္တလေး) | 42000 |
| WL ၄ ပေ | 34000 |
| WL ၃ ပေခွဲ | 31000 |

မောင်းတံနှင့် မော်တာဈေးနှုန်းများ

| မောင်းတံနှင့်မော်တာအမျိုးအစား | ဈေးနှုန်း (ကျပ်) |
|---|---|
| E.J 18" မောင်းတံ | 14000 |
| E.J 24" မောင်းတံ | 15500 |
| E.JV Box II ၆၆၀၀ နီ မော်တာစက် | 19000 |
| E.JV Box II ၆၀၀၀ ဝါ မော်တာစက် | 18000 |

စလောင်းထိပ်ဖူး (LNB) ဈေးနှုန်းများ

| စလောင်းထိပ်ဖူး (LNB) အမျိုးအစား | ဈေးနှုန်း (ကျပ်) |
|---|---|
| E.J 619 LNB | 8500 |
| Yuri LNB (A) | 9500 |
| Yuri LNB (C) | 6500 |

www.foreverspace.com.mm

# ကျောက္ကာ ရေနံချက်လုပ်ငန်း ဈေးကွက်နှင့် အလားအလာ

အားမာန်

အထက်မြန်မာနိုင်ငံမှ တစ်ပိုင်တစ်နိုင်တူးဖော်ရရှိသော ရေနံစိမ်းများကို လောင်စာဆီအဖြစ် အသုံးပြုနိုင်ရန် မုံရွာမြို့နယ်အတွင်း ပြန်လည်ချက်လုပ်လျက်ရှိသော ပုဂ္ဂလိက ရေနံချက်လုပ်ငန်းများအား သက်ဆိုင်ရာက စုစည်းလုပ်ကိုင်စေပြီး နှစ်မကြာမီမှာပင် မုံရွာမြို့အရှေ့ဘက်နှင့် ၉ မိုင်ခန့်အကွာရှိ ကျောက္ကာရွာရှိ ရေနံချက်လုပ်ငန်းများမှာ စစ်ကိုင်းတိုင်းအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းတို့အတွက် စက်သုံးဆီ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခဲ့သည်။ ရေနံချက်သည့်လုပ်ငန်းများ အကျိုးဖြစ်ထွန်းလာ၍ ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့တို့မှ အင်အားကြီး စီးပွားရေးလုပ်ငန်းရှင်များက အဆိုပါလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်တစား စောင့်ကြည့်လေ့လာနေပြီဖြစ်ကြောင်း ဒေသခံရေနံချက်လုပ်ကိုင်နေသူများက ပြောကြားသည်။

ထနောင်းပင်တန်းနှင့် ကျောက္ကာလမ်း (မုံရွာမြို့နယ်)



www.foreverspace.com.mm



မုံရွာမြို့အရှေ့ဘက် ၉ မိုင်ခန့် အကွာရှိ ကျောက္ကာကျေးရွာသို့ သွားလိုက်သည်နှင့်လမ်းဘေးဝဲယာတစ်လျှောက်တွင် အောင်မြင်ဖြစ်ထွန်းနေသော ပဲစင်းငုံခင်းများ၊ နေကြာခင်းများ၊ ကုလားပဲခင်းများ စသော တောင်ယာစိုက်ခင်းများကို တွေ့ရမည်ဖြစ်သည်။ ဟိုတစ်နေရာ သည်တစ်နေရာကွက်၍ တည်ရှိနေသော ကြက်မွေးမြူရေးခြံများကိုလည်း တွေ့ရသည်။

ကျောက္ကာကျေးရွာသို့ ရောက်ရှိပြီး ရွာ၏အရှေ့တောင်ဘက်သို့ တစ်မိုင်ခန့် လျှောက်လာခဲ့လျှင် စိမ်းစိုဖြစ်ထွန်းနေသော တောင်ယာစိုက်ခင်းများမရှိတော့ဘဲ သဲဆန်သောမြေနှင့် ခြောက်ကပ်နေသော ကုန်းတစ်ခု တွေ့ရသည်။ ကုန်းပေါ်သို့ တက်လာခဲ့လျှင် နှာခေါင်းဝသို့ ရေနံနှင့် ရေနံချက်လုပ်သည့် အနံ့အသက်များ ရရှိမည်ဖြစ်ကာ တောင်ကုန်းနိမ့်မြင့်နေရာမျိုးစုံတွင် ရှိနေသော ရာနှင့်ချီသည့် ရေနံချက်ဖိုများကို တွေ့ရသည်။ ဤနေရာသို့ ရောက်လာသည်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းက ရေနံမြေဖြစ်သည့် ရေနံချောင်းသို့ ရောက်ရှိလာသလို၊ ရုပ်သံနှင့် ပုံနှိပ်မီဒီယာများတွင် မြင်တွေ့နေကျ အရှေ့အာရှ အလယ်ပိုင်းက အာရပ်နိုင်ငံများသို့ ရောက်ရှိသွားသလို ခံစားရမည်ဖြစ်သည်။

မြေကွက်အကျယ်ကြီးများကိုယ်စီတွင် မီးခိုးတငွေ့ငွေ့နှင့် ငြိမ်သက်စွာ ရေနံချက်လုပ်နေသော ရေနံချက်ဖိုများမှ ရေနံချက်သည့် ခြံတစ်ခြံသို့ ဝင်လိုက်သည်နှင့် မြောက်မြားလှစွာသော ဆီပီပါများ၊ တိုင်ကီကြီးများကို တွေ့ရသည်။ ရေနံချက်ဖိုအနီးမှာပင်ရှိသော နေအိမ်သို့ လျှောက်လာလျှင် ဆိုင်ကယ်များ၊ ကားများနှင့်အတူ ဂြိုဟ်တုရုပ်သံဖမ်းစက်များကို တွေ့ရမည်ဖြစ်ကာ ရေနံချက်ဖိုပိုင်ရှင်၏ နေအိမ်သို့ ဝင်လိုက်လျှင် သဲဆန်ပြီး ခြောက်ကပ်နေသောဒေသ၊ အညာကျေးရွာတို့၏ စရိုက်လက္ခဏာတို့နှင့် ခြားနားစွာ (ခေတ်မီအိမ်တွင်းသုံးပစ္စည်းအစုံနှင့်) ငွေကြေးတတ်နိုင်သူများသာ ကြည့်ရှုနိုင်သော နှစ်ပေစလောင်းဖြင့် HBO Channel အစီအစဉ်များကို ကြည့်ရှုနေသော မိသားစုတစ်ခုကို တွေ့ရသည်။

အဆိုပါ ကျောက္ကာရေနံချက်သည့် ကုန်းမှာ လွန်ခဲ့သည့် ရှစ်နှစ်ခန့်မှစတင်၍ ဒေသအာဏာပိုင်များ၏ စီစဉ်ပေးမှုဖြင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ ရေနံချက်ဖိုများမှာ စုစည်းမလုပ်ကိုင်မီ ရှေးယခင်ကတည်းက ဟိုတစ်နေရာ သည်တစ်နေရာ (မိသားစု) တစ်နိုင်စီးပွားရေးအဖြစ်သာ လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ထိုကုန်းကို ကနဦးစတည်ခဲ့စဉ်က ရေနံဖို ၂၆ ဖိုသာရှိရာမှ ယခုအခါ ရေနံချက်ဖို ၁၀၀ ကျော်ရှိလာပြီဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ထိုလုပ်ငန်းသို့ လူသစ်လုပ်ငန်းရှင်အများဆုံး ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ ရေနံချက်ကုန်းမှာ ချင်းတွင်းမြစ်နှင့် မူးမြစ်အကြား စစ်ကိုင်းတိုင်းအထက်ပိုင်း မော်ကယ်၊ ခင်အေး၊ နောင်ကောက် စသည့် ဒေသတို့မှ ထွက်ရှိသော ရေနံစိမ်းများကို ဝယ်ယူချက်လုပ်ကာ ချက်လုပ်ပြီး ဆီများကို စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ် ရွှေမျောများနှင့် မန္တလေးတိုင်းတို့သို့ ပြန်လည်ဖြန့်ဖြူးရောင်းချသော ကြားခံအလုပ်တစ်ခုဖြစ်သည်။ စက်သုံးဆီများ ဈေးမြင့်တက်နေသော်လည်း ရေနံစိမ်းမှ စက်သုံးဆီအဖြစ် ပြောင်းလဲရောင်းချသော ထိုလုပ်ငန်းများမှာ အမြဲတမ်း မြတ်မနေကြောင်း ရေနံဖိုပိုင်ရှင်တစ်ဦးက ပြောကြားသည်။

"စက်သုံးဆီဈေးကောင်းလို့ ပိုမြတ်တယ်လို့တော့ မဟုတ်ဘူး၊ စက်သုံးဆီဈေးတက်ရင် ရေနံစိမ်းဈေးပါတက်လို့ ကျွန်တော်တို့ထက် ရေနံစိမ်းရောင်းတဲ့ ကုမ္ပဏီက ပိုမြတ်တယ်။ တစ်ခါတလေ ရေနံစိမ်းက ကြိုဝယ်ထားရတာမို့ ဈေးကြီးနဲ့ဝယ်ထားမိလို့ ပြန်ရောင်းတဲ့အချိန် စက်သုံးဆီဈေးကျရင် ရှုံးတာပဲ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

အဆိုပါကုန်းရှိ ရေနံချက်ဖိုများမှာ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ အင်ဂျင်ဝိုင်ဆီနှင့် တစ်လုံးထိုးအင်ဂျင်များသာ မောင်းနှင်နိုင်သော အဆင့်နိမ့်ဆီ စသဖြင့် လောင်စာဆီမျိုးစုံထွက်သည်။ ထိုဆီများကို ကချင်ပြည်နယ်ရှိ ရွှေမျောများသို့ အများဆုံး ရောင်းချပြီး ထွက်ရှိသော ဆီအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသော ဆီသန့်များကို မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချသည်။ ထို့အပြင် ကျန်စက်သုံးဆီများကို စစ်ကိုင်းတိုင်းအတွင်းရှိ စက်တပ်မော်တော်ယာဉ်များနှင့် ရေတင်စက်၊ မီးစက်များအတွက် ဖြန့်ဖြူးရောင်းချပေးနေကြောင်း ဒေသခံများထံမှ သိရသည်။

"ဒီကနေ ဆီပြန်ရောင်းတာကတော့ ရေနံချက်ဖို တစ်ဖိုနဲ့ တစ်ဖို မတူဘူး။ ကိုယ့်ဖောက်သည်နဲ့ကိုယ်ပဲ။ ကချင်ပြည်နယ်ဘက်က ရွှေမျောတွေဘက်ကတော့ ပိုရောင်းရတယ်။ ဒီကထွက်တဲ့ ဒီဇယ်ဆီတွေက ဒေါ်လာ၊ ဒီဇယ်ဆီအသန့်ဈေး၊ ရွှေဈေးတွေနဲ့ ဆက်စပ်နေတယ်။ ကချင်ပြည်နယ်က ရွှေမျောတွေက ဆီတစ်ပီပါဆို ရွှေတစ်ကျပ်သားနှုန်းထွက်ဖို့ မှန်းအလုပ်လုပ်ကြတာ။ ဒါကြောင့် ရွှေဈေးကောင်းရင် ဆီပိုရောင်းကောင်းတယ်" ဟု ရေနံချက်ဖို လုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သော ဦးအောင်ကျော်စိုးက ရှင်းပြသည်။

ထိုရေနံချက်ကုန်းတွင် လုပ်ငန်းအင်အား အကြီးအသေးပေါ်မူတည်၍ ရေနံစိမ်းပီပါ ၂၅ ပီပါချက်လုပ်နိုင်သော ရေနံဖိုမှ ရေနံပီပါ ၄၀၀၀ အထိ တစ်ပြိုင်နက် ချက်လုပ်နိုင်သည့်ဖိုအထိ ရှိသည်။ ထိုကုန်းသို့ တစ်ရက်လျှင် ရေနံစိမ်းပီပါ ၅၀၀ နှင့် ၁၀၀၀ ကြားချက်လုပ်ပြီး ရေနံစိမ်းအဝင်များသောကာလများတွင် တစ်ရက် ပီပါအလုံး ၁၀၀၀ ကျော် ဝယ်ယူချက်လုပ်သည်။ ထိုကုန်းမှ ရေနံစိမ်းဝယ်လိုအားမှာ ရောင်းလိုအားထက် အမြဲပိုနေပြီး၊ ရေနံစိမ်း အရောင်းအဝယ်စနစ်မှာ ရောင်းချသူကို

www.foreverspace.com.mm





**ထန်းဇလုပ်ရေဝေရေလဲ ဧရိယာရှုခင်း**

ဦးစားပေးနေရသောစနစ်ဖြစ်ကြောင်း ရေနံဖိုပိုင်ရှင်များက ပြောကြားသည်။

ရေနံချက်ဖိုများမှ ရေနံချက်ပြီး ထွက်ရှိလာသော စက်သုံးဆီများသာ ဈေးကွက်ဝင်သည်သာမက ဘေးထွက်ပစ္စည်းများဖြစ်သည့် ရေနံချေး၊ ဂျိုး၊ ဖယောင်းနှင့် ထွက်လာသည့် မီးသွေးတို့မှာလည်း ဈေးကွက်ဝင်၍ ငွေဖြစ်သော လုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းများ ပေါ်ထွက်လာမှုကြောင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရာနှင့်ချီသော လူများကို အလုပ်အကိုင်များပေးထားနိုင်သည်။ သို့သော် ရေနံချက်လုပ်ရာတွင် လောင်စာအဖြစ် သစ်ပင်ကြီးများကို ထင်းအဖြစ်အသုံးပြုရ၍ ထင်းအစားထိုးလောင်စာကို ရှာဖွေသင့်ကြောင်း ရေနံချက်ဖိုပိုင်ရှင်တစ်ဦးက ပြောသည်။ ထိုသို့ ထင်းအစားထိုးလောင်စာရှာဖွေနိုင်ပါက ရေရှည်တွင် သစ်တောပြုန်းတီးမှုကို ကာကွယ်ရာရောက်ကြောင်း အဆိုပါလုပ်ငန်းရှင်က သုံးသပ်သည်။

ကျောက္ကာရေနံချက်ဖိုလုပ်ငန်းများမှာ ရေရှည်တွင် အကျိုးဖြစ်ထွန်းလာပြီး ထိုလုပ်ငန်းကို အသစ်ဝင်ရောက်လုပ်ကိုင်လိုသူများလာ၍ ထိုကုန်းရှိ မြေကွက်ဈေးများမှာ ပိုမိုကောင်းမွန်လာသည်။ ထို့အတူ ရေနံချက်ဖိုများ၏ တန်ဖိုးများမှာလည်း အချိန်နှင့် တစ်ပြေးညီ တန်ဖိုးမြင့်လာခဲ့သည်။

"ဒီလုပ်ငန်းကို ကျွန်တော် စရင်းနှီးတုန်းက ၁၇ သိန်းလောက် ထည့်ခဲ့တာ၊ လက်ရှိလုပ်ငန်းတစ်ခုလုံးလည်ပတ်နေတဲ့ ငွေက သိန်း ၅၀၀ ဝန်းကျင်လောက်ရှိတယ်။ အခု ကျွန်တော့်ချက်ဖိုလုပ်ငန်း အနေအထားရောက်ဖို့ဆိုရင် စလုပ်မယ့်သူဆို သိန်း ၆၀၀ ဝန်းကျင်လိုမယ်" ဟု လွန်ခဲ့သောလေးနှစ်ခန့်မှ စတင်၍ ရေနံချက်ဖိုတည်ထောင်ခဲ့သော ဦးအောင်ကျော်စိုးက ရှင်းပြသည်။

"ဒီနေ့ မုံရွာမှာ ကုန်သည်၊ လယ်ယာလုပ်ကိုင်သူ၊ ရေနံချက်တဲ့သူ မျိုးစုံရှိတယ်။ အဲဒီအထဲမှာ ရေနံချက်တဲ့ လုပ်ငန်းကတော့ လူကြိုက်အများဆုံး စီးပွားရေးလုပ်ငန်း၊ အဟော့ဆုံးလုပ်ငန်းပေါ့" ဟု မုံရွာမြို့ခံတစ်ဦးက ရေနံချက်လုပ်ငန်းအပေါ် သုံးသပ်သည်။

ကျောက္ကာရေနံချက်လုပ်ငန်းများသို့ ဝင်ရောက်လုပ်ကိုင်သူ၊ ထိုသို့လုပ်ကိုင်ရန် စိတ်ဝင်စားသူများမှာ များပြားလာမှုကြောင့် မြင်းခြံ၊ မတ္တရာ၊ မန္တလေး စက်မှု (၂) နှင့် ပုသိမ်ကြီး စသော ရေနံချက်လုပ်ငန်းများထက် လုပ်ငန်းပမာဏ ပိုမိုကြီးထွားလာသည်။ ထို့ကြောင့် ကျောက္ကာရေနံချက်လုပ်ငန်းကို မြန်မာနိုင်ငံ၏ အကြီးဆုံး ပုဂ္ဂလိက ရေနံချက်လုပ်ငန်းဟု သတ်မှတ်လာကြကြောင်း ဒေသခံလုပ်ငန်းရှင်များထံမှ သိရသည်။

နိုင်ငံအတွက် စက်သုံးဆီလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးနေပြီး မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းတို့အတွက် စက်သုံးဆီလိုအပ်ချက် အဓိကဖြည့်ဆည်းပေးနေသော ထိုလုပ်ငန်းများတွင် လိုအပ်ချက်တစ်ခုရှိနေကြောင်း ရေနံချက်လုပ်ငန်းရှင်များက ပြောကြားသည်။ ယင်းမှာ အဆိုပါ လုပ်ငန်းများအတွက် သက်ဆိုင်ရာက တရားဝင်လုပ်ငန်းလိုင်စင်များ ချထားပေးမှုမရှိ၍ တရားဝင်၊ တရားမဝင်ဟု သတ်မှတ်ရန်မှာ ခက်ခဲနေပြီး လုပ်ငန်းရှင်များကလည်း လုပ်ငန်းကို ထပ်မံတိုးချဲ့လုပ်ကိုင်ရန် မဝံ့မရဲဖြစ်နေကြခြင်း ဖြစ်သည်။ နိုင်ငံအတွက် လုပ်ငန်းမှ အခွန်အခများကို ထမ်းဆောင်ရန် အသင့်ရှိနေ၍ သက်ဆိုင်ရာက တရားဝင်လုပ်ငန်းလိုင်စင်များ ချပေးမည့်အချိန်ကို စောင့်မျှော်နေပါကြောင်း ရေနံချက်ဖိုပိုင်ရှင်များက တညီတညွတ်ပြောကြားကြသည်။

"ကျွန်တော်တို့ကို တရားဝင်လုပ်ငန်းလိုင်စင်ချပေးမယ်ဆိုရင် နိုင်ငံအတွက် သတ်မှတ်အခွန် ဘယ်လိုထမ်းရထမ်းရ အဆင်သင့်ပါပဲ။ ဒီလုပ်ငန်းတွေက နိုင်ငံကို အကျိုးပြုတဲ့လုပ်ငန်းဖြစ်လို့ မကြာခင် တရားဝင်လုပ်ငန်းလိုင်စင်တွေရဖို့ မျှော်လင့်ပါတယ်" ဟု လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

**အားမာန်**



# မြန်မာလူငယ်နှင့် အင်တာနက်ကဖီး

**ထားထားမြင့်**

**မြန်မာနိုင်ငံ၌ အင်တာနက်အပါအဝင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အများပြည်သူ အင်တာနက်အသုံးပြုနိုင်သည့် အင်တာနက်ကဖီး (ဝါ) Cyber Cafe များနှင့် အင်တာနက်အသုံးပြုရန်နေရာ (Public Access Center) များ သိသိသာသာတိုးပွားလာသကဲ့သို့ လူငယ်အများစုမှာလည်း အင်တာနက်နှင့် ယဉ်ပါးလာကြရာ အထူးသဖြင့် Google Talk ခေါ် Gtalk ကို အသုံးပြုခွင့်ရပြီးနောက်ပိုင်း အင်တာနက်ကဖီးများတွင် ပိုမိုအချိန်ပေးလာကြသည်ကို တွေ့ရသည်။**

"ဆရာမ ဆရာမ သမီးပြောတာ ကြားလား ကြားလား"

"မောင် မတို့ အိမ်ပြောင်းရတော့မယ်၊ ပုဇွန်တောင်ဘက်ပြောင်းမှာ လိပ်စာဒီမှာရိုက်လိုက်မယ်၊ သမီးလေးတော့ အဖေတို့အိမ်ပို့ထားတယ်"

"ဟော့ကောင် မင်း ငါတို့ကိုမေ့နေပြီလား၊ ဒီမှာ အခု ကျော်ဇောက ပြောချင်လို့တဲ့"

အထက်ပါအသံများအားလုံးကို ရုတ်တရက်ကြားလိုက်ရသူအဖို့ လမ်းဘေးရှိ အစိုးရဆက်သွယ်ရေးဖုန်းရုံတစ်ခုမှ အသံများဟု ထင်မှတ်မှားစရာ ရှိပါသည်။ မဟုတ်ပါ။ ရန်ကုန်မြို့တွင် လတ်တလော ခေတ်စားလာသော အင်တာနက်ကဖီးများမှ Google Talk ခေါ် Gtalk ကို အသုံးပြု၍ ရပ်ဝေးရပ်နီးဆွေမျိုးသားချင်းများဖြင့် စကားပြောနေကြသော အင်တာနက်သုံးသူများ၏အသံပင် ဖြစ်သည်။

ရန်ကုန်မြို့ရှိ အင်တာနက်ကဖီးဆိုင်များ၏ ပြောကြားချက်အရ အင်တာနက်ကဖီးများကို လာရောက်အသုံးပြုမှုအများစုမှာ ဆယ်ကျော်သက်များဖြစ်ကြပြီး ၎င်းတို့အများစုအသုံးပြုကြသည်မှာ Google Talk နှင့် Chatting များဖြစ်သည်ဟု ဆိုသည်။

## ခေတ်စားလာသော အင်တာနက်ကဖီးများ

လက်ဖက်ရည်ဆိုင်စီးပွားရေးလုပ်ငန်း စတင်တွင်ကျယ်လာစဉ်၌ လက်ဖက်ရည်ဆိုင်များ မှိုလိုပေါက်လာသလို ယခုအချိန်တွင် ရန်ကုန်မြို့၌ အင်တာနက်ကဖီးများ နေ့စဉ်ဆိုသလို ပေါ်ပေါက်လာနေပြီဟု မကြာသေးခင်က အင်တာနက်ကဖီးတစ်ခုကို ဖွင့်လှစ်လိုက်သည့် Ocean Gate ကွန်ပျူတာသင်တန်းမှ ဦးသိန်းစိုးက ပြောကြားသည်။

"ကျွန်တော်တို့ဆီမှာ သင်တန်းတွေရှိတော့ သင်တန်းကလူတွေကို အင်တာနက်နဲ့ ဆွဲဆောင်ရတာပေါ့။ ACCA သင်တန်းသားတွေကလည်း အင်တာနက်အသုံးပြုဖို့လိုတယ်။ ဒါကြောင့် အင်တာနက်ကဖီးဖွင့်ခဲ့တာပါ"ဟု ၎င်းက ဆိုသည်။

အင်တာနက်ကဖီးဟုဆိုသော်လည်း အင်တာနက်ကဖီးဆိုင်တိုင်းတွင် ကော်ဖီ၊ အအေးကဲ့သို့ စားသောက်စရာများ ရနိုင်သည်တော့မဟုတ်ပါ။ ပြည်လမ်း၊ ဒဂုံစင်တာရှိ Surf N Surf၊ မဟာမြိုင်မှတ်တိုင်အနီးတွင် ဖွင့်လှစ်ထားသော KMD

www.foreverspace.com.mm



နှင့် ပြည်မြန်မာကုန်တိုက် ဒုတိယထပ်တွင် ဖွင့်လှစ်ထားသော MCC စသည့် အင်တာနက်ကဖီးများတွင်သာ စားဖွယ်များ ရနိုင်မည်ဖြစ်သည်။ အများစု အင်တာနက်ကဖီးများမှာ ကျဉ်းမြောင်းသောတိုက်ခန်းလေးထဲတွင် ကွန်ပျူတာများအစီအရီချကာ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ရန်ကုန်မြို့ရှိ အင်တာနက်ကဖီးများအနက် KMDနှင့် လှည်းတန်းရှိ MP Net အင်တာနက်ကဖီးတို့မှာ လူအစည်ကားဆုံးသော အင်တာနက်ကဖီးများတွင် ပါဝင်သည်။

ထိုဆိုင်များတွင် အင်တာနက်ပုံမှန်သုံးစွဲသူ ဇင်မေအေးက "MP Net မှာက စားစရာမရပေမယ့် Website တွေဖွင့်ရင် အရမ်းအတက်မြန်တယ်။ ဈေးကချိုတယ်။ တချို့ Website တွေကို မဖွင့်တတ်ရင် ကူညီပေးတယ်။ KMD ကလည်း ဝန်ဆောင်မှုကောင်းတယ်။ ကော်ဖီသောက်လို့လည်းရတယ်"ဟု ပြောကြားသည်။

အင်တာနက်ကဖီးဆိုင်များတွင် လူများရခြင်း၏အကြောင်းရင်းများတွင် ထိုဆိုင်၏ အင်တာနက်အမြန်နှုန်းနှင့်လည်း သက်ဆိုင်သည်ကို တွေ့ရသည်။ ကျွမ်းကျင်သူအချို့ရှိသော အင်တာနက်ကဖီးများတွင် ဖွင့်လှစ်သော Website များ၏ အတက်နှုန်းမှာ မြန်ဆန်သဖြင့် သုံးစွဲသူများ စည်ကားနေလေ့ရှိသည်။ နားလည်ကျွမ်းကျင်သူမရှိဘဲ သုံးစွဲသူကို ကူညီမပေးနိုင်သော အင်တာနက်ကဖီးများကိုမူ သုံးစွဲသူအများစုက လာရောက်ရန် ဝန်လေးတတ်ကြသည်။

ရန်ကုန်မြို့တော်ရှိ အင်တာနက်ကဖီးအများစု၏ လက်ရှိအင်တာနက်တစ်နာရီ အသုံးပြုခမှာ ငွေ ၅၀၀ ကျပ် သို့မဟုတ် ၆၀၀ ကျပ် ဖြစ်သည်။ အချို့ အင်တာနက်ကဖီးများကမူ လူသုံးများချိန်တွင် တစ်နာရီ တစ်ထောင်နှုန်း သတ်မှတ်ပြီး လူသုံးနည်းသည့် မနက်ပိုင်းအချိန်များတွင် အသုံးပြုခကို ကျပ်ငွေ ၅၀၀ အထိ ဈေးချပေးထားသည်ကို တွေ့ရသည်။ ဒဂုံစင်တာရှိ Surf N Surf Cyber Cafe မှာမူ တစ်နာရီလျှင် ၁၅၀၀ ကျပ်ဖြစ်သော်လည်း အင်တာနက်အတက်နှုန်း မြန်ဆန်သဖြင့် ယင်းဆိုင်သို့ ပုံမှန်လာရောက်သူများလည်း ရှိသည်။ ထို့ပြင် အချို့ အင်တာနက်ကဖီးများက သုံးစွဲမှုအလိုက် အသင်းဝင်ကတ်များပြုလုပ်ကာ ဈေးချပေးလေ့ရှိသည်။

အင်တာနက်ကဖီးများသည် နေ့စဉ်ပုံမှန် ၇ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်လေ့ရှိပြီး လှည်းတန်းရှိ MP Netအင်တာနက်ဆိုင်ကမူ ည ၁၁ နာရီအထိ ဖွင့်လှစ်လေ့ရှိသည်။ မနက်ပိုင်းအချိန်တွင် အင်တာနက်ကဖီးများ၌ လူနည်းပါး၍ နေ့ခင်းပိုင်း ၁၂ နာရီ၊ ၁ နာရီ ပတ်ဝန်းကျင်သည် လူသုံးအများဆုံးအချိန်ဖြစ်သည်။ အဆိုပါအချိန်များတွင် အသုံးပြုလိုသူများမှာ အသုံးပြုရန် အလှည့်ကျစောင့်ဆိုင်းရလေ့ရှိသည်။ ထို့ပြင် မီးပျက်လျှင် မီးအလျင်အမြန်ပြန်ပေးနိုင်ရန်အတွက် အင်တာနက်ကဖီးများ၌ ဂျင်နရေတာကောင်းကောင်းရှိနေရန်လည်း လိုအပ်သည်။ ထို့ပြင် သုံးစွဲသူက Website များကို Download ပြုလုပ်လိုပါက ကူညီပေးရန်နှင့် တစ်ခါတည်း Print ထုတ်ပေးနိုင်ရန်အတွက် Printer များ အဆင်သင့်ရှိနေမှုကလည်း အင်တာနက်ကဖီးများ၏ လိုအပ်ချက်ဖြစ်သည်။

## Chat Room နှင့် ဆယ်ကျော်သက်

တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ သက်စုသည် ယနေ့အဖို့ အင်တာနက်ကဖီးမှ ကွန်ပျူတာရှေ့တွင် ထိုင်နေသည်မှာ ငါးနာရီကျော် ကြာရှိနေပြီ။ အင်တာနက်ကဖီးစဖွင့်ခါစ မနက် ၇ နာရီကတည်းက သက်စု ရောက်ရှိနေခြင်းဖြစ်သည်။ မျက်စိညောင်းကာ ဗိုက်ဆာနေပြီဖြစ်သော်လည်း ကွန်ပျူတာရှေ့မှထဖို့ သက်စု မစဉ်းစားသေးပါ။ Chatထဲက ကောင်လေးတစ်ယောက်နှင့် သက်စု စကားတွေ ပြောလို့မပြီးနိုင်အောင်ကို ဖြစ်နေသည်။

အင်တာနက်ထဲမှ Chat Room များသည် သက်စုကဲ့သို့ ဆယ်ကျော်သက်လူငယ်များ၏စိတ်ကို ဆွဲဆောင်နိုင်မှုအရှိဆုံးဖြစ်သည်။ အင်တာနက်ကဖီးများတွင် လာရောက်အသုံးပြုသူအများစုမှာ ဆယ်ကျော်သက်များဖြစ်ကြပြီး ၎င်းတို့မှာ အင်္ဂလိပ်စာလုံးများဖြင့် ရိုက်နှိပ်ထားသော မြန်မာဘာသာစကားကိုအသုံးပြု၍ Chat Room စွဲစွဲလမ်းလမ်းအသုံးပြုနေသူများ ဖြစ်သည်။ ဆယ်ကျော်သက် လူငယ်သဘာဝ စိတ်ကစားချိန်တွင် Chat Room ထဲမှ လူငယ်များနှင့် တွေ့ဆုံကာ အတွေ့အကြုံများ၊ အမြင်များကိုဖလှယ်ခြင်း၊ လူငယ်သဘာဝ မထိတထိပြောဆိုကြခြင်းကို သာယာနေကြခြင်းဖြစ်သည်ဟု အင်တာနက်နည်းပြဆရာတစ်ဦးက ကောက်ချက်ချပါသည်။ Chat Room များသုံး၍ မိတ်ဆွေကောင်းများ ရသွားသူများရှိသလို အပျော်သက်သက်ဇာတ်လမ်းရှာဖန်တီးသူများလည်း ရှိသည်ကိုတွေ့ရသည်။

"သမီးက Chat Roomကို ယောကျ်ားလေးပုံစံနဲ့ဝင်နေတာ။ အဲဒါကိုမသိဘဲ ကောင်မလေးတွေက လာပြီးစကားပြောနေကြတယ်။ အဲဒါမျိုး ဇာတ်လမ်းတွေ ရှိတယ်" ဟု ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

Chat Room ထဲမှ ကိစ္စကို Chat Roomအတွင်း၌ပင် ထားခဲ့သူများရှိသလို တကယ်ကို စိတ်ဝင်စားပြီး အပြင်မှာ လက်တွေ့အကောင်အထည်ဖော်သူများလည်း ရှိသည်။ ထိုသို့အကောင်အထည်ဖော်ရာမှာ အဆင်ပြေသူတွေရှိသလို အဆင်မပြေသူများလည်း ရှိသည်ကို တွေ့ရသည်။ ခပ်ပျော်ပျော်နေတတ်သူ ဇော်ထွန်းနိုင်က "Chat Room က တွေ့ရတဲ့ ကောင်မလေးတွေကို အပြင်မှာတွေ့ဖို့ မကြိုးစားဘူးဗျ။ ဘာလို့လဲဆိုတော့ Chat Roomသုံးသူ ကောင်မလေးတွေက အပြင်

www.foreverspace.com.mm



မှာ ရည်းစားမရှိလို့၊ ဒီ Chat Room ထဲမှာ အချိန်ကုန်ကြသူတွေလေ၊ မျက်မှန်ထူထူတွေနဲ့ ဝတုတ်တုတ်တွေ၊ စာကြမ်းပိုးပုံစံတွေ များတယ်”ဟု ရယ်ရယ်မောမော ပြောကြားသည်။ ကိုယ်တိုင်လည်း လူငယ်တစ်ဦးဖြစ်ပြီး Service+ တွင် အင်တာနက်နည်းပြ ဆရာမတစ်ဦးဖြစ်သူ ဒေါ်ဇာခြည်လွင်ကမူ Chat Room များသုံးခြင်းကို ဝေဖန်ခြင်း မပြုသော်လည်း Chat တွင် အများဆုံး အသုံးပြုသည့် Myanglish (မြန်မာစကားကို အင်္ဂလိပ်စာဖြင့်ရေးသားခြင်း၊ လူငယ်များကို ချောင်ပိတ်သလိုဖြစ်သဖြင့် အားမပေးလိုပါဟု ဆိုပါသည်။ ထို့ပြင် အချို့ Chat Room များတွင် ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောဆိုသူများရှိကြောင်း Chat Room သုံးသူများထံမှ သိရသည်။

## အသုံးအများဆုံး Gtalk

အင်တာနက်ကဖီးများ၌ Chat Room နှင့်အတူ အသုံးပြုမှုအများဆုံးမှာ Google Talk ခေါ် Gtalk ပင် ဖြစ်သည်။ Gtalkကို အသုံးပြုမှုများပြားသည့်အတွက် အင်တာနက်ကဖီးများတွင် မိမိဘာသာ Website ကို လိုက်ရှာစရာမလိုဘဲ အသုံးပြု၍ရအောင် ကွန်ပျူတာ Desktop တွင် တင်ပေးထားသည်ကို တွေ့ရသည်။ အပြင် တယ်လီဖုန်းကဲ့သို့ ငွေကြေးများစွာ ကုန်ကျမှုမရှိဘဲ အင်တာနက်သုံး၍ လွယ်လင့်တကူအသုံးပြုနိုင်ခြင်းကြောင့် Gtalk ကို သုံးစွဲသူတွေ နှစ်ခြိုက်မှုများလှသည်။

“ကျွန်တော့်အစ်မ စင်ကာပူမှာ ကျောင်းတက်နေတာ။ အခု ကျွန်တော်တို့ မောင်နှမနှစ်ယောက် Gtalk သုံးပြီး ပြောရတာ သိပ်အဆင်ပြေတယ်။ ငွေကြေး သိပ်မကုန်ကျလို့လည်း နေ့တိုင်းကို ပြောဖြစ်ကြတယ်” ဟု ဇော်ထွန်းနိုင်က ပြောကြားသည်။ အင်တာနက်ကဖီးတွင် လွယ်ကူစွာသုံးနိုင်သော Gtalk ကြောင့် ယခင်က အင်တာနက်သုံးစွဲရန် ဝန်လေးခဲ့သူ တချို့ကလည်း နိုင်ငံရပ်ခြားရှိ ဆွေမျိုးများနှင့် စကားပြောရန်အတွက် Gtalk ကို အသုံးပြုလာကြသည်။ ထို့အပြင် အလုပ်ခွင်ရှိလူငယ်များကလည်း အလုပ်လုပ်ရင်း သူငယ်ချင်းမိတ်ဆွေများနှင့် စကားပြော၍ ရအောင် Gtalk ကို သုံးစွဲလာကြသည်။

သို့ရာတွင် အင်တာနက်ကဖီးများတွင် Gtalk ကို ကျယ်လောင်စွာပြော၍

**မြန်မာနိုင်ငံတွင် အင်တာနက်ယဉ်ပါးမှုနှင့်ပတ်သက်၍ မြို့အလိုက်၊အသက်အုပ်စုအလိုက်၊ ကျား/မအလိုက်နှိုင်းယှဉ်ချက်**



www.foreverspace.com.mm



အသုံးချသူများကြောင့် အခြားအင်တာနက်အသုံးပြုသူများမှာ စိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခုဖြစ်နေသည်ကို တွေ့ရသည်။ ကွန်ရက်ဆက်သွယ်မှုမကောင်းသည့်အချိန်များတွင် Gtalk သုံးသူများက ကျယ်လောင်စွာပြောရသဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရသလို ကိုယ်ရေးကိုယ်တာကိစ္စများကို ကျယ်လောင်စွာပြောသူများကြောင့်လည်း အနှောင့်အယှက်ဖြစ်ရသည်ဟု ဘွဲ့လွန်စာတမ်းတစ်ခုအတွက် သုတေသနပြုနေသော အင်တာနက်ကို ပုံမှန်သွားရောက်သုံးစွဲသူ ထက်ထက်က ပြောကြားသည်။

"တချို့ဆိုရင် ဘာမှအရေးမကြီးတဲ့ သမီးရည်းစားကိစ္စတွေကို အကျယ်ကြီး Gtalk နဲ့ ပြောနေတယ်။ သူတို့က နားကြပ်ကြောင့် အသံကျယ်မှန်းမသိပေမယ့် ဘေးကလူက အကျယ်ကြီးကြားနေရတယ်" ဟု ၎င်းက ဆိုသည်။

## PAC များ

ရန်ကုန်နှင့် မန္တလေးမြို့များနည်းတူ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့များအားလုံး အင်တာနက်နှင့် E-mail ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန်အတွက် အများပြည်သူသုံးအင်တာနက်အသုံးပြုရန်နေရာ Public Access Center (PAC) များကို Myanmar Info-Tech နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ ပူးပေါင်း၍ တည်ထောင်ဖွင့်လှစ်လျက်ရှိရာ ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် PAC ၁၆ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး မကြာမီ ၇၉ ခုအထိ တိုးချဲ့ဖွင့်လှစ်သွားရန်စီစဉ်လျက်ရှိကြောင်း Myanmar Info-Tech မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ လောလောဆယ်တွင် ဆက်သွယ်ရေးအခြေခံအဆောက်အဦများအရ အင်တာနက်အသုံးပြုခွင့်ရရှိမှု အကန့်အသတ်အချို့ ရှိနေဦးမည်ဖြစ်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုခွင့်ရရှိလာသည့်ကာလ၌မူ တောရောမြို့ပါမကျန် မြန်မာလူငယ်အားလုံး အင်တာနက်နှင့် ထိတွေ့ယှဉ်ပါးခွင့်ရရှိလာမည်ဖြစ်ကြောင်း နယ်မြို့တစ်မြို့မှ အင်တာနက်အသုံးပြုသူတစ်ဦးက သုံးသပ်သည်။



အင်တာနက်သုံးစွဲသူအများစုမှာ လူငယ်များဖြစ်ကြသည်

## နိဂုံး

အင်တာနက်ကို တရားဝင်အသုံးပြုခွင့်ရပြီး လေးငါးနှစ်အကြာတွင် မြန်မာလူငယ်အများစုတွင် အင်တာနက်သုံးစွဲမှုများပြားလာသည်မှာ ကောင်းသောလက္ခဏာတစ်ရပ်ဟု အများစုက ကောက်ချက်ချပါသည်။ မြန်မာလူငယ်များ အင်တာနက်သုံး၍ TOEFL စာမေးပွဲသင်ခန်းစာများ ရှာဖွေခြင်း၊ နိုင်ငံခြားတက္ကသိုလ်များ၏ Website များ ဝင်ကြည့်ပြီး ကျောင်းဝင်ခွင့်လျှောက်ထားလာကြခြင်း၊ စာမေးပွဲစာတမ်းအတွက် အသုံးချမည့်သင်ခန်းစာများကို ရှာဖွေခြင်း၊ E-mail သုံးစွဲတတ်ခြင်းမှာ ကောင်းသောအလားအလာများဖြစ်သော်လည်း အင်တာနက်ကဖီးများ၌ ထိုကဲ့သို့အသုံးပြုသူများမှာ အနည်းစုသာဖြစ်နေသည်ကို တွေ့ရသည်။ အင်တာနက်သုံးစွဲသူများအနက် အများစုမှာ Gtalk နှင့် Chat Room သုံးစွဲဖို့သာ အားသန်နေကြသေးသည်ဟု အင်တာနက်ကဖီးများထံမှ သိရသည်။

အင်တာနက်ကို သုံးစွဲမှု ပိုမိုများပြားလာသည်နှင့် အင်တာနက်ကဖီးများသည်လည်း နေရာတကာတွင် ရှိလာသည်အထိ တိုးပွားများပြားလာဖွယ်ရှိသည်ဟု Ocean Gate မှ ဦးသိန်းစိုးက မှတ်ချက်ချပါသည်။ သုံးစွဲမှု ပိုမိုများပြားလာပါက လက်ရှိဖွင့်လှစ်နေသော အင်တာနက်ကဖီးများသည် ပိုမိုစနစ်ကျလာပြီး Gtalk သုံး၍ စကားပြောလိုသူများကိုလည်း သီးခြားစီစဉ်ပေးနိုင်သည်အထိ အဆင့်မြင့်မားလာဖွယ်ရှိသည်ဟု သုံးသပ်သူအချို့က မှတ်ချက်ချပါသည်။ နိုင်ငံတကာတွင် တွေ့ကြုံနေရသကဲ့သို့ အင်တာနက်မှ ကောင်းသောအရာ၊ ဆိုးသောအရာကို ခွဲခြားသိမြင်တတ်ဖို့ကတော့ ကာယကံရှင်နှင့်သာ သက်ဆိုင်သည်ဟု အင်တာနက်နည်းပြ ဒေါ်ဇာခြည်လွင်က အောက်ပါအတိုင်း ပြောကြားသည်။

"အရာတိုင်းမှာ အကောင်းအဆိုးရှိသလို အင်တာနက်မှာလည်း ရှိတယ်၊ ကောင်းတာကိုယူပြီး ဆိုးတာကို လက်မခံဖို့ကတော့ ကိုယ်နဲ့ပဲဆိုင်တယ်"

**ထားထားမြင့်**

www.foreverspace.com.mm



# စွန့်ပစ်ပစ္စည်း ပုစွန်ခွံမှထုတ်ယူရရှိသော ခိုက်တိုစန် (Chitosan) အနာဂတ်အလားအလာ

သန်းထိုက်သူ

**ရေထွက်ပစ္စည်းလုပ်ငန်းကုမ္ပဏီတို့၏ ဘေးထွက်ပစ္စည်း ပုစွန်ခွံမှထုတ်ယူရရှိသော ခိုက်တိုစန် (Chitosan) ပေါ်လီမာ ဒြပ်ပေါင်းသည် ၂၁ ရာစုလူ့လောက၏ ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် အဖိုးတန်သဘာဝဓာတ်မျှင်တစ်ခုဖြစ်ကြောင်း ယင်းနှင့်ပတ်သက်၍ သုတေသနပြုလုပ်သူပညာရှင်များက မှတ်ချက်ပြုကြသည်။**

## ခိုက်တိုစန် (Chitosan) နှင့် ကုန်ကြမ်းလိုအပ်ချက်

ပုစွန်ခွံတွင် ပါဝင်သည့် ပရိုတင်း (Protien)၊ ကယ်လ်စီယမ်ကာဗွန်နိတ် (Calcium Carbonate)၊ ခိုက်တင် (Chitin) တို့အနက် ပရိုတင်းနှင့် ကယ်လ်စီယမ်ကာဗွန်နိတ်တို့ကို ဖယ်ထုတ်ပြီး ကျန်ရှိသော ခိုက်တင် (Chitin) ပေါ်လီမာကို အက်စီတိုင်းအုပ်စု ဖယ်ထုတ်ခြင်းနည်းဖြင့် ခိုက်တိုစန် ပေါ်လီမာကို ရရှိသည်ဟု ယင်းကို သုတေသနပြုလုပ်လျက်ရှိသူ Asian Technological Group ကုမ္ပဏီမှ ဒေါက်တာကျော်ငြိမ်းအေးက ပြောကြားသည်။

အဆိုပါခိုက်တိုစန်ကို ပုစွန်ခွံအပြင် ကဏန်းအခွံ၊ ပြည်ကြီးငါးအလယ်ရိုးကဲ့သို့သော အခွံမာများရှိသည့် သတ္တဝါများမှ ထုတ်ယူရရှိနိုင်ပြီး ပုစွန်မွေးမြူသည့် လုပ်ငန်းဖွံ့ဖြိုးခြင်းနှင့် ပုစွန် Export တင်ပို့သည့်ကုမ္ပဏီများစွာရှိရာ ခိုက်တိုစန်ပေါ်လီမာထုတ်ယူရေးအတွက် ကုန်ကြမ်းလိုအပ်ချက် မရှိပါကြောင်း ၎င်းက ဆိုသည်။

ဖော်ပြပါအဆင့်များအတိုင်း မြန်မာနိုင်ငံမှ စမ်းသပ်ထုတ်လုပ်လိုက်သော ခိုက်တိုစန်ပေါ်လီမာ၏ အရည်အသွေးကို ၂၀၀၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ National Science and Technology Development Agency က အရည်အသွေးစစ်တိုင်းတာမှုများ ပြုလုပ်ခဲ့ရာ နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီပြီး အရည်အသွေး ပြည့်မီခဲ့ကြောင်း ထောက်ခံချက်များရရှိခဲ့သည်ဟု ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန ကထိက ဒေါ်လှိုင်လှိုင်ဦးက ပြောကြားသည်။

## အသုံးဝင်မှု

ဓာတ်ပြုခြင်းအခြေအနေအရပ်ရပ်ကို လိုက်၍ မော်လီကျူးအလေးအဆ မတူညီသည့် အက်စီတိုင်း ဖယ်ထုတ်ခြင်းဖြင့် ရရှိလာသော ဒီဂရီမတူညီသည့် ခိုက်တိုစန်များသည် လူ၊ သတ္တဝါ၊ အပင်သဘာဝ ပတ်ဝန်းကျင်နှင့် လူအသုံးအဆောင်ပစ္စည်းများတို့အတွက် ဖော်မပြနိုင်လောက်အောင်များပြားသော အကျိုးပြုမှုများကြောင့် ၂၁ ရာစု၏ ကယ်တင်ရှင်အဖြစ် သုတေသနပညာရှင်များက ရှုမြင်ကြခြင်းဖြစ်သည်။

**ပုစွန်အခွံမှ ပြုလုပ်ထားသည့် ခိုက်တိုစန်နမူနာ**



## ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု

ခိုက်တိုစန်သည် ကျန်းမာရေးအထောက်အကူပြု ဆေးဘက်ဆိုင်ရာ လုပ်ငန်းအတော်များများတွင် အသုံးဝင်ပါကြောင်း ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များ သိပ္ပံသုတေသနဌာနမှ ကထိကတစ်ဦးက ရှင်းလင်းပြောကြားသည်။

၎င်းကို အဆီကျဆေး၊ ကိုလက်စထရောလျှော့နည်းစေရန်နှင့် သွေးဖိအားလျှော့နည်းစေရန်အတွက် ထုတ်လုပ်သော ဆေးဝါးများတွင် ပိုမို အသုံးဝင်သည်ဟု အဆိုပါကထိက,က ဆိုသည်။

ဂျပန်နိုင်ငံ တုန်ပေဆေးတက္ကသိုလ် ပါမောက္ခ၏ လက်တွေ့စမ်းသပ်ချက်တစ်ရပ်တွင် ခိုက်တိုစန်သည် သွေးကြော၏ နံရံများကို ကာကွယ်ထားပြီး ကင်ဆာဆဲလ်လှုပ်ရှားမှုကို ထိန်းချုပ်ထား၍ အဆိုပါ ရောဂါပြန့်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ကြောင်း၊ ကင်ဆာဆေးများနှင့် တွဲဖက်၍ စားသုံးပါကလည်း ခိုက်တိုစန်၏

www.foreverspace.com.mm



မူလသဘာဝသည် စွမ်းရည်ကို ပိုမိုမြင့်တင်ပေးခြင်းဖြစ်ရာ အဆိုပါဆေးအာနိသင်ကို မြင့်မားစေပြီး ဆေး၏ Side Effect များကို လျော့ကျစေသည်ဟု ဆိုသည်။ ဂျပန်နိုင်ငံ ကျူပ်ကြုံတက္ကသိုလ်နှင့် အိုက်ယွန်တက္ကသိုလ်တို့၏ စမ်းသပ်ချက်များကလည်း ခိုက်တိုစန်သည် ကိုလက်စထရောကို ကျစေကြောင်း၊ သွေးအားမျှတစေကြောင်း ဖော်ပြထားသည်။ ဂူးချိတက္ကသိုလ် ပါမောက္ခ၏ လက်တွေ့စမ်းသပ်ချက်တစ်ရပ်တွင် ကလီဇာ၏စွမ်းရည်ကို မြင့်တင်ပေးပြီး ဆဲလ်များကို ပြန်လည်ရှင်သန်စေခြင်းကြောင့် ရေဖျင်းစွဲ၊ အသည်းဆီဖုံး၊ အသည်းကင်ဆာ၊ A ပိုး၊ B ပိုး၊ C ပိုးနှင့် အသည်းရောဂါ အမျိုးမျိုးတို့ကို ထိရောက်စွာ ကုသနိုင်သည်ဟု ဆိုသည်။

အခြား ပျောက်ကင်းနိုင်သော အချက်များမှာ အချဉ်ဓာတ်လွန်ကဲခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ မီးလောင်ဒဏ်ရာ၊ အစာချေအင်္ဂါဆိုင်ရာရောဂါများ၊ ဦးနှောက်အာရုံကြော၊ အသက်ရှူလမ်းကြောင်း၊ မျက်စိဆိုင်ရာ၊ Allergy၊ ဆီးလမ်းကြောင်း၊ ဆီးချိုရောဂါနှင့် ခန္ဓာကိုယ်အတွင်းရှိ အဆိပ်ဓာတ်များကို စုပ်ယူစွန့်ထုတ်ပေးခြင်း စသည်ဖြင့် ရောဂါမျိုးစုံကို ပျောက်ကင်းသက်သာသော အစွမ်းသတ္တိရှိသဖြင့် လူ့ခန္ဓာကိုယ် သက်စောင့်ဆေးအဖြစ် ကုလသမဂ္ဂသုတေသနပညာရှင်အသင်းက ခေါ်ဆိုခဲ့ကြောင်း၊ ယင်းခိုက်တိုစန်ကို ဂျပန်နိုင်ငံမှ ဆရာဝန်ပေါင်း ၂၀၀၀၀ ကျော်တို့က အသုံးပြုလျက်ရှိရာ ကုသမှု၏ ထိရောက်အောင်မြင်မှုမှာ ရာနှုန်းပြည့်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

## အပင်များနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု

ခိုက်တိုစန်သည် ဇီဝမြေသြဇာနှင့် ဇီဝအပင်ကြီးထွားဆေးအဖြစ် အဓိက သုံးစွဲနိုင်ပြီး မြေဆီလွှာပြုပြင်ထိန်းသိမ်းခြင်း၊ ဓာတုဗေဒအဆိပ်အတောက်များ လျော့ချပပျောက်ရေးနှင့် သီးနှံအထွက်တိုးရေးတို့အတွက် သုံးစွဲနိုင်ပါကြောင်း ခိုက်တိုစန်၏ Value added အဖြစ် စိမ်းမြရည်အမှတ်တံဆိပ် မျိုးစေ့အောင် အပင်ကျန်းမာရေး ဇီဝအားဖြည့်ဆေးရည်ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သော Asian Technology Group ကုမ္ပဏီမှ ဒေါက်တာကျော်ငြိမ်းအေးက ပြောကြားသည်။

ခိုက်တိုစန်မှ ထုတ်လုပ်သည့် အဆိုပါဇီဝဆေးရည်ကို အသုံးပြုခြင်းဖြင့် အပင်သည် မြေကြီးနှင့် လေထုအတွင်းရှိ အာဟာရစုပ်ယူမှုနှုန်းကို နှစ်ဆတက်လာပြီး ပိုးမွှားများကို သေစေနိုင်သဖြင့် အပင်ကြီးထွားအောင်မြင်ကြောင်း၊ ဓာတုဗေဒမြေသြဇာများ၏သုံးစွဲမှုကို လျှော့ချနိုင်၍ မြေဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်ခြင်းအပြင် မြေထုနှင့် ရေထုအတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားသန့်စင်ပေးသဖြင့် သဘာဝပတ်ဝန်းကျင်ကို များစွာ အကျိုးပြုပါကြောင်း ၎င်းက ဆိုသည်။

## မွေးမြူရေးလုပ်ငန်းနှင့် လူ့အသုံးအဆောင်ပစ္စည်းအပေါ် အကျိုးသက်ရောက်မှု

လူ၊ သတ္တဝါတို့၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်သည့်အပြင် ခိုက်တိုစန်ကို မွေးမြူရေးလုပ်ငန်းများ၌ တွဲဖက်အသုံးပြုနိုင်ပါကြောင်း ဒေါက်တာကျော်ငြိမ်းအေးက ရှင်းလင်းပြောကြားသည်။ ခိုက်တိုစန်ကို ငါး၊ ပုစွန်မွေးမြူရေးကန်များတွင် ဖော်မြူလာအရ ထည့်သွင်းအသုံးပြုပါက အသားအလေးချိန်အချိုး သိသိသာသာ ကောင်းမွန်လာပြီး မွေးမြူရေးအစားအစာအတွက် ရင်းနှီးမြှုပ်နှံငွေ အနည်းငယ်တိုးချဲ့ပါက အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ခိုက်တိုစန်ဖြင့်ပြုလုပ်ထားသည်
ဆေးဝါးတစ်မျိုး



"မွေးမြူရေးအစာ ငါးတန်မှာ ခိုက်တိုစန် တစ်ကီလိုဂရမ် လိုပါတယ်။ တန်ဖိုးတွက်ကြည့်ရင် ပုံမှန်အစာတန်ဖိုး တစ်ကီလိုအတွက် အများဆုံး တန်ဖိုးလေးကျပ်လောက်ပဲ တက်သွားတာပါ"ဟု ခိုက်တိုစန်အသုံးပြုလျှင် ကုန်ကျမည့်စရိတ်ကို တွက်ချက်ပြသည်။ မွေးမြူရေးလုပ်ငန်းအတွက် အသားတိုးနှုန်းကို အောက်ဖော်ပြပါကွက်များဖြင့် ခိုက်တိုစန်၏ အလေးချိန်တိုးခြင်းအပေါ် အကျိုးသက်ရောက်မှု ဇယားတွင် ကြည့်ရှုနိုင်သည်။

အဆိုပါခိုက်တိုစန်ကို အလှကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုးနှင့် ချည်မျှင်နှင့် အထည်လိပ်လုပ်ငန်းများတွင် အသုံးပြုကြသည်။

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အတွင်းခံ အသုံးအဆောင်ပစ္စည်း၊ ကလေးအဝတ်အထည်များနှင့် ခြေအိတ်ကဲ့သို့သောပစ္စည်း အများအပြားထုတ်လုပ်သုံးစွဲကြကြောင်း၊ ခိုက်တိုစန်သည် ပိုးမွှားသေစေနိုင်သော ဂုဏ်သတ္တိရှိသဖြင့် ခြေအိတ်ဝတ်ဆင်လျှင် ချွေးမှတစ်ဆင့် ထွက်လာသော ဘက်တီးရီးယားပိုးများကို သေစေနိုင်၍ အနံ့ဆိုးကင်းစင်ပြီး ကလေးအဝတ်အစားအတွက်လည်း အထူးသင့်လျော်ပါကြောင်း ဒေါက်တာကျော်ငြိမ်းအေးက ဆိုသည်။

## ခိုက်တိုစန်စီးပွားရေးနှင့် သုံးသပ်ချက်

ခိုက်တိုစန်နှင့်ပတ်သက်၍ နိုင်ငံအတော်များများတွင် လူ့အသုံးအဆောင်ပစ္စည်း၊ ဆေးဝါး၊ အလှကုန် စသောပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်သုံးစွဲနေပြီဖြစ်ရာ အဆိုပါထုတ်လုပ်သည့်နည်းပညာများနှင့် စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲနေသည့်အခြေအနေများကိုလည်း နိုင်ငံ

www.foreverspace.com.mm



**ကြွက်များဖြင့် အလေးချိန်တိုးခြင်းအပေါ် စမ်းသပ်ချက်**

| အစာတွင်းဖြည့်စွက်ဓာတ်မျှင် | မူလအလေးချိန်(ဂရမ်) | ၂၂ ရက်အတွင်းတက်လာမည့်အလေးချိန်(ဂရမ်) |
|---|---|---|
| ၅% ခိုက်တင် | ၅၈.၄ ± ၂.၀<br>၅၈.၆ ± ၁.၉ | ၁၀၈ ± ၃.၀<br>၁၁၁.၂ ± ၇.၇ |
| ၅% ခိုက်တိုစန် | ၅၈.၅ ± ၁.၉ | ၁၁၀.၃ ± ၄.၄ |
| ၅% ဆဲလူးလို့စ် | ၆၀.၂ ± ၂.၀ | ၁၀၇.၉ ± ၇.၂ |

(ခိုက်တင်၊ ခိုက်တိုစန်၊ ဆဲလူးလို့စ်တို့သည် ပုစွန်ခွံတွင် ပါဝင်သည့် ဒြပ်များဖြစ်ပြီး မွေးမြူရေးအစာတွင်သုံးလိုလျှင် ယင်းတို့ကို ဖြည့်စွက်ရမည်ဖြစ်သည်)

တကာမှ ဝင်ရောက်ဆွေးနွေးသည်။ ဥရောပ ခိုက်တိုစန်ဆိုင်ရာဆွေးနွေးပွဲ၊ အာရှ-ပစိဖိတ် ခိုက်တိုစန်ဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေးရယူနိုင်ပြီဖြစ်၍ မြန်မာနိုင်ငံ၏ ခိုက်တိုစန်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အပိုင်းများမှာ ထင်သာမြင်သာ ရှိနေပြီဖြစ်သည်။

ယင်းမှာ ပုစွန်ခွံ၏ တန်ဖိုးမြှင့်ပစ္စည်း ခိုက်တိုစန်ကို ထပ်ဆင့်တန်ဖိုးမြှင့်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်သုံးစွဲနေသော နိုင်ငံများသို့ တင်ပို့နိုင်ရေး၊ နိုင်ငံအတွင်း တန်ဖိုးမြှင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်အများစု ပါဝင်လာစေရန် စည်းရုံးရေးတို့ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိစမ်းသပ်ဆောင်ရွက်နေသောအခြေအနေမှာ အဆိုပါ ခိုက်တိုစန်ကို Electrolyte Film ပြုလုပ်၍ မျက်ကပ်မှန်၊ ဘက်ထရီအိုးများနှင့် မိုဘိုင်းလ်ဖုန်းများတွင် အသုံးပြုနိုင်ရေးအတွက် တက္ကသိုလ်များ သိပ္ပံသုတေသနဌာနမှ စမ်းသပ်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ကတော့ စိုက်ပျိုးရေးမှာ အသုံးပြုဖို့အတွက် ဓါတ်မြေဩဇာဖြည့်ဆေးရည် ထုတ်လုပ်ပြီးပါပြီ။ နောက်ထပ် အလှကုန်တွေ၊ လူ့အသုံးအဆောင်ပစ္စည်းတွေအတွက် ကြိုးပမ်းနေပါတယ်။ အဲ့ဒီအတွက် ဒီနှစ် ဧပြီလမှာ ကိုရီးယားမှာ ကျင်းပမယ့် အာရှ-ပစိဖိတ် ခိုက်တိုစန်ဆိုင်ရာဆွေးနွေးပွဲ (APCCS-Asia-Pacific Chitin Chitosan Symposium) ကို စာတမ်းပြုစုတင်သွင်းထားပြီး ကျွန်တော် တက်ရောက်ဆွေးနွေးဖို့လည်း ရှိပါတယ်" ဟု ခိုက်တိုစန်သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနမှ ဒေါက်တာကျော်ငြိမ်းအေး၏ ပြောကြားချက်ဖြစ်သည်။

ခိုက်တိုစန်ကို ပြည်ပတင်ပို့နိုင်ရေးအတွက်မှာ ပင်လယ်ကမ်းခြေနှင့်နီးသော ဂျပန်၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ အင်္ဂလန်နှင့် အမေရိကန်တို့တွင် ကုန်ကြမ်းအလုံအလောက်ရှိပြီး ထုတ်လုပ်သုံးစွဲနေပြီဖြစ်၍ ကမ်းခြေဒေသနှင့်ဝေးသော အနောက်နိုင်ငံများတွင် အဓိကထား၍ ဈေးကွက်ရှာဖွေရမည်ဖြစ်ကြောင်း၊ သုတေသန၊ စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိက ပါဝင်ဆောင်ရွက်ပါက ပိုမိုအောင်မြင်သည့်သဘောရှိရာ အရင်းအနှီး အကျိုးအမြတ်နှင့် အနာဂတ်အလားအလာကို ခွဲခြမ်းစိတ်ဖြာ၍ ပုဂ္ဂလိကလုပ်ငန်းရှင်အများစု စိတ်ဝင်တစား ပါဝင်လုပ်ကိုင်လာစေရန် စည်းရုံးဆောင်ရွက်နိုင်မှသာလျှင် ၂၁ ရာစု လူ့လောက၏ ပြဿနာများစွာကို ဖြေရှင်းပေးမည့် ခိုက်တိုစန်မှ အဆင့်မြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း သုတေသနပြုလုပ်လျက်ရှိသူ ပညာရှင်အများစုက သုံးသပ်ကြသည်။

**သန်းထိုက်သူ**

■

**နမူနာပြသထားသော ခိုက်တိုစန်ပေါ်လီမာ**





# မြန်မာ့ပညာရေးဈေးကွက်ရှိ နိုင်ငံတကာကျောင်းများနှင့် ပညာလိုလားသူများ

ကျော်ဆန်းမင်း

**ယနေ့ကမ္ဘာကြီးသည် 'ပညာခေတ်'၊ 'ဂလိုဘယ်ခေတ်' ဟု ခေါ်ဆိုကြသည့် မြန်နှုန်းမြင့်နည်းပညာခေတ်သို့ ဝင်ရောက်လာရာ ကမ္ဘာ့နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည်လည်း မပါမဖြစ် အမီလိုက်ပါနေရပြီဖြစ်သည်။ ယင်းသို့ နည်းပညာထွန်းကားလာသည့်ခေတ်တွင် ရေပန်းအစားဆုံးအရာကား ပညာရပ်များ၏ ရေသောက်မြစ်ဖြစ်သော ပညာ့ဗိမာန် (သို့မဟုတ်) အဆင့်မြင့်ပညာသင်ကျောင်းများတွင် သွားရောက်ပညာဆည်းပူးရေးပင်ဖြစ်သည်။ မြန်မာလူငယ်များအဖို့ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အဆင့်မြင့်ပညာဆည်းပူးရန် အာသီသများ ပြင်းထန်လာရာမှ မြန်မာနိုင်ငံသည် နိုင်ငံတကာမှ အဆင့်မြင့်ပညာရပ်များ ဖြန့်ဖြူးပေးသော သင်တန်းကျောင်းများ၏ ဈေးကွက်ချဲ့ထွင်စရာ နယ်မြေသစ်တစ်ခု ဖြစ်လာခဲ့သည်။**

## ဖွံ့ဖြိုးလာသော ပညာရေးဈေးကွက်

"အရင်က IDCS တို့ IAD တို့ တက်မယ်၊ B.Sc (Hons.) တက်မယ်ဆိုရင် နိုင်ငံခြားတိုင်းပြည်တွေမှာ သွားတက်ရတယ်။ အခုနောက်ပိုင်း IDCS ဒီမှာ တက်ခွင့်ရလာတော့ ဒီမှာ IDCS အရင်ဖြေ၊ အောင်ပြီးရင် ပြည်ပမှာ တက္ကသိုလ် ဒုတိယနှစ်နဲ့ညီတဲ့ IAD တစ်နှစ်တက်ပြီး B.Sc ကို ဆက်တက်၊ နောက်ပိုင်း IAD ပါ ဒီမှာတက်ခွင့်ရလာတော့ ဟိုမှာ B.Sc တစ်နှစ်သွားတက်ရုံပဲ ဖြစ်လာတယ်။ အခုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာပဲ B.Sc ဘွဲ့ကို ယူလို့ ရနေပါပြီ"ဟု Myanma Computer Co., Ltd. မှ Chief Operation Officer ဦးငြိမ်းဦးက မြန်မာ့ပညာရေးဈေးကွက်တွင် ပြည်ပမှ IT ဆိုင်ရာ အဆင့်မြင့်သင်တန်းကျောင်းများ တစ်ဆင့်ထက်တစ်ဆင့် အောင်မြင်တိုးတက်လာပုံအား ပြောပြသည်။

မြန်မာနိုင်ငံ၌ ဘွဲ့ရပြီးလျှင် ပြည်ပတွင် M.Sc ကို ဆက်တက်လိုပါက ဆက်တက်နိုင်ကြောင်း၊ ယခင်က ပြည်ပနိုင်ငံများသို့ သွား၍တက်ရောက်ရစဉ်က ကျောင်းစရိတ်၊ နေစရိတ်၊ စားစရိတ်များစွာ ကုန်ကျရုံသာမက ဘာသာစကားအခက်အခဲ၊ ဘာသာရပ်အခက်အခဲ စသဖြင့် အခက်အခဲမျိုးစုံကြုံနိုင်ကြောင်း၊ ယခု ပြည်တွင်း၌ပင် လိုသလောက်တက်ပြီးမှ အဆင့်မြင့်ပညာဆက်လက်သင်ယူရန် ပြည်ပသို့ ထွက်ခွာခြင်းက ငွေကုန်ကြေးကျသက်သာရုံသာမက ပြည်တွင်း၌ပင် အခြေခံကောင်းများ ရရှိသွားသဖြင့် ပြည်ပတွင် ပိုမိုအဆင်ပြေနိုင်ကြောင်း ၎င်းက ဆိုသည်။

"ကျွန်တော်တို့ဆီမှာ ပြည်ပတက္ကသိုလ်၊ သင်တန်းကျောင်းတွေနဲ့ ချိတ်ဆက်ထားတဲ့ ပြည်တွင်းသင်တန်းကျောင်းတွေ ရှိသလို၊ ပြည်ပတက္ကသိုလ်၊ သင်တန်းကျောင်းတွေကနေ တိုက်ရိုက်လာဖွင့်တဲ့ သင်တန်းတွေလည်း အခုဆိုရင် တော်တော်များများ ဖွင့်လှစ်လာကြတာ တွေ့ရတယ်။ ပြည်တွင်းဆရာတွေနဲ့ အဓိကသင်တဲ့ သင်တန်းကျောင်းတွေမှာ ဘာသာစကား အခက်အခဲ မရှိပေမယ့် ပြည်ပက တိုက်ရိုက်လာဖွင့်တဲ့ သင်တန်းကျောင်းတွေ တက်မယ်ဆိုရင်တော့ ဘာသာစကားအခက်အခဲကြုံရပါတယ်။ သူတို့သင်တန်းတွေ တက်မယ်ဆို

www.foreverspace.com.mm

ရင် အင်္ဂလိပ်စာအရည်အချင်းစစ် စာမေးပွဲတွေ ဝင်ဖြေရပြီး အနည်းဆုံး ရမှတ် ၅၀ ရာခိုင်နှုန်းရမှ လက်ခံလေ့ရှိတာကြောင့် ကျွန်တော်တို့ အခက်အခဲတော်တော်တွေ့ရပါတယ်”ဟု ဒဂုံတက္ကသိုလ်မှ အင်္ဂလိပ်စာအဓိကဖြင့် ဘွဲ့ရရှိထားသူ ဦးအောင်ဇော်ဦးက ပြည်ပမှ တိုက်ရိုက်လာရောက်ဖွင့်လှစ်သောသင်တန်းကျောင်းများတွင် ကြုံတွေ့ရသောဝင်ခွင့်အခက်အခဲကို ပြောပြသည်။

အခုကဲ့သို့ ပြည်ပမှ သင်တန်းကျောင်းများ မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ခြင်းသည် ပညာလိုလားသူလူငယ်များအတွက် အခွင့်ထူးတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတက္ကသိုလ်၊ ကောလိပ်များတွင် ကုန်ကျမည့်စရိတ်ထက် များစွာသက်သာသောကြောင့် ယင်းသို့သင်တန်းကျောင်းများ ပိုမိုဖွင့်လှစ်စေလိုကြောင်း ၎င်းက ဆိုသည်။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပခဲ့သော City College Manchester, UK (CCM) ၏ ပညာရေးမိတ်ဆက်ပွဲတွင် ပညာလိုလားသူ လူငယ်အများစုတက်ရောက်ခဲ့ကြသည်။ ယင်းသို့ ပညာရေးမိတ်ဆက်ပွဲများ မြန်မာနိုင်ငံတွင် ပိုမိုပြုလုပ်လာသည့်အတွက် ပညာလိုလားသူ မြန်မာလူငယ်များ နိုင်ငံတကာတက္ကသိုလ်များနှင့် ပိုမိုရင်းနှီးခွင့်ရရှိပြီး သိလိုသည်များကိုလည်း တိုက်ရိုက်မေးမြန်းစုံစမ်းနိုင်ကြသဖြင့် နိုင်ငံတကာကျောင်းများသို့ သွားရောက်ပညာရှာကြမည့် လူငယ်များအတွက် များစွာဗဟုသုတရရှိစေကြောင်း ယင်းမိတ်ဆက်ပွဲသို့ တက်ရောက်လာသူ ဦးဇော်ထွန်းနိုင်က ဆိုသည်။

“ကျွန်တော့်သမီးအတွက် ဒီပညာရေးမိတ်ဆက်ပွဲကို လာခဲ့တာပါ။ ကျွန်တော့်သမီးက GTC ကနေတစ်ဆင့် B.E ဘွဲ့ရပြီးသွားတော့ နိုင်ငံခြားမှာ M.E ဘွဲ့ယူဖို့ ပညာဆက်သင်ချင်သေးတယ်ဆိုလို့ သူ့အတွက် လာစုံစမ်းတာပါ”ဟု ၎င်းက ဆိုသည်။

ယင်းသို့ မြန်မာပညာရေးဈေးကွက်သို့ နိုင်ငံတကာမှ အဆင့်မြင့်တက္ကသိုလ်များ၊ ကောလိပ်များ မျက်စိကျလာခြင်းမှာ ပညာလိုလားသူ မြန်မာလူငယ်များအတွက် အခွင့်အရေးကောင်းများဖြစ်သော်လည်း နိုင်ငံတကာကျောင်းများသို့မလျှောက်ထားမီ မိမိစိတ်ဝင်စားသည့်ဘာသာရပ်နှင့် မိမိတက်ရောက်လိုသည့် တက္ကသိုလ်အကြောင်း အစုံအလင်ကို သေချာစွာ စုံစမ်းသင့်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်ပတက္ကသိုလ်၊ ကောလိပ်အချို့သည် အမည်အရသာ တက္ကသိုလ်၊ ကောလိပ်အဖြစ် သတ်မှတ်ထားသော်လည်း ထိုက်သင့်သလောက် ကြီးကျယ်ခမ်းနားမှုမရှိကြောင်း ပြည်ပတွင် ကျောင်းတက်ခဲ့သူတစ်ဦးက ပြောကြားသည်။

“နိုင်ငံရပ်ခြားက တက္ကသိုလ်၊ ကောလိပ်လို့ဆိုတိုင်း အထင်မကြီးဖို့ လိုပါတယ်။ တချို့တက္ကသိုလ်၊ ကောလိပ်လို့ အမည်တပ်ထားပေမယ့် သာမန်သင်တန်းကျောင်းကြီးတွေလောက်တောင် ကျောင်းသားဦးရေ မများတာမျိုး၊ ဆရာဦးရေ မများတာမျိုး၊ ထိုက်သင့်တဲ့ပညာရေး Facilities မပြည့်စုံတာမျိုး အများကြီး တွေ့ဖူးတယ်”ဟု ၎င်းက သူ၏အတွေ့အကြုံကို ရှင်းပြသည်။

## အနုပညာနှင့် ဒီဇိုင်းသင်တန်းများ

မြန်မာ့ပညာရေးဈေးကွက်အတွင်းသို့ အနုပညာလုပ်ငန်းများနှင့်ပတ်သက်သော နည်းပညာဖြန့်ဖြူးသည့် သင်တန်းကျောင်းများ စတင်ဝင်ရောက်လာမှုအပေါ် “အရင်က ကျွန်တော်တို့ဆီမှာ ပြည်ပက Audio Engineering သင်တန်းလို အနုပညာဆိုင်ရာသင်တန်းတွေ ဖွင့်လေ့ဖွင့်ထမရှိဘူး။ ပြည်တွင်းသင်တန်းတွေလောက်ပဲရှိရာက အခုဆိုရင် သြစတြေးလျနိုင်ငံက S.A.E (School of Audio Engineering) လို သင်တန်းမျိုးလာဖွင့်တော့ နိုင်ငံတကာအဆင့်မီတဲ့ Audio နည်းပညာတွေ သင်ကြားခွင့်ရတာ ကျေနပ်မိတယ်”ဟု အဆိုပါသင်တန်းမှ သင်တန်းသားတစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။

Summit Park View ဟိုတယ်၌ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က စင်ကာပူနိုင်ငံအခြေစိုက် Raffles Design Institute ၏ Fashion Design သင်တန်းမိတ်ဆက်သည့် အခမ်းအနား ကျင်းပခဲ့သည်။ မြန်မာ့ပညာရေးဈေးကွက်အတွင်း ယခုအချိန်တွင် ခေတ်စားမှုမရှိသေးသော်လည်း အနာဂတ်တွင် ခေတ်စားလာနိုင်သည့် နည်းပညာသင်တန်းကျောင်းများ အစပျိုးဝင်ရောက်လာခြင်း ဖြစ်သည်။

ယင်းသို့ ဒီဇိုင်းသင်တန်းကျောင်းများ မြန်မာ့ပညာရေးဈေးကွက်သို့ ဝင်ရောက်လာမှုအပေါ် Talents & Models Co., Ltd. မှ ဒေါ်တင်မိုးလွင်က နိုင်ငံတကာအဆင့်မီ Design သင်တန်းကျောင်းများကို တက်ရောက်ပါက ငွေကုန်ကြေးကျများမည်ဖြစ်သော်လည်း ရေရှည်ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း၊ ချက်ချင်းအကျိုးအမြတ်ရရှိမည်မဟုတ်သော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် အကျိုးအမြတ်ရရှိလာနိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောကြားသည်။

“ခေတ်မီတိုးတက်လာတာနဲ့အမျှ လမ်းတွေ၊ အိမ်တွေ၊ ဆိုင်တွေ၊ အသုံးအဆောင်ပစ္စည်းတွေအားလုံးက ဒီဇိုင်းနဲ့ ပတ်သက်လာမှာပါ။ ကျွန်မတို့နိုင်ငံမှာ Fashion Mall ကြီးတွေ၊ Hyper Mart ကြီးတွေ၊ Fashion Centre တွေ ပေါ်ပေါက်လာရင် အသုံးအဆောင်ပစ္စည်းတွေသာမက ခင်းကျင်းပြသတဲ့နေရာမှာပါ ဒီဇိုင်းတွေနဲ့ ပုံဖော်လာမှာဆိုတော့ Professional Designer တွေ အများကြီးလိုအပ်လာမှာပါ။ ဝါသနာပါတဲ့ လူငယ်တွေအနေနဲ့ ပြည်တွင်းမှာသာမက ပြည်ပက အဆင့်မြင့်ဒီဇိုင်းသင်တန်းကျောင်းတွေမှာပါ ဒီဇိုင်း

www.foreverspace.com.mm



ပညာရပ်တွေ လေ့လာဖို့ လိုအပ်လာပါပြီ” ဟု ၎င်းက ဆိုသည်။

## Online ပညာရေးစနစ်

မြန်မာ့ပညာရေးဈေးကွက်သို့ မကြာသေးမီက Online ပညာရေးစနစ်တစ်မျိုး ဝင်ရောက်လာသည်။ အဆိုပါစနစ်မှာ ကျောင်းတက်ရန် မအားလပ်သူများအတွက် အားလပ်ချိန်တွင် ပညာသင်ကြားနိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း Internet ပေါ်တွင် အပြည့်အဝ မှီခိုရသဖြင့် Internet စွမ်းရည်အပြည့်အဝ အသုံးချနိုင်မှုမရှိသေးသော တတိယကမ္ဘာနိုင်ငံများအတွက် ထူးခြားသည့် အကျိုးသက်ရောက်မှုမရှိကြောင်း တွေ့ရသည်။ အဆိုပါစနစ်မှာ Internet မှတစ်ဆင့် ကျောင်းအပ်ခြင်း၊ Forum များ၊ Chatting များ အသုံးပြုရင်း ကျောင်းသားအချင်းချင်းသော်လည်းကောင်း၊ သက်ဆိုင်ရာ ဘာသာရပ်သင်ဆရာများနှင့်သော်လည်းကောင်း ဆွေးနွေးခြင်းတို့အပြင် Internet မှတစ်ဆင့် မိမိသင်ကြားရမည့် သက်ဆိုင်ရာ ဘာသာရပ်များကို လေ့လာနိုင်သည့်စနစ်ဖြစ်သည်။

“Online စနစ်မှာ အားသာချက်တွေရှိသလို ဆရာတွေ (Real Life ပေါ့) တကယ်ကြုံတွေ့ခဲ့ရတဲ့ လက်တွေ့အတွေ့အကြုံတွေ၊ Knowledge တွေရဖို့ အားနည်းသွားတာမျိုး ရှိပါတယ်။ တကယ့်လုပ်ငန်းခွင်ထဲသွားမယ်ဆိုရင် အတွေ့အကြုံရှိတဲ့ ဆရာ၊ ဆရာမတွေဆီက သင်ခန်းစာတွေထက် အတွေ့အကြုံ၊ ဗဟုသုတတွေရဖို့ ပိုအရေးကြီးတယ်။ ကျောင်းတက်ဖို့ အဆင်ပြေမယ်ဆိုရင်တော့ ကျောင်းတက်တာ ဆရာတွေရဲ့အတွေ့အကြုံတွေကိုပါ ရတာပေါ့။ နောက် စာသင်သားအတန်းသားအချင်းချင်းလည်း လွတ်လွတ်လပ်လပ် ဆွေးနွေးလို့ရတာပေါ့” ဟု Myanma Computer Co., Ltd. မှ ဦးငြိမ်းဦးက ၎င်း၏အမြင်ကို ပြောကြားသည်။

## ပညာလိုလားသူများ၏ အတွေ့အကြုံများ

“ကျွန်တော်တို့ မြန်မာလူမျိုးတွေက ဉာဏ်ရည်ဉာဏ်သွေးရော၊ Communication Skills မှာပါ တခြားအာရှနိုင်ငံတွေနဲ့ယှဉ်ရင် မညံ့ကြဘူး။ သာတာတွေတောင် ရှိပါသေးတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကတော့ အင်တာနက်အသုံးချမှု သိပ်မရှိသေးတော့ ဟိုမှာနည်းနည်း အခက်အခဲရှိပါတယ်။ ဟိုမှာက သင်တန်းပဲဖြစ်ဖြစ်၊ Workshop ပဲဖြစ်ဖြစ်၊ Computer တစ်လုံးစီနဲ့ တိုက်ရိုက် Internet Connection ချိတ်ပြီးတော့ လုပ်ရတာတွေရှိတော့ အခက်အခဲဖြစ်တာပေါ့။ ဒါပေမဲ့ ဒီဘက်ခေတ်မှာ ကျွန်တော်တို့ဆီမှာ အင်တာနက်အသုံးပြုမှု တွင်ကျယ်လာတော့ အဲဒီပြဿနာမျိုးတွေ လျော့နည်းသွားပါပြီ။ ပြည်ပမှာ ဘယ်လိုသင်တန်းမျိုးပဲ သွားတက်တက် Power Point Presentation ကောင်းကောင်းလုပ်နိုင်တဲ့အဆင့်မျိုးတော့ ပြင်ဆင်သွားသင့်တယ်။ ဟိုမှာက Seminar တို့၊ Workshop တို့၊ Group Discussion တို့လုပ်ရင် Powerpoint နဲ့ ကိုယ်တိုင် Presentation လုပ်ရတာဆိုတော့ တတ်ဖို့လိုအပ်တယ်”ဟု နိုင်ငံတကာသင်တန်းများသို့ လုပ်ငန်းမှစေလွှတ်ခြင်းခံရသူတစ်ဦးဖြစ်သည့် ဦးငြိမ်းဦးက ၎င်း၏အတွေ့အကြုံအရ ကြိုတင်ဆောင်ရွက်သွားသင့်သည်ကို အကြံပြုသည်။

ပြည်ပသင်တန်းကျောင်းများတွင် သက်ဆိုင်ရာနိုင်ငံများ၏ Country Report ပုံစံမျိုး မေးမြန်းလေ့ရှိခြင်းကြောင့် မိမိနိုင်ငံနှင့်ပတ်သက်သည့် IT, Business, Literature စသည်တို့ကို ကြိုတင်လေ့လာသွားသင့်ကြောင်း၊ ကျောင်းလျှောက်ရာတွင်လည်း ကျောင်းနှင့်ပတ်သက်သော အချက်အလက်များ ပြည့်ပြည့်စုံစုံရရန်လိုကြောင်း၊ တချို့ကျောင်းများတွင် လိုအပ်သောအရည်အချင်းများ ပြည့်စုံသော်လည်း Application Form နောက်ကျ၍ ငြင်းပယ်ခံရခြင်း၊ မိမိကြားသိထားသည့် သင်တန်းကြေးထက် အမှန်တကယ်သွင်းရသည့်သင်တန်းကြေးက ပိုများနေခြင်းမျိုး မကြာခဏ ကြုံတွေ့ရကြောင်း ၎င်းက ပြောကြားသည်။

ပြည်ပကျောင်းများသို့ လျှောက်ထားရာတွင် အချို့မှာ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ Agency များနှင့် ဆက်သွယ်၍ လျှောက်ထားကြသော်လည်း ယခုနောက်ပိုင်းတွင် လူငယ်တော်တော်များများမှာ အင်တာနက်ကိုအသုံးပြု၍ ၎င်းတို့တက်လိုသောကျောင်းများသို့ ကိုယ်တိုင်လျှောက်လာကြသည်ကို တွေ့ရသည်။

“Online ကတစ်ဆင့် လျှောက်လို့ရတဲ့ကျောင်းတွေရဲ့ Website မှာ Application ဆိုတဲ့ Option တစ်ခုရှိတယ်။ အဲဒီ Option ကိုဝင်ပြီး Online Application လုပ်လိုက်ရုံပဲ။ ကျွန်တော်တို့လျှောက်လိုက်တဲ့ Application Form ကို သက်ဆိုင်ရာကျောင်းကလက်ခံပြီး Admin Procedure အရ စစ်ဆေးတယ်။ လိုအပ်တဲ့အချက်အလက်မှန်ရင်၊ ပြည့်စုံရင် E-mail နဲ့ လျှောက်ထားသူဆီ ပြန်ပို့ပေးတယ်။ အဲဒီအခါကျရင် ကျွန်တော်တို့က သူတို့လိုအပ်တဲ့ စာရွက်စာတမ်းတွေ ပြန်ပို့ပေးလိုက်ရုံပဲ”ဟု ကိုယ်တိုင်ကျောင်းဝင်ခွင့်လျှောက်ထားပြီး ကျောင်းတက်နေသူ ဦးဉာဏ်လင်းထွန်းက ပြောပြသည်။

ပြည်ပသင်တန်းကျောင်းများတွင် တက်ရောက်ရာ၌ အဓိကကြုံတွေ့ရသည့် အခက်အခဲမှာ Communication နှင့် သင်ကြားမှုပုံစံဖြစ်ကြောင်း၊ ယင်းသင်တန်းကျောင်းများတွင် Learning Method သုံးသည့်အတွက် Teaching Method နှင့်သာ ရင်းနှီးခဲ့သည့် မြန်မာကျောင်းသားများအတွက် အခက်အခဲကြုံတွေ့ရကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှာ Discussion, Workshop, Seminar များ အဓိကပြုလုပ်လေ့ရှိခြင်းကြောင့် ကိုယ်တိုင်ပါဝင်ပြုလုပ်နိုင်ရန်လိုကြောင်း ၎င်းကရှင်းပြသည်။

ဂျပန်နိုင်ငံရှိ Fashion College တစ်ခုတွင် သွားရောက်ပညာသင်ကြားမည့် သက်နှင်းအေးက ဂျပန်တွင် ကျောင်းတက်မည့်သူများအတွက် ဂျပန်ဘာသာစကားတတ်ထားရန်အရေးကြီးကြောင်း၊ မိမိသင်ယူလိုသော ဘာသာရပ်များနှင့် ပတ်သက်၍ အတော်အတန်လေ့လာသွားဖို့လိုသည်ဟု ဆိုသည်။

“ဒီဇိုင်းအကြောင်း ဘာမှမတတ်ဘဲ သွားရင် ရိုးရိုးကျောင်းပဲစတက်ရမယ်။ ပြီးမှ College တို့၊ တက္ကသိုလ်တို့ ဆက်တက်ရမှာဆိုတော့ အကုန်အကျပိုများရုံတင်မကဘူး။ အချိန်လည်းကုန်တယ်။ ဒါ့ကြောင့် ဒီမှာတင် အတိုင်းအတာတစ်ခုအထိ တက်သွားမယ်ဆိုရင် ပိုကောင်းတာပေါ့။ ပြည်ပမှာ ကျောင်းသွားတက်ဖို့ဆိုတာ အခက်အခဲတော်တော်များကို ရင်ဆိုင်ရတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကတည်းက စလုပ်နေခဲ့တာ အခုမှ ဒီကျောင်းတက်ခွင့်ရတာ။ သူတို့ကျောင်းဝင်ခွင့်ရဖို့ ဘာသာစကားအရည်အသွေးစစ်ဆေးရုံတင်မကဘူး၊ Sponsor ပေးမယ့် အတိုင်းအတာကိုလည်း စစ်ဆေးတယ်” ဟု ပြည်ပကျောင်းများတက်ရာတွင် ဝင်ခွင့်ရရှိဖို့ လျှောက်ထားသူကို Sponsor ပေးသည့်ပုဂ္ဂိုလ်၏ Sponsor ပေးနိုင်မှု အတိုင်းအတာမြင့်မားဖို့လိုကြောင်း ၎င်းက ပြောကြားသည်။

စင်ကာပူနိုင်ငံ Raffles Design Institute မှ Advanceed Fashion Design Diploma ရရှိခဲ့သူ ဦးနန္ဒရန်နောင်က Designer တစ်ယောက်ဖြစ်လာရန် များစွာသော လေ့လာမှု၊ သင်ကြားမှုပြုလုပ်ခဲ့ရကြောင်း သင်တန်းကျောင်းတစ်ခုခုကို တက်ရန် မဆုံးဖြတ်မီ မိမိတက်မည့်သင်တန်းကျောင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိစေရန် စုံစမ်းသင့်ကြောင်း၊ ရွေးချယ်မှုမှားလျှင် သင်ကြားမှု၌ များစွာထိခိုက်နိုင်ကြောင်း၊ Fashion Design သင်တန်းတစ်ခု၊ တက္ကသိုလ်တစ်ခုပြီးလျှင် လက်မှတ်သာရမည်ဖြစ်ပြီး Designer တစ်ဦးမဖြစ်သေးကြောင်း၊ Designer တစ်ဦးဖြစ်ဖို့ အတွေ့အကြုံများစွာလိုကြောင်း ပြောကြားသည်။

“ကျွန်တော်တို့ဆီမှာက ဒီဇိုင်နာလိုအပ်ချက်ကြောင့်သာ သင်တန်းဆင်းတွေကို ဒီဇိုင်နာလို့ အမည်တပ်ကြတာ။ ဟိုမှာဆို အများအားဖြင့် Fashion Company တွေမှာ Buyer အဖြစ် ဝင်လုပ်ရတာမျိုး၊ ဒီဇိုင်နာအကူအဖြစ်လုပ်ရတာမျိုးတွေနဲ့ အတွေ့အကြုံအရင်ယူရပါတယ်။ လိုအပ်တဲ့အတွေ့အကြုံရမှသာ ကိုယ်ပိုင်လုပ်နိုင်တာ”ဟု ၎င်းက ဆိုသည်။

“အများစုက နိုင်ငံခြားထွက် ပညာသင်တယ်ဆိုရင် အချိန်ပိုင်းလုပ်ချင်ကြတယ်။ ဒါပေမဲ့ ကျွန်တော်တက်ခဲ့တဲ့သင်တန်းမှာက အချိန်ပိုင်းလုပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ စာသင်ချိန်က မနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ၊ နောက်ပြီး ညမှာက Home Work လုပ်ရတာ၊ စာလေ့လာရတာတွေရှိတော့ အချိန်ပိုင်းလုပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ တစ်တန်းနဲ့တစ်တန်းကြား တစ်ပတ်နှစ်ပတ်ပိတ်တယ်ဆိုပေမယ့် ပေးထားတဲ့စာတွေမနိုင်လို့ နောက်တစ်တန်းမှာ ပေါင်းယူရတာမျိုးတောင် ရှိတယ်။ အကောင်းဆုံးကတော့ အလုပ်လုပ်ဖို့ မစဉ်းစားဘဲ သူတို့ဆီက ပညာကို ရသလောက်ယူဖို့ပဲ အရေးကြီးတယ်”ဟု ၎င်းက သုံးသပ်သည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ဂျပန်ဘာသာအဓိကဖြင့် တက်ရောက်သင်ကြားနေသည့် ဒီပလိုမာ နောက်ဆုံးနှစ်ကျောင်းသူ သီရိမေက “ကျွန်မ ဂျပန်နိုင်ငံက တက္ကသိုလ်ပဲဖြစ်ဖြစ်၊ ကောလိပ်တစ်ခုခုမှာဖြစ်ဖြစ် မြန်မာစာသွားသင်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့နိုင်ငံသားတွေ ကျွန်မတို့ဆီလာပြီး ဂျပန်ဘာသာဖြန့်ဝေကြသလို ကျွန်မလည်း ဂျပန်သွားပြီး ကျွန်မတို့ဘာသာ ဖြန့်ဝေချင်တာပါ”ဟု ၎င်း၏ ဆန္ဒကို ပြောပြသည်။ သူမက ဆက်လက်၍ အချိန်ရတိုင်း အင်တာနက်ကြည့်ပြီး ဂျပန်တက္ကသိုလ်တွေကို လေ့လာနေကြောင်း၊ ဂျပန်မသွားခင် လိုအပ်တာတွေ ပြင်ဆင်သွားရန်လိုသည်ဟု ဆိုသည်။

## နိဂုံး

မြန်မာပညာရေးဈေးကွက်အတွင်းသို့ နိုင်ငံတကာမှ ဝင်ရောက်ခြေဆန့်လာသည့်နည်းတူ မြန်မာလူငယ်လေးများ၏ ပညာသင်လိုသော အာသီသမှာ ပြင်းထန်လာမှုကြောင့် လာမည့်အနာဂတ်တွင် မြန်မာနိုင်ငံမှ ပညာလိုလားသူများ၏ အခန်းကဏ္ဍမှာ မြင့်မားလာနိုင်သည်ဟု ပညာရေးဈေးကွက်မှ သုံးသပ်ကြသည်။

မြန်မာပညာရေးနယ်ပယ်သို့ နိုင်ငံတကာသင်တန်းကျောင်းများ ဝင်ရောက်လာခြင်းသည် မြန်မာနိုင်ငံမှ ပညာလိုလားသူများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း ကုန်ကျစရိတ်မြင့်မားမှုကြောင့် တက်ရောက်သင်ယူမှုအကန့်အသတ်များ ဖြစ်ပေါ်လျက်ရှိသည်။ မည်သို့ဆိုစေ ပညာရှာသူအများစုအတွက် ယင်းအခွင့်အရေးမှာ မဟာအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ယင်းအခွင့်အရေးကြီးကိုရရှိရန် ငွေကြေးများစွာအကုန်အကျခံရသည်။ ယင်းကြောင့် ထိုက်တန်သည့်ပညာများ ပြန်ရရှိစေရန် အဆိုပါသင်တန်းများသို့မတက်မီ မိမိအရည်အသွေးကို ပြည့်စုံအောင် ပြင်ဆင်သွားရန် လိုအပ်လှသည်။

နိုင်ငံတကာပညာရပ်များကို လေ့လာဆည်းပူးခွင့်ရရှိကြသူများအနေဖြင့်လည်း ပြည်ပတွင်အသက်မွေးဝမ်းကျောင်းပြုလုပ်ကြခြင်းထက် ပြည်တွင်းတွင်ပင် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြရင်း မိမိတို့လေ့လာဆည်းပူးခဲ့သည့်ပညာရပ်များကို ပြန်လည်ဖြန့်ဝေနိုင်ရေးမှာ အရေးကြီးလှပါသည်။

**ကျော်ဆန်းမင်း**



www.foreverspace.com.mm

www.foreverspace.com.mm

# ပြောင်းလဲတိုးတက်မှုရှိသော ၂၀၀၆ ပန်းချီဈေးကွက်

ဇင်ဇင်သော်

ယခုနှစ်ဦးပိုင်းတွင် ပြည်ပမှပန်းချီကားအရောင်းအဝယ်ပြုလုပ်သူအသစ်များ ဝင်ရောက်လာမှုနှင့် ပြည်တွင်းမှ ပန်းချီပြခန်းသစ်ဖွင့်လှစ်မှုတို့အပြင် ပြည်ပနိုင်ငံသားများဝင်ရောက်၍ ပြခန်းဖွင့်လှစ်လုပ်ကိုင်လာမှုတို့ကြောင့် မြန်မာ့ပန်းချီဈေးကွက်သည် ထူးခြားမှုများရှိလာခဲ့ပြီး ၂၀၀၆ ခုနှစ်အတွင်း တိုးတက်ပြောင်းလဲလာမည့် အလားအလာကောင်းများကို မြင်တွေ့နေရပြီဖြစ်သည်။

ယင်းသို့သော အကြောင်းအရာများလည်း ရေးဆွဲသည်



www.foreverspace.com.mm



မြန်မာနိုင်ငံ၏ ပန်းချီဈေးကွက်သည် ရောင်းချရမှုအခြေအနေ မည်သို့ပင်ရှိစေ ပြည်တွင်းပြပွဲများနှင့် ပြခန်းသစ်ဖွင့်လှစ်လာခြင်းတို့က ယင်းနယ်ပယ်ဈေးကွက်ကို စိတ်ဝင်တစားချဲ့ထွင်လာကြသည့်သဘောဆောင်ပါသည်။ ပြည်တွင်းပြပွဲ၊ ပြခန်းများနှင့် ပြည်ပသို့ သွားရောက်ပြသသောပြပွဲများက ပြည်ပဝယ်လိုအားကို အဓိကထားရသည့် မြန်မာ့ပန်းချီဈေးကွက်ကို ဆက်လက်ရှင်သန်စေသည်။ မြန်မာနိုင်ငံရှိ ပန်းချီပြခန်းများ၏အစဦးသည် လောကနတ်၊ ဥဒေါင်းမင်းတို့ဖြင့် စတင်ခဲ့ရာ ၁၉၆၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော လောကနတ်ပန်းချီပြခန်းသည် ယခုတိုင်တည်ရှိနေသည်။ သက်တမ်းအရင့်ဆုံးပြခန်းဖြစ်ပြီး လက်ရှိရပ်တည်နေသည့် အခြားသောပန်းချီပြခန်းအများစုသည် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပေါ်ပေါက်လာသောပန်းချီပြခန်းများဖြစ်သည်။ ပြခန်းများတွင် သီးခြားပြခန်းများနှင့် ဟိုတယ်များရှိပြခန်းများဟူ၍ ကွဲပြားလျက်ရှိပြီး ယင်းတို့အားလုံးလိုလိုသည် ပြင်ပအဆက်အသွယ်ရှာဖွေ၍ ကြိုးစားရပ်တည်နေသူများ ဖြစ်သည်။

ပြည်ပတွင် ပြပွဲပေါင်းများစွာပြုလုပ်အောင်မြင်နေပြီး ပန်းချီပြခန်းလည်းဖွင့်လှစ်ထားသူ ပန်းချီဆရာမင်းဝေအောင်က ယခုနှစ် မြန်မာပန်းချီဈေးကွက်အခြေအနေနှင့်ပတ်သက်၍ "၂၀၀၆ အနေနဲ့ မြန်မာ Artist တွေအတွက် ပြည်တွင်းရော၊ ပြည်ပရော ကောင်းတယ်လို့ပြောရမယ်။ ပြည်တွင်းမှာ ပြပွဲတွေမပြတ်ရှိနေတယ်" ဟု ပြောကြားသည်။ ရန်ကုန်မြို့ Hotel Nikko Royal Lake ၌ ပန်းချီပြခန်းဖွင့်လှစ်ထားသူ ပန်းချီဆရာဦးမြင့်စိုးကမူ "ဒီနှစ်ထဲမှာ ထူးခြားတာက ပြည်ပက အနုပညာနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်ကိုင်တဲ့သူတွေက မြန်မာပန်းချီဈေးကွက်ကို ပိုပြီးစိတ်ဝင်စားလာတယ်" ဟု ဆိုသည်။



ဗုဒ္ဓနှင့်ဆိုင်သော အကြောင်းအရာကို ပြည်ပမှလက်ခံသည်

## ပြည်ပနှင့်ဆက်သွယ်မှု

မြန်မာပန်းချီနယ်ပယ်သည် ပြည်ပနှင့်ဆက်သွယ်ရာတွင် ပြခန်းအနေဖြင့် တစ်စုတစ်စည်းတည်းသဘော ထိုးဖောက်ဝင်ရောက်မှုရှိသကဲ့သို့ တစ်သီးပုဂ္ဂလပန်းချီဆရာအနေဖြင့် အဆက်အသွယ်ရရှိမှုမျိုးလည်းရှိသည်။ ပြခန်းအနေဖြင့် အဆက်အသွယ်ရရှိမှုသည် တစ်ဦးချင်းစီ၏ ထိုးဖောက်ဝင်ရောက်နိုင်မှုနှင့်လည်း အပြန်အလှန်အကျိုးသက်ရောက်မှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ဖွင့်လှစ်ထားသော ပြခန်းများသည် သူ့နည်းသူ့ဟန်ဖြင့် ပြည်ပမှ Dealer ၊ ပြခန်းများနှင့်ဆက်သွယ်လျက်ရှိပြီး ပန်းချီဆရာများသည်လည်း မိမိ၏အမည်ကို အသိအမှတ်ပြုခံရမှုနှင့်အတူ ပြည်ပသို့ ပန်းချီကားတင်ပို့ပေးရခြင်း၊ ပြပွဲသွားရောက်ပြသခြင်းများ ပြုလုပ်ရလျက်ရှိသည်။ မြန်မာနိုင်ငံတွင်းသို့ Art Dealer အတော်များများ ဝင်ရောက်လျက်ရှိပြီး ထိုင်း၊ အမေရိကန်၊ ပြင်သစ်၊ နယူးဇီလန်နှင့် နော်ဝေးတို့ပါဝင်ကြောင်း ပန်းချီပြခန်းဖွင့်လှစ်ထားသူ ဦးမြင့်စိုးက ပြောကြားသည်။

ပြည်ပနှင့်အဆက်အသွယ်ရရှိရေးအတွက် ပြည်ပနိုင်ငံများက မြန်မာပန်းချီကို ကောင်းစွာသိရှိရန်လိုအပ်ရာ တစ်ကမ္ဘာလုံးကို သိရှိစေနိုင်မည့် Online Gallery များဖွင့်လှစ်ထားခြင်းသည်လည်း မြန်မာပန်းချီဆရာများနှင့် ပန်းချီလက်ရာများကို ကမ္ဘာက လွယ်ကူစွာသိမြင်စေနိုင်သည့်အပြင် အရောင်းအဝယ်ပြုလုပ်သူ Dealer များနှင့်အဆက်အသွယ်ရရှိစေရန် ထိရောက်သောနည်းလမ်းကောင်းတစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံမှ ပန်းချီဆရာများနှင့် ပန်းချီပြခန်းများ၏ Website လွှင့်တင်ထားမှုသည် ယခုနှစ်ဆန်းပိုင်းတွင် သိသိသာသာများပြားလာပြီး ယခုအခါ တစ်သီးပုဂ္ဂလ Website ခြောက်ခုနှင့် ပြခန်း Website ခြောက်ခုနှ ရှိပြီဖြစ်သည်။ ထို့ပြင် ပြည်ပပြခန်းများမှလွှင့်တင်ထားသော ဝက်ဘ်ဆိုက်အချို့တွင်လည်း မြန်မာပန်းချီ

www.foreverspace.com.mm






**Website လွှင့်တင်မှု များပြားလာသည်**

ဆရာများအကြောင်းနှင့် ပန်းချီကားများကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ ပြည်ပမှ Website လွှင့်တင်ထားသော Thavibu Gallery မှတစ်ဆင့် မြန်မာပန်းချီကားများစွာရောင်းချရကြောင်း၊ ၁၉၉၃-၉၄ နောက်ပိုင်းမှစ၍ ပြည်ပပြပွဲများဆက်တိုက်သွားရောက်ပြသနေကြရကြောင်း ပန်းချီဆရာတစ်ဦးက ဆိုသည်။

မြန်မာပန်းချီဆရာများ ပြည်ပနှင့်ဆက်သွယ်ရာတွင် ချုပ်ဆိုသောသဘောတူညီမှုများသည် ပုံသဏ္ဍာန်အမျိုးမျိုးရှိပြီး အချို့က နှုတ်ကတိဖြင့် လုပ်ကိုင်သည်ဟု ပြခန်းဖွင့်လှစ်ထားသူ ပန်းချီဆရာတစ်ဦးကဆိုသည်။ "နိုင်ငံတကာနဲ့စာချုပ်ချုပ်တဲ့အခါ တရားမဝင်စာချုပ်ချုပ်တာ ပြဿနာတစ်ရပ်ပါ။ ချုပ်ရင် ကျွန်တော်တို့ဘက်က အမြဲရှုံးတယ်။ ဥပဒေရေးရာအရ ဒီဘက်က အားနည်းချက်ရှိတယ်။ ရောင်းရရင်ရော ငွေဘယ်လို ပေးမလဲ"ဟူ၍ ပြည်ပပြပွဲအတွေ့အကြုံရှိသူ ဦးမြင့်စိုးက ငွေပေးချေမှုနှင့် ပတ်သက်၍ ပြောကြားသည်။

ပြည်ပနှင့် ဆက်သွယ်ရာတွင် တစ်စုံတစ်ရာ ပြဿနာပေါ်ပါက မိမိတို့ဘက်မှ ဆုံးရှုံးသည်ကများသည်ဟု ပန်းချီဆရာများကဆိုသည်။ ပန်းချီဆရာမင်းဝေအောင်က "သွားဖြေရှင်းရင် ကိုယ့်ဘက်က ကုန်ကျစရိတ် အများကြီးပဲ။ နောက်ဆုံး ပန်းချီဆရာနစ်နာတာပေါ့"ဟု ပြောကြားသည်။

## တိုးတက်လာမှုနှင့် လိုအပ်ချက်များ

၂၀၀၅ ခုနှစ်နှောင်းပိုင်းနှင့် ယခုနှစ်ဦးပိုင်းတွင် ပြည်တွင်းပြခန်းဖွင့်လှစ်မှု တိုးလာပြီး ပြည်ပမှ ပြခန်းဖွင့်ရန်ဝင်ရောက်လာသည်ကိုလည်း ထူးခြားစွာတွေ့မြင်ရပါသည်။ ပန်းချီဆရာတစ်ဦးက "ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေထဲမှာ နိုင်ငံခြားဝင်ငွေရှာပေးနိုင်တာ ပန်းချီတစ်ခုပဲ ရှိမယ်လို့ ထင်တယ်၊ ဒါပေမဲ့ ပန်းချီကဘေးရောက်နေတယ်။ တစ်ခုခုနဲ့ပတ်သက်ရင် ပန်းချီဆရာတွေက အခွင့်အရေးရတာနည်းပါတယ်"ဟု ဆိုသည်။ မြန်မာပန်းချီနယ်ပယ်တွင် ဖြစ်တတ်သောပြဿနာများနှင့်ပတ်သက်၍ ဦးမြင့်စိုးက ပန်းချီနှင့်ပတ်သက်၍ ပြန်ကြားရေး၊ ဥပဒေရေးရာ၊ ဆက်သွယ်ရေးတို့အတွက် NGO ကဲ့သို့ အဖွဲ့အစည်းမျိုးရှိရမည်ဖြစ်ပြီး ယင်းအဖွဲ့မှာ အမှန်တကယ်တာဝန်ယူပြီး မြှင့်တင်ပေးနိုင်ရမည်ဖြစ်ကြောင်း လိုအပ်ချက်အပေါ် ၎င်း၏အမြင်ကိုပြောကြားသည်။ ပန်းချီသည် နိုင်ငံခြားငွေရှာဖွေပေးနိုင်သော အနုပညာတစ်ရပ်ဖြစ်ရာ "တစ်နှစ်ကိုတစ်နိုင်ငံလုံးမှာ ပြည်တွင်းမှာရောင်းရတာရော၊ ပြည်ပမှာရောင်းရတာရော အကြမ်းအားဖြင့် ဒေါ်လာ သုံးသိန်းဖိုး အနည်းဆုံးရောင်းရလိမ့်မယ်၊ ငါးသိန်းလို့ပြောရင်လည်း မမှားနိုင်ဘူး" ဟု Summit Art Gallery ဖွင့်လှစ်ထားသူ ဦးမြင့်စိုးက ခန့်မှန်းပြောကြားသည်။

ပြည်ပဈေးကွက်ကို အမှီပြုနေရသော မြန်မာပန်းချီဈေးကွက်သည် တစ်နည်းအားဖြင့် မြန်မာပန်းချီပြခန်းများ၏ဈေးကွက် တိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားငွေကို ကောင်းစွာရှာဖွေပေးနိုင်မည်ဖြစ်သည့်အပြင် မြန်မာ့အနုပညာလက်ရာကို ကမ္ဘာအနှံ့အပြားက သိရှိစေနိုင်မည်ဖြစ်ရာ ပြည်တွင်းကူးလူးဆက်ဆံမှု၊ ငွေပေးချေမှုစနစ်၊ ကြုံတွေ့ရနိုင်မည့် အခက်အခဲများအတွက် နည်းလမ်းကောင်းများ ရှာဖွေသင့်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာပန်းချီဈေးကွက်သည် အခက်အခဲများရှိနေသော်ငြား များစွာတိုးတက်မှုရှိလာသည့်အတွက် အလားအလာကောင်းများ မြင်တွေ့နေရပြီဖြစ်သည်။ ပြည်ပတွင် ပြပွဲများစွာသွားရောက်ပြသနေရသူ၊ ပြည်တွင်းတွင်ပြခန်းဖွင့်လှစ်ထားသူ ပန်းချီဆရာမင်းဝေအောင်ကမူ ယခုကဲ့သို့ အခိုင်အမာသုံးသပ်ပါသည်။

"၂၀၀၅ ထက် ၂၀၀၆ က ပိုကောင်းလာတယ်၊ တခြားနှစ်တွေထက်လည်း ပိုကောင်းလာတယ်ထင်တယ်။ နှစ်စကတည်းက သိသာနေပါတယ်။ အခုထက်ပိုကောင်းလာလိမ့်မယ်ထင်ပါတယ်"

**ဇင်ဇင်သော်**

■

www.foreverspace.com.mm

**ရန်ကုန်မြို့ရှိ အခြေခံစားသောက်ကုန်မျိုးစုံ ရောင်းချလျက်ရှိသည့် ညောင်ပင်လေးဈေးအတွင်း ကုန်ပစ္စည်းအချို့မှာ သင်္ကြန်ကာလနီးကပ်လာ၍ နှစ်စဉ်ဖြစ်ပေါ်နေကျ သဘောသဘာဝအတိုင်း ဈေးနှုန်းတက်ရိပ်ပြလာသော်လည်း အရောင်းအဝယ်ကောင်းလာဖွယ်ရှိကြောင်း၊ ဖေဖော်ဝါရီလနောက်ဆုံးပတ် အရောင်းအဝယ်မှာ ပုံမှန်သာရှိကြောင်း ကုန်စုံဆိုင်လုပ်ငန်းရှင် ဦးသိန်းအောင်က သုံးသပ်ပြောကြားသည်။ ပြည်ပတင်ပို့ခြင်းနှင့် အနယ်နယ်အရပ်ရပ်သို့ ကုန်စည်များတင်ပို့ခြင်းတို့တွင် အချက်အချာကျသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်းတွင်လည်း အထက်ပါအခြေအနေများနှင့် ကြုံတွေ့ခဲ့ရပြီး ပဲမျိုးစုံဈေးကွက်မှာ ပြည်ပအဝယ်များသဖြင့် ကုန်ပစ္စည်းစော၍ ပြတ်လပ်ဖွယ်ရှိကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တို့က သုံးသပ်သည်။**

# ရန်ကုန် ကုန်စည်ဈေးကွက်

သန်းထိုက်သူ ၊ သစ်ထွင့်




## နို့ဆီ၊ သကြား

ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ကာ သကြားဈေးများ တက်ရိပ်ပြခဲ့ရာ ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် လုပ်ငန်းအချို့အပေါ်လည်း သက်ရောက်မှုရှိခဲ့သည်။ သကြားဈေးမှာ လလယ်ပိုင်းတွင် တစ်ပိဿာလျှင် ၁၃၅၀ ကျပ်ခန့်ထိ ရောက်ရှိနေခဲ့ပြီး လကုန်ပိုင်းတွင် ဆက်လက်ဈေးတက်လျက်ရှိကြောင်း ဦးသိန်းအောင်က ရှင်းပြသည်။ ဈေးနှုန်းများ မြင့်မားရခြင်းမှာ ဈေးကွက်အတွင်း ဝယ်လိုအားကို အပြည့်အဝမဖြည့်ဆည်းပေးနိုင်ခြင်းနှင့် အဓိကအားဖြင့် စက်ရုံများမှ သကြားအထွက် နည်းသွားခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပါဈေးနှုန်းနှင့် ဆက်စပ်၍ နို့ဆီဈေးနှုန်းများလည်း အနည်းငယ်တက်ရိပ်ပြခဲ့ရာ ယခင်လထက် တစ်ဘူးလျှင် ကျပ် ၅၀ ခန့်ထိ ဈေးမာသွားကြောင်း၊ သကြားမှာ စားသောက်ကုန်အများစုတွင် ဆက်စပ်ကုန်ပစ္စည်းတစ်မျိုးဖြစ်ရာ ဈေးကွက်အတွင်း သကြားဝင်ရောက်မှုများပြားလာရန်သာ မျှော်လင့်ရန်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဖေဖော်ဝါရီလ တတိယပတ်ခန့်တွင် အချို့လက်ဖက်ရည်ဆိုင်များတွင် လက်ဖက်ရည်တစ်ခွက်လျှင် ကျပ် ၁၅၀ ဖြင့် ရောင်းချခဲ့သည်။

## ဆပ်ပြာ၊ ဆပ်ပြာမှုန့်

ဈေးကွက်အတွင်းရှိ ဆပ်ပြာမှုန့်အများအပြား ထွက်ရှိလျက်ရှိရာ တစ်ခုနှင့်တစ်ခု ဈေးကွက်ပြိုင်ဆိုင်မှုကြောင့် ဈေးနှုန်းအပြောင်းအလဲ အများအပြား မရှိသော်လည်း ကုန်ကြမ်းရရှိမှု လျော့ပါးလာပါက ပြိုင်တူဈေးနှုန်းမြင့်တက်လာမည်ဖြစ်ကြောင်း၊ ပြီးခဲ့သော ဖေဖော်ဝါရီလတွင် ဆပ်ပြာမှုန့်ဈေးနှုန်းများ ငြိမ်လျက်ရှိပြီး နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်ရောင်းချလျက်ရှိသော ဆပ်ပြာမှုန့်များလည်း ဈေးကွက်အတွင်း ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း ဈေးအတွင်းရှိ ဆပ်ပြာမှုန့်အရောင်းဆိုင်များထံမှ စုံစမ်းသိရှိရသည်။ ကုန်ကြမ်းများမှာ မြန်မာ–တရုတ်ကုန်သွယ်မှုဖလှယ်နှုန်းထားများအရ သက်ရောက်လျက်ရှိရာ ဖေဖော်ဝါရီလတွင် ငွေဈေးအေးလျက် ရှိသည်။ လာမည့်ဧပြီလတွင် ဆပ်ပြာမှုန့်အရောင်းတက်လာဖွယ်ရှိကြောင်း အရောင်းဆိုင်ရှင်တစ်ဦးက ပြောကြားသည်။

## အချိုရည်မျိုးစုံ

အချိုရည်မျိုးစုံအနက် ပြည်တွင်းထုတ်အချိုရည်များ ယခင်လထက် ရောင်းအားအနည်းငယ်မြင့်တက်လာပြီး ပြည်ပ

www.foreverspace.com.mm





မှ တင်သွင်းသော အချိုရည်များမှာ ဈေး
ငြိမ်လျက်ရှိကြောင်း အချိုရည်ဆိုင်လုပ်
ငန်းရှင်တစ်ဦးဖြစ်သူ ဦးသိန်းဝင်းက ပြော
ကြားသည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင်
ယခင်လက ရောင်းအားလျော့ကျခဲ့ခြင်းမှ
အနည်းငယ် ပြန်တက်လာရာတွင် အထူး
သဖြင့် သီးနှံမှတစ်ဆင့်လုပ်သော ဖျော်
ရည်ဘူးများ ရောင်းအားမြင့်တက်ခဲ့ကြောင်း၊
ပြည်တွင်းသကြားဈေးအပြောင်းအလဲ
ကြောင့် ဈေးနှုန်းမှာမူ ယခင်ထက် ဖာလိုက်
ဈေးအနည်းငယ် မြင့်တက်သွားကြောင်း
ဦးသိန်းဝင်းက ဆိုသည်။ လာမည့်လများ
တွင် အချိုရည်အရောင်းမြင့်ရာသီဖြစ်
သည့်အလျောက် ရောင်းအားတက်လာ
ဖွယ်ရှိပြီး ယခင်နှစ် အရောင်းစံချိန်ရရန်မှာ
မူ ပြော၍မရသေးကြောင်း၊ ကုန်ကြမ်း
ဈေးနှုန်းများမှာ ဈေးကွက်အပေါ် သက်
ရောက်မှုရှိကြောင်း၊ ပြည်ပထုတ်အချိုရည်
များမှာ သင်္ကြန်မတိုင်မီ အလုံးအရင်း
ဝင်ရန်ရှိကြောင်း ၎င်း၏အဆိုအရ သိရ
သည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင် တစ်ဖာ
ဈေး C-Plus ၇၀၀ ကျပ်၊ Ve Ve ပင်မှည့်
၂၃၀၀ ကျပ်၊ Shark သံဘူး ၉၂၀၀ ကျပ်
နှင့် ထိုင်း Coke ၉၇၀၀ ကျပ်၊ မရင်ဒါ
၈၉၀၀ ကျပ်ပေါက်ဈေး ရှိသည်။ ပြည်
တွင်းအချိုရည်များတွင် ရာသီအမီ အမှတ်
တံဆိပ်အသစ်များလည်း ထွက်လျက်ရှိပြီး
ယခင်နာမည်ရ အချိုရည်အမှတ်တံဆိပ်
များကို ဈေးကွက်မယှဉ်နိုင်ဘဲ နယ်မြို့
များသို့သာ ဈေးနှုန်းသက်သာစွာဖြင့် ထိုး
ဖောက်လျက်ရှိကြောင်း ညောင်ပင်လေး
ဈေးအတွင်းမှ စုံစမ်းသိရှိရသည်။

နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရ
သော သဘာဝအတိုင်း သင်္ကြန်နီးကပ်ချိန်
တွင် ဆန်ဈေးနှုန်းမှာ အမြင့်တွင်ရှိနေမြဲ
ဖြစ်သည်။ ယခုနှစ် ဆန်ဈေးမှာ ဆန်
အချောပေါ်ဆန်းထိပ်စ တစ်အိတ်လျှင်
၁၆၀၀၀ ကျပ်၊ အလတ်စ ၁၄၅၀၀ ကျပ်
နှင့် ၁၃၅၀၀ ကျပ် ပတ်ဝန်းကျင်နှင့် ဆန်
အကြမ်းဈေးနှုန်းမှာ ဧယာရှယ် တစ်အိတ်
လျှင် ၈၅၀၀ ကျပ်မှ ၉၅၀၀ ကျပ်ဝန်း
ကျင်၊ ရွှေဝါထွန်း၊ မနောသုခတို့မှာ ၇၅၀၀
ကျပ်မှ ၇၈၀၀ ကျပ်ဝန်းကျင်တွင်ရှိကြောင်း၊
အရောင်းအဝယ်မှာ ပုံမှန်သာရှိကြောင်း
ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ဆန်ပွဲရုံ
လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။
နှစ်စဉ်နှစ်တိုင်း အတာသင်္ကြန်နီးကပ်ချိန်
တွင် ဈေးအမြင့်ရောက်ပြီး သင်္ကြန်အပြီး
ပြန်ကျလေ့ရှိသော်လည်း ယခုနှစ်အတွက်
ဈေးပြန်ကျရန် ရှိမရှိမှာ ခန့်မှန်းရန်
အနည်းငယ်စောသေးသည်ဟု အဆိုပါ
လုပ်ငန်းရှင်က မှတ်ချက်ပြုသည်။



မြေပဲဆန်ဈေးများအပြောင်းအလဲ
ဖြစ်ပေါ်ခဲ့ရာ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ
ပဲဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၉၅၀
ကျပ်မှ ၂၁၅၀ ကျပ် ဖြစ်လာခဲ့သည်။ စား
အုန်းဆီဈေးနှုန်းမှာ တစ်ပိဿာ ၁၂၀၀ ကျပ်
ပတ်ဝန်းကျင်ရှိပြီး ဦးပိုင်မှ ဖြန့်ချိသော

www.foreverspace.com.mm





ဈေးနှုန်းမှာ ယခင်ပုံမှန်အတိုင်း ဒိုင်ဖြန့်ဈေး ၁၁၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀ ကျပ်ပင် ဖြစ်သည်။

## ပဲမျိုးစုံ ပြည်ပအဝယ်လိုက်

ယခုလအတွင်းတွင် ပြည်ပတင်ပို့နေသော ပဲမျိုးစုံမှာ ဝယ်လိုအားအထူးမြင့်တက်ခဲ့၍ မြင့်မားသော ဈေးနှုန်းတစ်ရပ်သို့ ရောက်ရှိခဲ့ပြီး ဈေးကွက်အတွင်း ပစ္စည်းစော၍ ပြတ်လပ်ဖွယ်ရှိကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားသည်။

မတ်ပဲသည် ပဲမျိုးစုံဈေးကွက်အတွင်း ဈေးနှုန်းအပြောင်းအလဲ အများဆုံးဖြစ်ပေါ်ခဲ့ပြီး ဖေဖော်ဝါရီလနောက်ဆုံးပတ် Export တင်သည့်ဈေးနှုန်းမှာ တစ်အိတ် ၄၇၀၀၀ ကျပ်နှုန်း ဖြစ်သည်။ ပဲတီစိမ်းခရမ်းရွှေဝါမှာ ကုမ္ပဏီအကြိုက်တွေ့၍ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ၅၀၅၀၀ ကျပ်ရှိရာမှ ယင်းလ၏ နောက်ဆုံးပတ်တွင် တစ်အိတ် ၅၈၀၀၀ ကျပ်အထိ ဈေးရခဲ့သည်။ ဝါးခယ်မမှလာသော ပဲတီစိမ်းတစ်အိတ်ဈေးမှာလည်း ၅၂၀၀၀ ကျပ်ရှိပြီး မြစ်ဝကျွန်းပေါ် ပဲတီစိမ်းမှာ ၅၂၀၀၀ ကျပ် ဖြစ်သည်။ ပဲလွန်းဖြူမှာ ပြည်ပဝယ်လိုအားကောင်းသော်လည်း အထွက်နည်းပြီး ပစ္စည်းကောင်းရှားပါးလျက်ရှိသည်။ ဈေးကွက်အတွင်းရှိ ပေါက်ဈေးမှာ တစ်အိတ်လျှင် မင်းလှ ၄၈၀၀၀ ကျပ်၊ ပဲခူး ၅၃၀၀၀ ကျပ်နှင့် မြစ်ဝကျွန်းပေါ် ၄၃၀၀၀ ကျပ် အသီးသီးရှိသည်။ အခြားပဲများဖြစ်သော ပဲကြီးတစ်အိတ်လျှင် ၅၃၀၀၀ ကျပ်၊ ပဲပုပ် ၂၃၀၀၀ ကျပ်၊ ပဲလွန်းနီ ၃၀၀၀၀ ကျပ်နှင့် မြေပဲဆန်မှာ တစ်ပိဿာလျှင် ၈၀၀ ကျပ်မှ ၁၁၀၀ ကျပ်နှင့် ပဲစင်းငုံမှာ တစ်တန်လျှင် ကျပ် ၃၀၀၀၀၀ ဝန်းကျင်တွင် ရှိသည်။

ပြည်ပတင်ပို့သည့်ပဲမျိုးစုံအားလုံးမှာ ဝယ်လက်ရှိ၍ အခြေအနေကောင်းသော်လည်း ပဲအချို့မှာ အထွက်နည်းခြင်းနှင့် ယခင်နှစ် ဒီဇင်ဘာလ မိုးမိခဲ့ခြင်းတို့ကြောင့် အရည်အသွေးမမီဖြစ်ခဲ့ရခြင်းများရှိ၍ ပဲဈေးကွက်အတွင်း ပစ္စည်းစော၍ ပြတ်မည်ဖြစ်ကြောင်း၊ ပြည်တွင်းသုံးပဲဈေးအတက်အကျမှာမူ အတာသင်္ကြန်ရက်များနှင့် ကုန်သည်များအပေါ်တွင်သာ မူတည်၍ ဈေးနှုန်းအတက်အကျဖြစ်ပေါ်မည်ဖြစ်ကြောင်း ပဲမျိုးစုံပွဲရုံများက ခန့်မှန်းသည်။

## ငရုတ်၊ ကြက်သွန်၊ အာလူး

ယခုလအတွင်း ငရုတ်သီးဈေးကွက်မှာ မြစ်ဝကျွန်းပေါ်မှ အဝင်နောက်ကျ၍ စပ်ကူးမပ်ကူးကာလဖြစ်ခြင်းကြောင့် ဈေး အနည်းငယ်ကောင်းလျက် ရှိသည်။ မိုးထောင်ငရုတ်တစ်ပိဿာလျှင် ၈၇၅ ကျပ်မှ ၁၅၀၀ ကျပ်၊ ငရုတ်ရှည်မှာ ၅၈၀ ကျပ်၊ ၆၀၀ ကျပ်မှ ၁၀၀၀ ကျပ်ဝန်းကျင်



www.foreverspace.com.mm



နှင့် ငရုတ်ပွမှာ ဆင်ဖြူကျွန်းငရုတ် ၂၅၀၀ ကျပ်မှ ၂၈၀၀ ကျပ်ဝန်းကျင်တွင် ရှိသည်။ အခြားငရုတ်များ ဈေးအတက်အကျ ပြောင်းလဲရန်ရှိသော်လည်း စိမ်းစားငရုတ်ပွ ပစ္စည်းပြတ်သွားခြင်းနှင့် ဆင်ဖြူကျွန်းမှာ အထွက်နည်းခြင်းကြောင့် ငရုတ်ပွမှာ ဈေးကျရန်မမြင်ကြောင်း ငရုတ်ပွဲရုံများက သုံးသပ်သည်။

မြင်းခြံ၊ တောင်တွင်းကြီး၊ ဆိတ်ဖြူ၊ ရေနံချောင်း၊ ပခုက္ကူဒေသတို့မှ ကြက်သွန်နီများ သင်္ကြန်အပြီးတွင် လှိုင်လှိုင်ဝင်လာမည်ဖြစ်ရာ ကြက်သွန်နီဈေးနှုန်း တဖြည်းဖြည်းချင်း ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း ကြက်သွန်ပွဲရုံလုပ်ငန်းရှင်များက သုံးသပ်သည်။ ဈေးကွက်အတွင်းရှိ လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းမှာ တစ်ပိဿာလျှင် အသေး ၆၀၀ ကျပ်ဝန်းကျင်နှင့် အကြီး ၇၀၀၊ ၇၆၀ ကျပ်ဈေးရှိသည်။ ဈေးကွက်အတွင်းတွင် ကြက်သွန်နီဆိုဒ်အကြီး နည်းသွားပြီဖြစ်ပြီး Export ဆိုဒ် ကြက်သွန်အများအပြား ရှိနေပြီး အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိသည်ဟု ၎င်းတို့က ဆိုသည်။

ကြက်သွန်ဖြူအသစ်များ ဝင်လာပြီဖြစ်၍ ဈေးပြန်လည်ကျဆင်းမည်ဟု ကြက်သွန်ပွဲရုံလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ကြက်သွန်ဖြူမှာ တစ်လခန့် အဝင်နောက်ကျခဲ့ခြင်းကြောင့် ဈေးတက်သွားခြင်းဖြစ်ကြောင်း၊ လက်ရှိပေါက်ဈေးမှာ ရှမ်းသီးတစ်ပိဿာလျှင် ၅၀၀ ကျပ်မှ ၇၀၀ ကျပ် ပတ်ဝန်းကျင်တွင်ရှိကြောင်း၊ ကြူကုတ်ကြက်သွန်ဖြူမှာ အဝင်နည်းသွားပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်တို့က ပြောကြားသည်။

**ယခုလအတွင်း ညောင်ပင်လေးဈေးနှင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ကုန်ဈေးနှုန်းအခြေအနေများကို ခြုံငုံသုံးသပ်လျှင် သကြား၊ မြေပဲကဲ့သို့သော ဈေးနှုန်းများ ပြောင်းလဲသဖြင့် ဒိုမီနိုသီအိုရီအရ ၎င်းနှင့်ဆက်စပ်သော ကုန်ပစ္စည်းဈေးနှုန်းများ လိုက်ပါပြောင်းလဲခြင်းနှင့် ကုန်စည်အချို့၏ အတက်အကျကို ခန့်မှန်းနိုင်ခြင်းတို့ ရှိသော်လည်း အခြားသော အခြေခံစားကုန်တို့၏ ဈေးနှုန်းကျခြင်း၊ ဈေးနှုန်းရုတ်တရက်မြင့်တက်သွားခြင်းတို့သည် သင်္ကြန်ကာလ နီးကပ်ချိန်တွင် ဖြစ်တတ်သော သဘောသဘာဝဖြစ်၍ သုံးသပ်ချက်အများစုမှာ ကာလတိုသဘောဆောင်ပြီး အမှန်တကယ်ဈေးနှုန်းအပြောင်းအလဲကို သင်္ကြန်ကာလအပြီးရောက်မှသာ ပိုမိုတိကျစွာ ခန့်မှန်းသုံးသပ်နိုင်မည် ဖြစ်သည်။**

အာလူးဈေးကွက်မှာ သင်္ကြန်မတိုင်မီ အထိသာ အရောင်းအဝယ်ရှိမည်ဖြစ်ပြီး သင်္ကြန်နောက်ပိုင်းမှ ဈေးကွက်အတွင်း အာလူးပြန်ဝင်မည်ဖြစ်သည်ဟု ကုန်သည်တို့က ဆိုသည်။ နေ့စဉ် အာလူး ကား ၃ စီးခန့် ဝင်ရောက်လျက်ရှိပြီး အရောင်းအေးကြောင်း၊ လက်ရှိပေါက်ဈေးမှာ တစ်ပိဿာ ၁၇၀ ကျပ်မှ ၄၀၀ ကျပ်ဝန်းကျင်တွင်ရှိကြောင်း စုံစမ်းသိရှိရသည်။

ယခုလအတွင်း ညောင်ပင်လေးဈေးနှင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ကုန်ဈေးနှုန်းအခြေအနေများကို ခြုံငုံသုံးသပ်လျှင် သကြား၊ မြေပဲကဲ့သို့သော ဈေးနှုန်းများ ပြောင်းလဲသဖြင့် ဒိုမီနိုသီအိုရီအရ ၎င်းနှင့် ဆက်စပ်သော ကုန်ပစ္စည်းဈေးနှုန်းများ လိုက်ပါပြောင်းလဲခြင်းနှင့် ကုန်စည်အချို့၏ အတက်အကျကို ခန့်မှန်းနိုင်ခြင်းတို့ ရှိသော်လည်း အခြားသော အခြေခံစားကုန်တို့၏ ဈေးနှုန်းကျခြင်း၊ ဈေးနှုန်း ရုတ်တရက်မြင့်တက်သွားခြင်းတို့သည် သင်္ကြန်ကာလနီးကပ်ချိန်တွင် ဖြစ်တတ်သော သဘောသဘာဝဖြစ်၍ သုံးသပ်ချက်အများစုမှာ ကာလတိုသဘောဆောင်ပြီး အမှန်တကယ် ဈေးနှုန်းအပြောင်းအလဲကို သင်္ကြန်ကာလအပြီးရောက်မှသာ ပိုမိုတိကျစွာ ခန့်မှန်းသုံးသပ်နိုင်မည် ဖြစ်သည်။



**သန်းထိုက်သူ၊ သစ်ထွဋ်**

www.foreverspace.com.mm



ဤကဏ္ဍတွင်.......
၉၂ အဖြူရောင်သို့
၉၄ အနာဂတ် မြန်မာ့ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး
၉၆ နွေရာသီကျောင်းပိတ်ရက် ကလေးငယ်များ စိတ်လက်ပေါ့ပါးရန်လို၊ မိဘများ ဆန္ဒမစောသင့်



# အဖြူရောင်သို့

**ခွန်နောင်**

နိုင်ငံတစ်နိုင်ငံတွင် တည်ဆဲဥပဒေများအရ တရားဝင် စီးပွားရေးလုပ်ငန်းဖြစ်သော်လည်း တရားဝင်မှတ်ပုံတင်၍ စနစ်တကျ လုပ်ကိုင်ခြင်းမရှိသောလုပ်ငန်းများကို မီးခိုးရောင်စီးပွားရေး (Grey Business) ဟုခေါ်ပြီး ထိုသို့သော နယ်ပယ်များကို သက်ဆိုင်ရာနိုင်ငံ စီးပွားရေးနယ်ပယ်တွင် Grey Area ဟု ခေါ်တွင်ပေသည်။ မြန်မာနိုင်ငံတွင်လည်း ထိုသို့သော စီးပွားရေးလုပ်ငန်းများ ရှိနေသေးလျက်ရှိရာ စီးပွားရေးကိန်းဂဏန်းများ အမှန်ရရှိရေး၊ အခွန်အကောက်များ စနစ်တကျ တိုးချဲ့ကောက်ခံရေး၊ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်ရေး စသည့် ဈေးကွက်စီးပွားရေးစနစ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် အခက်အခဲသဖွယ် တည်ရှိနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် မီးခိုးရောင်နယ်မြေအတွင်း ရှိနေသောလုပ်ငန်းအမျိုးအစားများတွင် မိသားစုပိုင် တစ်နိုင်စီးပွားရေးလုပ်ငန်းငယ်ကလေးများ၊ နယ်စပ်တွင် လုပ်ကိုင်ဆောင်ရွက်နေသော သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ၊ ယခင်က သွင်းကုန်လိုင်စင် ခွင့်ပြုခဲ့ဖူးသော်လည်း လောလောဆယ် အကန့်အသတ်ဖြင့်သာ ခွင့်ပြုနေသော သွင်းကုန်ပစ္စည်း တင်သွင်းသည့်လုပ်ငန်းများ၊ အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် မြင့်မားသည်ဟု ဈေးကွက်က ယူဆသော သွင်းကုန်ပစ္စည်း တင်သွင်းသည့်လုပ်ငန်းများ ပါဝင်သည်ကို တွေ့ရသည်။

လွန်ခဲ့သော ဇွန်လဆန်းက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် အနောက်နိုင်ငံကြီးတစ်ခုမှ အကောက်ခွန်အရာရှိတစ်ဦးက မြန်မာနိုင်ငံတွင် ရောင်းချနေသော အရက်၊ စီးကရက်နှင့် ဘီယာဈေးနှုန်းများသည် ဘန်ကောက်၊ စင်ကာပူ၊ ဒူဘိုင်း စသည့် လေဆိပ်များတွင် ရောင်းချနေသည့် အကောက်ခွန်မဲ့ဈေးနှုန်းများထက်ပင် သက်သာနေကြောင်း မှတ်ချက်ပြုခဲ့သည်ကို တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံတွင်း ရောင်းဝယ်ဖောက်ကားမှုအများစုအား အခွန်အရပ်ရပ် မစည်းကြပ်နိုင်မှုကြောင့် ဖြစ်ပေသည်။ အခွန်အရပ်ရပ် ထိရောက်စွာ မစည်းကြပ်နိုင်မှုသည် အဆုံးတွင် အစိုးရက အများပြည်သူအတွက် စီမံဆောင်ရွက်ပေးရမည့် ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီးကဲ့သို့သော အခြေခံအဆောက်အဦများနှင့် ပညာရေး၊ ကျန်းမာရေးကဲ့သို့သော အရေးကြီးသည့် ရင်းနှီးမြှုပ်နှံမှုများ ထိရောက်စွာ ဆောင်ကြဉ်းမပေးနိုင်သော အခြေအနေကို ရောက်ရှိသွားနိုင်ကြောင်း အများပြည်သူသဘောပေါက်အောင် ကျယ်ပြန့်စွာ သတင်းဖြန့်ချိရန် လိုအပ်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း အခွန်ထမ်းပြည်သူများ၏ စိတ်လိုလက်ရ ထည့်ဝင်မှုအလို့ငှာ ကောက်ခံရရှိသည့် အခွန်အရပ်ရပ်၏ ရာနှုန်းမည်မျှကို ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲကြောင်း၊ ရာနှုန်းမည်မျှကို အခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် အသုံးပြုနေကြောင်း ပြည်သူသို့ ပြန်လည်အစီရင်ခံရန်လည်း လိုအပ်ပေသည်။

မီးခိုးရောင်နယ်ပယ်တွင် ရှိနေသော စီးပွားရေးလုပ်ငန်း

www.foreverspace.com.mm



အားလုံးလိုလို အဖြူရောင်စီးပွားရေးနယ်ပယ်ထဲသို့ ရောက်ရှိလာမှသာ အစိုးရအနေဖြင့်လည်း တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကိန်းဂဏန်းအမှန် ရရှိနိုင်မည်ဖြစ်ပြီး သင့်လျော်သော မက်ခရိုစီးပွားရေးမူဝါဒများ ချမှတ်နိုင်မည် ဖြစ်ပေသည်။ နယ်စပ်ဒေသများမှတစ်ဆင့် သွင်းကုန်ထုတ်ကုန်အများစုကို စာရင်းအင်းမဲ့ တင်ပို့တင်သွင်းနေခြင်းဖြင့် နိုင်ငံ၏ ပြည်ပငွေပေးငွေယူရှင်းတမ်းအမှန် မရနိုင်သကဲ့သို့ သင့်လျော်သော သွင်းကုန်ထုတ်ကုန်မူဝါဒများ ချမှတ်ရေးတွင်လည်း အခက်အခဲဖြစ်စေနိုင်ပေသည်။

ပြည်သူလူထုအများစုသည် အစိုးရမှ ဆောင်ကြဉ်းပေးရမည့် တယ်လီဖုန်း၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများနှင့် ပတ်သက်၍ မိမိတို့၏ လိုလားမှု ရပိုင်ခွင့်များကို အမြဲ တောင့်တနေကြသကဲ့သို့ တခြားတစ်ဖက်တွင်လည်း မိမိတို့ဘက်မှ ပေးရန်တာဝန်ကို ကိုယ်စီထမ်းဆောင်ရန် မေ့မထားသင့်ပါ။ နိုင်ငံသားအများစုထဲမှ အခွန်အရပ်ရပ် တိုးတက်ကောက်ခံရရှိနိုင်သည်နှင့်အမျှ လောလောဆယ် အခွန်ထမ်းဆောင်နေသူများ (စာရင်းပေါက်ပြီးဖြစ်သော အခွန်ထမ်းများ) အပေါ် နှစ်စဉ်တိုးတက် ကောက်ခံလာနေသည့် ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်သွားမည် ဖြစ်သည်။ ဆိုလိုသည်မှာ လူများများထံမှ နည်းနည်းစီ ကောက်ခံရရှိ၍ အခွန်ရည်မှန်းချက်ပြည့်မီလျှင် ယခုလူနည်းနည်းက ထမ်းဆောင်နေရသော ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်မည့်သဘောပင် ဖြစ်ပါသည်။ သို့သော်လည်း ယခုကဲ့သို့ စီးပွားရေးလုပ်ငန်းအများစုမှာ မီးခိုးရောင်နယ်ပယ်အတွင်းရှိနေသမျှ အခွန်ထမ်းစာရင်း အမှန်အကန်ရရှိရေး အခက်အခဲရှိနေဦးမည်ဖြစ်ပြီး လုံလောက်သော အခြေခံစီးပွားရေးအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရေးတွင် အခက်အခဲရှိနေဦးမည်သာ ဖြစ်ပေသည်။

စီးပွားရေးလုပ်ငန်းတစ်ခု မှတ်ပုံတင်ရန် မည်သို့သော အဆင့်များရှိနေပြီး မည်မျှလွယ်ကူသနည်း။ စီးပွားရေးလုပ်ငန်းများကို စနစ်တကျ မှတ်ပုံတင်ခြင်းအားဖြင့် သက်ဆိုင်ရာလုပ်ငန်းအသီးသီး၏ ကိုယ်ကျိုးစီးပွားဆိုင်ရာ မက်လုံးများ မည်မျှရှိနေသနည်း။ ရှိနေသော မက်လုံးများကိုပင် ကျယ်ပြန့်စွာ သဘောပေါက်ခြင်းရှိ မရှိ စသည်များကို အများပြည်သူ ကျယ်ပြန့်စွာ သဘောပေါက်စေရေး ပြန်ကြားပေးရန် လိုအပ်ပေသည်။

စီးပွားရေးလုပ်ငန်းများ စနစ်တကျ မှတ်ပုံတင်၍ အခွန်အရပ်ရပ် ထမ်းဆောင်ထားခြင်းဖြင့် လောလောဆယ်အခြေအနေတွင် မြင်သာသော ကိုယ်ကျိုးစီးပွားဆိုင်ရာ မက်လုံးအချို့ကိုလည်း ဤနေရာတွင် ဖော်ပြလိုပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM တယ်လီဖုန်းများ စတင်ငှားရမ်းရာတွင် စီးပွားရေးလုပ်ငန်းကုမ္ပဏီအဖြစ် တရားဝင်မှတ်ပုံတင်ထားသူအများစု ရရှိခဲ့ဖူးသည့် သာဓကများ ရှိခဲ့သည်။ မှတ်ပုံတင်ထားသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် ကျောက်မျက်ကုမ္ပဏီများသို့ လျှောက်လွှာတင်ရန်မလိုဘဲ မိုဘိုင်းဖုန်းများ ချပေးခဲ့သော သာဓကများလည်း ရှိခဲ့ပါသည်။ လောလောဆယ် နိုင်ငံသားအများစုကို ထုတ်ပေးနေသော တစ်ကြိမ်သုံး နိုင်ငံကူးလက်မှတ်အစား စနစ်တကျ မှတ်ပုံတင်ထားသောလုပ်ငန်းများကို သုံးနှစ်သက်တမ်းရှိ အီးနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနေသည့် အားသာချက်မှာလည်း ထင်သာမြင်သာသည့်အချက် ဖြစ်ပါသည်။

အလားတူ အစိုးရဘက်တွင်လည်း အခွန်အကောက်ဝင်ငွေတိုးတက်ရရှိနိုင်ခြင်း၊ GDP အမှန်တွက်ချက်နိုင်ခြင်း၊ သွင်းကုန်ထုတ်ကုန်လိုငွေ အမှန်တွက်ချက်နိုင်ခြင်း၊ ပြည်ပငွေပေးငွေယူရှင်းတမ်း အမှန်တွက်ချက်နိုင်ခြင်း၊ သင့်လျော်သော မူဝါဒနှင့် အစီအမံများ ချမှတ်နိုင်ခြင်းတို့ဖြင့် အမျိုးသားအကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းလာနိုင်မည် ဖြစ်သည်။

ယခုကဲ့သို့သော မီးခိုးရောင်မှ အဖြူရောင်သို့ ကူးပြောင်းရေးကဏ္ဍတွင် ကာယကံရှင်နှစ်ဦးပါဝင်ပြီး ၎င်းတို့မှာ အစိုးရနှင့် ပြည်သူတို့ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အစိုးရနှင့် ပြည်သူ၏ ဆက်ဆံရေးလည်း ဖြစ်ပေသည်။ ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အစိုးရမှသာ စတင်ရမည်ဟု လူများစုက ယူဆလေ့ရှိမည်ဖြစ်သော်လည်း ဤကိစ္စမှာ ကြက်ဥနှင့် ကြက်မသဖွယ်ဖြစ်ရာ မည်သူမှ စတင်ရမည်ဟု ပုံသေနည်းမရှိပေ။ လျှပ်စစ်မီး၊ တယ်လီဖုန်း လုံလောက်စွာ မရရှိသောကြောင့် မိမိဘက်မှ ပေးရန်တာဝန်မရှိဟူသော အယူအဆထက် မိမိဘက်မှ ထမ်းဆောင်ရမည့် တာဝန်ကို ထမ်းဆောင်ပြီး မိမိ၏ ဝေဖန်ပြောကြားခွင့်ကို တည်ဆောက်ရန် ပိုမို အရေးကြီးပါသည်။

မည်သို့ပင်ဖြစ်စေ စီးပွားရေးလုပ်ငန်းများ မီးခိုးရောင်နယ်ပယ်အတွင်း ရှိနေခြင်းဖြင့် မီးခိုးရောင်နယ်မြေအတွင်းရှိ ကာယကံရှင်တစ်ဦးချင်း၏ ကိုယ်ကျိုးစီးပွား ဖြစ်ထွန်းကောင်းဖြစ်ထွန်းနေပေမည်။ ဤကိစ္စသည် ပြည်သူအများစု၏ ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်၊ သက်ဆိုင်ရာအစိုးရ၏ ကျင့်ဝတ် စသည်တို့အပေါ်တွင် များစွာ မူတည်နေကြောင်း အထူးဖော်ပြလိုပါသည်။

**ခွန်နောင်**

■

# အနာဂတ် မြန်မာ့ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး

အဂ္ဂ

**စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံပို့ကုန်လုပ်ငန်း (Primary Export Industry) ၏ စီးပွားရေးအခြေခံကောင်းများ တည်ဆောက်ရာ၌ ပဓာနကျသော လယ်ယာကဏ္ဍတွင် ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ကို ထိရောက်စွာ အကောင်အထည်ဖော်အသုံးချခြင်းဖြင့် ပို့ကုန်တိုးချဲ့ရေးဆိုင်ရာ အခြေအနေကောင်းများ ဖြစ်ပေါ်လာခြင်းနှင့်အတူ စဉ်ဆက်မပြတ် လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်မည်ဖြစ်သည်။**



မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား လေးနိုင်ငံတို့သည် ကန်ထရိုက်လယ်ယာစနစ်နှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်က မြန်မာနိုင်ငံ ပုဂံဒေသတွင် ကျင်းပခဲ့သော ပထမဦးဆုံး ECS- Summit မှ ပုဂံကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုမှ ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ဟု ပြောင်းလဲခဲ့ပြီး ကုန်ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များတွင် ကန်ထရိုက်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပါဝင်ခဲ့ရာမှ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် လယ်ယာကဏ္ဍ ကန်ထရိုက်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။

မြန်မာနိုင်ငံသည် ကန်ထရိုက်စိုက်ပျိုးရေးစနစ်နှင့်ပတ်သက်ပြီး ဥပမာ– လယ်သမားနှင့် ကုန်သည်ပွဲစားကြား သဘောတူညီမှုဖြင့် ကုန်သည်က ကြိုတင်ငွေထုတ်ပေး၍ စပါးယူခြင်းကဲ့သို့ ပူးပေါင်းလုပ်ကိုင်ခြင်းမှာ ယခင်ကတည်းက လုပ်ကိုင်လာသည့် အစဉ်အလာအဖြစ် ရှိနေခဲ့သော်လည်း နှစ်ဦးနှစ်ဖက်အတွက် အခက်အခဲ အတားအဆီးများ ရှိနေခဲ့သည်ဟု စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။ အထူးသဖြင့် ကန်ထရိုက်လယ်ယာစနစ်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသွင်ဖြင့် အကောင်အထည်ဖော်ခြင်းမှာ မြန်မာနိုင်ငံကဲ့သို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ပို့ကုန်အပေါ် အဓိက အားထားရသောနိုင်ငံများတွင် ပြည်တွင်းပုဂ္ဂလိက ကဏ္ဍအတွင်း ပူးပေါင်းဆောင်ရွက်မှုထက် အားသာချက်ရှိသည်ဟု ဆိုရမည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းများတွင် ပို့ကုန်ပိုမိုထုတ်လုပ်ရန် တိုးချဲ့စိုက်ပျိုးခြင်းကြောင့် ဝမ်းစာစိုက်ပျိုးသည့် မြေယာများကို မထိခိုက်စေသည့်အပြင် ဝမ်းစာထုတ်လုပ်သည့် စီးပွားရေး (Subsistence Economy) မှ ရောင်းဝယ်မှုစီးပွားရေး (Exchange Economy) သို့ ကူးပြောင်းရာတွင် အထူးစွန့်စားလုပ်ကိုင်စရာမလိုအပ်ဘဲ လယ်ယာပို့ကုန်ကို တိုးချဲ့ထုတ်လုပ်နိုင်မည် ဖြစ်သည်။ အထူးသဖြင့် ကန်ထရိုက်လယ်ယာစနစ်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသွင်ဖြင့် အကောင်အထည်ဖော်ရာတွင် ပြည်တွင်းပုဂ္ဂလိကကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုထက် အားသာသည်မှာ အရင်းအနှီး၊ နည်းပညာ၊ မျိုးစေ့၊ ဓာတ်မြေဩဇာ စသည့် သွင်းအားစုများနှင့် ပြည်ပပို့ကုန်

www.foreverspace.com.mm



ဈေးကွက်အခြေအနေများကို လွယ်ကူချောမွေ့စေခြင်းဖြစ်သည်။ ကန်ထရိုက်လယ်ယာစနစ်မှာ Buy Back ဟူ၍ ကုန်ချော ပြန်လည်ရယူသည့်သဘောဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့ ပို့ကုန်ဈေးကွက်ရှာဖွေသော နိုင်ငံများအတွက် အထူးသင့်လျော်သည်ဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပို့ကုန်တိုးချဲ့နိုင်ရေးသည် စက်မှုအသွင်ပြောင်းလဲရေးအတွက် အရေးကြီးသော အခြေခံအုတ်မြစ်တစ်ခု ဖြစ်သည်။

ထို့အတူ ကန်ထရိုက်လယ်ယာစနစ်သည် လယ်ယာကဏ္ဍ၏ အခြေခံအဆင့်တွင်ရှိသည့် လယ်သမားများထုတ်လုပ်သည့် ထွက်ကုန်ကို ကမ္ဘာ့ဈေးကွက်နှင့် ဆက်သွယ်ပေးနိုင်မှုကြောင့် လယ်ယာကဏ္ဍ လုပ်သားများအနေဖြင့် ပို့ကုန်သစ်ထုတ်လုပ်ရန် တိုးချဲ့စိုက်ပျိုးရမည်ဟူသော အတွေးမျိုးကို ဖြစ်ပေါ်လာစေသည်။ တစ်နည်းအားဖြင့် ထုတ်လုပ်မှုအင်အားစုကို ပိုမိုတွန်းအားပေးရာရောက်စေမည် ဖြစ်သည်။ သယံဇာတပေါကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်းကုန်ထုတ်လုပ်ငန်းကဏ္ဍ (Domestic Manufacturing Sector) တွင် သွင်းကုန်ခွန် (Tariff) နှင့် အခွန် (Tax) တွင် အခွင့်ထူးပေးဆွဲဆောင်လေ့ရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့ အခြေခံပို့ကုန်လုပ်ငန်းကဏ္ဍ (Primary Export Industries) တွင် အမျိုးသားစီးပွားရေးနှုန်းစံများဖြင့် တိုင်းတာလေ့ရှိသည်။ အမှန်တကယ်တွင် နိုင်ငံခြားအရင်းအနှီးနှင့် အတတ်ပညာကို အခြေခံပို့ကုန်ကဏ္ဍတွင် အသုံးပြုခြင်းကြောင့် ထုတ်လုပ်မှုစွမ်းအား (Productivity) ကို ပိုမိုမြင့်မားလာကာ ရင်းနှီးမြှုပ်နှံသည့်အဖွဲ့အစည်းနှင့် သက်ဆိုင်ရာနိုင်ငံများပါ အကျိုးအမြတ်ခံစားရမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၄၂.၇ ရာခိုင်နှုန်းကို ဖြည့်တင်းပေးလျက်ရှိပြီး လက်ရှိ ပို့ကုန်တန်ဖိုးအားဖြင့် ၁၄.၅ ရာခိုင်နှုန်း ပါဝင်လျက် ရှိသည်။ နိုင်ငံ၏ စုစုပေါင်း အလုပ်လုပ်သူဦးရေ၏ ၆၃ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်ဟု စာတမ်းတစ်စောင်တွင် ဖော်ပြပါရှိသည်။ ထို့ကြောင့် ကန်ထရိုက်လယ်ယာစနစ်ဖြင့် အခြေခံပို့ကုန်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်းကြောင့် ရရှိသောအကျိုးအမြတ်ကို အပြည့်အဝခံစားနိုင်သော အခြေအနေများ ဖန်တီးရမည်ဆိုရာ၌ တိုင်းပြည်၏ သယံဇာတကို နိုင်ငံသားများကသာ အကျိုးခံစားခွင့်ရှိသင့်သည်ဟူသော Inward Looking တွေးဆမှုများသည် ရရှိလာမည့်အကျိုးအမြတ်ကို သက်ဆိုင်ရာနိုင်ငံက အပြည့်အဝမခံစားရစေရန် ကန့်သတ်ရာကျသည်ဟု အရှေ့တောင်အာရှစီးပွားရေးစစ်တမ်းတစ်ခုက ဆိုသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းကျော်မျှသော ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထည့်သွင်းတွက်ချက်ရာ၌ လုပ်ခနှင့် အလုပ်အကိုင်များ အပြည့်အဝရရှိစေရုံမျှမက အမျိုးသားအကျိုးစီးပွားအတွက် ဝင်ငွေရှာဖွေပေးစွမ်းနိုင်သည့် ကန်ထရိုက်စိုက်ပျိုးရေးအသွင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လက်ခံရန်လိုအပ်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မကြာမီ ACMEC သဘောတူညီချက်အရ ထိုင်းနှင့် မြန်မာနိုင်ငံအကြား ကန်ထရိုက်လယ်ယာစနစ် သဘောတူညီ ရရှိခဲ့ခြင်းသည် အနာဂတ်ကန်ထရိုက်လယ်ယာစနစ်အတွက် တံခါးဖွင့်သွားခြင်း ဖြစ်ပါသည်။ ကန်ထရိုက်လယ်ယာစနစ်တွင် သက်ဆိုင်ရာနိုင်ငံအနေဖြင့် မနစ်နာစေရန် အကာအကွယ်ပြုရမည့်အချက်များနှင့် ပတ်သက်၍ FAO ကဲ့သို့ အဖွဲ့အစည်းများက စနစ်တကျ သုတေသနပြုထားရာ အသင့်ယူသုံးရုံသာ ရှိပါသည်။ အရေးကြီးသည့်အချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ၎င်းတို့နိုင်ငံတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေ၍ အကန့်အသတ်ရှိသော ထုတ်ကုန်များ လာရောက်မွေးမြူ၊ စိုက်ပျိုးထုတ်လုပ်ခြင်းမျိုး မဖြစ်စေရန်အချက်သာလျှင် ဖြစ်ပါသည်။

အချုပ်ဆိုရလျှင် အနာဂတ်မြန်မာနိုင်ငံကို စက်မှုအခြေခံစီးပွားရေးအသွင်သို့ ကူးပြောင်းရာတွင် ပို့ကုန်တိုးချဲ့ခြင်းဖြင့် အခြေခံထွက်ကုန်များ ပိုမိုထွက်ရှိလာရန် အလို့ငှာ ကန်ထရိုက်လယ်ယာစနစ်၏ အရင်းအနှီးနှင့် နည်းပညာကိုအသုံးပြုပါက လယ်ယာစိုက်ပျိုးရေးကုန်ကြမ်း ပိုမိုထွက်ရှိလာနိုင်ပြီး ကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်း (Processing Industry) ထွန်းကားလာမည် ဖြစ်သည်။ ပို့ကုန်တိုးချဲ့ရေး ထိရောက်အောင်မြင်ဖို့ရာ ပို့ကုန်အစားထိုးခြင်း (Export Substitution) ဖြင့် ကုန်ကြမ်းအစား တစ်ပိုင်းတစ်စ ပြုပြင်ထားသောပစ္စည်း (Semi Processed Materials) များ ထုတ်လုပ်တင်ပို့နိုင်စေရန် ကြိုးပမ်းခြင်းသည်သာ စက်မှုအသွင်ပြောင်းလဲရေးကို တွန်းအားပေးရာရောက်စေမည် ဖြစ်သည်။ ထို့ကြောင့် ကန်ထရိုက်လယ်ယာစနစ်ကို ထိရောက်စွာ အသုံးချခြင်းသည် မြန်မာနိုင်ငံ၏ စက်မှုစီးပွားအသွင်ပြောင်းလဲရေးကို ကူညီပံ့ပိုးပေးရာရောက်မည်။ အဆိုပါ အသွင်ပြောင်းလဲမှုကာလကို တိုတောင်းသွားစေနိုင်သည်ဟု ယူဆမိကြောင်း တင်ပြရပါသည်။ အထူးဖော်ပြလိုသည်မှာ ကန်ထရိုက်လယ်ယာစနစ် ပူးပေါင်းဆောင်ရွက်မှုကို အကြောင်းအကျိုး၊ အကောင်းအဆိုး စနစ်တကျ သုတေသနပြုပြီး လက်တွေ့ကျနစွာ ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေး အခြေခံပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

**အဂ္ဂ**

■

www.foreverspace.com.mm





# နွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးငယ်များ စိတ်လက်ပေါ့ပါးရန်အရေးကြီး မိဘများဆန္ဒမစောသင့်

ဟိန်းထက်ဇော်

စာသင်နှစ်တစ်နှစ်ကုန်ဆုံး၍ နွေရာသီရောက်တိုင်း မူလတန်းအရွယ်ကလေးငယ်ရှိသူမိဘတိုင်း စဉ်းစားလေ့ရှိကြသည်မှာ မီဒီယာမျိုးစုံတွင် အင်အားကောင်းကောင်းကြော်ငြာနေကြသည့် Summer School များတွင် မိမိတို့ရင်သွေးများကို အပ်နှံရန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပြုမြဲပြုနေကျသဘောနှင့်ကြည့်ပါက များစွာဆီလျော်သော ကြံစည်စိတ်ကူးမှုဖြစ်ပါသည်။ သို့သော် နွေရာသီသင်တန်းတိုင်း မိမိတို့ရင်သွေးများအတွက် အကျိုးမရှိနိုင်သည်ကိုမူ မိဘအများစုမသိကြသည်ကို တွေ့ရသည်။

www.foreverspace.com.mm



၅ နှစ်မှ ၁၁ နှစ်အကြား အသက်အုပ်စုအတွင်းရှိ ကလေးငယ်များသည် အနာဂတ်တွင် လူငယ်မှ လူကြီးဖြစ်လာကြမည့်အတွက် များစွာအရေးကြီးပါသည်။ ထိုအသက်အပိုင်းအခြားကာလသည် အရာရာကို သိလွယ်၊ မှတ်လွယ်၊ သင်ယူလွယ်၊ အတုခိုးလွယ်တတ်သည့် စွမ်းရည်အမြင့်ဆုံးအရွယ်လည်းဖြစ်နေပါသည်။ ထို့ကြောင့် ယင်းအသက်အုပ်စုအပိုင်းအခြားအတွင်းရှိ ကလေးများကို ပြုစုပျိုးထောင်ရေးမှာ သက်ဆိုင်ရာကလေးတစ်ဦးချင်းစီ၏ နောင်ရေးအတွက်သာမက ထိုကလေးငယ်များ အရွယ်ရောက်လာချိန်တာဝန်ကိုယ်စီယူကြထမ်းကြမည့် သက်ဆိုင်ရာနိုင်ငံတစ်ခုလုံး၏ အနာဂတ်နှင့်ပါတိုက်ရိုက်ပတ်သက်မှုရှိနေပါသည်။

ယနေ့ မြန်မာနိုင်ငံရှိအဆိုပါအသက်အရွယ်ကလေးအများစုမှာ ကျောင်းဖွင့်ချိန်ကာလတစ်ခုလုံး ကျောင်းပြီးရင်းကျောင်း၊ စာပြီးရင်းစာ နားနေချိန်မရှိလောက်အောင် ရှိနေခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မနက်စောစောထ၍ ပြင်ပကျောင်းတစ်ခုတက်ရသည်။ ထို့နောက်ကျောင်းကြီးတက်ရသည်။ ပြီးပါကအချိန်ပိုသင်ကြားမှု တက်ရောက်ရသည်။ ညစာစားချိန်မှသာ အိမ်ပြန်ရောက်သည်။ ညစာစားပြီးပါကလည်း အိမ်အရောက်သင်ကြားပေးရန် ရောက်ရှိနေသည့် ဆရာရှေ့တွင် စာကျက်၊ သင်္ချာ တွက်ရသည်။ ကျောင်းတက်နေချိန် စာသင်နှစ် တစ်နှစ်လုံး လပတ်စာမေးပွဲ၊ အစမ်းစာမေးပွဲ၊ အတန်းတင်စာမေးပွဲများကိုလည်း ကျားကုတ်ကျားခဲ ကျက်မှတ် ကျော်ဖြတ်ရသည်။ လပတ်နှင့် အစမ်းစာမေးပွဲများ ပြီးပါကလည်း ကျောင်းပြန် ဖွင့်လျှင်သင်ရမည့် အခန်းများအတွက် ကြိုတင်လေ့လာရသည်။ အတန်းတင်စာမေးပွဲကြီး ပြီးလျှင်ပြီးချင်း နွေရာသီသင်တန်းများကစောင့်ကြိုနေပြန်သည်။ အဘယ်မှာ အားလပ်ချိန်၊ နားချိန် ရှိပါအံ့နည်း။

**ကလေးများအတွက် နွေရာသီသင်တန်း တက်စေခြင်းမှာ ယေဘုယျအားဖြင့်ဆိုရပါက များစွာဆီလျော် ကောင်းမွန်ပါသည်။ သို့သော် တစ်နှစ်လုံး လူရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေသောကလေးကို နောက်ထပ် ဖိအားဖြစ်စေမည့်သင်တန်းများကို မရွေးမိရန် လိုပါသည်။**

ကလေးများအတွက် နွေရာသီသင်တန်းတက်စေခြင်းမှာ ယေဘုယျအားဖြင့်ဆိုရပါက များစွာဆီလျော်ကောင်းမွန်ပါသည်။ သို့သော် တစ်နှစ်လုံး လူရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေသောကလေးကို နောက်ထပ်ဖိအားဖြစ်စေမည့် သင်တန်းများကို မရွေးမိရန် လိုပါသည်။

စာသင်ကျောင်းဟု အလွယ်တကူခေါ်နေကြသည့် အခြေခံပညာကျောင်းအများစုသည် စာသင်ကြားရုံသက်သက်နေရာဌာနများမဟုတ်ပါ။ အသက်အရွယ်အလိုက် သင့်တော်မည့် ကာယနှင့် ဉာဏကို အချိုးညီဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်ပျိုးထောင်ပေးသောနေရာများ ဖြစ်သည်။ စာသင်ချိန်၊ ကစားချိန်၊ ပန်းချီဆွဲချိန်၊ ကဗျာရွတ်ချိန်၊ ပုံပြင်နားထောင်ချိန်၊ မုန့်စားချိန်၊ စိုက်ပျိုးရေးချိန်၊ ကာယလှုပ်ရှားချိန်၊ အိမ်တွင်းမှုလုပ်ငန်းအချိန် အစရှိသဖြင့် ကလေး၏အာရုံ ငြီးငွေ့မှုမဖြစ်စေရန် ဆွဲဆောင်ပေးနိုင်သော နေရာဌာနများလည်း ဖြစ်ပါသည်။ သို့သော် ရန်ကုန်မြို့တော်အပါအဝင် မြို့ကြီးများရှိ အခြေခံပညာကျောင်းအချို့တွင်မူ ကျောင်းအင်္ဂါရပ်နှင့်ညီသော လုံလောက်သည့် အကျယ်အဝန်းရှိမရှိပေါ်မူတည်၍ အထက်ဆိုခဲ့ပါအခြေအနေများ ဖန်တီးပေးနိုင်မှု ကွာခြားသွားပါသည်။ ထို့ကြောင့် နွေရာသီသင်တန်းများဖက်ကို အာရုံစိုက်လာကြခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တွေ့မြင်ရသည့်ကလေးများအတွက် နွေရာသီသင်တန်းများကို လေ့လာကြည့်ရာတွင် ယေဘုယျအားဖြင့် အမျိုးအစားသုံးမျိုးတွေ့ရသည်။

၁။ ဘာသာစကားသင်တန်းများ၊

၂။ ကွန်ပျူတာသင်တန်းများ၊

၃။ အားကစားအခြေခံသင်တန်းများ

ထိုသင်တန်းအမျိုးအစားသုံးခုအနက်ကွန်ပျူတာအခြေခံ၊ အားကစားအခြေခံ၊ သင်တန်းများသည် ကလေးများအတွက်ဦးနှောက်ဉာဏ်ရည်ထက်သန်မှုနှင့် စိတ်လက်ပေါ့ပါးရွှင်မြူးစေရန် အထောက်အကူပြုနိုင်သော်လည်း ဘာသာစကားသင်တန်းများကိုမူ သေချာစွာ စဉ်းစားဆုံးဖြတ်ပြီးမှသာ အပ်နှံကြလျှင် ပို၍သင့်တော်ပေမည်။ ဤသို့ဆိုခြင်းအားဖြင့် ဘာသာစကားသင်တန်းများ မကောင်းဟုမဆိုလိုပါ။ ကလေးများ၏ဦးနှောက်ကို သူ့အချိန်နှင့်သူ အလုပ်လုပ်စေခြင်းကသာ နည်းလမ်းမှန်ကန်ကြောင်း ပြောလိုရင်းဖြစ်ပါသည်။

ဘာသာစကားသင်တန်းများတွင်အများစုက အင်္ဂလိပ်စာသင်တန်းဖြစ်နေသည်ကိုတွေ့ရပြီး တရုတ်နှင့် အခြားဘာသာစကားသင်တန်းများမှာ အနည်းအကျဉ်းသာတွေ့ရသည်။ မိဘအနေဖြင့် ကျောင်းပိတ်ရက်ကာလအတွင်း မိမိတို့ရင်သွေးများကို အများသူငှာထက် ထူးချွန်စေရန်၊ ကမ္ဘာ့သုံးဘာသာစကားဖြစ်လာသည့် အင်္ဂလိပ်စာတော်သူ၊ တတ်သူများ ဖြစ်စေချင်ကြသည်။ မိဘအများစု၏ ထိုစိတ်စေတနာမှာ အပေါ်ယံကြည့်လျှင် လက်ခံ

www.foreverspace.com.mm



နိုင်စရာရှိသော်လည်း သေချာသုံးသပ်ကြည့်ပါက ကလေးငယ်များကို မနိုင်ဝန်ထမ်းခိုင်းသကဲ့သို့ဖြစ်နေပါသည်။

စိတ်ပညာရှင်များအဆိုအရ မိဘအများစု၏ဆန္ဒဇောကို မထောက်မညှာ လေ့လာကြည့်လျှင် ကလေးကို ထူးချွန်ထက်မြက်စေချင်သည့် စိတ်နောက်ကွယ်၌ မိမိ၏အတ္တအရောင်တင်ချင်သည့် အတွင်းသဘောထားတစ်ရပ် တွေ့မြင်ရမည်ဖြစ်သည်။ မိမိအတ္တကို အရောင်တင်ချင်သည်ဆိုရာ၌ မိမိ၏ရင်သွေးကို အများရှေ့တွင် တော်ကြောင်းတတ်ကြောင်းမော်ကြွားလိုခြင်း၊ မိမိငယ်စဉ်က မလုပ်ခဲ့၊ မတတ်ခဲ့၊ မသင်ခဲ့ရသည်များကို မိမိရင်သွေးများအား လုပ်ခိုင်းလိုခြင်းဟူသော သဘောထားနှစ်ရပ် အထင်သားတွေ့ရမည်ဖြစ်သည်။

ပထမအချက်မှာ ကလေးငယ်များ စကားပြောတတ်စအရွယ်ကပင် ထိုအရွယ်နှင့်မမျှသည့် အင်္ဂလိပ်စာဝေါဟာရများ နှုတ်တိုက်သင်ကြားပေးကာ ဧည့်သည်လာတိုင်းရွတ်ပြဆိုပြစေခြင်းမှ အစပြုသည်။ ထိုမှတစ်ဆင့်တက်သော် မူလတန်းဖတ်စာ၊ အင်္ဂလိပ်စာနှင့် သင်္ချာတို့ကို အရွယ်မတိုင်ခင် အကြိုသင်ကြားပေးတတ်သည့် မူကြိုကျောင်းများတွင်အပ်နှံကာ အသက် ၂ နှစ်ကျော်၊ သုံးနှစ်ကျော်ခန့်ဖြင့် သူငယ်တန်းစာများနှင့် ထိတွေ့စေသည်။ အနှစ်ချုပ်ရသော် ကလေးငယ်များသည် သူ့အရွယ်နှင့် သူ့ဦးနှောက်စွမ်းရည်နှင့်လျော်ညီစွာ အလိုက်သင့်အလျားသင့် ဖွံ့ဖြိုးရမည့်အစား အရွယ်ငယ်ငယ်တွင် ဦးနှောက်ဒဏ်ပိစေသကဲ့သို့ဖြစ်နေပေသည်။ ထိုအသက်အရွယ်ရှိကလေးအများစုမှာ မိဘအုပ်ထိန်းမှုအောက်တွင် ရိုကျိုးစွာရှိနေတတ်သည့်အားလျော်စွာ မိမိတို့ဝါသနာမပါ၊ စိတ်မဝင်စားသော်ငြား မိဘတို့၏ အမိန့်အာဏာကို မလွန်ဆန်ရဲသဖြင့် ကြိတ်မှိတ်အောင့်အည်းကာ တက်ကြရသည်။ ငယ်စဉ်ကာလတွင် ထိုဦးနှောက်ဒဏ်ပိမှု များစွာ မသိသာလှသော်လည်း အလယ်တန်းနှင့် အထက်တန်းအရွယ်ရောက်လာသည့်အခါ ထိုဒဏ်ကို တုံ့ပြန်အံတုသည့် စရိုက်လက္ခဏာများ ပေါ်ပေါက်လာတတ်သည်။

ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းအရွယ်တွင် ကျောင်းပြေးလာခြင်း၊ ဆေးလိပ်၊ ကွမ်းစားခြင်း၊ ဆရာကိုမလေးမစားပြုခြင်း၊ စာမေးပွဲကျခြင်း၊ ခိုက်ရန်မကြာခဏဖြစ်ပွားခြင်းတို့သည် စင်စစ်ငယ်ငယ်က မိမိကိုယ်တိုင် မလုပ်ချင်ဘဲ မိဘကိုကြောက်၍ လုပ်ခဲ့ရသည်များကို အရွဲ့တိုက်သည့်သဘောဖြစ်ပါသည်။ ထိုကဲ့သို့သော သားသမီးများကို နဂိုမူလကတည်းက မိမိအတ္တကို ဦးစားပေးသည့်မိဘများက "ငါ့စကား နားမထောင်ရကောင်းလား၊" "ငါ့ကိုသိက္ခာချရကောင်းလား" ဆိုသောဒေါသဖြင့် ပို၍ဖိနှိပ်ချုပ်ချယ်ကာ ပြစ်ဒဏ်ကြီးကြီးပေးတတ်ကြသည်။ ထိုအခါ အသက်အရွယ်အရ ခေါင်းငုံ့မခံတော့ဘဲ မိဘကို အကြီးအကျယ်အာခံအရွဲ့တိုက်၍ ပျက်စီးသွားတတ်ကြခြင်းပင်။

နောက်တစ်ချက်မှာလည်း ဤသဘောနှင့်အတူတူပင်ဖြစ်သည်။ မိမိငယ်စဉ်က ငွေကြေးချို့တဲ့၍သော်လည်းကောင်း၊ ထိုစဉ်က ယခုကာလကဲ့သို့ သင်တန်းများမပေါ်သေး၍သော်လည်းကောင်း အခြားအကြောင်းကြောင်းကြောင့် မလုပ်ခဲ့၊ မပြုခဲ့သည်များကို မိမိရင်သွေးများအား ဖွတ်ပြုလုပ်စေခြင်းဖြစ်သည်။ ယင်းလုပ်ရပ်၏ နောက်ဆက်တွဲမှာလည်း အထက်ဆိုခဲ့ပါအတိုင်းပင်။



ကလေးငယ်များသည် ငယ်စဉ်ကပင် ဖိအားများ၊ အမိန့်အာဏာများ၊ အတင်းအကြပ်ပြုပြင်ဆိုင်မှုများ၊ ခွဲခြားဆက်ဆံမှုများအောက်တွင် ကြီးပြင်းလာရသည့်အတွက် အခါအခွင့်သင့်ပါက မိမိတို့တက်နိုင်သည့်နည်းလမ်းဖြင့် ဆန့်ကျင်လာတတ်ကြသည်။ မိဘရှေ့တွင်ကျိုးနွံသည့်အသွင်ဖြင့် ရိုကျိုးနာခံသယောင် ဟန်ဆောင်ကာ မိဘနှင့်လွတ်ကင်းသောနေရာရောက်သည်နှင့် စိတ်ထင်ရာလုပ်တတ်ကြတော့သည်။ ယင်းမှာ စိတ်ပညာရှုထောင့်မှပြောရလျှင် Outlet ခေါ် စိတ်ထွက်ပေါက်ပေးခြင်း၊ အရွဲ့တိုက်ခြင်းပင်ဖြစ်သည်။ မိဘကို အရွဲ့တိုက်ရာမှ လက်ရှိအရွယ်နှင့်မအပ်စပ်သော အပြုအမူလုပ်ရပ်များကြောင့် ပတ်ဝန်းကျင်၏အမြင်တိမ်းစောင်းမှုပါဖြစ်ပေါ်



လာတတ်သည်။ ထိုအခါ မိမိအပေါ် အမြင်မကြည်လင်သောပတ်ဝန်းကျင်ကိုပါ မကျေမနပ်ဖြစ်၍ အားလုံးကို အရွဲ့တိုက်ချင်စိတ်ဝင်ကာ လူဆိုးကလေးများဖြစ်သွားတတ်ပါသည်။ ထိုကဲ့သို့သောကလေးများ မြန်မာလူမှုအသိုက်အမြုံအတွင်းများစွာတိုးပွားလာပါက နိုင်ငံအတွက် ခွန်အားမဖြစ်ဘဲ ဝန်ထုပ်ဝန်ပိုးပါ ဖြစ်သွားတတ်ပါသည်။ သို့ဆိုပါက အနာဂတ်နိုင်ငံအတွက် တန်ဖိုးရှိသောစွမ်းအားစုတစ်ရပ်ဆုံးရှုံးလိုက်ရသကဲ့သို့ရှိပေမည်။

ဤသည်ကို ဆန်းစစ်ကြည့်ပါက မိမိတို့ အတွက်ကို ရှေ့တန်းတင်လိုသော မိဘများအပေါ်တွင်သာ လုံးလုံးတာဝန်ရှိသည်ဟု ဆိုချင်ပါသည်။ အဓိကအချက်မှာ မိမိရင်သွေးငယ်များ၏ ဝါသနာ၊ စိတ်ဝင်စားမှု၊ ပင်ကိုယ်စရိုက်သဘာဝအပေါ် လေ့လာအကဲခတ်၍ သန်ရာသန်ရာကို လိမ္မာပါးနပ်စွာ အားပေးသင်ကြားလေ့လာစေခြင်းကသာ နည်းလမ်းမှန်ကန်သော ပြုစုပျိုးထောင်မှု ဖြစ်ပါသည်။ အရေးအကြီးဆုံး လေ့ကျင့်ပေးရမည်မှာ မည်သည့်အရာကိုမဆို အမှီအခိုကင်းကင်းဖြင့် လွတ်လပ်စွာဆုံးဖြတ်ခွင့်ပေးရန်ဖြစ်ပါသည်။ သို့ဆိုခြင်းအားဖြင့် လုပ်ချင်ရာလုပ် မျက်စေ့မှိတ်နေရမည်ဟုမဆိုလိုပါ။ လမ်းကြောင်းမမှားအောင် မသိမသာ ဘေးမှတည့်မတ်ထိန်းညှိပေးရန်သာ လိုပါသည်။

အချုပ်ဆိုရလျှင် မိဘများအနေဖြင့် စာသင်နှစ်တစ်နှစ်လုံး အချိန်အားမရှိလောက်အောင် ပင်ပန်းခဲ့ကြသော မိမိတို့၏ရင်သွေးများကို နွေရာသီကျောင်းပိတ်ရက်တွင် ထပ်မံ၍ ကိုယ်စိတ်နှလုံးသုံးပါးစလုံး ဖိစီးမှုပေးသကဲ့သို့ ဖြစ်နေကြမည်ကို ရိပ်စားမိရန်ဖြစ်ပါသည်။ မိမိအတ္တနှင့် မိမိကလေး၏နောင်ရေး ဘယ်အရာကို ဦးစားပေးရမည်ကို မှန်ကန်စွာ ခွဲခြားသိမြင်ဖို့ လိုပါသည်။ ထိုမှ တစ်ဆင့်တက်လျှင် နောင်တွင် မိမိတို့ပတ်ဝန်း ကျင်အတွက်သာမက မိမိနိုင်ငံ၏အနာဂတ်အတွက် အရေးပါသောနေရာတွင် တာဝန်ထမ်းဆောင်ကြမည့် ကလေးငယ်များအတွက် မိဘများ ဆန္ဒဇောမကြီးကြရန် သတိပေးလိုရင်း ဖြစ်ပါသည်။

**ဟိန်းထက်ဇော်**

Photo : Horizon International Education Center



www.foreverspace.com.mm

www.foreverspace.com.mm



# “ပတ်ဝန်းကျင်က လက်ခံနိုင်တဲ့ ကျောင်းသားဖြစ်ဖို့ လိုပါတယ်”

## Europa International Education Academy မှ Executive Director ဒေါ်မာမာတင့်နှင့် တွေ့ဆုံခြင်း

ကျော်ကျော်မင်း၊ ကျော်ဆန်းမင်း

**ကလေးငယ်များ၏ နွေရာသီကျောင်းပိတ်ရက်အတွင်း ရေပန်းစားစပြုလာသော နွေရာသီသင်တန်း (Summer Course) များကို ရွေးချယ်တက်ရောက်မှုနှင့်စပ်လျဉ်းပြီး Europa International Education Academy မှ Executive Director ဒေါ်မာမာတင့်နှင့် တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည်များအနက်မှ အချို့ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။**



**L.C : နွေရာသီသင်တန်းတွေထဲမှာ မိဘအများစုက သားသမီးတွေကို အင်္ဂလိပ်စာသင်တန်းတွေအပ်တာ သိသိသာသာများနေတာ ဘာကြောင့်လဲ။**

**MMT :** မိဘတွေအနေနဲ့ မိုးလင်းကနေမိုးချုပ်အထိ ကိုယ့်ကလေးကို ဘာလုပ်ပေးရင်ကောင်းမလဲစဉ်းစားပြီး သင်တန်းတွေ အမျိုးမျိုးအပ်ကြတယ်။ အင်္ဂလိပ်စာနဲ့ ပတ်သက်တာလည်း ဖြစ်ချင်ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် English Foundation လေးကောင်းအောင် လုပ်မှဆိုတဲ့အတွေးလေး မိဘတိုင်းမှာရှိတာပေါ့နော်။ ကလေးတွေအနေနဲ့ ဘယ်ဘာသာပဲသင်သင် (ဝိဇ္ဇာ၊ သိပ္ပံစသည်ဖြင့်) အတန်းတွေရလာသလို အင်္ဂလိပ်စာပိုများလာတဲ့အခါ၊ အင်္ဂလိပ်စာ အခြေခံမကောင်းရင် ကျက်ရမှတ်ရတာ ပိုခက်ပြီး ပင်ပန်းလာတာပေါ့။ အဲဒီတော့ English Grammer လေးကောင်းအောင်၊ ရေးရဲ၊ ဖတ်ရဲ၊ မှတ်ရဲအောင် လုပ်ကြတာပေါ့။ ယုံကြည်မှုရှိရှိနဲ့ ရေးရဲ၊ မှတ်ရဲလာရင် ကျန်တာတွေပါ အလိုလိုပါလာတာပေါ့။ မိဘတိုင်းမှာတော့ ကိုယ့်ကလေးကို အင်္ဂလိပ်စာကို တတ်နိုင်သလောက် ဖိသင်မှဆိုတဲ့ ရည်ရွယ်ချက်လေး ရှိကြတယ်။

**L.C : သူတို့ (မိဘ)တွေက ဘာလို့ အင်္ဂလိပ်စာ ဖိသင်စေချင်ကြတာလဲ။**

**MMT :** မိဘတွေက သူတို့ကလေးတွေကို အင်္ဂလိပ်စာမှ မဟုတ်ပါဘူး။ အကုန်လုံးမျှပြီး သင်ချင်ကြတယ်။ ခုနကပြောသလို အားကစား၊ ပန်းချီ အနုပညာ၊ Computer ပေါ့။ ဘာပဲတက်တက်၊ အင်္ဂလိပ်စာနဲ့လည်း တွဲသင်တော့ အင်္ဂလိပ်စာက တွဲဖက် ဖြစ်လာတယ်။ ရေကူးသင်တန်းအပ်တယ်၊ အင်္ဂလိပ်စာတော့ မတက်ဘူး။ ကရာတေး တက်တယ်၊ Computer သင်တယ်၊ အင်္ဂလိပ်စာ မတက်ဘူးဆိုတာမျိုး မရှိသလောက်ရှားတယ်။ အင်္ဂလိပ်စာက နိုင်ငံတကာသုံး ဘာသာစကားတစ်ခု ဖြစ်တဲ့အပြင် အခြေခံလို ဖြစ်နေတာကိုး။ သူတို့ကိုယ်တိုင် ကျောင်းသားဘဝက အင်္ဂလိပ်စာတန်ဖိုးသိပြီး အင်္ဂလိပ်စာအားနည်းလို့ လုပ်ငန်းခွင် ခက်ခဲတယ်။ အင်္ဂလိပ်စာကောင်းလို့ ဘယ်လိုအဆင်ပြေခဲ့တယ်လို့ ကြုံဖူးတဲ့ မိဘတွေက သားသမီးတွေကို အချိန်ရတုန်း အင်္ဂလိပ်စာဖြည့်ထားမှဆိုပြီး အပ်ကြတော့ အင်္ဂလိပ်

www.foreverspace.com.mm



စာနဲ့ပတ်သက်တဲ့ သင်တန်းကျောင်းတွေမှာ ပြိုင်တိုးလာကြတာပေါ့။

**L.C : အဲဒီလို သင်တန်းတွေအပ်တဲ့အခါ မိဘတွေအနေနဲ့ ဘယ်လိုရွေးချယ်မှုမျိုး ပြုလုပ်လေ့ရှိသလဲ။**

**MMT :** အင်္ဂလိပ်စာသင်တန်းကျောင်းတွေကလည်း များတယ်။ ကျောင်းသားတွေကလည်း စုပြုံတိုးပြီးအပ်ကြတဲ့အခါ ဒီခေတ်က ကုန်ကျစရိတ်နည်းနည်းများတဲ့အချိန်ဖြစ်တယ်။ နောက်တစ်ခါ မိဘကဖြစ်ချင်တဲ့ဆန္ဒများလာရင် ကလေးတွေ ကုန်ကျစရိတ်က ပိုမြင့်လာတယ်။ အဲဒီအခါ ကျောင်းလခများများစားစားမယူတဲ့ ကျောင်းတွေကို ရွေးချယ်လာကြတယ်။ ကျောင်းလခများများ တတ်နိုင်တဲ့မိဘကလည်း တတ်နိုင်သလိုပေါ့။ တချို့က ကျောင်းလခနည်းရင် ကောင်းပါ့မလားဆိုတဲ့အတွေးမျိုး ရှိတယ်။ အမှန်တော့ ကျောင်းရဲ့အရည်အချင်းက ကျောင်းလခအနည်းအများနဲ့ တိုက်ရိုက်မသက်ဆိုင်ပါဘူး။ တချို့က လခများပြီး ကျောင်းသားကို သိပ်လုပ်မပေးနိုင်တာမျိုးရှိသလို၊ လခနည်းပေမယ့် ကျောင်းသားကို အများကြီးပံ့ပိုးမှုပေးနိုင်တဲ့ကျောင်းတွေလည်း ရှိတယ်။ ကျောင်းတွေကိုတော့ မဝေဖန်လိုပါဘူး။ မိဘတွေရဲ့ အမြင်အယူအဆဖြစ်တတ်တာကို ပြောတာပါ။

**L.C : တချို့မိဘတွေကျတော့ ကျောင်းတွေက သင်ပေးတာအပေါ် အားမလိုအားမရဖြစ်ပြီး ဝေဖန်သံတွေကြားမိလို့ အဲဒီပေါ်မှာ ဆရာမရဲ့အမြင်လေး ပြောပြပေးပါ။**

**MMT :** မိဘရဲ့လိုလားမှုနဲ့ ကျောင်းကပေးတာ မကိုက်ညီလို့ ဒီလိုအသံမျိုးထွက်လာတာပါ။ ဆရာတွေကတော့ တတ်နိုင်သလောက် ကြိုးစားပြီးသင်ပေးကြမှာပါ။ မိဘရဲ့ သူလိုချင်တဲ့အဆင့်က သိပ်မြင့်နေမယ်။ သူလိုချင်သလောက်မရဘူးဆိုရင် အရင်ဆုံး ဒီကျောင်းကို စနည်းနာရမယ်။ ဒီကျောင်းကဆင်းတဲ့ ကျောင်းသား ဘယ်လောက်တော်လဲ၊ ဒီကျောင်းမှာ ဘယ်လိုသင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းထားလဲ၊ ဘာတွေလုပ်လဲဆိုပြီး စုံစမ်းပြီးရင် ဒီကျောင်းကို သွားအပ်၊ အပ်တဲ့အခါ သင်တန်းကာလပြီးဆုံးပြီဆိုရင် ကိုယ့်သားသမီးနဲ့ သူများနဲ့ ယှဉ်ကြည့်ရမယ်။ ကျောင်းတစ်ကျောင်းတည်းမှာ အားလုံးတူညီစွာ ဆင်းလာတဲ့ ကလေးချင်းမှာ ကိုယ့်ကလေးက ညံ့နေတယ်၊ သူများကလေးက တော်နေမယ်ဆိုရင် ကိုယ့်ကလေးရဲ့ အားနည်းချက်ဖြစ်မယ်။ သူများကလေးက အားနည်းပြီး ကိုယ့်ကလေးတော်တိုင်း တော်တယ်လို့ သတ်မှတ်လို့ မရသေးပြန်ဘူး။ အဲဒီကိုယ်ယှဉ်တဲ့ကလေးကိုယ်တိုင် မူလကတည်းက ညံ့နေလားဆိုတာ ကြည့်ရမယ်။ ကလေးရဲ့ အပြင်မှာရှိတဲ့ ရာဇဝင်က ဟိုကျောင်းမှာလည်း အဆင့်(၁)ကနေ (၁၀)ထဲမှာ ဒီကျောင်းမှာလည်း အဲဒီလို အဆင့်ရှိတဲ့ကလေးနဲ့ယှဉ်ကြည့်လို့ နှစ်ယောက်စလုံး တော်နေရင် ဒီကျောင်းက စာသင်ကောင်းတယ်ပေါ့။ အဲဒီတော့ ကိုယ့်ကလေးပေါ်မှာကြည့်ပြီး ကျောင်းတစ်ကျောင်းရဲ့ အရည်အသွေးပိုင်းခြားဖို့က ခက်ခဲတယ်။ အဲဒီတော့ မိမိကလေးကို လိုအပ်တာထက် ယုံကြည်မှုထားရင် ဒုက္ခဖြစ်တတ်တာပေါ့။ အလားတူပဲ ကျောင်းတွေပေါ်လည်း လုံးလုံးလျားလျား ပုံအပ်မထားသင့်ဘူး။ အဲဒီတော့ ပထမ ရှေ့က လုပ်ခဲ့တဲ့ သာဓကတွေကိုကြည့်ပြီး ကိုယ့်ကလေးနဲ့ ကိုက်ညီအပ်စပ်တဲ့ကျောင်းကို အပ်ရင် ပိုကောင်းမယ်။ ကလေးသိပ်မလိုက်နိုင်ဘဲ သင်ရိုးသိပ်မြင့်တဲ့ကျောင်းသွားအပ်ရင် မထူးခြားလာသလို ကလေးက သိပ်တော်ပြီး သင်ရိုးသိပ်မြင့်မထားတဲ့ကျောင်းမျိုး သွားအပ်ရင်လည်း အတူတူပဲဖြစ်မှာပဲ။ ကိုယ့်သားသမီးရဲ့အခြေအနေနဲ့ ကျောင်းကပေးနိုင်တဲ့ အနေအထား အဲဒီနှစ်ခုကို ချိန်နိုင်ရင် အကျိုးများမယ်။ ဒီလိုဝေဖန်သံမျိုးကို အင်္ဂလိပ်စာတင် မဟုတ်ပါဘူး။ Computer သင်တန်းတွေမှာလည်း ကြားရတတ်ပါတယ်။

**L.C : Computer သင်တန်းမှာရော ဘယ်လိုကွာဟချက်လေးတွေရှိလို့ ဝေဖန်ခံရတာလဲ။**

**MMT :** Computer ဆိုလည်း ကလေးက ဘာသုံးမလဲ။ ကလေးက Computer ကို မခိုင်းတတ်သေးဘူး။ Key လေးတွေ နှိပ်မယ်၊ Mouse ဆော့မယ်၊ ဂိမ်းဆော့မယ်၊ ဒီလောက်ပဲ။ Control တွေ အများကြီး မခိုင်းနိုင်သေးဘူး။ မသုံးတတ်သေးတော့ ရင်းနှီးအောင် မိတ်ဆက်ပေးတဲ့သဘောပဲ။ ကွန်ပျူတာကို ပြယုဂ်တစ်ခုအနေနဲ့ ပြစားတဲ့သဘောနဲ့ ကလေးကိုသင်တော့ နားမလည်တဲ့မိဘက ငါ့သား ကျောင်းမှာ ကွန်ပျူတာကိုင်ရတယ်ပေါ့။ ယနေ့ နာမည်ကြီးနေတဲ့ ကျောင်းကြီးတွေအနေနဲ့ ကလေးကို အချိန်တစ်ခုကို Game ဆော့ခိုင်းထားတော့ မိဘတွေရဲ့ ဝေဖန်သံထွက်လာတယ်။ ကလေးကို သင်တန်းခေါ်တယ်၊ သင်မယ်ပြောပြီး မသင်ဘူး၊ Game ပဲ ဆော့ခိုင်းထားတယ် စသည်ဖြင့်ပေါ့။ အဲဒီကျောင်းကြီးတွေရဲ့ ပုဂ္ဂိုလ်တွေရည်ရွယ်ချက်က ဒီကလေးတွေ Key တွေကို Operate လုပ်တဲ့အခါ Efficiency တက်လာအောင်၊ Key လေးတွေ အံဝင်ခွင်ကျသုံးတတ်လာအောင် စသည်ဖြင့် ကလေးတွေလည်း စိတ်ဝင်စားအောင်ပေါ့။ Game ဆော့မယ်လို့ ဆိုတာတောင် Game ရဲ့ Speed နဲ့ ကလေးရဲ့ Efficiency လိုက်ဖက်ညီဖို့တော့ လိုတာပေါ့။ Speed မြန်တဲ့ Counter-Strike လို ဂိမ်းမျိုးဆို တော်ရုံတန်ရုံကလေး ဘယ်ကစားနိုင်မလဲ။ ကွန်ပျူတာသင်တယ်ဆိုတာထက် ကွန်ပျူတာနဲ့ ရင်းနှီးအောင်လုပ်တယ်ဆိုတဲ့ Trend မျိုး ထားတာပေါ့။

**L.C : ကလေးတွေအနေနဲ့ အသက်အရွယ်အပေါ်မူတည်ပြီး သင်သင့်တဲ့အရာတွေ ရှိပြီးသားမဟုတ်လား။**

**MMT :** သင်ရိုးညွှန်းတမ်းပေါ်မှာ မူတည်တယ်။ မူကြိုဆိုပါတော့ အချို့က အိမ်ကအမေက စိတ်ဝင်တစား စာအုပ်ဖွင့်ကြည့်တယ်။ (ဝ)လုံးလေးဝိုင်းလား၊ (က) ဘယ်နှမျက်နှာရေးပြီးပြီလဲဆိုတာမျိုးသိချင်တယ်။ မိဘရဲ့ဆန္ဒကို ဖြည့်ပြီးသင်ပေးတဲ့ စာသင်ကျောင်းက ကလေးအနေနဲ့ ပင်ပန်းတာပေါ့။ တချို့ကျ ကျောင်းသားကိုပဲ စိတ်ဝင်တစားနဲ့ သင်ပေးတယ်။ တကယ် စေတနာ

www.foreverspace.com.mm





ထားပြီး အတွေ့အကြုံရှိတဲ့ သင်တန်းကျောင်းရဲ့ သင်ကြားမှုပေါ်မှာ ကျေနပ်လိုက်တဲ့ မိဘဆိုရင်တော့ ကလေးလည်းသက်သာ၊ အပြည့်အဝလည်း တတ်မှာပေါ့။ မူကြိုဆိုတာ ၅ နှစ်မှ မပြည့်သေးတာ။ စာသင်ဖို့ စောသေးတယ်လေ။ စာလုံးတွေ မြင်ဖူးရမယ်။ ခဲတံ၊ ပေတံ၊ မြဲအောင် ကိုင်တတ်မယ်။ ဆရာ၊ ဆရာမကို ရိုသေလေးစားတတ်ရမယ်။ အိမ်နဲ့ ခွဲခွာနိုင်စွမ်း အလေ့အကျင့်လေး ရှိရမယ်။ အဲဒါတွေကို လေ့ကျင့်ပေးတာပေါ့။ Kiddle Garden (ရင်ခွင်ပိုက်–/ရင်ခွင်ပြောင်း) ဆိုတဲ့ အဓိပ္ပာယ်က အဲဒါပေါ့။ KGက ပြန်လာတဲ့ ကလေးက စာလုံးတွေအော်ဖတ်၊ အက္ခရာတွေ အများကြီးရေးရမယ်လို့ နိုင်ငံတကာမှာ မပြဋ္ဌာန်းထားဘူး။ ဘယ်အချိန်မှာ ကွန်ပျူတာ သင်သင့်တယ်။ အင်္ဂလိပ်စာသင်ရမယ်ဆိုတာ ကလေးအနေနဲ့ မဆုံးဖြတ်နိုင်သေးဘူး။ မိဘ ဘယ်လောက်ဖြစ်ချင်လဲပေါ်မှာ မူတည်တယ်။ မိဘကိုယ်တိုင်က ဖြစ်ချင်တာများပြီး ဖြစ်သင့်တာ မချိန်ဆနိုင်ရင် ကလေးနစ်နာပါတယ်။ ကလေးတွေအများကြီး စာသင်ပြီး အဲလိုထူးချွန်တဲ့ကလေးတွေ ထွက်လာတာရှိပေမယ့် Average ကတော့ ကလေးတွေပေါ်မှာ Pressure မိနေတယ် ထင်ပါတယ်။ သင်ရိုးညွှန်းတမ်းအရ စာစသင်ရင် ၄ နှစ်က ကောင်းပါတယ်။ နိုင်ငံတကာစံအရ ၅ နှစ်ကလေးတွေအတွက် စာသင်ဖို့ အကောင်းဆုံးအချိန်ပါပဲ။

**L.C : ဘယ်လိုအခြေအနေမျိုး၊ ဘယ်လိုသင်ရိုးမျိုးကြောင့် မလိုက်နိုင်တာလဲ။ ဘာတွေ လိုအပ်နေလို့လဲ။**

**MMT :** ကျောင်းသားတစ်ယောက် လိုက်နိုင်တယ်ဆိုတာ ဘယ်သင်ရိုးကို လိုက်နိုင်လဲလို့ အရင်မေးရမှာပေါ့။ ယခု မြန်မာနိုင်ငံမှာ GCE စာမေးပွဲဖြေရင် ရတ်တရက်အောင်ဖို့ မလွယ်ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတော့ သင်ရိုးကွာနေလို့ပေါ့။ အဲဒီတော့ ကလေးက သူ့ကို ချပေးတဲ့သင်ရိုးညွှန်းတမ်းပေါ်မှာ မူတည်ပြီး ဘယ်အရွယ်မှာ လိုက်နိုင်လဲလို့ ပြောရမှာပေါ့။ ကလေးတစ်ယောက်ရဲ့အစကိုပြောဖို့ ဒီကလေး ဘယ်ကလာသလဲဆိုတာ အရင်မေးရမယ်။ ဆရာဝန်ရှုထောင့်ကနေ ကလေးမှတ်ဉာဏ်ကို မပြောလိုပါဘူး။ ဆရာမအတွေ့အကြုံအရ ငါးနှစ်၊ ခြောက်နှစ်ဆို ကလေးတွေက ရောနေတုန်းပဲ။ အလယ်တန်းလောက်ရောက်လာရင် မှတ်ဉာဏ်ကောင်းတဲ့ကလေးတွေကို ခွဲလို့ရလာပြီ။ ခုနစ်တန်း၊ ရှစ်တန်းဆို သူတို့တွေက ပြိုင်ဘက်တွေဖြစ်လာပြီ။ အဲဒီအချိန်မှာ အားအရဆုံးပဲ။ ကလေးက တော်တော်ပြောနိုင်၊ ဆိုနိုင်လာတယ်။ နှစ်တန်း၊ သုံးတန်းကျတော့ ပတ်ဝန်းကျင်နဲ့ သူ့အိမ်ပေါ်မှာ မူတည်တယ်။ တချို့အိမ်က ကောင်းတယ်။ အစ်ကို၊ အစ်မတွေက ပညာတတ်တွေ၊ မိဘက ဂရုစိုက်တဲ့ကလေးက အရမ်းတော်တတ်ပါတယ်။ ကလေးရဲ့ရာဇဝင်အရ သူ ကျောင်းမှာ ပြိုင်ဘက် ရှိ မရှိအပေါ် မူတည်တယ်။ အကြမ်းအားဖြင့် အတန်းထဲမှာ အဆင့် (၁၀) ကျော်တဲ့ ကလေးတွေက ပြိုင်ဘက်ကြားထဲနေတာ မဟုတ်ဘူး။ ဘာသိဘာသာနဲ့ လက်ခံစွမ်းအားနည်းတယ်။ ၁ က ၁၀ ကြား မကျဘူးဆိုတဲ့ တော်တဲ့ကလေးမျိုးက ဘယ်ကျောင်းရောက်ရောက် ပတ်ဝန်းကျင်ကိုကြည့်တယ်။ သူ့မှာ Challenge တွေ ရှိနေတယ်၊ ပြိုင်ဘက်ကို ရှာဖွေနေတယ်၊ အဲဒီစိတ်ကပဲ သူ့ကို ဆွဲခေါ်သွားတာ။

**L.C : အဲဒါဆိုရင် ကလေးအနေနဲ့ ပြိုင်ဘက်ရှိရင် ပိုကောင်းတဲ့သဘောပေါ့။**

**MMT :** ဟုတ်တာပေါ့။ သူ့ကို အဲလို ယှဉ်ပြိုင်လိုစိတ်က တွန်းပို့သွားတာ၊ ဆရာ ဆရာမကလည်း တက်တက်ကြွကြွ သင်မယ်ဆိုရင် ကျောင်းသားနှစ်ဆယ်လောက်ထဲမှာ ခုနစ်ယောက်လောက်က ကောင်းကောင်းလိုက်နိုင်လာပြီး ရှစ်ယောက်လောက်က ဆရာမကိုယ်တိုင် ဘေးထိုင်ရှင်းပြရတာမျိုး ဖြစ်သွားတယ်။ အဲဒီအချိန်မှာ ဟိုကလေးက နည်းနည်းဆူတာ၊ ဆော့တာ၊ စိတ်မရှည်တာ ဖြစ်လာတာပေါ့။ အဲဒီလို သူတို့ရဲ့ကွာဟမှုပေါ်မှာ စိတ်ကောင်းရှိတဲ့ကလေးက စိတ်ရှည်သည်းခံပြီး စောင့်ဆိုင်းနိုင်ပေမယ့် စိတ်တိုတတ်တဲ့ကလေး၊ ပတ်ဝန်းကျင်ရဲ့ သိမ်းသွင်းခြင်းခံရတဲ့ကလေးမျိုးကျတော့ တစ်ဖက်ကလေးပေါ်မှာ အထင်သေးတာမျိုး ဖြစ်လာတာပေါ့။ အဲဒီအချိန်မှာ သင်ကြားပေးတဲ့ဆရာမက ပါးနပ်လိမ္မာစွာ ဖြေရှင်းနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်စေ အဆုံးသတ်ရလဒ်က ကွာစမြဲပါ။ တို့အနေနဲ့ပြောရရင် ဘွဲ့ရတာချင်းတော့ တူမယ်၊ ဘွဲ့လက်မှတ်နောက်ကျောက အမှတ်စာရင်းတွေ၊

www.foreverspace.com.mm



Credit တွေ ကွာသွားမှာပေါ့။

**L.C : ကလေးတွေရဲ့ အရည်အသွေးက မိဘတွေရဲ့ ပညာလိုလားမှုနဲ့ တိုက်ရိုက်သက်ဆိုင်သွားတာပေါ့။ ဒါ့အပြင် ရှိသေးလား။**

**MMT** : မိဘတွေတင်လားဆိုတော့ မဟုတ်ဘူး။ မိဘတွေက ပဲပြုတ်ရောင်းတာပါမယ်၊ ရွှေသည်လည်းဖြစ်မယ်၊ အရာရှိကြီးလည်း ပါမယ်ပေါ့။ မိဘဆိုတာ သားသမီးကို ပညာတတ်စေချင်တာတော့ စိတ်အတူတူပဲ။ ကလေးအပေါ် ပတ်ဝန်းကျင်က နေရာပေးနိုင်မှုပေါ် မူတည်တယ်။ ပတ်ဝန်းကျင်က ဒီကလေးကို ဘယ်လောက်အသိအမှတ်ပြုမလဲပေါ့။ အသိအမှတ်ပြုလေ၊ လိုအပ်လာလေ၊ ပိုပြီးပြင်ဆင်လေ ဖြစ်လာမှာပေါ့။ ပတ်ဝန်းကျင်ရဲ့အသိအမှတ်ပြုလောက်အောင် မကြိုးစားနိုင်ရင် မိဘက ဘယ်လောက်တွန်းအားပေးပေး၊ ဒီကလေးရဲ့ ကြိုးစားမှုက ရှိလာမှာ မဟုတ်ဘူး။ ကလေးမှ မဟုတ်ဘူး။ လူကြီးလည်းအတူတူပဲ။ ကိုယ့်နေရာကိုယ်ရပ်တည်နိုင်ဖို့ ကိုယ့်အရည်အသွေးကို အမြဲတမ်းပြနေရတယ်။ ကျွန်မတို့ အခုအသက်ကြီးလာတော့ နောက်လှည့်ကြည့်နေရတယ်။ ဘယ်သူက လာတွန်းထုတ်မလဲ၊ ကျော်တက်မလဲပေါ့။ ကလေးမှာ ဒီအသိမရှိသေးဘူး။ ဒါပေမဲ့ အခြေအနေကတော့ ဒီအတိုင်းပဲ။ ကလေးကလည်း ကြိုးစားနေမယ်၊ အတန်းထဲ အမြဲ ပထမရတယ်၊ အတန်းထဲမှာ တောက်ပြောင်နေမယ်ဆိုရင် သူ့ကြိုးစားမှုက ပိုတက်နေမှာပဲ။ ကလေးရဲ့ အရည်အသွေးက မိဘအပေါ် အခြေခံသွားတယ်ဆိုပေမယ့် ၂၅ ရာခိုင်နှုန်းလောက် သူ့လမ်းသူဖောက်သွားရသလို၊ ပတ်ဝန်းကျင်အသိအမှတ်ပြုမှုကလည်း အရေးကြီးပါတယ်။

**L.C** : မိဘနှစ်ပါးရဲ့ Educate ဖြစ်မှု၊ မဖြစ်မှုတင်မကဘဲ ပတ်ဝန်းကျင်ကိုပါ ထည့်တွက်ရမှာပေါ့။

**MMT** : မိဘရဲ့ Educated ဖြစ်မှု၊ မဖြစ်မှုနဲ့တင် မကပါဘူး။ စီးပွား၊ လူမှုရေး၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေနဲ့ ပတ်သက်တယ်။ တချို့ကလေးတွေက ကျောင်းသွားရင် မုန့်ဖိုးတစ်ထောင်လောက်ရတဲ့ ကလေးရှိတယ်။ တချို့ကျပြန်တော့ သူများဆီက ခဲတံတောင် ငှားယူရေးရတဲ့ကလေးမျိုးလည်း ရှိတယ်။ အဆင်မပြေမှုကြားက ကျောင်းတော့တက်ရတယ်။ ဒါပေမဲ့ တစ်ချိန်လုံး Pressure မိနေတယ်ဆိုတော့ ဒီကလေးမျိုး ထူးချွန်ဖို့ဆိုတာ ဒီပြဿနာတွေ ပြေလည်သွားမှပဲ။ အိမ်မှာမပြေလည်တဲ့အသံတွေကြားက ကျောင်းကို ထွက်လာတယ်။ ကျောင်းမှာလည်း သူလိုကိုယ်လိုအောင်သွားတယ်။ ပြီးရင်လည်း ကလေးက လိမ်ဖည်လိမ်ဖည်နဲ့သာ တက်လာမယ် Quality တော့ ဖြစ်မှာမဟုတ်ဘူး။ ဒါပေမဲ့ ကံကောင်းလို့ ကလေးက ထောက်ပံ့မယ့်သူပေါ်လာလို့ သင်တန်းလေးဘာလေး တက်ခွင့်ရသွားတယ်။ ထောက်ပံ့ပေးသူက ကလေးရဲ့ ပညာသင်စရိတ်ပဲ တာဝန်ယူနိုင်တာ၊ ကလေးရဲ့ Mindset မှာ Pressure မိနေတာကို Cover မပေးနိုင်ဘူး။ အိမ်မှာတော့ အဆင်မပြေဘူး။ လွယ်အိတ်အသစ်နဲ့ ကျောင်းမှာ လာတက်ရလည်း ဒီကလေး မတော်နိုင်ဘူး။ ဆန့်ကျင်ဘက် အိမ်မှာ ပဲပြုတ်နဲ့ပဲ စားရပေမယ့် စိတ်ချမ်းသာနေရင်တော့ တော်မှာသေချာတယ်။ မိဘတွေရဲ့ Educate လည်း တစ်ပိုင်း၊ လူတွေရဲ့ စီးပွားရေးစနစ်၊ မိသားစုရေးရာပြေလည်မှု၊ ပတ်ဝန်းကျင်အခြေအနေတွေပေါ်မှာ မူတည်သွားတယ်။ ကျွန်မတို့ ငယ်ငယ်တုန်းက မရှိတဲ့ Stress တွေ အခု ကလေးတွေမှာ ရှိနေတယ်။ အဲဒီလို Stress တွေ မများဖို့ပေါ့။ ဥပမာ–ကျွန်မကျောင်းက ၆ ထပ်၊ မီးခဏဏပြတ်ရင် စာမမေးဘူး။ ဘာလို့လဲဆိုတော့ ၆ ထပ်ကို လှေကားနဲ့ တက်လာရတော့ စိတ်အနှောင့်အယှက်ဖြစ်သွားပြီဆိုရင် စာရမှာမဟုတ်ဘူး။ သူ့အရည်အချင်း အစစ်မဟုတ်တော့ဘူး။ ဒါတောင် ကိုယ့်နားကပ်နေတဲ့ ၁၅ မိနစ်လောက်ပဲကြည့်တာလေ။ ကျောင်းမရောက်ခင် တစ်နာရီအတွင်းမှာ အနိမ့်ဆုံး ကားကျပ်တာဆိုတာမျိုးတွေ ရှိနေတော့ ဒါမျိုးလေးတွေကအစ ကလေးတွေမှာ မလိုလားအပ်တဲ့ Stress တွေမရှိအောင် ဖေးမတွဲကူပေးရတဲ့ အခြေအနေမျိုးနဲ့ သင်ကြားရတယ်။

**L.C : ပတ်ဝန်းကျင်အခြေအနေ၊ စားဝတ်နေရေးအခြေအနေနဲ့ မိဘအခြေအနေတွေကြောင့် ကလေးတွေပေါ်မှာ မလိုလားအပ်တဲ့ Pressure တွေ ဖြစ်နေတယ်လို့ ဆိုလိုတာပေါ့။**

**MMT** : ဒါတွေအပြင် မိဘရဲ့ဖြစ်ချင်တဲ့ဆန္ဒကလည်း Pressure ပေးတတ်သေးတယ်။ ကျွန်မတို့ငယ်ငယ်တုန်းက ကျောင်းပိတ်ပြီဆို နှစ်လလောက် လွယ်အိတ်ကို ပစ်ထားတတ်တာပေါ့။ အခုကျတော့ စာမေးပွဲဖြေပြီး နောက်တစ်နေ့ ကျောင်းအသစ်အပ်ရအောင် သွားတယ်၊ သင်တန်းတွေ အပ်တယ်ဆိုတော့ ကလေးတွေအနေနဲ့ကျ ပင်ပန်းလွန်းလှပါတယ်။ အင်္ဂလိပ်စာသင်တယ်ဆိုတာ ကောင်းတဲ့အလုပ်မှန်ပေမယ့် ကလေးအတွက် လုံလောက်တဲ့အနားယူချိန်လေးအဖြစ် တစ်ပတ်ဆယ်ရက်လေးတောင် မယူနိုင်ဘူး။ ကလေးတွေကို သနားလိုက်တာ၊ ကိုယ်ချင်းတောင်စာမိတယ်။ တစ်နှစ်ပတ်လုံး ကျောင်းတက်၊ စာမေးပွဲစဉ်ဆက်မပြတ်ဖြေ၊ ကျူရှင်တွေတက်နဲ့ မနားရဘူး။ စာမေးပွဲပြီးတော့ Summer Course တွေက စောင့်နေတယ်။ သင်္ကြန်ပိတ်၊ သင်္ကြန်ပြီးတော့ ကျောင်းပြန်ဖွင့်ဆိုတော့ ကလေးတစ်ယောက်ရဲ့ Life မှာတော့ Social လွတ်လပ်ခွင့်လေးတွေ တော်တော်ဆုံးရှုံးတဲ့သဘော ရှိတာပေါ့။ ဘာကြောင့်လဲဆိုတာတော့ စဉ်းစားပေးရမှာပေါ့။

**L.C : နည်းပညာခေတ်ထဲ ဝင်လာတဲ့အခါ အများနဲ့ ရင်ပေါင်တန်းနိုင်အောင်လို့ မိဘတွေက ရည်ရွယ်ပြီး တစ်ခုပြီး တစ်ခုကို တွန်းအားပေးနေတယ်လို့ရော မထင်မိဘူးလား။**

**MMT** : အဲဒီဟာကို ငြင်းချက်မထုတ်ပါဘူး။ နည်းပညာ

www.foreverspace.com.mm



**ကျွန်မတို့ ငယ်ငယ်တုန်းက ကျောင်းပိတ်ပြီဆို နှစ်လလောက် လွယ်အိတ်ကို ပစ်ထားတတ်တာပေါ့။ အခုကျတော့ စာမေးပွဲဖြေပြီး နောက်တစ်နေ့ ကျောင်းအသစ်အပ်ရအောင် သွားတယ်၊ သင်တန်းတွေ အပ်တယ်ဆိုတော့ ကလေးတွေအနေနဲ့ကျ ပင်ပန်းလွန်းလှပါတယ်။**

နောက်လိုက်နေရတယ်ဆိုပေမယ့် ကလေးတစ်ယောက်ဟာ ရပ်နားချိန်မရှိဘဲ သွားနေရမယ်ဆိုတာကျ မဟုတ်ဘူးလေ။ သွားနေတဲ့အချိန်မှာ ခရီးပေါက်ရင် နားချိန်လေး နည်းနည်းရမယ်၊ ဥပမာ–တစ်နာရီ မိုင် ၅၀ နှုန်း၊ မိုင် ၅၀၀၊ ၁၀ နာရီ မောင်းရင် အဆင်ပြေမယ်။ မိုင်ရှစ်ဆယ်နဲ့မောင်းရင် ၆ နာရီကျော်လောက်ပဲ ဆိုတော့ ၃ နာရီလောက်နားခွင့်ရမယ်၊ ကလေးတိုးတက်နှုန်းများရင် နားချိန်ပေးရမယ်။ မလိုက်နိုင်တဲ့ကလေးကျတော့ အရမ်းပင်ပန်းသွားမှာပေါ့။ စဉ်ဆက်မပြတ်ဆိုပေမယ့် မျက်ခြည်မပြတ်ဖို့ပဲ ပြောတာ။ ဒီကလေးရဲ့ နားနေချိန်မရှိဘဲ လုပ်ရမယ်ဆိုတာ မဟုတ်ဘူး။ ကမ္ဘာကြီးပြောင်းလဲလို့ ငါတို့ နားလို့မရဘူးဆိုတဲ့အတွေးမျိုး ရှိနေရင် သူ့ဆီကထွက်လာတဲ့ အတွေးအခေါ်၊ Reproduction တွေဟာ ပုံမှန်မဟုတ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ယနေ့နာမည်ကျော် ပညာရှင်တွေကအစ အားလုံးမှာ Recreation ဆိုတာ ရှိတယ်လေ။ ဒီကလေးတွေမှာ Recreation မရှိဘူး၊ မရှိတဲ့အတွက် မရှိတာများပြီး စုပုံလာရင် တစ်ချိန်မှာ သူတို့ကနေပြန်ထုတ်ပေးတဲ့အတတ်ပညာတွေမှာ အားနည်းသွားနိုင်မယ်လို့ ထင်တယ်။

**L.C : ကလေးကို ဒီလိုသင်တန်းတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ပို့တာမျိုးတွေအတွက် ဆရာမအနေနဲ့ ဘယ်လိုများအကြံပြုချင်သလဲ။**

**MMT :** ကလေးတစ်ယောက် လွတ်လွတ်လပ်လပ်လေး တစ်ပတ်ဆယ်ရက်လောက်ဖြစ်ဖြစ် နားစေချင်တယ်။ ကျောင်းပြန်မဖွင့်ခင် သုံးရက်လောက်၊ ငါးရက်လောက် ကိုယ်ပိုင်အချိန် လုပ်ချင်တာလုပ်ခွင့်ရတဲ့အချိန်လေး၊ Fresh ဖြစ်အောင် လုပ်ခွင့်လေးရှိသင့်တာပေါ့။ မိဘတွေရဲ့ သွန်သင်ဆုံးမမှုနဲ့ဖြစ်ချင်လွန်းတဲ့ဆန္ဒနောက်မှာ ကလေးတွေက စက်ရုပ်သဖွယ်လိုက်နေရတယ်။ ကလေးတိုင်းဟာ မိဘတွေမျှော်မှန်းသလောက်တော့ မမျှော်မှန်းနိုင်ဘူး၊ ငယ်တာကိုး။ ကျွန်မတို့ဆီမှာလည်း သိပ်ခေတ်နောက်မကျပါဘူး၊ ကမ္ဘာ့နိုင်ငံတွေမှာလည်း တွေ့ဖူးသလောက်၊ မြင်ဖူးသလောက် ထိုက်သင့်တဲ့အားလပ်ချိန်တွေ၊ အပန်းဖြေမှုတွေရှိပါတယ်။ အဲဒီလို အားလပ်ချိန်မပေးရင် Rest မရှိဘူး၊ Interval မရှိဘူးပေါ့။ Interval မရှိတဲ့ Memory ဟာ တဖြည်းဖြည်းချင်း Power Down သွားမှာပေါ့။ Euclid တို့၊ Hericlatus ၊ Plato ၊ Aristotale တို့တုန်းကလို လူတွေ ဦးနှောက်ဖွံ့ဖြိုးမှုတိုးတက်တယ်ဆိုတဲ့ခေတ်ကတည်းက ရှိခဲ့တာ။ Hericlatus က "အနားမရှိတဲ့ဦးနှောက်ဟာ စံချိန်မပြည့်နိုင်ဘူး" လို့ ပြောခဲ့တယ်လေ။ ဒီလောက်နုနယ်တဲ့ကလေးတွေအနေနဲ့ Pressure မိနေတယ်လို့ ထင်တယ်။ သူတို့လေးတွေ အရမ်းပင်ပန်းနေကြမှာပေါ့။

**L.C : ဒီလို လူငယ်တွေ၊ မိဘတွေက ပညာရေးကို ပိုမိုစိတ်ဝင်စားလာကြတဲ့နောက်ပိုင်း ဒီဘက်ခေတ်မှာ လူငယ်တွေရဲ့ပညာရည်အဆင့်အတန်း ဘယ်လိုနေမလဲ။**

**MMT :** ပညာတတ်ပမာဏ ပိုမိုတိုးတက်လာမှာပါ။ ပညာရေးအဆင့်အတန်းကတော့ ပြဋ္ဌာန်းတဲ့သင်ရိုးပေါ် မူတည်တယ်။ ဥပမာ–ဆိုပါတော့ မြန်မာဆေးဆရာတစ်ယောက် သူ့ဆရာကြီးက ငါ့တပည့်သိပ်တော်တာပဲဆိုရုံနဲ့ ဆရာဖြစ်တယ်ဆိုတဲ့ ရှေးတုန်းကအဆင့်နဲ့ အခုလိုတိုင်းရင်းဆေးပညာရှင်တွေကို စာမေးပွဲစစ်၊ လက်မှတ်ပေး ဘွဲ့ပေးတဲ့အခါ ရှေးဆရာတွေမှာ အတွေ့အကြုံတော့ရှိမယ်။ အခုခေတ်ဆရာတွေလို ဘက်စုံတော့ မတော်တော့ဘူး။ လူငယ်တွေ၊ ကလေးတွေဆိုလည်း ဒီလိုပဲ တော်တယ်၊ မြင့်တယ်ဆိုတာ၊ International Standard သင်ရိုးတွေကို မရောက်မချင်း ကျွန်မတို့ရဲ့ ကြိုးစားမှုကို လျှော့ချလို့ မရဘူး၊ ကိုယ့်ဘာသာ သုံးသပ်ရမယ်။ ကျေနပ်ပြီလား၊ အမှန်တကယ်ကို ဝင်ဆံ့ပြီလား၊ International မှာ ကိုယ်က အောက်တန်း၊ နောက်တန်း မကျဘူးဆိုရင် နယ်ပယ်တစ်ခုတည်းကနေ အဲဒီနယ်ရဲ့ အထက်တက်လာနိုင်ပြီဆိုရင် တော်လာပြီ၊ မြင့်လာပြီပေါ့။

**L.C : ငွေကြေးတတ်နိုင်တဲ့လူတန်းစားနဲ့ မတတ်နိုင်တဲ့လူတန်းစားကြားမှာ ပညာရေးကွာဟချက်က ဘယ်လိုများဖြစ်သွားနိုင်မလဲ။**

**MMT :** အရမ်းကြီးကွာဟသွားမှာပေါ့၊ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးခေတ်တုန်းက Learning Fees လုံးဝမရှိဘူး။

www.foreverspace.com.mm

### ဒေါ်မာမာတင့်၏ ကိုယ်ရေးအကျဉ်း

- အဖ ဦးသောင်း၊ အမိ ဒေါ်ကြည်ကြည်သောင်းတို့က မန္တလေးမြို့တွင် မွေးဖွားခဲ့။
- အမှတ် (၂၂) အခြေခံပညာအထက်တန်းကျောင်း မန္တလေးမှ အခြေခံပညာအထက်တန်း အောင်မြင်ခဲ့။
- ၁၉၈၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဓာတုဗေဒ အဓိကဖြင့် သိပ္ပံဘွဲ့ရရှိခဲ့။
- ၁၉၈၀ ခုနှစ်တွင် Business Management Diploma နှင့် Domestic Science Diploma တို့ကို ရရှိခဲ့။

ဒါ့အပြင် ဘုန်းကြီးကျောင်းမှာတောင် ထမင်းကျွေးလိုက်သေးတယ်။ ဒီဘက်ခေတ်မှာ အနိမ့်ဆုံးသင်တန်းကြေးအပြင် လမ်းစရိတ်တော့ရှိရမယ်ဆိုတော့ မတတ်နိုင်တဲ့အုပ်စုက သိပ်ခက်သွားမယ်။ IT ဆိုတဲ့ Information ခေတ်နဲ့ ဝေးသွားနိုင်တာပေါ့။ သူတို့ရဲ့ဘဝက ကွာခြားသွားမှာပေါ့။ ကျွန်မတို့ဆီမှာ ဘာသာတရားနဲ့ပညာရေးက အမြဲဒွန်တွဲနေတယ်။ ဘာသာတရားမရှိသူနဲ့ ပညာမတတ်သူက လောကကြီးမှာ သနားစရာအကောင်းဆုံးပဲ။ ပညာအားနည်းလာရင် ဆုံးဖြတ်ချက်တွေ မှားလာနိုင်တယ်။ သူကျင့်သုံးတဲ့အခါလည်း မှားမှာပဲ၊ အဲဒီအခါ အဲဒါကိုဆွဲစေဖို့က တော့ ကမ္ဘာနဲ့ချီတဲ့ကိစ္စဖြစ်နေတာပေါ့။ IT ဆိုတာ “အ” သုံးလုံး ခေတ်ပေါ့။ အင်တာနက်ကိုမသုံးနိုင်ရင် မဝင်ဆံ့ဘူးပေါ့။ ဒုတိယကတော့ အိုင်ဒီယာပေါ့၊ အိုင်ဒီယာဆိုတာလည်း ပညာတတ်မှ ရှိမယ်၊ ပညာမတတ်ရင် မရှိဘူး။ မုတ်ဆိတ်မွေး မေးစေ့ကထွက်ပြီး ဆံပင် ခေါင်းက ထွက်တယ်ဆိုတာလောက်ပဲသိရင် အိုင်ဒီယာ ဘယ်ရှိနိုင်မှာလဲ။ တတိယကတော့ အင်္ဂလိပ်စာပေါ့။ ဒီသုံးခုကို ကျေဖို့လိုတယ်။ ဒါနဲ့ဝေးရင် အဲဒီ Divide က ကြီးလာမှာပဲ။ Generation Gap ကြီးက ကြီးလာမှာပဲ။ Educational Age ဖြစ်တဲ့အခါ လူတွေရဲ့နေမှုထိုင်မှုကိစ္စအားလုံးဟာ ပညာနဲ့အချိုးကျသွားမှာပဲ။ ဒါပေမဲ့ လူနည်းစုပဲ ပညာတတ်နေမယ်ဆိုလည်း ရေမြင့်ဘဲ ကြာမတင့်နိုင်ဘူး။ Foundation မကောင်းဘဲ အထပ်မြင့် ဆောက်လိုက်သလိုပေါ့။

**L.C : လူတန်းစားနှစ်ခုကြားမှာ ကွာဟချက် မကြီးမားသွားစေဖို့ ငွေကြေးမတတ်နိုင်တဲ့လူတန်းစားက ကလေး တွေ၊ လူငယ်တွေအနေနဲ့ ဘယ်လိုများ လေ့လာဆည်းပူးရမယ်ဆိုတာလေး အကြံပြုပေးပါလား။**

**MMT :** ဒါက တကယ်ဆိုရင် မလွယ်ပါဘူး။ သက်ဆိုင်ရာက ဦးဆောင်ပြီး စရိတ်သက်သာတဲ့သင်တန်း၊ အခမဲ့သင်တန်းမျိုး ဦးဆောင်ဖွင့်ပေးနိုင်ရင် ကောင်းပါတယ်။ လူငယ်တွေအနေနဲ့ စာဖတ်ဝါသနာပါဖို့လိုပါတယ်။ ခုခေတ်မှာ ဗဟုသုတဖြစ်စရာ သိပ်ကောင်းတဲ့၊ အရည်အသွေးမြင့်တဲ့ ပြည်တွင်းပြည်ပစာအုပ်တွေ အများကြီးထွက်နေပါတယ်။ ပထမဦးဆုံး စာတွေ့ လေ့လာဖတ်ရှုပြီး ခေတ်နဲ့မျက်ခြည်မပြတ်အောင် အမီလိုက်နိုင်ရမယ်။ လိုချင်၊ တတ်ချင်၊ သိချင်စိတ် အမြဲရှိရမယ်။ ဒါမှ တိုးတက်မှာ၊ လက်တွေ့အနေနဲ့က အခွင့်အရေးရရင်ရသလို ကြိုးစားရမှာပဲ (ဥပမာ–သူငယ်ချင်းအိမ်မှာ Computer သုံးတာမျိုး) အဲဒီနည်းနဲ့ လူငယ်တွေကြိုးစားရင် ကွာဟချက်နည်းနည်းတော့ လျော့သွားနိုင်မယ်လို့ထင်တယ်။ ကျွန်မတို့ Europa အနေနဲ့လည်း မတတ်နိုင်တဲ့ကလေးတွေ လာစုံစမ်းတယ်။ School Fees သုံးကြိမ်ခွဲသွင်းမယ်ဆိုပြီး စုံစမ်းတဲ့ကလေးမျိုးတွေအတွက် ကျောင်းမှန်မှန်တက်မယ်၊ စာမှန်မှန်ကျက်မယ်၊ စာမေးပွဲအမှတ်ကောင်းရမယ်၊ ကြိုးစားရမယ်၊ ဒါဆိုရင် ကျောင်းလခတောင် ပေးစရာမလိုဘဲ Free ပေးတာမျိုးနဲ့ အဆင့်အလိုက် ထူးချွန်သူကို Grant ပေးတာမျိုးတွေနဲ့ တတ်နိုင်သလောက်လုပ်ပေးပါတယ်။ ကြိုးစားချင်စိတ်လည်းရှိအောင် သူတို့အတွက်လည်း ကူညီရာရောက်အောင်ပါ။

**L.C : ဆရာမအနေနဲ့ ကျောင်းသားတွေနဲ့မိဘတွေကို ဘာများပြောချင်သေးသလဲ။**

**MMT :** ကျောင်းသားတွေအနေနဲ့က နံပါတ်တစ်အနေနဲ့ လိုချင်စိတ်ရှိရမယ်။ လိုချင်စိတ်ရှိတယ်ဆိုတာ ပညာရပ်တစ်ခုရဲ့ တန်ဖိုးကို သိခြင်းပေါ့။ နှစ်အနေနဲ့ ဗဟုသုတများများ သိမှီးရမယ်၊ လေ့လာရမယ်။ သုံးကတော့ ကိုယ်သိထားသလောက် သေချာဖို့လိုတယ်ပေါ့နော်။ တန်ဖိုးကို သိဖို့ဆိုတာလည်း ပတ်ဝန်းကျင်က အသိအမှတ်ပြုမယ့်၊ ပတ်ဝန်းကျင်က လက်အခံနိုင်ဆုံးကျောင်းသားဖြစ်ဖို့ အခြေခံအချက်ပေါ့။ မိဘတွေအတွက်ကတော့ သားသမီးတစ်ခုတည်းမဟုတ်တော့ အိမ်တွင်းရေး၊ စီးပွားရေးအားလုံးပေါ်မူတည်နေတယ်လေ။ မိဘတိုင်းကတော့ စိတ်ရင်းစေတနာ အားလုံးကောင်းကြမှာပဲ။ သားသမီးအပေါ်မှာ တတ်နိုင်သလောက်နားလည်ပေးဖို့၊ နားလည်ဖို့ ကြိုးစားရင်း ကိုယ့်ဘာသာလည်း နားလည်ဖို့ ကြိုးစားရမယ်။ သားသမီးမဖြစ်နိုင်တာကို တွန်းပို့ပေးတာမျိုး၊ သားသမီးဖြစ်ချင်တာကို မလုပ်ပေးနိုင်တာမျိုးဖြစ်ခဲ့ရင် စိတ်တိုင်းကျတဲ့မိဘ၊ ကျေနပ်တဲ့မိဘဖြစ်လာမှာမဟုတ်ဘူး။ အဲဒီအခါမှာ လူ့သဘာဝအရ ကလေးပေါ်မှာ ပုံချမိမှာပဲ။ မင်းတော်တော်ညံ့တာပဲ၊ အသုံးမကျဘူး စသည်ဖြင့်ပေါ့။ ဒီလိုမဖြစ်ဖို့လိုပါတယ်။ ဒါဆိုရင်တော့ ကျောင်းသားတွေအတွက် အခြေခံအချက်ကော၊ မိဘတွေ သတိပြုရမှာရော ပြည့်စုံသွားပါပြီ။

**ကျော်ကျော်မင်း၊ ကျော်ဆန်းမင်း**

■

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၂၉ ၂၀၀၆ ခုနှစ်၊ ဧပြီလ




## စင်ကာပူပညာရေးစနစ်အကြောင်း သိလိုလျှင်

အရှေ့တောင်အာရှမှာ လူ့စွမ်းအားအရင်းအမြစ်အထွန်းကားဆုံးနဲ့ ပညာတတ်လူလတ်တန်းစားအများဆုံးနိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံရဲ့ ပညာရေးစနစ်အကြောင်းကို ဖော်ပြထားတဲ့ Website ဖြစ်ပါတယ်။ အဆိုပါ Website မှာ စင်ကာပူနိုင်ငံရဲ့ ပညာရေးစနစ်တစ်ခုလုံးနဲ့ အစိုးရကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေရဲ့အကြောင်းတွေ ပါရှိပါတယ်။ အဲဒီကျောင်းများအနက် စင်ကာပူနိုင်ငံမှာရှိတဲ့ နိုင်ငံတကာကျောင်းများနဲ့ တက္ကသိုလ်တွေကိုလည်း လေ့လာနိုင်ပါတယ်။ အကယ်၍ စင်ကာပူနိုင်ငံမှာ ပညာသင်ရန် စီစဉ်ထားသူများအတွက် ကျောင်းဝင်ခွင့်လမ်းညွှန်တွေ ရရှိပါတယ်။ ကျောင်းအားရက်မှာ ပြုလုပ်လေ့ရှိတဲ့ Activities တွေ၊ မိခင်နိုင်ငံသံရုံးတွေရဲ့ အဆက်အသွယ်နဲ့ အခြားအစီအစဉ်များကိုလည်း တိုင်ပင်ဆွေးနွေးနိုင်ကြောင်း ဖော်ပြထားပါတယ်။ စင်ကာပူမှာ ကျောင်းတက်ရင်ဖြစ်စေ၊ အလုပ်လုပ်လိုရင်ဖြစ်စေ ကျင့်သုံးနိုင်မယ့် နေထိုင်စရိတ်တို့ကို အကြံပြုထားတာကိုလည်း တွေ့ရပါတယ်။

Website လိပ်စာကတော့ –

www.singaporeedu.gov.sg/htm/index.htm

## မန္တလေးမြို့က ဖက်ထုပ်ပေါင်းကောင်းကောင်း

မန္တလေးမြို့တော်ကိုရောက်ခဲ့လို့ ဖက်ထုပ်ပေါင်းကောင်းကောင်း စားချင်သူတွေအတွက် အရသာထူးခြားတဲ့ဆိုင်တစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ကြက်သား၊ ဝက်သားဖက်ထုပ်ပေါင်း၊ ဖက်ထုပ်ကြော်၊ အသားလိပ်ကြော်၊ ကြက်တောင်ပံကြော်၊ ဆာတေးကင်၊ အအေးမျိုးစုံ စတဲ့ စားသောက်ဖွယ်ရာမျိုးစုံကို ရောင်းချပေးနေတာပါ။

ဆိုင်ခွဲ ၃ ဆိုင်ရှိလို့ အဆင်သင့်ရာဆိုင်မှာ သွားရောက် သုံးဆောင်နိုင်မှာဖြစ်ပါတယ်။ ဆိုင်ခွဲ (၁) မှာတော့ ပိန်းဥရေခဲမုန့်၊ ပြောင်းဖူးရေခဲမုန့်၊ သခွားမွှေးရေခဲမုန့်၊ စတော်ဘယ်ရီရေခဲမုန့်တွေကို ရနိုင်တာ တွေ့ရပါတယ်။ မြည်းစမ်းကြည့်ချင်ရင်တော့–

လိပ်စာ –

စန္ဒာမေ အအေးနှင့် ဖက်ထုပ်ပေါင်း
ဆိုင်(၁) – ၃၇× ၇၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း–၀၂–၃၄၀၈၂
ဆိုင်(၂) – ၃၃× ၈၁ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။
ဖုန်း–၀၂–၆၈၂၂၆
ဆိုင်(၃) – ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြားမြို့သစ်ရပ်၊ မန္တလေး။
ဖုန်း–၀၂–၈၈၅၈၃

www.foreverspace.com.mm



# ကချင်လုံချည်ဝယ်မယ်ဆိုရင်

ကချင်ရိုးရာ အမျိုးသားဝတ်နဲ့ အမျိုးသမီးဝတ်လုံချည်မျိုးစုံရောင်းချပေးတဲ့ဆိုင်ဖြစ်ပါတယ်။ ကချင်ရိုးရာအထည် အမျိုးမျိုးအပြင် ကချင်အိတ်အမျိုးမျိုးကိုလည်း လက်လီလက်ကား ရောင်းချပေးနေပြီး ကချင်ရိုးရာအထည်အစစ်ဖြစ်ကြောင်း အာမခံရောင်းချပေးနေတာလည်း တွေ့ရပါတယ်။

လိပ်စာ – **မြစ်ကြီးနား**

အမှတ်–၂၉၇၊ အနော်ရထာလမ်း၊
၂၇ လမ်းနှင့် ကုန်ဈေးတန်းလမ်းကြား၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၂၅၀၀၈၂၊ ၂၅၃၂၈၉၊ ၃၇၉၅၉၈၊
၃၈၂၄၅၂၊ ၂၈၂၆၉၀၊
ဖက်စ် – ၂၅၄၇၃၅၊ ၂၄၆၅၃၇
E-mail : shwetaik@mptmail.net.mm

# ကွန်ပျူတာစနစ်တကျ ပြုပြင်တတ်လိုလျှင်

မိမိရဲ့ ကိုယ်ပိုင်ကွန်ပျူတာကို စနစ်တကျ ပြုပြင်တတ်လိုသူများအတွက် ကွန်ပျူတာပြုပြင်နည်းသင်တန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ လတစ်လရဲ့ အစရက်ဖြစ်တဲ့ လဆန်း ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ နေ့စဉ်တက် ရက်တိုသင်တန်းဖြစ်ပြီး ၁၆ ရက်နေ့ကနေ လကုန်အထိ လုပ်ငန်းခွင်မှာ လက်တွေ့ လေ့ကျင့်ပြီးမှ သင်တန်းဆင်းလက်မှတ် ရရှိမှာ ဖြစ်ပါတယ်။ တန်းခွဲတစ်ခုကို သင်တန်းသား ၅ ဦးပဲ လက်ခံမှာဖြစ်ပြီး သင်တန်းကြေးကတော့ ၄၀၀၀၀ ကျပ်ကျသင့်မှာဖြစ်တယ်လို့ သိရပါတယ်။

လိပ်စာ – Micro Net Computer Centre

အမှတ်–၂၄၀၊ ၃၉ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၅၇၉၊ ၀၉–၉၉၇၁၅၂၁

# နေရာပြောင်း ၊ လိပ်စာသစ်

- **မိုးချယ်ရီ (မခမ်း–ထောပတ်)**
  အမှတ် ၂၈၄ (ဘီ)၊ ၂၇ လမ်းထိပ်၊
  အနော်ရထာလမ်းမကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၃၇၃၈၈၅၊ ၃၈၆၆၀၂
- **မြန်မာ့လေကြောင်း မုံရွာဌာနခွဲ**
  ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ တိုင်းစည်ပင်သာယာရုံးနှင့် မျက်နှာချင်းဆိုင်၊ ကန်သာယာပန်းခြံအနီး၊ မုံရွာမြို့။
- **Best Select**
  အမှတ်(၇၂/ B)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၂၆၅၂၇၊ ၅၁၀၃၀၂
  E-mail : bs_services@mail4u.com.mm
  www.bagan.net.mm/careers
- **Mobile King**
  အမှတ်–၂၅၅/ A၊ မြေညီထပ်၊ ဗညားဒလလမ်း
  (အောင်မင်္ဂလာမှတ်တိုင်အနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၀၁၃၀၇၊ ၀၉–၅၀၀၆၂၆၁
- **Family Entertainment Group Co., Ltd.**
  အမှတ်–၃၄–ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၈၄၇၊ ၅၅၈၈၇၄

# ခန်းဆီးစမျိုးစုံ ဝယ်နိုင်မယ့်နေရာ

နေအိမ်၊ ရုံးခန်းအဆောက်အအုံတွေမှာ ခန်းဆီး လိုက်ကာတွေကို လှလှပပတပ်ဆင်လိုသူတွေအတွက် ခန်းဆီးစ အမျိုးမျိုးဝယ်ယူနိုင်မယ့်နေရာ ဖြစ်ပါတယ်။ အရောင်အသွေးမျိုးစုံကို အထူးဈေးနှုန်းနဲ့ လက်လီလက်ကားရောင်းချပေးတယ်လို့ဆိုပါတယ်။ ပိတ်စရောင်းချပေးရုံတင်မဟုတ်ဘဲ ခန်းဆီးတန်း၊ ခန်းဆီးလိုက်ကာ၊ ကူရှင်၊ နောက်မှီကူရှင် စတဲ့ အမျိုးအစားမျိုးစုံကို စိတ်တိုင်းကျချုပ်လုပ်ပေးတယ်လို့သိရပါတယ်။ ရန်ကုန်မြို့တွင်းဆိုရင်တော့ အိမ်တိုင်ရာရောက် အခမဲ့လာရောက်တိုင်းတာပေးတယ်လို့ ဆိုပါတယ်။

စပရိန်မွေ့ရာအမျိုးမျိုးနဲ့ ရေမြှုပ်ကူရှင်အရွယ်မျိုးစုံ ရောင်းချပေးနေသလို ကြမ်း၊ ဖေဒါနဲ့ ကျွန်းပရိဘောဂတွေကိုလည်း အော်ဒါလက်ခံဆောင်ရွက်ပေးနေတာပါ တွေ့ရပါတယ်။

လိပ်စာ

**ခရအိမ်**

အမှတ်–၁၅၀၊
ပြည်လမ်းနှင့်ဘောဂလမ်းထောင့်၊
၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၀၉–၈၀၃၃၁၄၂၊
၀၉–၈၀၃၄၅၈၂

## အိမ်အရောက် ထမင်းချိုင့်ပို့ ဝန်ဆောင်မှုလုပ်ငန်းများ

အလုပ်ခွင်မှာ အချိန်ပေးနေရတဲ့ အိမ်ရှင်မတွေနဲ့ ချက်ပြုတ်ဖို့ ကရိကထမခံလိုသူတွေအတွက် အခန့်သင့်မှာယူနိုင်တဲ့ ထမင်းချိုင့်ပို့ဝန်ဆောင်မှုလုပ်ငန်းအချို့ကို ထပ်မံစုစည်းထားတာပါ။ ဒီလိုဝန်ဆောင်မှုတွေ အများအပြားပေါ်ပေါက်လာတာမို့ မမှာခင် အရင်ဦးဆုံး စုံစမ်းမေးမြန်းကြည့်ဖို့တော့ လိုပါတယ်။ အသေးစိတ်မေးမြန်းနိုင်အောင်လို့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်နဲ့ လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

❑ **အကောင်းစား**
အမှတ်–၂၀၅/က၊ ပိတောက် ၅ လမ်း၊ မြို့သစ်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၄၃၀၃၀၊ ၀၉–၉၉၇၁၄၆၃

❑ **FAVOURITE**
တိုက်–၂၃၂၊ အခန်း–၁၄၊ တိုက်လေးလုံး၊ ၆ ရပ်ကွက်၊ ရန်ရှင်းလမ်းသွယ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၄၂၁၅

❑ **မေခင်**
ဖုန်း–၂၄၀၈၃၂

## စားသောက်ဆိုင်သစ်

❑ **သန့် (ရိုးရာနှင့် စတိုင်လ်သစ် မြန်မာ့စားဖွယ် ဝန်ဆောင်မှု)**
အမှတ်–၁၀၇၊ ၃၃ လမ်း၊ ၇၃× ၇၄ လမ်းကြား၊ မန္တလေး။

❑ **NINE NINE (3) (အသားကင်နှင့် စားသောက်ဆိုင်)**
၈၇ လမ်း၊ ၃၉× ၄၀ လမ်းကြား၊ ကျောက်ဝိုင်းအနီး၊ မန္တလေး။

❑ **Tokyo Donuts**
Central Tower မြေညီထပ်၊ ၃၉ လမ်းနှင့် လမ်း ၃၀ ကြား၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

❑ **မေကြီး**
ဖုန်း–၂၅၁၀၈၉

❑ **ရွှေအိုး**
ဖုန်း–၂၉၄၂၅၄၊ ၂၉၀၀၃၆၊ ၀၉–၈၀၃၀၄၉၀

❑ **ခိုင်ခိုင်ကျော်**
အမှတ်–၄၂ (အေ)၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၀၂၁၄၀၁

❑ **အကြိုက်တော်**
ဖုန်း–၅၀၅၅၁၆



www.foreverspace.com.mm

## CD အလွတ်တွေ ဝယ်မယ်ဆိုရင်

CD အချပ်လွတ်ဝယ်ယူလိုသူတွေအတွက် ဈေးနှုန်းအသင့်အတင့်နဲ့ လက်လီလက်ကားရောင်းချပေးနေတဲ့ နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ တံဆိပ်ပါတဲ့ CD တွေအပြင် တံဆိပ်မပါတဲ့ (ဖြောင်) CD တွေလည်း ရနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ – အမှတ်–၂၂ (အေ)၊ ၃၅ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၈၀၃၄၅၈၂၊ ၀၉–၈၀၂၄၇၉၆

## ဟင်းချိုမှုန့်မသုံးတဲ့ မန္တလေးက မြန်မာ့ရိုးရာ စားသောက်ဆိုင်

စားသုံးသူများရဲ့ ကျန်းမာရေးအတွက် ရည်ရွယ်ပြီး စားဖွယ်တွေအားလုံးကို ဟင်းချိုမှုန့်အသုံးမပြုဘဲ လတ်ဆတ်တဲ့ သားငါးသီးရွက်တွေရဲ့ သဘာဝအရသာအတိုင်း ချက်ပြုတ်ထားတယ်လို့ ဆိုတဲ့ မန္တလေးက ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုပါတယ်။ ပဲဆီသန့်ကိုသာ အသုံးပြုထားတဲ့ ဒီဆိုင်မှာ နံနက်စောစောဆိုရင် မနောမယထမင်းကြော်၊ စိတ္တသုခထမင်းကြော်၊ ပုစွန်ကျပ်တင်၊ ရှမ်းခေါက်ဆွဲ၊ အကြော်စုံနဲ့ လက်ဖက်ရည်၊ ကော်ဖီစတဲ့ မနက်စာမျိုးစုံရနိုင်ပြီး နေ့လယ်မှာတော့ ရိုးရာနဲ့ စတိုင်သစ် မြန်မာထမင်းဟင်းတွေ ရနိုင်ပါတယ်။ ညနေခင်းစာနဲ့ ညစာအနေနဲ့ ဆီလွတ်နဲ့ ဆီနည်း၊ အပြုတ်၊ အပေါင်း၊ ထမင်းပေါင်း စတာတွေ ရနိုင်တယ်လို့ ဆိုပါတယ်။ ယခုနှစ် ဇန်နဝါရီလကုန်ပိုင်းကမှ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။

လိပ်စာ –
**သန့်** (ရိုးရာနှင့် စတိုင်လ်သစ်
မြန်မာ့စားဖွယ်ဝန်ဆောင်မှု)
အမှတ်–၁၀၇၊ ၃၃ လမ်း၊
၇၃× ၇၄ လမ်းအတွင်း၊
မန္တလေး။

## ကယ်ရီကေးချားဆွဲတတ်ချင်ရင်

လူပုံတွေရေးဆွဲရာမှာ ရုပ်ပြောင်ပုံတွေအဖြစ် ဖန်တီးရေးဆွဲရတဲ့ ကယ်ရီကေးချားပုံတွေဆွဲလိုသူများအတွက် သင်တန်းတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ Web Developer၊ Designer များနဲ့ Animator များ၊ ဝါသနာရှင်များအတွက် အဓိကရည်ရွယ်ပြီး ဖွင့်လှစ်ထားတယ်လို့ သိရပါတယ်။

လိပ်စာ
**YAG** ပန်းချီသင်တန်းကျောင်း
အမှတ်–၅၇၃(၅–ခ၊ ဂ)၊
ဗညားဒလလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၆၈၂၅

LIVING COLOR NAGAZINE
526302 , 504496



www.foreverspace.com.mm



## လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **စိန်တက်လူ (တိရစ္ဆာန်ဆေးကုခန်းနှင့် မွေးမြူရေး အစာ၊ ဆေး၊ မွေးမြူရေးထုတ်ကုန်ပစ္စည်းရောင်းဝယ် ဖြန့်ဖြူးရေး)**
  အမှတ်-၄၉၂၊ ၈၂ လမ်း၊ ၃၅× ၃၆ လမ်းကြား၊ မန္တလေး။
  ဖုန်း-၀၂-၈၈၁၆၀၊ ၀၉-၂၀၀၂၀၉၈

- **ပီဂျီ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် အထွေထွေကြော်ငြာလုပ်ငန်း**
  A-2၊ ဂရိတ်ဝေါပလာဇာတိုက်တန်း၊ ၇၈ လမ်း၊ ၃၂× ၃၃ လမ်းကြား၊ ရတနာပုံဈေးအနီး၊ မန္တလေး။ ဖုန်း-၀၂-၈၉၂၃၅

- **ရွှေစံပယ် (အထည်အလိပ်)**
  ၈၄ လမ်း၊ ၂၉× ၃၀ လမ်းကြား၊ မန္တလေး။

- **ပိုးပိုး (Gift Shop)**
  လမ်း ၃၀၊ ၆၇× ၆၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၉-၂၀၀၃၁၆၅

- **United Vision မျက်မှန်ဆိုင်နှင့် မျက်စိအထူးကုဆေးခန်း (မန္တလေး)**
  ၇၈ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ မန္တလေး။

- **မိုးနတ်သူ (Digital Photo Studio & Video)**
  B-5၊ ရဲသိပ္ပံတိုက်တန်း၊ ၆၈ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။

- **ရန်ကုန်အောင်အောင် (ဆံပင်၊ မိတ်ကပ်) Beauty Saloon (ဆိုင်ခွဲ)**
  အမှတ်-၇၃၊ ၃၂ လမ်း၊ ၈၃× ၈၄ လမ်းကြား၊ မန္တလေး။
  ဖုန်း-၀၉-၅၀၀၄၄၅၃၊ ၀၉-၅၁၀၇၀၈၈

- **ရာပြည့်စာအုပ်ဆိုင် (မန္တလေး)**
  ၃၅ လမ်း၊ ၇၂× ၇၃ လမ်းကြား၊
  ခြောက်ထပ်တိုက်သစ်၊ မန္တလေး။

- **Blessing (Floral & Gift Services)**
  အမှတ်-၉၊ ရန်ကင်းလမ်း၊ မြေနီကုန်း(မြောက်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၁၀၈၉

- **မိုးကုတ် ခိုင်မင်္ဂလာ(ကျောက်မျက်နှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်)**
  အမှတ်-၂၃၄/၂၄၀၊ ဆူးလေ မိုးကုတ်တာဝါ၊ မြေညီထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

- **Soft Net Computer Center**
  အမှတ် - ၁၂၊မြေညီထပ်(ညာ)၊အာသောကလမ်းမကြီး၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း - ၅၅၄၅၈၇

- **DDS Computer Training Sales and Service, Internet & E-mail**
  အမှတ်-၃၁ (A)၊ အင်းစိန်လမ်း၊ ဘူတာရုံလမ်းမှတ်တိုင် အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm



❑ **အကယ်ဒမီ စာတုဗေဒရောင်းဝယ်ရေး**
– အမှတ် – ၄၀၅၊ ၈၄ လမ်း၊ ၃၈× ၃၉လမ်းကြား၊
မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း – ၆၃၀၇၃
– အမှတ် – ၇၆၊ ၉၁ ကံကော်(F) ရုံ၊ ဒုတိယထပ်၊
ဈေးချို၊ မန္တလေး။ ဖုန်း – ၀၂–၃၆၇၀၂

❑ **MCTA International Education Academy**
အမှတ် – ၂၀၊ ၆၆× ၃၅ လမ်းထောင့်၊ မန္တလေး။
ဖုန်း – ၀၂–၃၁၅၅၉၊ ၆၂၇၅၀

❑ **မြေလတ်ရာဇာ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေး**
– ၃၉ လမ်းနှင့် ၈၄ လမ်းထောင့်၊ မန္တလေး။
ဖုန်း – ၀၂–၃၂၆၆၂၊ ၀၉–၂၀၀၂၈၈၃
– ၈၆ လမ်း၊ ၂၈ လမ်း× ၂၉ လမ်းကြား၊ မန္တလေး။
ဖုန်း – ၀၂– ၆၅၉၉၁၊ ၀၉–၂၀၁၁၀၉၈

❑ **ပိုင်ရုပ်ရှင်ရုံ**
ကန်ဦးအုပ်စု၊ သပြေလှရပ်ကွက်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။

❑ **Technoland Digital Photo Services**
အမှတ်–၁၈၆/၁၈၈၊ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၉၅၆၅၊ ၃၇၂၂၁၁၊ ၃၇၃၅၁၆၊ ၃၈၄၇၈၀၊
ဖက်စ်–၂၄၉၅၆၅၊
E-mail:technoland@myanmar.com.mm

## မန္တလေးက နမ်းမနဲ

မြန်မာ့ရိုးရာ မုန့်တစ်မျိုးဖြစ်ပြီး တပို့တွဲလပြည့်နေ့မှာ အများဆုံး စားသုံးလေ့ရှိတဲ့ နမ်းမနဲကို ၁၂ ရာသီ ရနိုင်တဲ့ မန္တလေးက ဆိုင်ဖြစ်ပါတယ်။ နမ်းမနဲအပြင် ဆန္ဒင်းမကင်းလည်း ရနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ – **ဒေါ်ရှို နမ်းမနဲ**
၈၂ လမ်း၊ ၃၃× ၃၄ လမ်းကြား၊ မန္တလေး။

❑ **Yellow Fashion**
**သတို့သမီး သတို့သားဝတ်စုံ အရောင်းနှင့်အငှား**
အမှတ်–၂၉ (ပ–ထပ်)၊ အင်းစိန်လမ်း၊ ဖေယျာသီရိလမ်းထောင့်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၅၁၅၊ ၅၂၅၉၅၈

❑ **info wave Cbyer Cafe**
အမှတ်–၃၅၅၊ အခန်း (၂၀၆)၊ သိမ်ဖြူလမ်း၊ သိမ်ဖြူဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၀၀၃၀၊ e-mail:infowave@myanmar.com.mm

❑ **စာပေရောင်ခြည် (စာအုပ်ဆိုင်)**
၃၉ လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm



# Summer Course များ

နွေရာသီအားလပ်ရက်မှာ ဝါသနာပါရာ သင်တန်းတစ်ခုခုကို တက်ရောက်လိုသူ ကလေးငယ်များအတွက် ရည်ရွယ်ပြီး Summer Course သင်တန်းတွေကို လက်လှမ်းမီသလောက် စု စည်းဖော်ပြပေးလိုက်ပါတယ်။ ဘာသာစကားသင်တန်းတွေ၊ ကွန်ပျူတာသင်တန်းတွေ၊ ဖက်ရှင်၊ ဒီဇိုင်းသင်တန်းတွေ၊ ပန်းချီသင်တန်း၊ ရေကူးသင်တန်း စတာတွေကို လက်လှမ်းမီသလောက် ဖော်ပြပေးထားတာ ဖြစ်ပါတယ်။ တက်ရောက်လိုတဲ့ သင်တန်းအချိန်၊ စတင်မယ့်ရက်၊ သင်တန်းကြေး၊ သင်တန်းကာလ စတာတွေကို မေးမြန်းစုံစမ်းနိုင်အောင်လို့ သင်တန်းလိပ်စာနဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးထားပါတယ်။

## ဘာသာစကားသင်တန်းများ

- **Future Light (အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ မလေးရှား၊ ထိုင်း)**
  – အမှတ်–၁၆၁၊ ဒုတိယထပ်၊ ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၀၈၇၄၄
  – အမှတ်–၂၉၂၊ ပထမထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီစျေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **SUCCESS (အင်္ဂလိပ်)**
  Y.W.C.A ခန်းမ၊ အမှတ်–၁၁၉၊ ဘိုကလေးစျေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၂၀၄၆
- **Yes !! School (အင်္ဂလိပ်)**
  အမှတ်–၁၉၊ တိုက်–၁၊ အင်းစိန်လမ်းမ၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၃၉၉၈
- **Summit International Learning Centre (အင်္ဂလိပ်)**
  အမှတ်–၂၄၈၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၂၆၆၁၊ ၇၂၅၇၁၈
- **MIEC (အင်္ဂလိပ်)**
  ၁၂–၀၁၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၃၉၂၆၁၇၊ ၂၅၆၆၀၂
- **NJC (ဂျပန်)**
  အမှတ်–၂၂၀/၂၂၂၊ ၇ လွှာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၈၇၅၂
- **MAY (Int'l Education & Training Centre) (အင်္ဂလိပ်)**
  အမှတ်–၉၁ (A)၊ ဗညားဒလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၂၂၄၊ ၅၄၅၃၇၅
- **YES International English Language Centre (အင်္ဂလိပ်)**
  အမှတ်–၁၉၀၊ ဒုတိယထပ်၊ ၂၈ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၄၃၉၅၀
- **Q.E.L.C (အင်္ဂလိပ်)**
  အမှတ်–၁၅၆၊ ၄ ထပ်၊ အနော်ရထာလမ်းမ၊ ၄၆ လမ်းနှင့် ၄၇ လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၇၂၄၅၂၀
- **P.E.S (အင်္ဂလိပ်)**
  အမှတ်–၁၈၊ ၄ ထပ် (ညာ)၊ ရတနာလမ်း၊ ယုဇနကုန်တိုက်အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၁၆၅၀၃၊ ၅၀၃၉၈၄၊ ၂၂၂၄၂၈
- **BEC (အင်္ဂလိပ်)**
  အမှတ်–၆၂၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၂၄၁၉၃၀၊ ၀၉–၅၀၀၀၆၉၈၊ ၀၉–၅၀၂၂၂၆၁၊ ၀၉–၅၁၄၈၂၅၄
- **NELC (အင်္ဂလိပ်)**
  အမှတ်–၅၃၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၃၄၂၈၇၊ ၇၀၇၄၈၂
- **TOTAL (အင်္ဂလိပ်)**
  အမှတ်–၉၅၊ အနော်ရထာလမ်း၊ ၅၂ လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၂၆၄၅၆၊ ၂၉၃၇၅၄၊ ၂၉၆၅၅၂
- **TOTAL (Kids) (အင်္ဂလိပ်)**
  အမှတ်–၃၃၆၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **SKILLS (Developing Education Centre) (အင်္ဂလိပ်)**
  အမှတ်–၅၀၊ C - 4၊ နတ်မောက်လမ်းသွယ် (၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၅၄၅၇၈၀၊ ၀၉–၅၀၁၁၁၁၇၊ ၀၉–၈၀၃၂၈၄၅
- **IECM (အင်္ဂလိပ်)**
  အမှတ်–၃၅ (ဘီ)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ စိမ်းလဲ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၇၂၁၉၊ E-mail : info@iecm.com
- **Bright (အင်္ဂလိပ်)**
  အမှတ်–၃၀၆၊ ပြည်လမ်း (မဟာမြိုင်ဆေးခန်းအနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း – ၇၀၈၈၁၅၊ ၅၃၆၀၂၈
- **SILTA LUMBINI (အင်္ဂလိပ်)**
  အမှတ်–၈၀ (ဘီ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၇၂၂၇၊ ၅၂၇၆၅၆

www.foreverspace.com.mm



- **KKS Japanese Language Centre (ဂျပန်)**
  အမှတ်-၁၆၁၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၀၀၄၁၊ ၂၉၁၁၂၆
  E-mail: kkss@myanmar.com.mm
- **Cyber English Centre (အင်္ဂလိပ်)**
  CHRC(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ လှူဒါန်းအားအရင်း အမြစ်ဖွံ့ဖြိုးမှုဌာန၊ ဖုန်း-၀၉-၅၀၁၇၄၀၉၊ ၇၂၂၉၃၂၊ ၅၂၇၀၇၅၊ ၅၂၇၀၇၆ (လိုင်းခွဲ-၂၂၂)
- **Time (အင်္ဂလိပ်)**
  အမှတ်-၂၅၊ ပထမထပ်၊ တိုက် ၁၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၄၂၇၃
- **DYNAMIC (အင်္ဂလိပ်)**
  အမှတ်-၁၁၆၊ မြေညီထပ်၊ ၃၈ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၅၂၈၈
- **Great Wall (တရုတ်၊ မလေး၊ အင်္ဂလိပ်၊ ဂျပန်၊ ထိုင်း၊ ကိုရီးယား)**
  အမှတ် - ၆၊ ဒုတိယထပ်၊ တာမွေအဝိုင်းထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၄၀၇၁၄
- **ILBC (အင်္ဂလိပ်)**
  အမှတ်-၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၂၉၈၂၊ ၅၄၅၇၂၀၊ ၅၄၉၁၀၆၊ ၇၀၅၁၁၃၊ ဖက်စ်-၅၄၁၀၄၀
  E-mail : info@ilbc.net.mm, ilbcircd@ilbc.net.mm
- **ILBC (မန္တလေး)(အင်္ဂလိပ်)**
  ရန်ကုန်-မန္တလေးလမ်းမကြီး၊ Prince Hotel အနီး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၈၄၇၁၊ ၈၈၁၁၃၊ ၈၈၂၉၂ E-mail:rec-pre@ilbe.net.mm
- **Horizon International Education Center (အင်္ဂလိပ်)**
  အမှတ်-၂၁၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၃၉၂၆၊ ၇၂၈၀၁၆
- **Horizon International Education Center (မန္တလေး) (အင်္ဂလိပ်)**
  အမှတ်-၁၊ ၃၁ လမ်းနှင့် ၇၂ လမ်းထောင့်၊ ချမ်းအေးသာဇံ မြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၆၀၈၇၄၊ ၃၅၆၉၆
- **Treasure Land (အင်္ဂလိပ်)**
  ခြံအမှတ်-၄၁၊ သာယာဝတီလမ်း၊ U.H.C အနီး၊ ဆရာစံ (စံပြ) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၉၅၀၉
- **Future Star (အင်္ဂလိပ်)**
  အမှတ်-၂၆ (A)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၇၉၂၁၈၊ ၇၁၀၁၀၅
- **LYEC (အင်္ဂလိပ်)**
  အမှတ်-၄၃၊ ဦးချစ်မောင်လမ်းမကြီး၊ ငွေလရောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၄၄၇၂၈၊
  E-mail : lightyear@cybertech.net.mm
- **ASIA Language & Business Academy (အင်္ဂလိပ်)**
  အမှတ်-၆၆၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၀၉၆၆၊ ၃၈၄၀၅၅၊ ၄၄၁၁၁၁၃
- **IT Link (English Language Centre) (အင်္ဂလိပ်)**
  အခန်း-၃၄၊ ၃၅၊ ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း ရတနာပုံဈေးတတိယထပ်၊ မန္တလေး၊ ဖုန်း-၀၂-၈၉၄၃၆၊ ၈၉၄၃၇
- **Summit (အင်္ဂလိပ်)**
  ၃၇ လမ်း၊ ၇၃ × ၇၄ လမ်းကြား၊ မန္တလေး၊ ဖုန်း - ၀၂ - ၃၉၅၄၂၊ ၃၁၆၉၁
- **NEW HEADWAY (အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ မလေးရှား၊ ထိုင်း)**
  တိုက်-၁၊ ဒုတိယထပ်၊ ဦးထွန်းလင်းခြံလမ်းထိပ်၊ လှည်းတန်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၂၆၇၃
- **Super - A One (အင်္ဂလိပ်)**
  တိုက်-၁၊ အခန်း ၂၂ ၊ ပ-ထပ်၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၁၁၂၃၁
- **ရွှန်ဂျင်း (ကိုရီးယား)**
  အမှတ်-အေ-၃ ပါရမီလမ်းနှင့်သံသုမာလမ်းထောင့်၊ ဘောလီတံတားထိပ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၇၃၃၈၆
- **DAI IPPO (ဂျပန်၊ ကိုရီးယား၊ ဂျာမန်)**
  အမှတ်-၃၂၅ (ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၈၄၃၉၀
- **USE (ကိုရီးယား)**
  အမှတ် ၅-ဘီ၊ တိုက်-၁၀၁၊လှည်းတန်းလမ်းမ၊ အ.ထ.က (၅) ကမာရွတ်ကျောင်းရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉-၉၀၁၁၂၈၄
- **ALLIANCE FRANCAISE (ပြင်သစ်)**
  အမှတ်-၃၄၀-ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၁၆၉၀၀၊ ၅၃၇၁၂၂
  E-mail: alliance @ cccl-rgn . net .mm
- **WIN (ဂျပန်)**
  အမှတ် - ၂၇၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်။ ဖုန်း – ၂၉၄၆၁၃၊ ဖက်စ် – ၂၉၇၉၉၈
E-mail: winapanese @ myanmar .com.mm

- **SAYA SAW DOUGLAS (ထိုင်း)**
  အမှတ်–၁၈၂၊ ၂၀၂၊ ပထမထပ်၊ အခန်း ၄၊ ၃၄ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၀၉–၉၉၂၂၈၄၉၊ ၃၈၆၆၅၂၊ ၃၈၅၃၅၈

## Computer သင်တန်းများ

- **Ocean Gate (Training Centre)**
  တိုက် ၃၅၅၊ အခန်း – ၂၀၆၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၃၈၀၁၃၀
- **MCC**
  သိမ်ကြီးဈေး (စီ–ရုံ)၊ တတိယထပ်၊ အဆောင် (၃၊ ၄)၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၂၄၅၇၅၈၊ ၂၄၅၇၆၂
- **S.K.S (Business and Training Centre)**
  အမှတ် ၁၂၂၈၊ သစ္စာလမ်းမ၊ (၆) ရပ်ကွက်၊ (စာတိုက်အနီး) တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၅၇၁၈၃၅၊ ၅၆၁၁၄၅
- **Soft Guide**
  အမှတ် ၁၆၁၊ ဒုတိယထပ်၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း – ၀၉–၅၀၀၈၇၄၄
- **INFORMATIC**
  မြေနီကုန်းပလာဇာ၊ ဒုတိယထပ်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၅၀၁၄၅၀၊ ၇၀၆၇၄၀၊ ၅၂၅၉၇၁
- **KMD**
  အမှတ် ၅၅၀–၅၅၂၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၂၄၉၁၅၅၊ ၃၈၁၀၃၅၊ ၃၈၁၇၇၆၊ ၃၈၁၁၂၉
- **KMD (မြေနီကုန်း)**
  အမှတ်–၃၃၁၊ ပြည်လမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၇၄၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃။
- **AKG Computer Center**
  အမှတ်–၉၅/၉၆ (က/၂)၊ အင်းစိန်လမ်း၊ ခဝဲခြံမှတ်တိုင်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၄၈၅၇
  E-mail : akg@myanmar.com.mm
- **AAT (Business Centre) (Graphic Design)**
  အခန်း ၃၁–၃၃၊ ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း၊ ရတနာပုံဈေး၊ တတိယထပ်၊ မန္တလေး။
  ဖုန်း–၀၂–၈၉၄၃၃၊ ၈၉၆၃၃၊ ၀၉–၂၀၀၅၃၄၇

## အနုပညာနှင့်ပတ်သက်သောသင်တန်းများ

### Piano

- **Hla Shwe Piano Music Center**
  အခန်း (၉၀၉/B) ၊ ၉ ထပ်၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၅၅၉၅၈၉၊ ၀၉–၅၀၂၀၆၀၁၊ ၀၉–၅၀၀၉၇၇၅
- **ဂီတမိတ် Music Center**
  အမှတ်–၃၉(C)၊ ဗညားဒလလမ်း၊ (ကျောက်မြောင်းဈေးအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၉၃၆၉၊
  Website : www.gitameit.org

## ပန်းချီသင်တန်းများ

- **YAG**
  အမှတ်–၂၇၃/၅ (ခ၊ ဂ)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန် – ၂၉၆၈၂၅
- **TECH**
  အမှတ် ၄၀၊ ရန်ကုန်–အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၇၀၅၇၀၂၊ ၅၃၉၅၃၁
- **ပန်းချီဆရာကြီးဦးသာစိန်၏ နွေကလေးပန်းချီသင်တန်း**
  အမှတ်–၆၀၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၀၉–၅၁၄၄၁၇၂
- **Sun Flower Art School**
  အောင်မင်းခေါင် (၁) လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၃၄၁၁၂

## Fashion Designer သင်တန်းများ

- **Raffles Education Network**
  အခန်း ၈၀၉၊ Level 8၊ လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း – ၃၈၂၅၃၁၊ ၃၇၀၈၃၆–၉ (လိုင်းခွဲ ၈၀၉)၊ ၀၉–၅၀၀၄၂၀၈၊ ဖက်စ် – ၃၈၂၅၃၁
- **STYLE**
  တိုက် ၂၃၊ သင်္ဂဟလမ်း၊ ကျောက်မြောင်းဈေးအနီး၊ (မီးပွိုင့်လမ်းဆုံ)၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း – C/O ၅၄၂၀၃၆
- **M & S (School of Dressmaking & Design)**
  အမှတ်–၅၅၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊



www.foreverspace.com.mm

www.foreverspace.com.mm



အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၂၁၂၇၁၊ ၂၁၂၄၀၉၊ ၂၉၀၅၂၆၊ ၂၉၇၁၃၀၊ ၂၁၁၈၈၈ (လိုင်းခွဲ ၂၁၄)

## ရေကူးသင်တန်းများ

❑ **ကန်တော်ကြီးရေကူးကန်၊ မဟာမြိုင်ကျွန်း (မြေပဒေသာကျွန်း)**
ဗဟန်း ၃ လမ်း၊ မှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း − ၀၉−၉၈၂၁၂၅၂၊ ၀၉−၈၀၂၁၇၄၇

❑ **TECH**
အမှတ်−၄၁၊ အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း − ၇၀၅၇၀၂၊ ၅၃၉၅၃၁

❑ **IECM**
အမှတ်−၃၅ (B) ၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ စိမ်းလဲ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း − ၅၅၇၂၁၉၊ E-mail : info@iecm.com

❑ **ရန်ကုန်တက္ကသိုလ်ရေကူးကန်**
အင်းလျားလမ်း (ဘွဲ့နှင်းသဘင်ခန်းမနောက်ကျော)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း−၅၂၅၈၉၁ (ရုံးချိန်အတွင်း)၊ ၀၉−၅၀၀၈၃၅၅

❑ **တက္ကသိုလ်များရေကူးကန်**
ဖုန်း−၅၁၃၁၀၉၊ ၇၀၁၃၈၇
သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

❑ **City Golf Resort Swimming Club**
မြို့တော်ဂေါက်ကွင်းရေကူးကန် (မြင်းခွာကျွန်း)၊ သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း − ၆၄၃၅၀၈၊ ၀၉−၅၀၀၅၀၁၈

## Presentation CD ပြုလုပ်လိုလျှင်

မိမိတို့ရဲ့ သုတေသနစာတမ်း၊ လုပ်ငန်းဌာနအကြောင်းနဲ့ စီးပွားရေးလုပ်ငန်းအကြောင်း Presentation တွေကို Seminar များနဲ့ နိုင်ငံတကာပြပွဲတွေမှာ နိုင်ငံတကာအဆင့်မီ ရှင်းလင်းပြသနိုင်ဖို့ CD-ROM အဖြစ် Micromedia Flash Software ကို အသုံးပြုပြီး ပြုလုပ်ဆောင်ရွက်ပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ− Creative Web Studio

အဆောင် (၆)၊ အခန်း (၃)၊ Myanmar Info-Tech၊
တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖက်စ်/ဖုန်း−၅၀၇၀၅၁
E-mail-info@creative-webstudio.com

## ကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ Fitness Centre

ကျန်းမာရေးအတွက် အထောက်အကူရအောင်လို့ပဲ ဖြစ်ဖြစ်၊ ခန္ဓာကိုယ်မှာ ပိုလျှံနေတဲ့ အဆီဓာတ်ကို လျှော့ချလိုရင်ပဲ ဖြစ်ဖြစ်၊ ခန္ဓာကိုယ်တောင့်တင်းခိုင်မာအောင် ဒါမှမဟုတ် ခန္ဓာကိုယ်ကို အမြဲတမ်းထိန်းထားလိုရင်ပဲဖြစ်ဖြစ် သွားရောက် လေ့ကျင့်နိုင်မယ့် Fitness Centre တစ်ခုကို လမ်းညွှန်လိုက်ပါတယ်။

အတွေ့အကြုံရှိပြီး လက်တွေ့ကျွမ်းကျင်တတ်မြောက်ထားတဲ့ နည်းပြဆရာတွေနဲ့ ဖွဲ့စည်းထားပြီး နေရာကလည်း သန့်ရှင်းသပ်ရပ်တာ တွေ့ရပါတယ်။ စက်ဘီး၊ ပြေးလမ်းစက်၊ အလေးမကိရိယာ စတဲ့ သင်ထောက်ကူခေတ်မီစက်ကိရိယာတွေနဲ့အတူ သီးခြားအဝတ်လဲခန်းနဲ့ ဗီရိုများ၊ သီးခြားရေချိုးခန်းနဲ့ သန့်စင်ခန်း စတာတွေလည်း ပါဝင်ပါတယ်။

တစ်ရက်ချင်းသာ လေ့ကျင့်မယ်ဆို တစ်နေ့ကို ၇၀၀ ကျပ်၊ တစ်ပတ်မှာ နှစ်ရက်ပဲ လေ့ကျင့်မယ်ဆို တစ်လကို ၄၅၀၀ ကျပ်၊ တစ်ပတ်ကို သုံးရက် လေ့ကျင့်မယ်ဆို တစ်လကို ၆၀၀၀ ကျပ်၊ တစ်ပတ်ကို သုံးရက်အထက် လေ့ကျင့်မယ်ဆို တစ်လကို ၁၀၀၀၀ ကျပ် အသီးသီး သတ်မှတ်ပေးထားပါတယ်။ ထူးခြားတာက ခြောက်လဆက်တိုက် ကစားမယ်ဆိုရင် တစ်လ အခမဲ့ကစားခွင့်ပြုမယ့်အပြင် လူ လေးဦးနဲ့အထက်ကို ၂ လစာ တစ်ပြိုင်နက် ပေးသွင်းမယ်ဆို ၃ လ လေ့ကျင့်ခွင့်ပြုမယ်လို့ သိရပါတယ်။ နံနက် ၈ နာရီကနေ ည ၈ နာရီအထိ ဖွင့်လှစ်ပြီး ကားရပ်ဖို့နေရာလည်း ရှိပါတယ်။

လိပ်စာ −

**HARD BODY**

**MALE & FEMALE FITNESS CENTRE**

I - သထုံလမ်း၊ တက္ကသိုလ်များရေကူးကန်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း−၅၁၃၁၀၉

II - စိန်ရတုခန်းမ၊ အဓိပတိအောက်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း−၅၁၃၁၀၉၊ ၀၉−၅၁၀၄၁၄၀

III - အမျိုးသားအားကစားရုံအမှတ် (၂)၊ Myanmar Info-Tech အနီး၊ ရန်ကုန်တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း−၇၀၁၃၈၇

www.foreverspace.com.mm



# Public Access Center ဖွင့်ထားသောမြို့များ

**မြန်မာနိုင်ငံတစ်ဝန်း အင်တာနက်နှင့် E-mail အသုံးပြုလိုသူများအတွက် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလအထိဖွင့်လှစ်ပြီးဖြစ်တဲ့ အများပြည်သူသုံး သတင်းအချက်အလက်နှင့် နည်းပညာစင်တာ (Public Access Center) ၁၆ ခုရဲ့လိပ်စာများကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ အသုံးပြုတဲ့အင်တာနက် Access အမျိုးအစား (ADSL, Broadband Wireless, Dial-Up) အပေါ် မူတည်ပြီး အင်တာနက်အမြန်နှုန်းကွာခြားမှု ရှိပါတယ်။**

| စဉ် | မြို့အမည် | ကုမ္ပဏီအမည် | လိပ်စာ |
|---|---|---|---|
| ၁ | မော်လမြိုင် | အမေသုခ | ကုန်းလမ်းပို့ဆောင်ရေးဝင်း၊ အလယ်တန်းရပ်၊ မောင်ငံရပ်၊ မော်လမြိုင်မြို့။ |
| ၂ | မုံရွာ | ရာစုသစ်ဖွံ့ဖြိုးမှုအရင်းအမြစ်ဌာန | ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့တော်ခန်းမအနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၂၇၆၆ |
| ၃ | တောင်ငူ | | အမှတ် (၂၄-၂၆)၊ မတီးလမ်း၊ တောင်ငူမြို့။ |
| ၄ | ပြည် | | အမှတ် (၃၂)၊ လမ်းမတော်၊ ပြည်မြို့။ |
| ၅ | ပျဉ်းမနား | | အမှတ် (၁)၊ မြို့မဈေးအပေါ်ထပ်ခန်းမ၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့။ |
| ၆ | မကွေး | | ဆိုင်အမှတ် (D6, D7)၊ ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံအနီး၊ မကွေးမြို့။ |
| ၇ | မြိတ် | Exotic Wings | အမှတ် (၄၇)၊ ဖိုးသာအောင်လမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့။ |
| ၈ | ကော့သောင်း | Exotic Wings | ၅၀၄ (အေ)/ကမ်းနားလမ်း၊ အဏ္ဏဝါရပ်၊ ကော့သောင်းမြို့။ |
| ၉ | ရွှေဘို | Golden Palm Co., Ltd. | ဝင်းအဆင့်မြင့်ရုပ်ရှင်ရုံ၊ ဆင်ဖြူရှင်တံခါးလမ်း၊ ရွှေဘိုမြို့။ |
| ၁၀ | စမ်းချောင်း | KMD | အမှတ် (၃၃၁)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၃၄၁၇၀၊ ၅၂၇၄၃၆ |
| ၁၁ | စမ်းချောင်း | Surf N Surf | ဒဂုံစင်တာ (ပထမထပ်)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၄၀၆၇ |
| ၁၂ | ဗဟန်း | Myanmar Pipe and Accessories Co., Ltd. | အမှတ် (၁၆)၊ ဒုတိယထပ်၊ Excel Shopping Mall၊ Excel Treasure Tower၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၃ | လမ်းမတော် | Wonderful and Benny | အမှတ် (၃၁၀)၊ အခန်း (၀၀၅)၊ ဝင်းရွှေဝါတာဝါ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်။ |
| ၁၄ | မရမ်းကုန်း | Internet Cafe & Net Game | B1၊ တော်ဝင်လမ်းနှင့် ပြည်လမ်းထောင့်၊ သီရိရိပ်သာအိမ်ယာ၊ မရမ်းကုန်းမြို့နယ်။ |
| ၁၅ | ဒဂုံ | Spider Web | အမှတ် (၃၉)၊ အခန်း (၁၁)၊ United Condo၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ |
| ၁၆ | မန္တလေး | MCC | ၂၈ လမ်း၊ ၇၅လမ်းနှင့် ၇၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ |

Source: Myanmar Info-Tech

# ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | Indentity ထင်ရှားသည့်အမှတ်အသား [စာမူခွင့်ပြုချက်အမှတ်-၄၂၀၀၅၄၀၅၁၀] | ဖေယျာလင်း | ၅၀၀ | ၁၅၀၀ | နှစ်ကာလများ | ၂၀၀၆၊ မတ် (ပ-ကြိမ်) | ကဗျာပေါင်းချုပ် |
| ၂။ | ကြိတ်လိုက်ကွ ဝေလငါး [စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၆၉၀၅၁၁] | မြင့်စိုးလှိုင် | ၅၀၀ | ၁၃၀၀ | စိတ်ကူးချိုချို | ၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | စီမံခန့်ခွဲမှုနှင့် လူမှုဆက်ဆံရေးလမ်းညွှန် |
| ၃။ | ဂေါ့ဒ်ဖားသားနှင့် ပီတာလင်း [စာမူခွင့်ပြုချက်အမှတ်-၅၀၀၁၂၀၀၆၀၁] | တက္ကသိုလ်နေဝင်း | ၁၀၀၀ | ၂၀၀၀ | The Couple | ၂၀၀၆၊ မတ် (၃-ကြိမ်) | ဘာသာပြန် |
| ၄။ | အချမ်းသာဆုံးလူသား [စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၅၆၀၅၁၁] | ဒေါက်တာ ခင်မောင်ညို | ၅၀၀ | ၁၇၀၀ | ရွှေဟသ်ာ | ၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | လူငယ်အတွေးအခေါ် ဆောင်းပါး |
| ၅။ | ဆိုင်းဘုတ်ကြီးကြီးစိတ်ဓာတ်နှင့် အခြားဆောင်းပါးများ [စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၅၃၀၆၀] | ဦးတင်ဦး(ကျူရှင်) | ၅၀၀ | ၉၀၀ | ဇော် | ၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဆောင်းပါးစု |
| ၆။ | ကမ္ဘာကျော်တို့၏ အရုပ်တော်ပုံများ[စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၆၁၀၅၀၉] | လှမိုး (ပညာရေး) | ၅၀၀ | ၇၀၀ | ကြယ်နု | ၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဘာသာပြန် |
| ၇။ | ရယ်လို့သာမောကြပေတော့ [စာမူခွင့်ပြုချက်အမှတ်-၄၀၁၁၁၉၀၅၁၀] | ဂျက်(ကွမ်းခြံကုန်း) | ၅၀၀ | ၆၀၀ | ရွှေရည်မြင့်မြတ် | ၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | သရော်စာ ပေါင်းချုပ် |
| ၈။ | အချစ်ဟောင်းနှင့် အခြား ဝတ္ထုတိုများ [စာမူခွင့်ပြုချက်အမှတ်-၅၀၁၅၀၃၀၅၁၁] | ရှင်ငြိမ်းမယ် | ၅၀၀ | ၈၀၀ | ရှုဝံ | ၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဝတ္ထုတိုစု |
| ၉။ | အာဒမ်၏ဆာတေး [စာမူခွင့်ပြုချက်အမှတ်-၅၀၁၁၅၄၀၅၀၉] | အကြည်တော် | ၅၀၀ | ၁၂၀၀ | တော်ဝင်မြို့မ | ၂၀၀၆၊ မတ် (ပ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၁၀။ | လက်တွေ့မိဘဘဝ တည်ဆောက်နည်း [စာမူခွင့်ပြုချက်အမှတ်-၄၀၀၇၁၃၀၅၀၇] | အောင်မြတ်ကျော်စိန် | ၅၀၀ | ၁၂၀၀ | တူဒေး | ၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | တက်ကျမ်း |
| ၁၁။ | အတာ [စာမူခွင့်ပြုချက်အမှတ်-၅၀၁၄၇၁၀၅၁] | သာခု | ၅၀၀ | ၂၅၀၀ | စိတ်ကူးချိုချို | ၂၀၀၆၊ ဖေဖော်ဝါရီ (၃-ကြိမ်) | ဝတ္ထုရှည် |
| ၁၂။ | တယောသံတွေ တိတ်ခဲ့ပြီ [စာမူခွင့်ပြုချက်အမှတ်-၁၁၀၂/ ၂၀၀၄(၉)] | မောင်ပေါ်ထွန်း | ၁၀၀၀ | ၂၀၀၀ | လောကသစ် | ၂၀၀၆၊ မတ် (ပ-ကြိမ်) | ဘာသာပြန်စစ်နောက်ခံဖြစ်ရပ်မှန်ဝတ္ထုများ |
- Pentium 4 Casing (iCut-Light high)

Price 741,000 Ks

(အထက်ပါ ဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ မတ်လ ၁၀ ရက်နေ့ ဈေးနှုန်းဖြစ် သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများ မှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| PCI Sound Card (Eagle) | 10,800 Ks |
| 52 X CD-ROM (SONY) | 17,800 Ks |
| 16X Sony DVD | 27,500 Ks |
| Sony CD Writer (52 x 32 x 52 x) | 28,500 Ks |
| 52 X 32 X 52 X 16 X Combo (Sony) | 41,500 Ks |
| 1200 watt/720 Watt Speakers | 4,500 Ks |
| Microlab M 280 Speakers with sub woodfer | 22,000 Ks |
| Microlab M 500 Speakers with sub woodfer | 33,000 Ks |
| Microlab FC 360 Speakers with sub woodfer | 48,500 Ks |

### ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 50,000 Ks |
| 256 MB (SD RAM) PC 133 MHz | 31,500 Ks |

### ❑ Storage Device

| | |
|---|---|
| 80 GB (Hitachi-7200 RPM) | 61,000 Ks |
| 80 GB (Seagate 7200 RPM) | 69,000 Ks |
| 160 GB (Hitachi-7200 RPM) | 96,500 Ks |

### ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor(Philips)(107 S6 Flat) | 143,000 Ks |
| 17" SVGA Color Monitor (Philips)107T(Flat) | 147,000 Ks |
| 15" SVGA Color Monitor (Philips) | 106,000 Ks |
| 15" LCD Color Monitor (Samsung) | 270,000 Ks |
| 17" LCD Color Monitor (Samsung) | 308,000 Ks |
| 17" SVGA Color Monitor (Prolink) | 110,000 Ks |

### ❑ Printer

| | |
|---|---|
| HP Laserjet 1020 Printer (USB) | 174,000 Ks |
| HP Laserjet 1320 Printer (USB) | 355,000 Ks |
| HP Deskjet 1280 (USB) | 278,000 Ks |
| HP Laserjet 3015 Printer (USB) | 325,000 Ks |
| Canon Lasrjet LBP 2900 Printer | 162,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 203,300 Ks |
| EPSON C67 Printer | 90,000 Ks |
| EPSON C45 Inkjet Printer | 61,000 Ks |
| EPSON SP 230 Photo Printer | 140,600 Ks |
| EPSON SP 250 Photo Printer | 199,750 Ks |
| EPSON Aculaser C-1900 Laser Printer | 924,000 Ks |
| EPSON 6200 L Laser Printer | 206,800 Ks |
| Fuji Xerox Laser 3116 Printer (USB) | 150 US$ |
| Fuji Xerox Laser 3121 Printer (USB) | 180 US$ |

### ❑ Scanner

| | |
|---|---|
| Flatbed Scanner Prolink 2448 U (USB) | 54,000 Ks |
| Flatbed Scanner Canon CS 300 EX (USB) | 94,000Ks |
| Flatbed Scanner HP 4370 (USB) | 169,000 Ks |
| Flatbed Scanner HP 8200C (USB) | 561,000 Ks |
| Flatbed Scanner Canon Lide 500F (USB) | 182,000 Ks |

### ❑ Toner

| | |
|---|---|
| HP Toner 5L-6L | 65,000 Ks |
| HP 1300 Toner/HP 1010 Toner | 67,800 Ks |
| HP 1100 Toner | 59,200 Ks |
| Fuji Xerox Toner/HP 1200 Toner | 58,600 Ks |

### ❑ UPS

| | |
|---|---|
| 600VA (Power Tree) Basic | 39,000 Ks |
| 1.2KVA (Power Tree) | 67,000 Ks |
| 600 VA (Power Tree) Long Time | 76,000 Ks |

**မှတ်ချက် ။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group, Concordia International နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

# ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why

## ကင်မရာပါသော MP4 Player




Sony အမှတ်တံဆိပ် MP4 Player ဖြစ်။ 2.5 လက်မ Color Screen ပါရှိ။ ဓာတ်ပုံရိုက်ကူး၍ သိမ်းဆည်းထားနိုင်သည့်အပြင် ရုပ်ရှင်ကြည့်ရှုနိုင်ပြီး USB Port ပါရှိသောကြောင့် ကွန်ပျူတာဖြင့် တွဲ၍အသုံးပြုနိုင်ဟုဆို။ FM နားဆင်နိုင်ဟု သိရ။ Memory 256 MB ပါရှိပြီး SD Card အသုံးပြုပါက 512 MB အထိ အသုံးပြုနိုင်။ ငါးနာရီ အားသွင်းလျှင် ၁၅ နာရီအသုံးပြုနိုင်ပြီး ရောင်းဈေး ၁၈၀,၀၀၀ ကျပ်ဖြစ်။




## Indoor Thermometer And Hygrometer (TH 10/B)

တစ်ချိန်တည်းတွင် အခန်း၏အပူချိန်နှင့် စိုထိုင်းဆကို တိုက်ရိုက်အသုံးပြုနိုင်သော ကိရိယာဖြစ်။ အပူချိန်နှင့် စိုထိုင်းဆ၏ပြောင်းလဲမှုကိုကြည့်ခြင်းဖြင့် ရာသီဥတုကို ခန့်မှန်းနိုင်ဟုဆို။ ပစ္စည်းသိုလှောင်ခန်း၊ နေအိမ်၊ ရုံးခန်း၊ ဟိုတယ်၊ ဓာတ်ခွဲခန်း၊ ဓာတ်ပုံကူးခန်းများတွင် အသုံးပြုရန်သင့်တော်ပြီး အပူချိန်ကို စင်တီမီတာနှင့်ပြ၍ စိုထိုင်းဆကိုမူ ရာခိုင်နှုန်းဖြင့် ဖော်ပြ။ အရွယ်အစားနှစ်မျိုးရှိပြီး ရောင်းဈေးမှာ အကြီး ၁၃၀၀၀ ကျပ်နှင့် အသေး ၈၅၀၀ ကျပ်ဖြစ်။ တရုတ်နိုင်ငံမှ တင်သွင်းဟုဆို။




## ခရီးဆောင် SONY 8" FLAT TV

Sony အမှတ်တံဆိပ် ခရီးဆောင် FLAT TV ဖြစ်။ TV, DVD, MP3, MP4, SVCD, VCD များကို ရှစ်လက်မ Color FLAT TV နှင့် ကြည့်ရှုနိုင်။ PAL, NTSC SYSTEM နှစ်မျိုးစလုံးပါရှိ။ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်ရှုနိုင်ပြီး Super Anti Shock System ပါသည့်အတွက် တုန်ခါမှုကို ခံနိုင်သည်။ USB ပေါက်ပါ၍ ကွန်ပျူတာနှင့် အသုံးပြုနိုင်သည့်အပြင် Adaptor ပါ၍ ကားပေါ်တွင် အသုံးပြုနိုင်။ Remote Control ပါရှိပြီး ရောင်းဈေး ၂၈၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## STAREX Rechargeable (GMT 170)

Beard & Mustacte Trimmer မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးရိတ်စက်ဖြစ်။ ဆံပင်ညှပ်စက်အဖြစ် ပြောင်းလဲအသုံးပြုနိုင်သည့် ဘီးသုံးမျိုးပါရှိ။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ၈၅၀၀ ကျပ်ဖြစ်။





## Personal Percussion Massager

လက်ဖမိုးတွင်ပတ်၍ အကြောနှိပ်နိုင်သည့် အကြောနှိပ်စက်ဖြစ်။ လက်ဖဝါးမှတစ်ဆင့် တစ်ကိုယ်လုံးကို အကြောဖြေနိုင်။ လက်ချောင်းနှင့် Volume Control ပြုလုပ်နိုင်၍ သွေးလည်ပတ်မှုကို ချိန်ဆနိုင်ပြီး နာကျင်မှုကို သက်သာစေသည်ဟုဆို။ တရုတ်နိုင်ငံမှ ထုတ်လုပ်ပြီး ရောင်းဈေး ၁၈,၀၀၀ ကျပ်ဖြစ်။

## ဖယောင်းတိုင်မီး ၃၅ သိန်းအား မီးအိမ်

## SEARCH COP-2 Rechargeable

ဖယောင်းတိုင် ၃၅ သိန်းအားရှိသော မီးအိမ်ဖြစ်ပြီး Halogem မီးလုံး သုံးထား၍ မီးအားစူးရှ။ Car Battery, Play Adaptor နှင့် အသုံးပြုနိုင်။ အရွယ်အစား သုံးမျိုးရှိပြီး ရောင်းဈေးများမှာ ၃၂၀၀၀, ၂၂၀၀၀, ၁၇၅၀၀ ကျပ် အသီးသီးဖြစ်။ တရုတ်နိုင်ငံမှ တင်သွင်း။






## PADLOCK (CR-14A)

ခရီးဆောင်အိတ်၊ ကျောပိုးအိတ်များတွင် အသုံးပြုနိုင်သော ဖန်စီသော့လက်ဖြစ်။ သော့တံမလိုဘဲ နံပါတ်များဖြင့် မှတ်ယူ၍ ဖွင့်လှစ်နိုင်ဟုဆို။ သော့ချိတ်အဖြစ်ပါ အသုံးပြုနိုင်။ ထိုင်းနိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ၈၀၀ ကျပ်ဖြစ်။ ဒီဇိုင်းအမျိုးမျိုးရှိ။

www.foreverspace.com.mm





## အပူ၊ အအေးနှစ်မျိုးသုံး ရေနွေးခရား

လက်ဖက်ရည်၊ ကော်ဖီများကို ထည့်သွင်း၍လည်းကောင်း၊ အအေးများကိုထည့်၍လည်းကောင်း အသုံးပြုနိုင်။ အရွယ်အစား နှစ်မျိုးရှိပြီး ရောင်းဈေး အကြီး ၇၁၅၀ ကျပ်နှင့် အသေး ၆၉၀၀ ကျပ်ဖြစ်။




## Yoko ဂျီးချွတ်ဆပ်ပြာမှုန့်

ဗီတာမင် E ပါဝင်၍ ခန္ဓာကိုယ်ရှိ အညစ်အကြေးများနှင့် ဂျီးများကို ချွတ်စေသော ဂျီးချွတ်ဆပ်ပြာမှုန့်ဖြစ်။ ဆပ်ပြာမှုန့်ကို လက်ဖြင့်ဖျော်၍ အသုံးပြုရဟုဆို။ ရေချိုးကန်အတွင်း ဖျော်၍ အသုံးပြုနိုင်ပြီး ခန္ဓာကိုယ်အတွင်း သန့်ရှင်းစေနိုင်။ နို့၊ သဘော်၊ သခွား၊ မန်ကျည်းဟူ၍ အမျိုးအစား လေးမျိုးရှိ။ ထိုင်းနိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ၇၅၀ ကျပ်ဖြစ်။




## Imperial Leather ဆပ်ပြာရည်

ရေချိုးကန်အတွင်း အသုံးပြုရသော အသားဖြူစေသည့် ဆပ်ပြာရည်ဖြစ်။ အမွှေးအနံ့ လေးမျိုးရှိသည်ဟုဆို။သခွားပါဝင်၍ အသားအရေချောမွတ်စေ။ ရောင်းဈေး ကျပ် ၁၀၀၀ ဖြစ်။



## Originality Hangair Pen & Clock

စာရေးရန်နှင့် အလှဆင်နိုင်သော ဘောလ်ပင်ဖြစ်။NoteBook ပါရှိ၍ အလွယ်တကူ မှတ်သားနိုင်။ နာရီအဖြစ်ပါ အသုံးပြုနိုင်ဟုဆို။ ထိုင်းနိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ၃၂၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## SHARP XR -10S Multimedia Projector



DLP နည်းပညာကို အသုံးပြုထားသဖြင့် ပုံရိပ်အရည်အသွေးကောင်းမွန်ပြီး ကြာရှည်စွာအသုံးပြုသော်လည်း ပုံရိပ်အရောင်နှင့် အရည်အသွေးကျဆင်းမှုမရှိဟုဆို။ အလင်းပြင်းအား 2000 ANSI Lumen ရှိပြီး နာရီ ၃၀၀၀ အထိပြသနိုင်သော မီးလုံးပါရှိ။ ပုံရိပ်အချိုး ၂၀၀၀း၁ အထိ အနု/အရင့်ဖြင့် ပုံဖော်ပေး။ လက်မ ၄၀ မှ ၃၀၀ Screen အထိ ပြသနိုင်။ အလွယ်တကူ ချိန်ညှိနိုင်သော မှန်ဘီးလူးထိန်းခလုတ်နှင့် အရွဲ့အစောင်းကို ချိန်ပေးနိုင်သော ဒစ်ဂျစ်တယ်စနစ်ပါရှိ။ ဖုန်မှုန့်မတက်အောင် ပြုလုပ်ပေးသော ပုံဖော်စနစ် ပါရှိ။ Projector ဖွင့်လိုက်သည်နှင့်တစ်ပြိုင်တည်း မည်သို့ချိန်ညှိရမည်၊ အသုံးပြုရမည်တို့ကို Screen တွင်ဖော်ပြပေး၍ မည်သူမဆို လွယ်ကူစွာအသုံးပြုနိုင်။ ရောင်းဈေး ၁,၈၀၀,၀၀၀ ကျပ်ဟု သိရ။

## ASUS A8N32 SLI Deluxe Motherboard



AMD Socket 939 အခြေခံထားပြီး Game များနှင့် 3D Graphic ကို အလွန်အကြူးအသုံးချလိုသူများအတွက် သင့်လျော်ဟုဆို။ 8 Phase Power Design ကိုအသုံးပြုထားသဖြင့် Input Ripple Current ကိုသုံးဆမှ လေးဆအထိ လျှော့ချနိုင်ကာ CPU အလုပ်လုပ်ရာတွင် ပိုမိုတည်ငြိမ်ပြီး Overclock ပြုလုပ်နိုင်မှုကို ပိုမိုမြှင့်တင်ပေး။ ဆူညံမှုလျှော့ချရန်အတွက် Motherboard ပေါ်တွင် Fan တစ်လုံးမျှမသုံးဘဲ Heat Pipe များဖြင့် အပူကို စွန့်ပစ်ထား။ Data များသိမ်းဆည်းနိုင်ရန် 3Gbps အမြန်နှုန်းရှိ နောက်ဆုံးမျိုးဆက် SATA-2 Port ခြောက်ခု တပ်ဆင်ထား။ တန်ဖိုး ကျပ် သုံးသိန်းကျော်ဟု သိရ။

## Sony Digital Video Cassette Recorder GV -D 1000



ဂျပန်နိုင်ငံမှ ထုတ်လုပ်လိုက်သည့် Sony အမှတ်တံဆိပ် Digital Video Cassette Recorder ဖြစ်။ Tape ကို ပြန်ရစ်ကြည့်နိုင်။ VCR သို့မဟုတ် TV မှ ရုပ်သံပုံရိပ်များ Tape ပေါ်မှ Still Image ပုံများနှင့် ရုပ်သံဇာတ်လမ်းများကို သွင်းယူသိမ်းဆည်းထားနိုင်။ Memory Stick ပေါ်မှ ရုပ်ပုံ Still Image များ၊ ရုပ်သံဇာတ်လမ်းများကိုလည်း လက်ခံကြည့်ရှုနိုင်။ ကွန်ပျူတာပေါ်မှ ပုံရိပ်များကိုပါ ဖမ်းယူနိုင်ဟုဆို။ ဈေးနှုန်း ၁,၅၂၉,၀၀၀ ကျပ်ဟု သိရ။

## Genius DV1110 7in 1 Portable Media Player




ဗီဒီယိုနှင့်ရုပ်ပုံများ ရိုက်ကူးမှတ်တမ်းတင်ခြင်း၊ အသံသွင်းခြင်း၊ MP 3 နားဆင်ခြင်းတို့ သာမက ဒစ်ဂျစ်တယ်ကင်မရာအဖြစ်ပါ စွယ်စုံအသုံးပြုနိုင်သည့် လက်ကိုင်ဗီဒီယိုကင်မရာဖြစ်။ Digital Zoom 8x ပါရှိ။ ပုံရိပ်များကို ကြည့်ရှုနိုင်ရန် 2.5" LTPS TFT LCD Monitor ပါ ရှိ။ ပုံရိပ်များကို Builtin 32 MB Internal Memory ဖြင့် သိမ်းဆည်းထားနိုင်ပြီး SD/MMC Card များဖြင့် 1GB အထိ ထည့်သွင်းသိမ်းဆည်းထားနိုင်။ Resolution 1600 x 1200 dpi ရှိ။ USB 2.0 Port ဖြင့် PC နှင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး NTSC/PAL နှစ်မျိုးစလုံးဖြင့် TV နှင့်ချိတ်ဆက်အသုံးပြုနိုင်။ ရောင်းဈေး ၂၂၅,၀၀၀ ကျပ်ဟုသိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Ever Fine Store၊ ယုဇနပလာဇာရှိ Digital Gift Shop နှင့် UML Fancy Mart၊ သုခနေကုမ္ပဏီလီမိတက်၊ Lucky Bird Co.,Ltd.,Prime Boss Co., Ltd., Golden Power Technology Co.,Ltd တို့မှ ရယူထားပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm



ဤကဏ္ဍတွင်......

၁၄၆ တကယ်လုပ်က အဟုတ်ဖြစ်မည်
၁၄၈ ပွဲစားဆိုတာ
၁၅၂ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါးစစ်ဗျူဟာကျမ်း (၃၂)
၁၅၅ ကျွန်တော်ပန်းချီကုန်သည် (၄၁)



# တကယ်လုပ်က အဟုတ်ဖြစ်မည်

အယ်ဒီတာတစ်ဦး

ထိုင်း နိုင်ငံ ဘန်ကောက်မြို့တော်ရှိ ချူလာလောင်ကွန်တက္ကသိုလ်ကို ဘွဲ့လွန်သင်တန်းတက်ရောက်ဖို့ ထွက်ခွာသွားတဲ့ လုပ်ဖော်ကိုင်ဖက် အယ်ဒီတာတစ်ဦးက သူ ဘန်ကောက်ကို ချောချောမောမော ရောက်ရှိကြောင်း e-mailပို့လာခဲ့ပါတယ်။ အခုခရီးစဉ်ဟာ သူ့အတွက် ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်တဲ့အတွက် သူ့အနေနဲ့ အံ့ချီးဖွယ်ရာမျိုးစုံကို ကြုံတွေ့ရလိမ့်မယ်လို့ စာရေးသူ မျှော်လင့်ထားခဲ့ပြီး ဖြစ်ပါတယ်။

www.foreverspace.com.mm



သူ့ e-mail ထဲမှာ ရေးသားထားပုံကို ကြည့်ပါ။

"Bangkok is just an hour away from Yangon but I think it is twenty or more years between us. I feel like our Bangkok Airways Plane is not an ordinary plane but a time machine."

အဆိုပါအယ်ဒီတာက သူစီးသွားတဲ့ ဘန်ကောက်လေကြောင်း လေယာဉ်ဟာ သာမန်လေယာဉ်မဟုတ်ဘဲ ကာလယန္တရားတစ်ခုဖြစ်တယ်လို့ ခံစားရကြောင်း ရေးသားထားတာ ဖြစ်ပါတယ်။ စာရေးသူအနေနဲ့ ဖန်ခွက်ထဲတွင် ရေတစ်ဝက်လျော့သည်ဟု မရှုမြင်ဘဲ ရေတစ်ဝက်ရှိသည်ဟု အကောင်းမြင် ရှုမြင်သူဖြစ်ရာ ယခုကိစ္စနှင့်ပတ်သက်၍ အားငယ်စရာမရှိဟု ထင်မြင်မိပါတယ်။ မိမိတို့နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်လျှင် Factor Endowment ခေါ် သဘာဝပေးအနေအထား ကွာခြားမှု လုံးဝမရှိရာ အိမ်နီးချင်းနိုင်ငံများ ရရှိခဲ့ကြသည့် အောင်မြင်မှုမျိုး အလွယ်တကူရရှိနိုင်မည်ဟု ထိုင်းနိုင်ငံက ဥပမာပေးလျက်ရှိတယ်လို့သာ အကောင်းမြင်ပါတယ်။

စာရေးသူတို့ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေကို သီးခြားအာရုံစိုက်ပြီး တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း ကြိုးစားကြတာနဲ့အမျှ စာရေးသူတို့ရဲ့ သက်တမ်းအတွင်းမှာပဲ မြန်မာနိုင်ငံဟာ အကြီးအကျယ် ဖွံ့ဖြိုးလာနိုင်တယ်လို့ ယုံကြည်ထားပါတယ်။

အဲဒီလိုပြောရတာဟာ နားထောင်ကောင်းအောင် ပြောနေခြင်းမဟုတ်ပါ။ စာရေးသူတို့ရဲ့ အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဆယ်စုနှစ် နှစ်ခုလောက်အတွင်း အကြီးအကျယ် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်တဲ့အတွက် မျိုးဆက်တစ်ခုရဲ့ သက်တမ်းအတွင်းမှာပဲ အဲဒါတွေ ဖြစ်ပျက်ခဲ့တာ ဖြစ်ပါတယ်။ ပြောရရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဗဟိုဦးစီး

**ပြောရရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဆဲ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီနိုင်ငံမှာ နိုင်ငံသားတွေအကြား ကြီးမားတဲ့သဘောထားကွဲလွဲမှုတွေ မရှိဘူး။ နိုင်ငံအစိုးရက သူတို့နိုင်ငံကို အမှန်တကယ် ကမ္ဘာနဲ့ ရင်ပေါင်တန်းချင်တဲ့အတွက် နိုင်ငံရေးကိစ္စကလွဲရင် ကျန်ကိစ္စအားလုံးမှာ ကမ္ဘာလုံးဆိုင်ရာစံတွေနဲ့အညီ ကျင့်သုံးလုပ်ကိုင်ခွင့် ပေးထားတယ်။ ပြည်သူအားလုံးကလည်း ပေးလာတဲ့ အခွင့်အရေးတွေကို အလွဲသုံးစားမလုပ်ဘဲ လုံ့လဝီရိယအပြည့်နဲ့ အလုပ်လုပ်ကြတယ်။ အထူးသဖြင့် တရုတ်လူသားအရင်းအမြစ်တွေဟာ ဒေါင်ဒေါင်မြည် လူသားအရင်းအမြစ်တွေ ဖြစ်နေတယ်။**

အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဆဲနိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီနိုင်ငံမှာ နိုင်ငံသားတွေအကြား ကြီးမားတဲ့သဘောထားကွဲလွဲမှုတွေ မရှိဘူး။ နိုင်ငံအစိုးရက သူတို့နိုင်ငံကို အမှန်တကယ် ကမ္ဘာနဲ့ ရင်ပေါင်တန်းချင်တဲ့အတွက် နိုင်ငံရေးကိစ္စကလွဲရင် ကျန်ကိစ္စအားလုံးမှာ ကမ္ဘာလုံးဆိုင်ရာစံတွေနဲ့အညီ ကျင့်သုံးလုပ်ကိုင်ခွင့် ပေးထားတယ်။ ပြည်သူအားလုံးကလည်း ပေးလာတဲ့ အခွင့်အရေးတွေကို အလွဲသုံးစားမလုပ်ဘဲ လုံ့လဝီရိယ အပြည့်နဲ့ အလုပ်လုပ်ကြတယ်။ အထူးသဖြင့် တရုတ်လူသားအရင်းအမြစ်တွေဟာ ဒေါင်ဒေါင်မြည် လူသားအရင်းအမြစ်တွေ ဖြစ်နေတယ်။

အထက်မှာပြောခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ လူမှုပတ်ဝန်းကျင်မျိုးကို ခန့်မှန်းကြည့်ပါ။ စာရေးသူတို့ရဲ့ မြန်မာနိုင်ငံအနေနဲ့ အဲဒီလိုအခြေအနေမျိုးကို ရောက်ရှိသွားဖို့ ဘာမှ အခက်အခဲရှိတယ်လို့တောင် မထင်ပါဘူး။ အရေးကြီးတာက အမျိုးသားအကျိုးစီးပွားနဲ့ ပတ်သက်လို့ ခံယူချက်သာလျှင် ဖြစ်ပါတယ်။

ယနေ့အချိန်မှာ မြန်မာပြည်သူတွေ ပြည်ပကို အလွယ်တကူ သွားရောက်နိုင်ပြီဖြစ်တာကြောင့် တစ်လလျှင် ပျမ်းမျှ လူတစ်သောင်းခန့် ပြည်ပကို ခရီးထွက်နေကြပါတယ်။ သူတို့လို နိုင်ငံတကာအတွေ့အကြုံရှိသူတွေ များပြားလာတာနဲ့အမျှ ပါရာဒိုင်းများ ပြောင်းလဲလာရပါလိမ့်မယ်။ နာမည်ကျော် လူမှုသိပ္ပံပါမောက္ခ ဖရန့်စစ် ဖူကူယာမားက သူ့ရဲ့ 'Nation Building' စာအုပ်မှာ "Institutionalization ခေါ် စည်းမျဉ်းဥပဒေအခြေခံအဆောက်အဦ ဆိုသည်မှာ လိုလားချက် (Demand)ရှိမှသာ Supply ရှိပေလိမ့်မည်" ဟု ရေးသားခဲ့ဖူးပါတယ်။

အခုလို ပြည်ပအတွေ့အကြုံများတဲ့ မြန်မာတွေ တိုးတက်များပြားလာပြီး အမျိုးသားအကျိုးစီးပွားနဲ့ ပတ်သက်လို့ တာဝန်သိလာကြတာနဲ့အမျှ ပါရာဒိုင်းများလည်း ပြောင်းလဲလာလိမ့်မယ်လို့ စာရေးသူ ယူဆယုံကြည်ထားကြောင်းပါ။

**အယ်ဒီတာတစ်ဦး**

■



# ပွဲစားဆိုတာ

**အံ့ဟိန်း**

**မြန်မာလူမှုပတ်ဝန်းကျင်မှာတော့ ဘယ်နေရာမဆို ပွဲစားမပါရင် ပွဲမစည်ဘူးလို့ ပြောရလောက်အောင် ပွဲစားတွေရဲ့ အခန်းကဏ္ဍက ကြီးကြီးမားမားကို နေရာယူထားပါတယ်။ ဒီဘက်ခေတ်ရောက်တော့လည်း အင်တာနက်ပေါ်က တစ်ဆင့် အကျိုးဆောင်ပေးတဲ့ကုမ္ပဏီတွေ ပေါ်လာတဲ့အထိ Online ပွဲစားတွေ ရှိနေဆဲဖြစ်ပါတယ်။ လူအမျိုးမျိုး စိတ်အထွေထွေ ရှိနေကြတဲ့ ပွဲစားတွေထဲမှာ ပွဲစားဆိုတဲ့ဂုဏ်ပုဒ်နဲ့ လျော်ညီသူရှိသလို မလျော်ညီသူတွေလည်း ရှိတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ပွဲစားနဲ့ မလွတ်ကင်းနိုင်သေးတဲ့ မြန်မာလူမှုပတ်ဝန်းကျင်မှာတော့ ပွဲစားဆိုတဲ့ လူတွေရဲ့အပေါ်မှာ ဘယ်လို အမြင်သဘောထားတွေရှိတယ်ဆိုတာ လေ့လာကြည့်တော့ စိတ်ဝင်စားစရာတွေ အများကြီး တွေ့ရပါတယ်။**

"ဒီကောင်လား အလကားပါကွာ။ ပွဲစားယောင်ယောင် ဘာယောင်ယောင်နဲ့ ဘာမှ ဟုတ်တိပတ်တိ အလုပ်လုပ်တာရော၊ အလုပ်ဖြစ်တာရော မတွေ့ပါဘူး"

"တောက်၊ ပွဲစား လူလည်ကျသွားတာကွ။ ငါ့ဆီက ပွဲခရော ပွဲညှန့်ပါ နင့်နေအောင် စားသွားတာ"

"တိုက်ခန်းငှားမလို့လား၊ အေး... ဒါဆိုရင်တော့ ပိုင်ရှင်နဲ့ တိုက်ရိုက်သွားတွေ့။ ပွဲစားပါလာရင် မလွယ်ဘူး"

"ဆင်ဖိုးထက် ချွန်းဖိုးကြီး ဆိုသလိုပါပဲကွာ။ ရတဲ့အမြတ်က တော်တော်ရယ်

www.foreverspace.com.mm

ပွဲခပေးလိုက်ရတာက များနေတယ်”

“ဘိုးဘွားပိုင်မြေရောင်းမည်။ ဖုန်း... သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (ပွဲစား မလို)”

မြန်မာ့လူမှုပတ်ဝန်းကျင်မှာ အမြဲကြားနေကျ ပွဲစားနဲ့ ပတ်သက်တဲ့ သဘောထား ထင်ဟပ်ချက်တွေပါ။ ပွဲစားဆိုသူတွေအပေါ်မှာရှိတဲ့ အမြင်တွေကို စုစည်းလိုက်ရင်တော့ အပြုသဘောဆောင်တဲ့ အဖြေထွက်ဖို့ ခဲယဉ်းပါလိမ့်မယ်။ အများစုက ပွဲစားလို့ ဆိုလိုက်တာနဲ့ တစ်ရာတန်ပစ္စည်းကို တစ်ထောင်လောက်ရအောင် ချဲ့ကားပြောပြီး တစ်ထောင်တန် ပစ္စည်းကိုလည်း တစ်ရာလောက်နဲ့ ရောင်းချင်လာအောင် အပြစ်ရှာပြောနိုင်သူ၊ ရောင်းသူနဲ့ ဝယ်သူကြား တစ်ဖက်ဖက်ကို ဖြစ်စေ၊ နှစ်ဖက်စလုံးကိုဖြစ်စေ အဂတိလိုက်ပြီး မိမိအကျိုးအမြတ်ရရေးကိုသာ ရှေ့တန်းတင်သူအဖြစ် ပြေးမြင်လိုက်ကြတော့တာပါပဲ။ ဒီလိုမြင်အောင်လည်း တချို့ပွဲစားဆိုသူများရဲ့ မရိုးသားတဲ့ အပြုအမူအကျင့်အကြံများက တွန်းပို့ပေးသလို ဖြစ်နေတယ်။

လက်တွေ့ကြားနေရတဲ့ သတင်းတော်တော်များများကလည်း ပွဲစားက ဘယ်လိုရိုက်လိုက်တာ၊ ဘယ်လောက်ဖြတ်ယူသွားတာ၊ ဘယ်ရွှေ့ဘယ်မျှခုတ်လိုက်တာ၊ ဘယ်လိုလူလည်ကျသွားတာ စသည်ဖြင့် ပတ်သက်သမျှနေရာတိုင်းမှာ သံတူကြောင်းကွဲတွေချည်းပါပဲ။ ဟိုတစ်ချိန်ကနဲ့စာရင် ဒီဘက်ခေတ်မှာ ပွဲစားနဲ့မှ မကင်းနိုင်ကြတာကိုး။ အိမ်၊ ခြံ၊ မြေအရောင်းအဝယ်၊ ကျောက်မျက်ရတနာအရောင်းအဝယ်၊ ကား အရောင်းအဝယ်၊ ရွှေ အရောင်းအဝယ်၊ ကုမ္ပဏီမှာအလုပ်ရဖို့အရေး၊ နိုင်ငံခြားအလုပ်သွားလုပ်ဖို့ အတွက်၊ အမှုအခင်းရင်ဆိုင်နိုင်ဖို့ကိစ္စ၊ ရုံးပြင်ကနား သွားလာဝင်ထွက်ဖို့ရာ၊ ပမာဏကြီးကြီး ကုန်ကြမ်းအော်ဒါရဖို့ အဆက်အသွယ်၊ ပြောရရင် မြန်မာ့လူမှုစီးပွားနယ်ပယ်မှာ နေရာတကာ ပွဲစားမပါရင် ပွဲမစည်ဘူးလို့ ဆိုရမလို ဥပမာပေးလို့ကို ဆုံးမှာမဟုတ်ဘူး။

ဒီဘက်ခေတ်အနေအထားအရ လူတော်တော်များများအနေနဲ့လည်းကိုယ့်မိသားစုစားဝတ်နေရေး၊ ကိုယ့်အလုပ်ကိစ္စ၊ ကိုယ့်ကုမ္ပဏီတာဝန်၊ ကိုယ့်အဖွဲ့အစည်း အကျိုးအမြတ်လောက်ပဲ အာရုံစိုက် ရုန်းကန်နေရတာ။ တချို့နေရာတွေကျ ကိုယ့်အချိန်ထဲက ဖဲ့မပေးနိုင်တာရော၊ ကိုယ်မကျွမ်းကျင်တဲ့နယ်ပယ်ဖြစ်နေတာကြောင့်ပါ သက်ဆိုင်ရာ နယ်ပယ်အသီးသီးက ကြားခံဆက်သွယ်ညှိနှိုင်းပေးသူ ပွဲစားများကို အားကိုးလာရာက ပွဲစားတွေရဲ့အခန်းကဏ္ဍ အားကောင်းလာရတာပဲပေါ့။

ပွဲစားတွေ နေရာရ အားကောင်းလာတယ်ဆိုပေမယ့် ဆူလွယ်၊ နပ်လွယ်ကိုယ်ကျိုးရှာနေသူက အများစုဖြစ်နေတော့ သိက္ခာရှိ၊ ရိုးသားသူ ပွဲစား မတွေ့ရသလောက်နီးပါးဖြစ်နေတယ်။ ယနေ့ခေတ် ပွဲစားလောကမှာလည်း နာမည်တစ်လုံးရဖို့က သိပ်လွယ်တယ်။ ရတဲ့နာမည် ကောင်း မကောင်းဘဲ အရေးကြီးတာ။ အများ လေးစားချီးကျူးရလောက်အောင်သတင်းကြီးတဲ့ ပွဲစားဖြစ်ဖို့ကလည်း လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေနဲ့ ကုံလုံပြည့်စုံဖို့ အများကြီးလိုပါတယ်။ အခြေခံကတော့ သက်ဆိုင်ပတ်သက်တဲ့လုပ်ငန်းကို ကျွမ်းကျင်မှုရှိနေဖို့ လိုအပ်ပါတယ်။

## ပွဲစားနဲ့ လေ့လာကျွမ်းကျင်မှု

တချို့က အရောင်းအဝယ်လောကတစ်ခုကို ဝင်တော့မယ်ဆိုရင် ပွဲစားအဖြစ်နဲ့ဝင်တာ အလွယ်ဆုံးနဲ့ အကောင်းဆုံးပဲလို့ ဆိုကြတယ်။ ပွဲစားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေးနက်မှုလျော့နည်းစေတဲ့ အယူအဆတစ်ရပ် ဖြစ်သွားနိုင်ပါတယ်။ သက်ဆိုင်ရာ နယ်ပယ်တစ်ခုမှာ ကျင်လည်နေကြသူတွေကြားမှာ လေ့လာမှု၊ အကြားအမြင် ဗဟုသုတ၊ အတွေ့အကြုံ အတိုင်းအတာတစ်ခုအထိ တတ်သိကျွမ်းကျင်မှု စတဲ့ ကိုယ်ပိုင်စွမ်းရည် ရှိသင့်သလောက်မရှိဘဲ ပွဲစားအဖြစ် ဗွေဆော်ဦးဝင်လုပ်ဖို့ဆိုတဲ့ အယူအဆကို သေချာပြန်သုံးသပ်ကြည့်ဖို့ လိုပါမယ်။

ဆိုကြပါစို့၊ ကျောက်မျက်ရတနာလောကကို ပွဲစားအဖြစ် ဝင်ချင်သူတစ်ယောက်ဟာ ကျောက်မျက်ရတနာတစ်ခုချင်းစီရဲ့ အသွေးအရောင်၊ အသုံးတည့်မှု၊ အကြမ်းဖျင်း ကာလပေါက်ဈေး၊ ထွက်ရှိရာဒေသ၊ လက်ဝတ်ရတနာအဆင့်ရောက်ဖို့ ပြုပြင်ရတဲ့လုပ်ငန်းအဆင့်ဆင့်၊ ထူးခြားတဲ့ ဂုဏ်သတ္တိစသဖြင့် အခြေခံ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို မဖြစ်မနေလေ့လာထားရမှာ မဟုတ်လား။ ဒီအခြင်းအရာတွေကို သိမထားဘဲနဲ့တော့ ကျောက်မျက်လောကမှာ ပွဲစားဖြစ်ဖို့နေနေသာသာ ကျောက်မျက်ရတနာအရောင်းဆိုင်ဧည့်ကြိုဖြစ်ဖို့တောင် မလွယ်ပါဘူး။ အခြားအခြားသော အရောင်းအဝယ်လောကအဖုံဖုံမှာလည်း ဤနည်းနှင်နှင်ပါပဲ။ ကိုယ့်ဘက်က အခြေခံကျကျလေ့လာ၊ ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းနားလည်ပြီဆိုမှ ပွဲစားလုပ်ရင် မကောင်းပေဘူးလား။ ဒီလိုမှမဟုတ်ရင်အစိမ်းသက်သက်ဝင်တဲ့ပွဲစားတစ်ယောက်ကို ဘယ်သူက လေးလေးစားစား တိုင်ပင်ဆက်ဆံပါ့မလဲ။ နယ်ပယ်အသီးသီးမှာ ရိုးဖြောင့်တဲ့သူတွေရှိသလို လှည့်ဖြားလိမ်လည်သူတွေကလည်း ဒုနဲ့ဒေး။ မရိုးသားသူတွေရဲ့ အလှည့်အပတ် ကလိမ်ကျတာခံရပြီးမှ အတွေ့အကြုံပညာရလာမယ့် ပွဲစားမျိုးအတွက်တော့ ရေရှည်မှာရင်လေးစရာ ကောင်းပါတယ်။ အခြေခံလေ့လာမထားခဲ့လို့ လုပ်ငန်းခွင်လောကထဲရောက်မှ ဒဏ်ရာဒဏ်ချက်တွေနဲ့ အတွေ့အကြုံယူရင်း ပညာသင်သူတွေ ကျင်လည်နေသမျှ ပွဲစားဆိုတဲ့ အမည်နာမ ညစ်ထေးစွန်းထင်းနေဦးမှာပါ။

ကိုယ်ဝါသနာပါ၊ စိတ်ဝင်စားတဲ့

www.foreverspace.com.mm



နယ်ပယ်ကို ပွဲစားအဖြစ် ဝင်ရောက်ချင်သူအတွက် စနစ်တကျ လေ့လာစူးစမ်းမှုနဲ့ လုပ်ငန်းသဘော သဘာဝ နားလည်တတ်ကျွမ်းမှု ရှိသင့်သလောက် ရှိနေခြင်းဟာ အရေးကြီးဆုံး အခြေခံအခြင်းအရာ တစ်ရပ်ပါ။

## ပွဲစားနဲ့ မိတ္တဗလ

သာမန်ကြည့်ရင်တော့ ပွဲစားဆိုတာ ကိုယ်ပိုင်အရင်းအနှီးမလို၊ ဝယ်သူ၊ ရောင်းသူကြား ပါးစပ်တစ်ခုစိုက်၊ ညှိပေး၊ တွေ့ပေးရုံနဲ့ ထိုက်သင့်တဲ့ အဖိုးအခလွယ်လွယ်ရသူလို့ မြင်ကြမယ်။ အများက သက်သက်သာသာရတယ်လို့ ထင်ရတဲ့ အဖိုးအခဟာ တကယ်တော့ ဝယ်သူနဲ့ရောင်းသူနှစ်ဦး အကျိုးရှိအောင် ညှိနှိုင်းတွေ့ဆုံလို့ရတဲ့ အကျိုးဆောင်ခပါ။ ဒီလိုရဖို့ကလည်း ပထမဦးဆုံးအနေနဲ့ ရောင်းသူနဲ့ရော ဝယ်သူနဲ့ပါ သိကျွမ်းရင်းနှီးသူဖြစ်နေဖို့ လိုတယ်မဟုတ်လား။

ပွဲစားလို့ဆိုလိုက်တာနဲ့ ဆိုင်ရာလောကမှာတော့ မသိသူခပ်ရှားရှားဖြစ်နေရမှာပါ။ ဒီလိုသိနေအောင်လည်း အပေါင်းအသင်းအလွန်ကောင်းရတယ်။ ပွဲစားအဖို့ လူများများသိလေ ကိုယ့်အလုပ်အတွက် အဆင်ပြေလေပဲလို့ ဆိုရပါမယ်။ ဘယ်မြို့နယ်၊ ဘယ်ရပ်ကွက်က၊ ဘယ်သူကဖြင့် ဘာပစ္စည်းတွေ ဝယ်လေ့ရောင်းလေ့ရှိတယ်။ ဘယ်အချိန်လောက်ဆို ရောင်းဖို့ ကြိုးစားပြီ။ ဘယ်သူနဲ့ အရောင်းအဝယ်ဖြစ်တတ်တာ ဘယ်နယ်က ပမာဏ ဘယ်လောက်များများ အလုပ်ဖြစ်လေ့ရှိတယ်။ ဝယ်သူ့ဘက်က မကြာခဏ ဆိုသလို ထုတ်ရောင်းတတ်သူ၊ ဒါမှမဟုတ် လှောင်ဖို့ဝယ်သူ၊ သုံးဖို့ဝယ်သူစတဲ့အချက်အလက်တွေအားလုံးကို ပွဲစားလုပ်မယ့်သူက ပိုင်ပိုင်နိုင်နိုင်သိထားရတယ်။

သိသင့်သိထိုက်တဲ့ အချက်အလက်တွေကိုသိလာအောင် ကာယကံရှင် ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်သမျှ လူမှုရေးနယ်ပယ်မှာ မေးမြန်းစုံစမ်းရတယ်။ ရတဲ့သတင်းအချက်အားလုံးကလည်း သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ ရှိနေကြတဲ့လူပုဂ္ဂိုလ်အများကြီးဆီက လာတာပဲ မဟုတ်လား။

ဒါကြောင့် ပွဲစားဖြစ်ဖို့ အခြေခံကျကျ အရေးပါတဲ့အချက်က မိတ်ဆွေအပေါင်းအသင်းကောင်းသူ၊ နှံ့စပ်သိကျွမ်းသူဖြစ်နေရမှာပါပဲ။ ဒီအချက်နဲ့ မပြည့်စုံဘဲနဲ့တော့ ပွဲစားလုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကို ကြီးကြီးကျယ်ကျယ် ပြောရရင် 'မိတ္တဗလ' ကြွယ်ဝသူဖြစ်ရမယ်လို့ ဆိုလိုတာပါ။ ပွဲစားတွေအပေါ်မှာ သာမန်အမြင်သာရှိနေသူတွေကတော့ "ပွဲစားဆိုတဲ့ အလုပ်များကွာ ကြီးကျယ်ရန်ကော မိတ္တဗလဆိုတာကြီးနဲ့ တိုင်းတာဖို့မသင့်ပါဘူး" လို့ စောဒကတက်ချင်သူတွေ ရှိပါလိမ့်မယ်။ တိုင်းတာဖို့သင့်ရုံတင်မကပါဘူး။ လုံးဝပြည့်စုံဖို့ လိုတယ်လို့ဆိုပါရစေ။

## ပွဲစားနဲ့ ဇွဲလုံ့လ

ရောင်းသူက သူရောင်းမယ့်ပစ္စည်းအကြောင်းပြောဖို့ ပွဲစားကို သူအားတဲ့အချိန်ချိန်းတယ်။ ပွဲစားလုပ်သူက ချိန်းထားတဲ့အချိန်သွားရတာပေါ့။ ဥစ္စာရှင်လိုဥစ္စာရှင်ခဲဆိုတဲ့အတိုင်း ကြားထဲက အရင်းမစိုက်ဘဲ အကျိုးဆောင်ခ ရချင်တာကိုး။ တစ်ခါ ဝယ်မယ့်သူမတွေ့သေးရင် ကိုယ့်မိတ်ဆွေအပေါင်းအသင်းတွေ သူတို့နဲ့ဆက်စပ်သမျှ ခင်မင်ရင်းနှီးသူတွေကြားမှာ ဝါယမစိုက်ပြီး ရှာရတယ်။ ဝယ်သူကိုတွေ့ပြီဆိုတော့ သူအားမယ့်အချိန်စုံစမ်း၊ ကိုယ်အားအား၊ မအားအား ဇွတ်အားအောင်လုပ်ပြီး သွားတွေ့ရတယ်။ တစ်ခေါက်တည်းနဲ့ မရရင် နှစ်ခေါက်၊ နှစ်ခေါက်နဲ့မရရင် သုံးခေါက်၊ လေးခေါက်၊ ငါးခေါက် အကြိမ်ကြိမ်သွားတွေ့ပြီးမှ ဝယ်သူလိုချင်တဲ့ ပစ္စည်းအနေအထား၊ သဘောထားကို သိနိုင်တာမျိုးလည်း ရှိတတ်ပါတယ်။

နှစ်ဖက်စလုံးသတင်းအချက်အလက်တွေကို သိရပြီဆိုရင် သူတို့နှစ်ဦး တွေ့ပေးဖို့ စီစဉ်ရပြန်တယ်။ စီစဉ်တဲ့နေ့မှာလည်း နှစ်ဖက်အားမယ့်အချိန် ကိုက်ညီမှုရှိအောင် အလီလီအခါခါ ဆက်သွယ်ပေးရတာ၊ အရောင်းအဝယ်မဖြစ်လို့ ပျက်သွားရင်လည်း နောက်ထပ်ဝယ်သူ ရှာပေးရပြန်တာ စသဖြင့် တော်ရုံ ဝီရိယ၊ ဇွဲနဲ့ဆို နောက်ဆုတ်စိတ်ပျက်သွားစေမယ့် အဖြစ်အပျက်တွေ မကြာခဏ ကြုံရတတ်ပါသေးတယ်။

ပွဲစားလုပ်ပြီဆိုတာနဲ့ စိုက်လိုက်မတ်တတ်ဇွဲနဲ့ ဝီရိယရှိဖို့ကလည်း အရေးကြီးအချက်ဖြစ်နေတာ သေချာပါတယ်။

## ပွဲစားနဲ့ စာရိတ္တ

အရောင်းအဝယ်လောကမှာ ပွဲစားအဖြစ်နဲ့ ဝင်တော့မယ်ဆိုရင် အရေးကြီးဆုံး မရှိမဖြစ်က 'ရိုးသားမှု' ပါပဲ။ နာမည်၊ ဂုဏ်သိက္ခာနဲ့ ကျော်ဇောထင်ရှားချင်သူအားလုံး 'ရိုးသားမှုစာရိတ္တ' ကို အခြေခံအရင်းတည်ကြရတယ်။

'ပွဲညွှန့်' စားတယ်ဆိုတာ သာမန်အားဖြင့် ကြည့်ရင်တော့ ပွဲစားလောကမှာ

**ပွဲစားဆိုတာ ဝယ်သူလည်းသဘောကျ၊ ရောင်းသူလည်း စိတ်ကျေနပ်မှုရအောင် ဘက်လိုက်မှုမရှိ တွေ့ဆိုင်ညှိနှိုင်းပေးရတဲ့ ဂုဏ်သရေရှိအလုပ်မျိုးပါ။ နှစ်ဦးနှစ်ဖက် သဒ္ဒါကြည်ဖြူပေးတဲ့ အကျိုးဆောင်ခသန့်သန့်ကိုသာ စိတ်ရှင်းရှင်းနဲ့ ယူရမယ့် အကျိုးဆောင်လုပ်ငန်းတစ်ခုဆိုတာ အများသိစေချင်ပါတယ်။**

www.foreverspace.com.mm



လုပ်သက်ရင့်၊ သမ္မာရင့်၊ လူရည်လည် ပွဲစားတွေရဲ့ အရည်အချင်းတစ်ခုလို့ လွဲမှားစွာထင်မှတ်နေကြလေရဲ့။ တက်တက်စင်အောင်ကိုလွဲတဲ့ အယူအဆလို့ဆိုချင်ပါတယ်။ ပွဲညွှန့်စားတယ်ဆိုတာက တကယ်တော့ မရိုးသားတဲ့ အပြုအမူကို ဖော်ပြနေတာပါပဲ။ ဆိုပါစို့၊ သိန်း ၁၀၀ တန် ပစ္စည်းတစ်ခုကို ငွေလိုလို့ သိန်း ၈၀ ထဲနဲ့ ရောင်းချင်နေပြီ။

ဒီပစ္စည်းအမှန်ပေါက်ဈေးသိနေတဲ့ ပွဲစားက ဝယ်သူကိုရှာတယ်။ သိပ်လိုချင်နေတဲ့ ဝယ်သူနဲ့တွေ့တော့ သိန်း ၁၂၀ လောက် ပေးချင်ဝယ်ချင်လာအောင် ဆွဲဆောင်၊ ရောင်းသူကိုတော့ ဈေးနှိမ်နိုင်သမျှ နှိမ့်ပြီး သိန်း ၇၀ နဲ့လက်လွှတ်အောင် တွန်းပြီးတာနဲ့ တစ်ဖက်မှာ သိန်း၁၂၀ နဲ့ ရောင်းလိုက်တယ်။ ဝယ်သူနဲ့ ရောင်းသူ မတွေ့လိုက်ရဘဲ ကြားထဲက ပွဲညွှန့် သိန်း ၅၀ နင့်နေအောင် ယူသွားတဲ့အပြင် ဟိုဘက်ဒီဘက် ပွဲခပါယူတဲ့ ပွဲစားမျိုးဟာ ပွဲစားလို့ အမည်မခံသင့်တော့ပါဘူး။ တစ်နည်းပြောရရင် ကလိမ်ကျတဲ့သဘော သက်ရောက်နေပါပြီ။

ဒီလိုလုပ်ရပ်မျိုးကို အရည်အချင်းရှိ၊ လူရည်လည် ပွဲစားပါးဝနေသူတွေသာ လုပ်နိုင်တာလို့ အထင်မှားသူတွေ ရှိနေတယ်။ အပြင်ပန်းက ဒီအဖြစ်အပျက်မျိုးကို ရှုတ်ချနေပေမယ့် အတွင်းစိတ်ထဲမှာ ကြိတ်ထောက်ခံနေသူတချို့ကို ပြောင်ပြောင်တင်းတင်းအားပေး သဘောကျသူတွေလည်း ရှိကောင်းရှိပါလိမ့်မယ်။ ဒီလိုဖြစ်ရပ်မျိုးတွေကြောင့် ပွဲစားလောကကို အများအထင်သေး၊ တန်ဖိုးကျစေတာတော့ ကာယကံရှင်များရော၊ ကျန်လူတော်တော်များများပါ သတိထားမိပုံမရဘူး။

စာရိတ္တသန့်စင်မှုအားနည်းတဲ့ ပွဲစားတချို့ကြောင့် ပွဲစားလောကကြီး တစ်ခုလုံး 'ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်' ရတဲ့အဖြစ်မျိုး မကြုံစေချင်ပါ။ ဒါကြောင့် 'ရိုးသားမှု' စာရိတ္တဆိုတာ ပွဲစားတစ်ယောက်အဖို့ မရှိမဖြစ် အလိုအပ်ဆုံး ကိုယ်ရည်ကိုယ်သွေးတစ်ခုလို့ ဆိုချင်ပါတယ်။

## ပွဲစားဆိုတာ

ကုန်လွန်ပြီးတဲ့ကာလ တော်တော်ကြာကြာကဆိုရင် နယ်ပယ်အသီးသီးမှာ ရှိတဲ့ ပွဲစားအရေအတွက်ဟာ အင်မတန်နည်းပါတယ်။ 'ပွဲစားကြီး' ဆိုတဲ့ ဂုဏ်ပုဒ်တပ်ပြီး အခေါ်ခံရဖို့ကလည်း တော်ရုံတန်ရုံ အတွေ့အကြုံ၊ အရည်အချင်း၊ အသက်အရွယ်နဲ့ သာမန်ရိုသေလေးစားမှုနဲ့ မရနိုင်ပါဘူး။ တစ်မြို့လုံး၊ တစ်နယ်လုံးက ပတ်သက်သမျှအားလုံး လေးစားကြည်ညိုတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပါမှ၊ ဝယ်သူနဲ့ ရောင်းသူအချေအတင်ဖြစ်နေရင်၊ ဈေးညှိလို့မရဖြစ်နေရင် ပြဿနာတစ်စုံတစ်ရာရှိနေရင် ပွဲစားကြီးက နှစ်ဦးနှစ်ဖက် အဆင်ပြေသွားအောင် သမာသမတ်ကျကျ၊ တစ်ခွန်းဆိုတစ်ခွန်း စေ့စပ်၊ ညှိနှိုင်း၊ ဖျောင်းဖျလိုက်တာနဲ့ လေးလေးစားစား နာခံကြရတဲ့အထိ သြဇာကြီးပါတယ်။

ပွဲစားကြီး ဦးဘယ်သူနဲ့ဆို ကိစ္စပြီးတယ်၊ စိတ်ချတယ်၊ သမာသမတ်ကျတယ်၊ လှည့်ကြည့်စရာမလိုဘူး စတဲ့ အသံတွေပဲ ကြားရတာပါ။ အားလုံးက လေးစားအောင်လည်း ကိုယ်ကျိုးအတွက် ဘက်လိုက်တာ၊ အဂတိထားတာ၊ ပွဲညွှန့်စားတာမျိုး ဘယ်တော့မှ မလုပ်ခဲ့ကြဘူး။ အဲဒီလို ပွဲစားကြီးတွေ ဂုဏ်သိက္ခာကြီးမြင့်တာနဲ့အတူ ပွဲစားကြီးရဲ့ တပည့်၊ သား၊ မြေး၊ မြစ် အထိပါ အရိပ်လွှမ်းတယ်။ ကိုယ့် ဆရာ၊ မိဘ၊ ဘိုး၊ ဘေးလုပ်သူက အစဉ်အလာကောင်းထားခဲ့တော့ ကောင်းမွေဆက်ခံကြရတာပဲပေါ့။

ပွဲစားဆိုတာဝယ်သူလည်းသဘောကျ၊ ရောင်းသူလည်း စိတ်ကျေနပ်မှုရအောင် ဘက်လိုက်မှုမရှိ တေ့ဆိုင်ညှိနှိုင်းပေးရတဲ့ ဂုဏ်သရေရှိ အလုပ်မျိုးပါ။ နှစ်ဦးနှစ်ဖက် သဒ္ဓါကြည်ဖြူပေးတဲ့ အကျိုးဆောင်ခ သန့်သန့်ကိုသာ စိတ်ရှင်းရှင်းနဲ့ယူရမယ့် အကျိုးဆောင်လုပ်ငန်းတစ်ခုဆိုတာ အများသိစေချင်ပါတယ်။

ပွဲစားလို့ဆိုတာနဲ့ တီကောင် ဆားနဲ့တွေ့လိုက်သလို တွန့်သွားကြတာလည်း ဒီနေ့ခေတ်မှာ အတွေ့ရများနေတဲ့ ပွဲစားအမည်ခံ မရိုးသားတဲ့ ပုဂ္ဂိုလ်တချို့ကြောင့်ပါ။ အရာရာကို လေ့လာတတ်သိ စူးစမ်းလိုသူ၊ အပြုသဘောစိတ်ရှိသူ၊ သင်ယူတတ်မြောက်လွယ်သူ၊ အကောင်းအဆိုး၊ အမှားအမှန်ခွဲခြားတတ်သူ အရည်အချင်းရှိ လူငယ်အများစုအနေနဲ့ ပွဲစား အယောင်ဆောင်များရဲ့ အပြုအမူလုပ်ရပ်တွေကို အတုမယူစေချင်ပါ။

နာမည်ဂုဏ်သိက္ခာဆိုတာ လူ့ဘဝမှာ အရေးကြီးဆုံးအချက်ဖြစ်ပါတယ်။ တိုတောင်းလှတဲ့တစ်ဘဝမှာ တစ်ခဏတာလေးပဲ ကိုယ့်အတွက် တည်ဆောက်ရတယ်ဆိုပေမယ့် နောက်မျိုးဆက်အထိပါ မျှော်တွေးစဉ်းစားကြဖို့ လိုပါမယ်။ ရုပ်ဝတ္ထုပစ္စည်းတွေကို အချိန်ကာလတို အတွင်းမှာ ပြုပြင်တည်ဆောက်ကြဖို့ အင်မတန်လွယ်ကူလှပေမယ့် လူတို့ရဲ့ စိတ်သဏ္ဌာန်မှာ ကိန်းအောင်းနေတဲ့ သဘောထားစိတ်ဓာတ်တွေကို ပြုပြင်ထိန်းမတ်ဖို့ကတော့ အချိန်ကာလအတိုင်းအတာတစ်ခုအထိ စိတ်ရှည် ဇွဲသန် စောင့်ဆိုင်းရတတ်ပါတယ်။

လူမှုကျင့်ဝတ္တရား စောင့်စည်းကြတဲ့ မိတ္တဗလ၊ ဇွဲလုံ့လ၊ ဝီရိယ၊ စာရိတ္တပြည့်စုံတဲ့၊ အများလေးစားကြည်ညိုတဲ့ သိက္ခာရှိ ပွဲစားကြီးများ လာမယ့်မျိုးဆက်သစ်လူငယ်တွေထဲက ပေါ်ထွက်လာဖို့ မျှော်လင့်ပါတယ်။

**အံ့ဟိန်း**

■

www.foreverspace.com.mm



(ယခင်လမှအဆက်)

# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

( ၃၂ )

လူထုစိန်ဝင်း



## ဟာလာဟင်းလင်းတံခါးဖွင့်ဗျူဟာ
## Empty City Scheme

စစ်အင်္ဂါအခင်းအကျင်းမှာ ပုံသေနည်းဆိုတာ မရှိဘူး။ တစ်ခါတစ်ရံမှာ ရန်သူကို လှည့်စားဖို့ အားနည်းချင်ယောင်ဆောင်ရတာမျိုးလည်း ရှိတယ်။ ကိုယ်က အားနည်းမှုပြတာကို ရန်သူက ပရိယာယ်သုံးထောင်ချောက်ဆင်တာထင်ပြီး မလိုအပ်ဘဲ တပ်ရုပ်သွားတတ်တယ်။ ကိုယ်ကအားနည်းပြီး ရန်သူက အဆမတန် အင်အားသာလွန်နေတဲ့အခြေအနေမျိုးမှာ ဒီဗျူဟာကို သုံးလေ့ရှိတယ်။

## နောက်ခံဇာတ်ကြောင်း(၁)

သုံးပြည်ထောင်ခေတ်မှာ ကျူကဲလျန်ဟာ ယန်းဖင်းမြို့မှာနေတယ်။ ရန်သူကောက်ဝေ့စစ်တပ်ကြီးကို တိုက်ဖို့ စစ်သူကြီးဝေ့ယန်ကို စစ်သည်အမြောက်အမြားနဲ့ ချီတက်သွားစေခဲ့တယ်။ မြို့စောင့်တပ်အဖြစ် တပ်အင်အား ၁၀,၀၀၀ ကိုသာ ချန်ထားခဲ့တယ်။ အင်အား ၂၀၀,၀၀၀ ရှိတဲ့ ကောက်ဝေ့တပ်ကို စစ်သူကြီးစီးမာယီ က ခေါင်းဆောင်တယ်။ ဝေ့ယန်ဦးဆောင် တဲ့ တပ်မကြီးဟာ လမ်းကြောင်းလွဲချော်သွားတာကြောင့် ရန်သူတပ်နဲ့ လွဲသွားခဲ့တယ်။

ကောက်ဝေ့တပ်ကြီးက ဆက်လက်ချီတက်လာခဲ့တာ မြို့တော်နဲ့ မိုင် ၆၀ အကွာလောက်ထိ ရောက်ရှိလာခဲ့တယ်။

ခေတ္တတပ်ချရပ်နားပြီး စနည်းနာတဲ့အခါ မြို့တော်တွင်းမှာ ကျူကဲလျန်နဲ့ တပ်သားအနည်းငယ်သာရှိကြောင်း အထောက်တော်များဆီက သိရတယ်။ ရန်သူတပ်ကြီးရောက်ရှိနေတာကို ကျူကဲလျန်လည်း သိရှိတယ်။ ဒါပေမဲ့ ဘာမှမတတ်နိုင်တော့ဘူး။ ဝေ့ယန်ကို ပြန်ခေါ်ဖို့လည်း အချိန်မရှိတော့ဘူး။ ကျူကဲလျန်ဟာ ပျာယီးပျာယာ ခြေမကိုင်မိလက်မကိုင်မိမဖြစ်ဘဲ ခေါင်းအေးအေးနဲ့ သုံးသပ်ပြီး ဗျူဟာများကို စဉ်းစားခဲ့တယ်။

www.foreverspace.com.mm



နောက်ဆုံးမှာ သူအကြံရပြီး တပ်သားအားလုံးကို ဆင့်ခေါ်ပြီး ညွှန်ကြားချက်များ ထုတ်ပြန်တယ်။ တပ်မှာ ရှိရှိသမျှ အောင်လံတံခွန်အားလုံးကို လွှင့်ထူခိုင်းပြီး တပ်သားအားလုံး အမိန့်မရမချင်း ကိုယ့်တဲမှာ ကိုယ်နေကြဖို့၊ အပြင်ကို လုံးဝမထွက်ဖို့ အမိန့်ပေးလိုက်တယ်။ အဲဒီနောက် တပ်တံခါးကြီးကို ဖွင့်ထားစေလိုက်ပြီး တပ်သားတချို့ကို အေးအေးဆေးဆေး တံမြက်စည်းလှဲနေဖို့ ခိုင်းစေလိုက်တယ်။

စီးမာယီရဲ့ တပ်ကြီးရောက်ရှိလာတဲ့အခါ မြို့တံခါးကြီး ဟင်းလင်းပွင့်ပြီး အေးအေးဆေးဆေးရှိနေကြတာကို မြင်တွေ့ရတဲ့အခါ မယုံနိုင်အောင် ဖြစ်သွားကြရတယ်။ ကျူကဲလျှန်ဟာ အင်မတန်ပရိယာယ်ကြွယ်ဝတဲ့သူဖြစ်ကြောင်း စီးမာယီက ကောင်းကောင်းသိထားလေတော့ တော်တော်စဉ်းစားရခက်သွားတယ်။ ဒါ့အပြင် မြို့တံခါးကြီးအထက် မြို့ရိုးပေါ်မှာ ကျူကဲလျှန်က အေးအေးလူလူထိုင်ပြီး စောင်းတီးနေတာတွေ့ရတော့ ပိုစဉ်းစားရကြပ်သွားတယ်။

ကျူကဲလျှန်ရဲ့ စောင်းသံကို နားစွင့်တဲ့အခါမှာလည်း စိတ်ဓာတ်ချောက်ချားနေသူတစ်ဦးရဲ့အသံကို လုံးဝမတွေ့ရဘူး။ အေးအေးလူလူပဲ ရှိနေတယ်။ စောင်းသံကလည်း သာယာညင်းပျောင်းစွာ မှန်မှန်ပေါ်ထွက်နေတယ်။ နောက်ဆုံးတော့ စီးမာယီက မြို့တံခါးကြီးဖွင့်ထားခြင်းဟာ သူ့တပ်များ ရှေ့လောတကြီး ဝင်ရောက်လာချင်အောင် ထောင်ချောက်ဆင်ထားတာဖြစ်တယ်လို့ သုံးသပ်ပြီး တပ်ကို ရုပ်သိမ်းဆုတ်ခွာသွားတော့တယ်။ အဆမတန်အင်အားကြီးမားတဲ့ ရန်သူကို တုန်လှုပ်ချောက်ချားသွားအောင် ပရိယာယ်ဆင်နိုင်တဲ့ ဗျူဟာကြောင့် ကျူကဲလျှန်ဟာ မြို့တော်ကို ကယ်တင်နိုင်ခဲ့တယ်။

## နောက်ခံဇာတ်ကြောင်း (၂)

အေဒီ ၇၂၇ က ထန်နိုင်ငံကို ထန်စွမ်ကျုံး အုပ်ချုပ်နေတယ်။ အဲဒီအချိန်မှာ တိဘက်လူမျိုးတွေက ကွာကျိုးနယ်ကို ထိုးဖောက်ဝင်ရောက်ပြီး စီအန်းနယ်ကို တိုက်ခိုက်လာတယ်။ ထန်ဘုရင်က စစ်သူကြီးကျန်းရှိုကွိကို စေလွှတ်ရင်ဆိုင်စေတယ်။ စစ်သူကြီးကျန်းက နယ်ခံရွာသူရွာသားများကို စုစည်းပြီး မြို့ရိုးပျက်ကြီးကို ပြင်ဆင်တည်ဆောက်စေတယ်။ တည်ဆောက်မှုမပြီးခင်မှာဘဲ တိဘက်တပ်များ နောက်တစ်ချီတိုက်ခိုက်လာပြန်တယ်။

ကွာကျိုးဆိုတာ လူဦးရေ နည်းပါးတဲ့နယ်တစ်နယ်ဖြစ်ပြီး ရန်သူရဲ့ တိုက်ခိုက်မှု ၂ ကြိမ် ခံခဲ့ရတာကြောင့် အသေအပျောက်လည်း များခဲ့ရတယ်။ စစ်သူကြီးကျန်းက တပ်သားများနဲ့ နယ်ခံလူထုကို အထိတ်တလန့်မဖြစ်စေဖို့ ညွှန်ကြားပြီး မြို့ရိုးပေါ်မှာ စားပွဲ ကုလားထိုင်တွေချခိုင်းပြီး ဧရာမစားသောက်ပွဲကြီး တည်ခင်းခိုင်းလိုက်တယ်။ အဲဒီနောက် တပ်သားများနဲ့ ရွာသူရွာသားအားလုံး လာရောက်စားသောက်ကြဖို့ ဖိတ်ခေါ်လိုက်တယ်။ စစ်သားများနဲ့ အရပ်သားများဟာ အေးအေးလူလူ မစားရမသောက်ရတာ ကြာပြီဖြစ်တာကြောင့် ကြုံကြိုက်တဲ့ စားသောက်ပွဲကြီးကို အားရပါးရ တပျော်တပါး ဆင်နွှဲကြတယ်။ အရက်သေစာများလည်း စိတ်တိုင်းကျသောက်စားပျော်ပါးကြတယ်။

ဒီမြင်ကွင်းကို တိဘက်စစ်သည်တွေမြင်တော့ ပေါ့ပေါ့လျော့လျော့နေကြဟန်ကို တမင်တကာလုပ်ပြနေတာဟာ သူတို့ကို မြို့အတွင်း မဝင်ဝင်အောင် ပရိယာယ်ဆင်နေတာလို့ ထင်ကြတယ်။ မြို့ထဲရောက်မှ ချောင်ပိတ်ပြီး တိုက်ကြလိမ့်မယ်လို့ ယူဆကြတယ်။ အဲဒါကြောင့် တိဘက်စစ်မှူးများ တုန်လှုပ်ပြီး တပ်ရုပ်ဆုတ်ခွာသွားတော့တယ်။

## သုံးသပ်ချက်နဲ့ လက်တွေ့ကျင့်သုံးမှု

ဒီဗျူဟာက အင်မတန်စွန့်စားရတဲ့ဗျူဟာ ဖြစ်တယ်။ တော်ရုံလူ ဆင်နွှဲလို့မရဘူး။ စစ်သူကြီးရဲ့ဗျူဟာ ကျွမ်းကျင်မှုက ဟိုးလေးတကျော်ဖြစ်နေမှသာ ဒီဗျူဟာကို ကျင့်သုံးအောင်မြင်မယ်။ ရန်သူကိုယ်တိုင်က ခံ့ညားရှိသေရတဲ့ စစ်သူကြီးမျိုးဖြစ်မှသာ တစ်ဖက်လူက သံသယပွားပြီး ကြောက်ရွံ့သွားမှာ ဖြစ်တယ်။

စီးပွားရေးမျက်နှာစာမှာလည်း ဒီဗျူဟာကို တွင်တွင်ကျယ်ကျယ်ကျင့်သုံးကြတာ တွေ့နိုင်တယ်။ ကုမ္ပဏီကြီးတစ်ခုဟာ အကျပ်အတည်းကြီးကြီးမားမား ကြုံတွေ့နေရပြီဆိုရင် သတင်းထုတ်ပြန်ချက်တွေ ခဏခဏထုတ်ပြန်ပြီး သူတို့ကုမ္ပဏီအခြေအနေ ခိုင်မာကြောင်း၊ လုပ်ငန်းများ ပုံမှန်လည်ပတ်နေရုံမက တိုးတက်မှုရရှိနေကြောင်း ကြေညာလေ့ ရှိကြတယ်။ ရှယ်ယာရှင်များလန့်ပြီး ရှယ်ယာတွေထုတ်မသွားအောင်နဲ့ ပြိုင်ဘက်ကုမ္ပဏီများက အပိုင်စီးဖို့ မကြံစည်အောင် လုပ်ဆောင်တာ ဖြစ်တယ်။

တောင်ကိုရီးယားက Kia အုပ်စုကြီး အကျပ်အတည်းကြီးကြီးမားမား တွေ့နေချိန်က ဒီလိုကြေညာချက်တွေ

**ကုမ္ပဏီကြီးတစ်ခုဟာ အကျပ်အတည်းကြီးကြီးမားမား ကြုံတွေ့နေရပြီဆိုရင် သတင်းထုတ်ပြန်ချက်တွေ ခဏခဏထုတ်ပြန်ပြီး သူတို့ကုမ္ပဏီ အခြေအနေခိုင်မာကြောင်း၊ လုပ်ငန်းများ ပုံမှန်လည်ပတ်နေရုံမက တိုးတက်မှုရရှိနေကြောင်း ကြေညာလေ့ ရှိကြတယ်။ ရှယ်ယာရှင်များ လန့်ပြီး ရှယ်ယာတွေထုတ်မသွားအောင်နဲ့ ပြိုင်ဘက်ကုမ္ပဏီများက အပိုင်စီးဖို့မကြံစည်အောင် လုပ်ဆောင်တာ ဖြစ်တယ်။**

www.foreverspace.com.mm



ခဏခဏထုတ်ခဲ့တယ်။ Kia ကော်ပိုရေးရှင်းကြီးဆိုတာက တောင်ကိုရီးယားမှာ တတိယအကြီးမားဆုံး မော်တော်ကားထုတ်လုပ်တဲ့ ကုမ္ပဏီကြီးဖြစ်တယ်။ ၁၉၉၇ ဇူလိုင်အထိ အဌမမြောက် အင်အားအကြီးမားဆုံးလုပ်ငန်းစုကြီး ဖြစ်တယ်။ အကျပ်အတည်းကြုံတွေ့ပြီး အစိုးရကာကွယ်စောင့်ရှောက်မှုပေးထားရတဲ့အခြေအနေရောက်နေပေမယ့် ဒါရိုက်တာအဖွဲ့က တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးကိုင်တွယ်နိုင်မှုကြောင့် ချက်ချင်းကြီး ပြိုလဲမသွားဘဲ ရှိခဲ့တယ်။

ကုမ္ပဏီက ထုတ်ပြန်ချက်များအရ ကုမ္ပဏီရဲ့ရောင်းအားဟာ ၁၉၉၇ ဇူလိုင် ၁ ရက်က ၁၉ ရက်အတွင်း မော်တော်ကားစင်းရေ ၁၆၀၇၉ ရောင်းခဲ့ရတယ်။ ဒါဟာ ဇွန်လရောင်းအားထက် ၁၃ ရာနှုန်း မြင့်တက်လာတာ ဖြစ်တယ်လို့ ဆိုတယ်။ ဩဂုတ်လအတွင်း နိုင်ငံခြားတင်ပို့တဲ့ စင်းရေလည်း ၃၁၉၉၀ ရှိခဲ့တယ်။ ဒါဟာ ၁၉၉၆ ဩဂုတ်လရောင်းနှုန်း ၂၂၉၆၄ ထက် တိုးတက်လာတာလို့ ကြေညာခဲ့တယ်။ ဩဂုတ်လတစ်လတည်းအတွင်း ကားရောင်းချမှုတစ်ခုတည်းက ကိုရီးယားဝမ်ငွေ ဘီလီယံ ၃၅၀ ရရှိခဲ့တယ်လို့ သိရတယ်။ စင်ကာပူဈေးကွက်မှာလည်း Kia ရဲ့ ကားတွေ လူကြိုက်များနေဆဲ ဖြစ်တယ်။ ဘယ်သူကမှလည်း Kia ပြိုလဲကျသွားမယ်လို့ မထင်မှတ်ခဲ့ကြဘူး။

ဒီလိုအပြင်ပန်းအမြင်လှနေပေမယ့် Kia ရဲ့ အခြေအနေဟာ တော်တော်ဆိုးနေပါပြီ။ ကုမ္ပဏီမှာ တင်ရှိနေတဲ့ စင်ကာပူဒေါ်လာ ၁၅.၉ ဘီလီယံ ပေးဆပ်နိုင်ဖို့ ကားတွေရောင်းရရုံနဲ့ မလုံလောက်ပါဘူး။ အစိုးရနဲ့ ပုဂ္ဂလိက ဘဏ်တိုက်တွေရဲ့ ကယ်တင်မှုရမှ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ လွှတ်တော်အတွင်းမှာ အမတ်တော်တော်များများက အစိုးရအနေနဲ့ ဝင်ပြီးမကယ်တင်သင့်ကြောင်း ကန့်ကွက်ကြပါတယ်။ ကြွေးရှင်ဘဏ်တော်တော်များများကလည်း ဒေဝါလီခံလိုက်ပြီး ထုခွဲရောင်းချပေးဆပ်ဖို့ ဖိအားပေးလာကြပါတယ်။ Kia ဟာ ဖိအားတွေကို ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ အရှုံးပေးသွားရပါတယ်။

ဟာလာဟင်းလင်းပွင့်လင်းတဲ့ ဗျူဟာကို ယာယီအခိုက်အတံ့ အကျပ်အတည်းက လွတ်ကင်းရုံသာ သုံးနိုင်တယ်။ အမြဲတမ်းရေရှည်သုံးလို့ မသင့်တော်ဘူးဆိုတာ Kia ရဲ့အဖြစ်က ထင်ရှားတဲ့သာဓကဖြစ်ပေတယ်။

**လူထုစိန်ဝင်း**

၇-၃-၂၀၀၆

ကြော်ငြာ

(ယခင်လမှအဆက်)



စာရေးသူနှင့် လူမင်း

# ကျွန်တော် ပန်းချီကုန်သည်

( ၄၁ )

## ဦးလှဝင်း (လေသူရဲတစ်ဦး)

### ပန်းချီလူမင်း . . .(၃)

"ကိုလူမင်း မှတ်မိသေးလား။ ကျွန်တော့်ပြတိုက်မှာ နာဂတိုင်းရင်းသားတွေနဲ့ပတ်သက်ပြီး ကိုလူမင်းရေးထားတဲ့ ပန်းချီကားတွဲကြီးတစ်ခု ပြဖူးတယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ အလွန်ကြီးတဲ့ ပန်းချီကားကြီးတွေ။ ဦးလှဝင်းတို့ ပန်းချီပြတိုက်မှာပြုလုပ်တဲ့ ကျွန်တော့်ရဲ့ ပထမဆုံး တစ်ကိုယ်တော် ပန်းချီပြပွဲမှာတွဲပြီး ထည့်သွင်းပြခဲ့တဲ့ကားတွေ။ ဒီပန်းချီကားတွေ အကုန်လုံးလည်း ဦးလှဝင်းပဲ နောက်ဆုံးဈေးဖြတ်ပြီး ဝယ်လိုက်တယ် မဟုတ်လား"

ရယ်ရပါသည်။

ထိုပန်းချီကားများမှာ အလွန်ကောင်းသောပန်းချီကားများဖြစ်၏။ ကိုလူမင်း အလွန်ကြိုးစား၍ရေးဆွဲထားသော ပန်းချီကားများဖြစ်ပါသည်။ ကျွန်တော်နှင့် ကျွန်တော့်သား နှစ်ယောက်လုံး အလွန်ကြိုက်၏။ ဈေးကောင်းရမည့်ပန်းချီကားများဟု ထင်ခဲ့၏။ သို့သော် လက်တွေ့တွင် ရောင်းမရ။ တစ်နှစ် အချိန်ကြာသွားသည်။ ထိုပန်းချီကား တစ်ကားမှ ရောင်းမထွက်။ ပန်းချီကား ဈေးကြီးနေ၍လား။ ရောင်းဈေး မြင့်လွန်းနေ၍လား။ ပန်းချီကား သတ်မှတ်ဈေးကို ကျွန်တော် တစ်ဝက်လျှော့ချလိုက်သည်။ ဘယ်သူ့သည်မှ မဝယ်။ ဈေးဆစ်သူပင် လုံးဝမရှိ။

၂ နှစ်ကျော်အချိန်ကြာလာသော အခါ၌ ကိုလူမင်းလည်း စိတ်ပျက်လာ

www.foreverspace.com.mm



သည်။ ကျွန်တော်လည်း စိတ်ပျက်လာသည်။

“ဒီပန်းချီကားတွေကို ဘယ်လိုလုပ်ကြမလဲ”

“ဦးလှဝင်းသဘောပဲ။ ကျွန်တော်လည်း ငွေလိုနေတယ်။ ဦးလှဝင်းပဲ သင့်တယ်လို့ထင်တဲ့ငွေကို သတ်မှတ်ပြီး ဝယ်လိုက်ပါလား။ ကျွန်တော့်ကို အားမနာနဲ့ ကြိုက်တဲ့ဈေးပေး…”

အလျား ၆ ပေ၊ အနံ ၄ ပေရှိသော နာဂပုံပန်းချီကား ငါးကားကို တစ်ကား တစ်သိန်းဈေးပေး၍ ကျွန်တော်ဝယ်လိုက်၏။ ကိုလှမင်းကလည်း ကျေကျေနပ်နပ် ရောင်းသွား၏။

နောက်တစ်နှစ်ကြာသွားသည်။

တစ်ကားမှ ရောင်းမရ။

ကျွန်တော် စိတ်ပျက်လာခဲ့ပြီး ရသည့်ဈေးနှင့် ပြန်ရောင်းချင်လှပြီ။

ပန်းချီကားကြီးများကလည်း ၆ပေ× ၄ပေအရွယ်ကားများဖြစ်၍ အလွန်ကြီးသည်။ ပြတိုက်တွင် အလွန်နေရာယူသည်။ ကျွန်တော့်တွင် ချိတ်ဆွဲပြစရာ အခြားပန်းချီဆရာများ၏ ကားများကလည်း လက်ဝယ် အများကြီးကျန်သေး၏။

တစ်နေ့တွင် ပုဂံ၌ ဟိုတယ်သွားဖွင့်ထားသော ဟိုတယ်ပိုင်ရှင်မိတ်ဆွေတစ်ဦး ကျွန်တော့်ပြတိုက် ရောက်လာသည်။

“ဦးလှဝင်း … ကျွန်တော့်ဟိုတယ်မှာ ချိတ်ဖို့ ပန်းချီကား လေးငါးကားလောက် ရချင်တယ်။ ခင်ဗျားပဲ ရွေးပေးဗျာ။ ကျွန်တော်က ပန်းချီ ဘာမှနားလည်တာ မဟုတ်ဘူး။ ဈေးတော့ သိပ်မကြီးစေနဲ့။ ကျွန်တော် ငွေများများလည်း မသုံးချင်ဘူး”

ကျွန်တော် ကိုလှမင်း၏ နာဂပန်းချီကားများကို လက်ညှိုးထိုးပြလိုက်၏။

သူက ခေါင်းညိတ်၏။

စိတ်ဝင်စား၏။

“တစ်ကား ဘယ်လောက်လဲ”

“၂သိန်း …။ ဒါ ရောင်းဈေးပဲ”

**နိုက်ကလပ်ထဲဝင် လိုက်တာနဲ့ သူတို့ထွန်းထားတဲ့အရောင်တွေက ကိုယ့်အတွက် သိပ်ထူးဆန်းနေတယ်။ နိုက်ကလပ်ထဲမှာရှိကြတဲ့ လူတွေကို လှမ်းကြည့်လိုက်ရင် မျက်နှာတွေက အကုန်မည်းနေတယ်။ သွားတွေကိုပဲ မြင်ရတယ်။ မျက်နှာမည်းနေပေမယ့် သွားတွေက ဖြူဆွတ်နေတယ်။**

သူ ပန်းချီကားကို ငွေဆယ်သိန်းဖြင့် ဝယ်သွား၏။ ကျွန်တော့်အတွက် အမြတ်ငွေ ၅ သိန်းကျန်၏။ သို့သော် ငွေ ၄ နှစ်ခန့်ကြာသည်အထိ မြှုပ်ထားပြီးမှ ၅ သိန်း မျှမြတ်ခြင်းဖြစ်၍ မြတ်သည်ဟုလည်း မဆိုသာပါ။ အတိုးသာသာရလိုက်သည့် အမြတ်ဖြစ်၏။

တစ်နှစ်ခန့်အချိန်ကြာပြီးနောက် ထိုဟိုတယ်ပိုင်ရှင် ကျွန်တော့်ပြတိုက်သို့ ရောက်လာသည်။

“ဦးလှဝင်း … ခင်ဗျားရောင်းထားပေးတဲ့ နာဂပန်းချီကားတွေအထဲက တစ်ကားပြန်ရောင်းလိုက်ပြီးပြီ။ ကျွန်တော့်ဟိုတယ်မှာ လာတည်းခိုတဲ့ ပြင်သစ်မ တစ်ယောက်ဝယ်သွားတာ။ မရောင်းချင်ဘဲနဲ့ အားနာလို့ ရောင်းလိုက်ရတာဗျာ”

“ဘယ်လောက်ဈေးနဲ့လဲ”

“ဒေါ်လာ သုံးထောင်နဲ့ …”

မိမိခေါင်းကို မိုးကြိုးပစ်ခြင်းခံစားရသကဲ့သို့ပင် ကျွန်တော်ခံစားလိုက်ရသည်။

ချက်ချင်း ဖင်ဆောင့်ပြီး သေလိုက်ချင်၏။

ကျွန်တော် တစ်ကား ၂ သိန်းဈေးဖြင့်ရောင်းလိုက်သော ပန်းချီကား ၅ ကားမှ တစ်ကားကို သူ ဒေါ်လာ သုံးထောင်နှင့် ပြန်ရောင်းလိုက်ပြီတဲ့…။

စာရှုသူ …

သူ အဘယ်မျှမြတ်သွားသည်ကို ပြန်တွက်ကြည့်ပါ။

သုံးလေးနှစ်ခန့် ကျွန်တော့်ပြတိုက်တွင် ချိတ်ပြထားခဲ့ဖူးပြီး ကျွန်တော် ဟုတ်တိပတ်တိ ဘာမှမစားလိုက်ရ။

ကိုလှမင်းလည်း အကျိုးမရှိ…။

ဒီ နာဂပန်းချီကားများအကြောင်းကို ပြန်တွေးမိတိုင်း ကျွန်တော့်ကံတရားကို ကျွန်တော်အသည်းနာသည်။

ကိုလှမင်းအတွက်လည်း စိတ်မကောင်း။

“ကိုလှမင်း … ကျွန်တော် ပြန်သတိရလို့ မရှင်းတာတစ်ခု မေးရဦးမယ်။ နာဂပုံတွေ ပန်းချီဆွဲဖို့ ခင်ဗျားဘယ်လို စိတ်ကူးရခဲ့တာလဲ။ နာဂတိုင်းရင်းသားတွေ နေတဲ့ဒေသကို ခင်ဗျား ရောက်သွားဖူးလို့လား”

“မရောက်ဖူးဘူး။ ဓာတ်ပုံဆရာ ‘ညောင်ဦးဖိုးချို’ ရိုက်ထားတဲ့ ဓာတ်ပုံတွေကို သိပ်သဘောကျပြီး ပန်းချီပြန်ရေးခဲ့တာ။ ဒီဓာတ်ပုံတွေကို ညောင်ဦးဖိုးချိုဆီက ဝယ်လာပြီးစက ကျွန်တော် ချက်ချင်း ပန်းချီပြန်မရေးဖြစ်သေးဘူး။ ဦးလှဝင်း တို့ ပန်းချီပြခန်းမှာ တစ်ကိုယ်တော်ပြပွဲ လုပ်တော့မယ်ဆိုမှ ကောက်ရေးဖြစ်တာ။ သိပ်ကောင်းတဲ့ပန်းချီကားတွေ…။ ပိုက်ဆံမရလိုက်ကြတာက အဲဒီတုန်းက ပန်းချီဈေးကွက်က အရောင်းအဝယ်မှ မကောင်းဘဲ။ သိပ်အေးနေတဲ့အချိန်မဟုတ်လား”

ကိုလှမင်းက လောဘမရှိသူမို့ ဖြေသာသည်။ လောဘရှိသူ၊ လောဘကြီးသူ ကျွန်တော်က မဖြေသာ။ ဒီနေ့အထိ လွတ်သွားတဲ့ငါး အလွန်ကြီးနေတုန်းဖြစ်သည်။

“အမည်းတွေ အမှောင်တွေ သိပ်များနေတဲ့ ဇာတ်မင်းသမီးပုံပန်းချီကားတွေ စရေးဖို့က ကိုလှမင်း ဘယ်လိုစိတ်ကူးရတာလဲ။ ဈေးကွက်မှာ ဒီနေ့ အောင်မြင်နေတာလဲ ဒီပုံတွေပဲ မဟုတ်လား”

“ဟုတ်တယ်။ ဒီပုံမျိုးတွေ ရေးဖို့ စိတ်ကူးကလည်း ဦးလှဝင်းတို့ပြတိုက်မှာ

www.foreverspace.com.mm



ပဲ စိတ်ကူးရသွားခဲ့တာပဲ။ ဦးလှဝင်းတို့ ပြတိုက်မှာပဲ စရေးတာပဲ။ အောင်သာ မအောင်မြင်ခဲ့တာ"

"ပြောပြပါဦး။ ဒီစိတ်ကူးကို ဘယ်လိုစရတယ်ဆိုတာ"

"တစ်နေ့ စင်ကာပူနိုင်ငံသား ဦးလှဝင်းရဲ့မိတ်ဆွေ တယ်လီ ရန်ကုန်လာတော့ ကိုပါနဲ့အတူ ဦးလှဝင်းတို့ပြတိုက်က ပင်တိုင်ပန်းချီဆရာတွေကို ညစာထမင်း ခေါ်ကျွေးတယ် ..."

တယ်လီမှာ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်ဖြစ်၏။ ကျွန်တော့်ကို ပန်းချီဈေးကွက်သို့ ဆွဲခေါ်လာသူဖြစ်၏။ သူနှင့်ကျွန်တော့်အကြောင်းကို တင်ပြခဲ့ဖူးချေပြီ ...။

"တယ်လီနဲ့အတူ ညစာစားပြီးတဲ့အခါကျတော့ တယ်လီက Night Club သွားချင်တယ်ဆိုလို့ ကျွန်တော်တို့ ဆက်သွားကြတယ်။ နိုက်ကလပ်ကို ကျွန်တော်အရင်က တစ်ခါမှမရောက်ဖူးဘူး။ ရောက်သွားတော့ နိုက်ကလပ်မှာသုံးထားတဲ့ အရောင်တွေကို ကျွန်တော်သိပ်အံ့သြတယ်။ တစ်သက်လုံး တစ်ခါမှမမြင်ဘူးတဲ့ အရောင်တွေ"

"ဘယ် နိုက်ကလပ်လဲ"

"ဂျေဂျေဆိုတဲ့ ကလပ်"

"ဘယ်မှာရှိတာလဲ"

"အဲဒီတုန်းကတော့ မင်္ဂလာဈေးအပေါ်ထပ်မှာရှိတယ်"

"ကြက်လျှာစွန်းနားမှာပေါ့"

"ဟုတ်တယ်။ နိုက်ကလပ်ထဲဝင်လိုက်တာနဲ့ သူတို့ထွန်းထားတဲ့အရောင်တွေက ကိုယ့်အတွက် သိပ်ထူးဆန်းနေတယ်။ နိုက်ကလပ်ထဲမှာရှိကြတဲ့ လူတွေကို လှမ်းကြည့်လိုက်ရင် မျက်နှာတွေက အကုန်မည်းနေတယ်။ သွားတွေကိုပဲ မြင်ရတယ်။ မျက်နှာမည်းနေပေမယ့် သွားတွေက ဖြူဆွတ်နေတယ်။ ဖရော်ဇင်အရောင်တွေကို သူတို့ထွန်းထားတာ။ ဒီအရောင်တွေကို ထွန်းထားခြင်းကြောင့် လူတွေရဲ့



ယနေ့ လူမင်းလက်ရာ

အသားအရောင်က အကုန်မည်းသွားတယ်။ ကိုပ့်ါ ကိုယ်အရောင်လည်း မည်းသွားတယ်။ ကျွန်တော့်ကိုယ်လည်း မဲသွားတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မမြင်ရတော့ဘူး။ ကလပ်ထဲမှာရှိတဲ့ မိန်းကလေးတွေဆိုရင်လည်း ချောတယ် လှတယ်ဆိုတာ ဘာမှ မသိနိုင်တော့ဘူး။ ကလပ်ထဲမှာ ရွေ့လျားနေတဲ့၊ ပြေးနေတဲ့အရောင်တွေက သိပ်လှနေတာပဲ။ အစိမ်းတွေ၊ အဝါတွေ၊ အနီတွေ ရွေ့လျားသွားလာနေတယ်။ လျှောက်ပြေးနေတယ်။ မိန်းမတွေဝတ်ထားတဲ့ ဂါဝန်ရဲ့အချို့အရောင်တွေက တောက်နေတယ်။ စားပွဲထိုးကောင်လေးတွေဆိုရင်လည်း သူတို့ဝတ်ထားတဲ့အင်္ကျီအဖြူ၊ သူတို့ယူလာတဲ့ အရက်ဖန်း၊ သူတို့လည်ပင်းမှာစည်းထားတဲ့ ဘိုးတိုင်...။ အဲဒါတွေကို အကုန်မြင်နေရတယ်။ အဲ ဒါပေမဲ့ သူတို့ ခေါင်းမပါဘူး။ လက်တွေမပါဘူး။ ခေါင်းတွေလက်တွေက ပျောက်ပြီး မီးရောင်အောက်မှာပေါ်တဲ့ အစိတ်အပိုင်းတွေကပဲ ရွေ့လျားသွားနေတယ်။ ကျွန်တော့်အမြင်မှာ ဒီအရောင်တွေဟာ သိပ်ထူးဆန်းနေတယ်။ အံ့စရာဖြစ်နေတယ်"

"နိုက်ကလပ်မှာ ဘာမီးတွေ ထွန်းထားလို့လဲ"

"ဘာမီးမှန်းတော့ ကျွန်တော်မသိဘူး။ ဒီနေ့ နိုက်ကလပ်တွေမှာ ထွန်းတတ်တဲ့၊ ထူးဆန်းတဲ့ မီးလို့ပဲဆိုပါတော့။ ပန်းချီဆရာတစ်ယောက်အနေနဲ့ ကျွန်တော်က မီးကိုမမြင်ဘူး။ အရောင်တွေကိုပဲ မြင်တယ်။ ကိုယ့်တစ်သက်မှာ တစ်ခါမှမမြင်ဘူးတဲ့အရောင်တွေ။ ဒီအရောင်တွေကို ကျွန်တော့်စိတ်ထဲက လိုက်မှတ်နေမိတယ်။ နောက် စိတ်ထဲကမှတ်ယုံနဲ့ အားမရလို့ ဓာတ်ပုံ ရိုက်ခွင့်တောင်းတယ်။ နိုက်ကလပ်ပိုင်ရှင်က ရိုက်ခွင့်မပေးဘူး။ ခဲနှင့်လိုက်မှတ်ပါရစေဆိုတော့ မှတ်တဲ့ ... ခင်ဗျားသဘောပဲတဲ့။ ဒါနဲ့ စက္ကူနဲ့ ခဲတံလိုက်ရှာပြီး ကျွန်တော် အရောင်တွေကို လိုက်မှတ်တယ်။ အရောင်တွေကို လိုက်ကူးတယ်။ ဒီလိုကူးနေရင်းနှင့် ကိုယ့်စိတ်ထဲမှာ ဘယ်လိုစိတ်ကူးတွေ ပေါ်လာသလဲဆိုတော့ ဒီအရောင်တွေကို ငါ ပန်းချီရေးမယ်။ ဒီလို မီးရောင်အောက်မှာ မျက်နှာတွေမည်းနေတဲ့ ... မျက်နှာတွေ ပျောက်နေတဲ့ ဓာတ်မင်းသမီးပုံ ရေးရင်တော့ ကောင်းမှာပဲ။ အသားနေရာတွေကို မည်းထားမယ်။ မျက်စိက အရောင်ကိုဖော်မယ်။ နှုတ်ခမ်းနီအရောင်ကို ဖော်မယ်။ လက်ဝတ်လက်စားအရောင်ကို ဖော်မယ်။ ပိုးချည်မျှင်တွေနေရာကို ဖော်မယ်။ လူအသားတွေမည်းနေတဲ့ပန်းချီကို ငါရေးမယ်ဆိုပြီး ဒီနေ့ ကျွန်တော်အောင်မြင်တဲ့ ... အမည်းတွေများနေတဲ့ ... ဓာတ်မင်းသမီးပုံတွေကို ကျွန်တော် စရေးတော့တာပဲ။ အဲဒီကျွန်တော့်ပန်းချီရေးဟန်က ချက်ချင်း ဒီနေ့ မြန်မာပန်းချီလောကမှာ ဘယ်သူမှ မရေးသေးတဲ့ ရေးဟန်တွေဖြစ်ကုန်တာပေါ့"

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း(လေသူရဲတစ်ဦး)**